# သင်္ဂဟာရုဋ္ဌဏ္ဏဝိသဋ္ဌနာကျမ်း

(အသျှင်ပုည)

၄၈၄၁

အဖြောက်မြို့-ပန်းတုံးပိတ်ရွာ

ပန်းတုံးပိတ်ဆရာတော်ဘုရားကြီး၏

သဒ္ဒိဝိဟာရိက တပည့်ကြီး

**ညောင်တုန်းမြို့**

ဟသ်ာတ ကျောင်းတိုက်ကြီး၏ ဦးစီးနာယက

ပုညာဘိလင်္ကာရ-သဒ္ဓမ္မဓဇ,ပိဋကတ္တယဆော

သုမေဓာပရိယတ္တိမေဓာစရိယ

ဟူသောဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တော်ရ

**မဟာပဏ္ဍမကျော်**

# အသျှင်ပုည

**ရေးသားစီရင်အပ်သော**

# သင်္ဂဟာဂူဠ္ဌဒီသင်္ဂဟနာကျမ်း။

ကျမ်းပြုဆရာတော်၏တပည့်

အသျှင်ဘုမာရ-ပြင်ဆင်သည်၊

အယ်ဒီတာ ဦးဘတွန်း၊ ဦးလှမောင်တို့ ပြင်ဆင်သည်၊

ဦးတွန်းရှင် ဒေါ်ကြည်ရှင် ပိဋကတ်တော် စာအုပ် ဆိုင် ကြီး

အမှတ်(၈--၉)ဗိ,ရုံ-ဈေးချို-ပန်းလေး၊

တိုင်းလုံးအောင်သော စာပုံနှိပ်အလုပ်ဌာန။

အနောက်ပြင် ကျုံးထိပ်တန်း (၁၆) လမ်း, မန္တလေးမြို့၊

၁၃၁၉-ခု၊

၄၈၄၁



ဂန္ထကာရက

ပုညာဘိလင်္ကာရ-သဒ္ဓမ္မဇေ,ပိဋကတ္တယဆောက

သုဓမ္မာပရိယတ္တိ ဓမ္မာစရိယ

**မဟာပဌမကျော် အသျှင်ပုည**

## တည်းဖြတ်သူ၏အမှာ

အားလုံးသော စာပြေအရှင် သိတင်းသုံးဘော်များ၏တောင့်တတိုက်တွန်းမှုကြောင့်ပင်ဤ "**သင်္ဂဟဂဏ္ဌိဝိသဇ္ဇနာကျမ်း**"သည်ပဌမမူအတိုင်းပင် ယခုစတုတ္ထ အကြိမ် ထွက်ပေါ်လာရပေ၏။ အမှန်အားဖြင့်ကျွန်ုပ်တို့ဆရာတော်၏ရည်ရွယ်ချက်မှာဤကျမ်းကို ရိုက်နှိပ်ရန် မဟုတ်ပေ၊ သာသနာတွင် တကယ် အားထားလောက်သော သင်္ဂဟာဘက်ဆိုင်ရာ ပါဠိဋီကာ ကျမ်းကြီး တကျမ်းကို ဖြစ်မြောက်အောင် အားထုတ် ရေးသားနေဆဲတွင် ရုတ်တရက် ရှောင်တခင်ဖြစ်ပေါ်လာသောလေရောဂါဖြင့် "၁၃၁၁-ခု၊ တပေါင်းလဆုတ်(၁၁)ရက်၊ ညဉ့်(၉)နာရီအချိန်တွင်၊ ဘာဂ နတ်ဌာန် ပြန်လွန်တော် မူရှာရပြီ ဖြစ်၏။ ထို့ကြောင့်ပင် အလွန်တရာဆန္ဒတော်ရှိခဲ့သော ထိုပါဠိဋီကာ ကျမ်းတော်ကြီးကို အပြီး သတ် သည့်အထိ သာသနာ့နယ်တွင် တင်ပြတော်မမူနိုင်ခဲ့ရှာပေ၊ သာသနာ၏ အဘိုးမဖြတ်နိုင်သော ဆုံးရှုံးမှုကြီးတရပ်ပင် ဖြစ်ပေ၏။

သို့ရာတွင် ဆရာတော် မရှိသည့်နောက် စာပြေအရှင် သိတင်း သုံးဘော်များက ဤ "**သင်္ဂဟဂဏ္ဌိဝိသဇ္ဇနာကျမ်း**" ကိုပင် ရိုက်နှိပ်ထုတ်ဝေရန် တိုက်တွန်းကြပါသဖြင့်ယခုစတုတ္ထအကြိမ် ရိုက်နှိပ်ထုတ်

ဝေရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကကြည့်ရှုပြင်ဆင် ရိုက်နှိပ်ဘို့ ကျွန်ုပ်အား တာဝန် လွှဲအပ်လိုက်ပါ၏၊ တာဝန် လွှဲအပ်သည့် အားလျော်စွာ အစစကောင်း မွန်ရန်ကို ကြိုးစား ပါ၏။ "သို့သော်" အနည်း ငယ်သော ချွတ်ယွင်းချက်သည် ရှိတတ် ပါသည်၊ ရှိတတ်သည့်အားလျော်စွာ၍ကျမ်းစာအုပ်တွင်တွေ့ ရှိပါက၊ကျမ်းပြုဆရာတော်၏ချွတ်ယွင်းချက်မဟုတ် ဘဲကျွန်ုပ်၏ချွတ်ယွင်းချက်သာလျှင် ဖြစ်ပါလိမ့်မည် ကျွန်ုပ်အားသာအပြစ်တင်ကြပါကုန်။

ကျမ်းပြုဆရာတော်၏တပည့်

**အသျှင်ကုမာရ**

မင်္ဂလာအုတ်ကျောင်း

ဓမ္မိကာရာမတိုက်-မန္တလေး။

၁၃၁၂-ခု၊ဒုတိယဝါဆိုလဆန်း(၃)ရက်။

# နိဒါန်း

မာတရံ ပမုခံကတွာ, တဿာပညာယ တေဇသာ၊
အဘိဓမ္မကထာမဂ္ဂံ,ဒေဝါနံ သမ္ပဝတ္တယိ။

ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ မြတ်စွာဘုရားသခင်သည် ခြောက်ဝါအလွန် ခုနစ်ဝါမြောက်၌ တာဝတိံသာနတ်ပြည်ဝယ် မယ်တော်ဖြစ်ခြား သန္တုသိတနတ်သားကို အဦးအစ ထား၍ စကြဝဠာအပေါင်းမှ သောင်းသောင်းဖြဖြစည်းဝေးလာကြသော နတ်ဗြဟ္မာအပေါင်းတို့အား ဟောကြားတော်မူခဲ့သော ဗုဒ္ဓဝိသယာ အဘိဓမ္မာကို သီဟဠဒီပ တုမှုလသောမ ဝိဟာရဝယ် ယာပိုထ်ရှင်ဖြူး သီတင်းသုံးစဉ် အနုရုဒ္ဓါထေရ်အရှင်သည် သောတုနုနယ် စာသင်ငယ်တို့ အလွယ်အကူ သင်ယူ ကျက်မှတ်စိမ့်သော်ငှါ ရည်သန်၍ စီမံပြုစုခဲ့သော **အဘိဓမ္မတ္ထ သင်္ဂဟကျမ်း** ၌ ဆန်းကြယ် နက်နဲခက်ခဲ သိမ်မွေ့သော အနက်အဓိပ္ပါယ်တို့ကို လွယ်လင့်တကူ ကြည့်ရှု မှတ်သားနိုင်ကြစေရန် ရည်သန် စိတ်ထား အမျိုးသား အစိုးရ စာမေးပွဲများ၌လည်း အဘိဓမ္မာဆိုင်ရာ ခက်သမျှပုစ္ဆာ အချက် အလက်တို့ကို ဉာဏ်တည်းဟူသော လက်နက်ဖြင့် ခပ်သွက်သွက်ကြီး ဖျက်ဆီး၍ တစ်ဂဏန်းဟုဆိုအပ်သော အောင်ပန်းခိုင်ကြီးကို အလွယ်တကူ လှမ်းကိုင်နိုင်ကြစေရန် ရည်သန်သပ္ပု အကြောင်းပြု၍ ညောင်တုံးမြို့-ဟသ်ာတ ကျောင်း

တိုက်ကြီး၏ ဦးစီးနာယက ပုညာဘိသက်ာရ သဒ္ဓမ္မဇော ပိဋကတ္တယဆောက သုဓမ္မာပရိယတ္တိ ဓမ္မာစရိယ ဘွဲ့တံဆိပ် လက်မှတ်ရ မဟာအကျော် "**အသျှင်ပုည**" သည် ဤမည်သော "သင်္ဂဟဂူဠှတ္ထ ဝိသဇ္ဇနာ" ခေါ် ကျမ်းကြီးကို အပန်းတကြီး တီထွင်ကာ စီရင် ရေးသား လိုက်ရပါသတည်း။

---

## **ပဏာမ**

ဂူဠှတ္ထာ အဘိဓမ္မံ ဗုဒ္ဓံ, ဒေသကံ ဗုဒ္ဓပူဇိတံ၊
ဓမ္မံ ဇိနောရသံ သံဃံ, ဝန္ဒာမိ သိရသာဒရံ။

နိဿာယ သာသနေ ဗုဒ္ဓံ, ဂူဠှတ္ထံ နိစ္စဝါစေန္တံ၊
ပဏ္ဍာမဟံ ယမာစေရ, ဂုဏာသာမိ မဟာထေရံ။

ရက္ခိကာနဉ္စ အဏ္ဏာယ, ပထမုဿာဝေသု ဇယံ၊
ကရိဿံ နာမတောသင်္ဂ, ဟဂူဠှတ္ထ ဝိသဇ္ဇနံ။



# သင်္ဂဟာရုဍ္ဎဏ္ဍဝိသဇ္ဇနာကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

၁–မေး အရှင် အနုရုဒ္ဓါဆရာသည် ကျမ်းကိုမပြုမီ ရှေ့အဘို့၌ သမ္မာသမ္ဗုဒ္ဓမတုလံ စသော ဂါထာကို အဘယ်အကျိုး၄ါ မိန့်ဆိုပါသနည်း။

ဖြေ– အလွန်အကြူးအထူးသဖြင့်ဆန်းကြယ်သော သဒ္ဒနယ, အတ္တနယတို့နှင့်ပြည့်စုံသော အဘိဓမ္မာစုနစ်ကျမ်းဝယ် အကျယ်အားဖြင့် ဟောတော်မူအပ်သော ပရမတ္ထတရား လေးပါးကို အကျဉ်းအားဖြင့် ယူရာယူကြောင်း ကောင်းမြတ်သော အဘိဓမ္မတ္ထသင်္ဂဟမည်သော သင်္ခိုဟ်ကျမ်းကိုစီရင်တော်မူလိုသည်ဖြစ်၍ ပြုအပ်သောကျမ်းကို အားထုတ်သည်မှ ရှေ့အဘို့ဖြစ်သောကာလ၌ ရတနတ္တယပဏာမ, အဘိဓေယျ, ကရဏပ္ပကာရ, ပကာရဏာဘိဓာန, ပယောဇဉ်တို့ကို ပြတော်မူခြင်း အကျိုး၄ါ **သမ္မာ သမ္ဗုဒ္ဓ မတုလံ** စသော ပဋ္ဌမဂါထာကို မိန့်ဆိုတော်မူပါသည်။

**၂-မေး** သမ္မာသမ္ဗုဒ္ဓ စသော ဂါထာ ၌ အဘယ် ပါဌ်ဖြင့် အဘယ်ကို ပြပါသနည်း။

**ဖြေ-** သမ္မာသမ္ဗုဒ္ဓ။ပ။အဘိဝါဒိယဟူသောပါဌ် ဖြင့် ရတနတ္တယပဏာမကိုပြပါသည်၊ အဘိဓမ္မတ္ထ သင်္ဂဟံ ဟူသောပါဌ်ဖြင့် အဘိဓေယျ,ကရဏပ္ပကာရ,ပကာ ရဏာဘိဓာန သုံးပါးကိုပြပါသည်၊ အဘိဓမ္မတ္ထသင်္ဂဟံ ၌ သင်္ဂဟံဟူသော ပုဒ်တသိတ်၏ သာမတ္ထိယ ဟု ဆိုအပ် သော ကာရဏူပစာရတ္တ အားဖြင့် ပယောဇဉ်ကို ပြပါ သည်။ ဋီကာကျော်။

\+ \+ \+

**၃-မေး** ဘာသိဿံ ဟူသော ပါဌ်ဖြင့် အဘယ်ကို ပြသည် ဟု ဋီကာဆရာ အထူး မဆိုသော ကြောင့် တပုံတခုသော အနက်အဓိပ္ပါယ် ကို မပြနိုင်ဟု မှတ်ရမည်လော။

**ဖြေ-** ဘာသိဿံ ဟူသော ပါဌ်ဖြင့် အဘယ်ကို ပြသည် ဟု ဋီကာဆရာ မဆိုသော်လည်း အဘိဓမ္မတ္ထ သင်္ဂဟံ ဟူသော ပဋိညာတဗ္ဗသည် ပဋိညာဉ်နှင့် မကင်းကောင်းသောကြောင့် ပဋိညာဉ်ကိုပြသည် ဟု မှတ်ရပါသည်။

\+ \+ \+

**၄-မေး** အဘယ်ကို ရတနတ္တယ ပဏာမ ဟု ခေါ် ပါသနည်း။

**ဖြေ-** ရှိခိုးခြင်း ကြိယာကို ပြီးစေတတ်သော

မဟာကုသိုလ်စေတနာကို ရတနတ္တယပဏာမ ဟု ခေါ်ပါသည်။ ။ဋီကာကျော်။

\+ + +

၅ မေး အဘယ်ကြောင့် ရတနာ မည်ပါသနည်း။ ရတနတ္တယ ကိုလည်း အစိတ် အပေါင်း ဝစနတ္ထ ပြုခဲ့ပါ။

ဖြေ- (က) နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ကြောင့် **ရတနာ** မည်ပါသည်။

(ခ) ရတိံ ပေမံ ဇနေတီတိ ရတနံ၊ တိဏ္ဏံ သမာဟာဒွန္ဒိတိ တယံ၊ ရတနာနံ တယံ ရတနတ္တယံ။

\+ + +

၆-မေး ပဏာမကို ဝစနတ္ထပြု၍ အရ ကောက် ပြပါ။

ဖြေ- ပဏာမနံ ပဏာမော(ဘာဝသာဓန)ကိုယ် နှုတ်, စိတ်တို့ဖြင့် ရတနာ သုံးပါးဂုဏ်၌ ညွတ်ခြင်း ကြိယာကို ရ၏။

**တနည်း:** ပဏာမန္တိ ဧတာယာတိ ပဏာမော၊ (ကရဏသာဓန) စေတနာ စေတသိက်ကို ရ၏။

\+ + +

၇-မေး ကိတကာဘိဓေယျ လိင်္ဂါ = ဟူသော ကစ္စာယနသာရနှင့်အညီ ရှေ့ ဝစနတ္ထ၌ ကြိယာ, နောက် ဝစနတ္ထ၌ စေတနာ၊ ဤနှစ်ပါးတို့သည် ဣတ္ထိလိင်ချည်း ဖြစ်

သောကြောင့် အဘိဓေယျလိင်သို့ လိုက်၍ ပဏ္ဏာမဟု ဣတ္ထိလိင်နှင့် ချသင့်သည် မ ဟုတ်ပါလော၊ အဘယ့်ကြောင့် ပဏ္ဏာ မောဟု ပုလ္လိင်နှင့် ချရပါသနည်း။

**ဖြေ–** "အပစ္စယ,ဒုတိယကော၊ ဣသဘော၊ အ ဟောပုလ္လိင်သာ"ဟူသော နိယံနှင့်အညီ ဇှ၊ ဝစနတ္ထ၌ **ဘာဝေဝစ**,နောက် ဝစနတ္ထ၌ **ဝိသရူဇပဒါဒိတောကာ** ဟူ သော သုတ်တို့ဖြင့် သက်သော ဒုတိယ ကာပစ္စည်းသည် ပုလ္လိင်ဖြစ်သောကြောင့် အဘိဓေယျလိင်သို့ မလိုက်ဘဲ သဒ္ဒလိင်သို့ လိုက်၍ **ပဏ္ဏာမော** ဟု ပုလ္လိင်နှင့် ချပါသည်။

\+ \+ \+

**၈–မေး** ကျမ်း၏ အစ၌ ရှင် အနုရုဒ္ဓါ ဆရာသည် အဘယ်အကျိုးငှါ ရတနတ္တယပဏ္ဏာမကို ပြုရပါသနည်း။

**ဖြေ–** မိမိအားထုတ်ရေးသားအပ်သောကျမ်း၏ အန္တရာယ်မရှိသဖြင့် အပြီးအဆုံးတိုင်အောင် ရောက် စေခြင်းအကျိုးငှါလည်း, စာသင်သားတို့၏ သင်ခြင်း, ဆောင်ရွက် ခြင်းစသော အကျိုး ပြီးစေ ခြင်းငှါလည်း **ရတနတ္တယ ပဏ္ဏာမ** ကို ပြုရပါသည်။ ။ဋီကာကျော်။

\+ \+ \+

**၉–မေး** ရတနတ္တယ ပဏ္ဏာမ စေတနာသည် အ အဘယ်သို့လျှင် ကျမ်း ပြီးဆုံး စေခြင်း၏ အကျိုး, စာသင်သားတို့၏ သင်ခြင်း,

ဆောင်ရွက်ခြင်းစသော အကျိုးတို့ကို ပြီး
စေနိုင်ပါသနည်း။

ဖြေ- ရတနတ္တယ ပဏာမ စေတနာသည် အလို ရှိအပ်သော အကျိုး၏ပြီးခြင်းကို နှောင့်ရှက်တတ် ကုန်သော ရောဂါ စသော အန္တရာယ်တို့ကို ပယ် ဖျောက်တားမြစ်နိုင်ပါသည်၊ ထိုသို့တားမြစ်သဖြင့် ရော ဂါစသော အန္တရာယ်ကင်းလေရကား အားထုတ် ရေးသားအပ်သော ကျမ်း၏ အပြီးအဆုံးတိုင်အောင် ရောက်ခြင်းအကျိုးကိုရင်း, စာသင်သားတို့၏ သင် ခြင်း၊ ဆောင်ရွက်ခြင်းစသော အကျိုးတို့ကိုရင်း ပြီး စေနိုင်ပါသည်။ + + +

၁၀-မေး ရောဂါစသော အန္တရာယ်သည် မပယ်
အပ်,မပယ်ကောင်းသော အပဟာတဗ္ဗ
ဖြစ်သည် မဟုတ်ပါလော၊ အဘယ်သို့
လျှင် ရတနတ္တယပဏာမစေတနာသည်
ရောဂါ စသော အန္တရာယ်ကို ပယ်
ဖျောက်နိုင်ပါသနည်း။

ဖြေ- ရတနတ္တယ ပဏာမစေတနာသည် အ ကြောင်းဖြစ်သောအကုသိုလ် ဥပပီဠကကံ,ဥပစ္ဆေဒက ကံတို့ကို ပယ်ပါသည်၊ ထိုသို့ အကြောင်းဖြစ်သော ကံ တို့ကို ပယ်သဖြင့် ၎င်းကံတို့ကြောင့်ဖြစ်ကုန်သော ရော ဂါစသော အန္တရာယ်တို့ကိုလည်း ပယ်သည်မည်သော ကြောင့် အကြောင်း၏ အမည်ကို အကျိုး၌တင်စား၍

ကာရဏာရူပစာရဏ္ဍအားဖြင့် ရောဂါစသော အန္တရာယ်တို့ကိုလည်း ပယ်သည်မည်ပါသည်။
(ဥပပီဠကဥပစ္ဆေဒက ကမ္မာနံ ပဋိဗာဟိတ္ဝာ။ ။ဋီကာကျော်)

\+ \+ \+

**၁၁-မေး** ပဌာမစေတနာသည် ပစ္စုပ္ပန်ဖြစ်သည်၊ ဥပပီဠကကံ, ဥပစ္ဆေဒက ကံတို့သည် အတိတ်သာ ဖြစ်သည် မဟုတ်ပါလော၊ ပစ္စုပ္ပန်ဖြစ်သော ပဌာမစေတနာသည် အဘယ့်ကြောင့် အတိတ် ဖြစ်သော ကံတို့ကို ပယ်နိုင်ပါသနည်း။

**ဖြေ-** ကံသည် အတိတ် ဖြစ်၍ မပယ်နိုင်သည်ကား မှန်ပါ၏၊ အန္တရာယ်ကိုပြုတတ်သော ကံ၏ သတ္တိကိုကား ပယ်နိုင်ပါသည်၊ ဤသို့သတ္တိကိုသာ ပယ်သော်လည်း ကံနှင့် သတ္တိ မပြားကြသောကြောင့် ကံကို ပယ်သည် ဟု ဆိုရပါသည်။

\+ \+ \+

**၁၂-မေး** ပဌာမ စေတနာ သည် ပဉ္စမ ဇော စေတနာစသောအားဖြင့် ခုနစ်ပါးရှိခဲ့ရာ ဤ၌ အဘယ် ဇော စေတနာကို ယူရမည်နည်း။

**ဖြေ-** ပဉ္စမဇော စေတနာသည်ဤဘဝ၌ ဒိဋ္ဌဓမ္မ အကျိုးကို ပေးနိုင်သောကြောင့် ပဉ္စမဇောစေတနာကိုသာ ယူရပါသည်။

**၁၃-မေး** အင်္ဂါ ၄ ချက်နှင့် ပြည့်စုံမှ ဒိဋ္ဌဓမ္မအကျိုးကိုပေးနိုင်သည်မဟုတ်ပါလော၊ အသို့မှတ်ရမည်နည်း။

**ဖြေ—** အင်္ဂါလေးချက်ကို ဒါနအရသာ ရည်၍ဆိုပါသည်၊ ဤရတနတ္တယပဏာမစေတနာကား ရတနာသုံးပါးဟု ဆိုအပ်သော ခေတ္တ, ကျမ်းဆရာ၏ မြတ်သော အလိုဆန္ဒဟု ဆိုအပ်သော အဇ္ဈာသယ၊ ဤနှစ်ပါးနှင့်ပြည့်စုံက ဒိဋ္ဌဓမ္မအကျိုးကို ပေးနိုင်ပါသည်။ ဋီကာကျော်။ ။

\+ \+ \+

**၁၄-မေး** အဘယ်ကို အဘိဓေယျဟု ခေါ်ပါသနည်း၊ ဝစနတ္ထနှင့်တကွပြပါ။

**ဖြေ—** အဘိဓိယတေ ဘာသိယတေတိ အဘိဓေယျော ဟူသောဝစနတ္ထနှင့်အညီ ပရမတ္ထတရားလေးပါးကို အဘိဓေယျဟု ခေါ်ပါသည်။

(သမုဒိတေန ပကာရကောန် ဝစနီယော ဝိညာဒိကော စတုဗ္ဗိဓော အဘိဓမ္မတ္ထော) မဏိမဉ္ဇူ။

\+ \+ \+

**၁၅-မေး** အဘိဓေယျကို အဘယ်အကျိုး၌ ဆိုရပါသနည်း။

**ဖြေ—** သိအပ်ပြီးသောအနက် ရှိသည်သာလျှင်ဖြစ်သောကျမ်းကိုပညာရှိတို့သင်ခြင်း,ဆောင်ရွက်ခြင်းစသည်တို့၏ အစွမ်းအားဖြင့် ကျင့်ခြင်း အကျိုး၌ အဘိဓေယျကို ဆိုပါသည်။ ဋီကာကျော်။

**၁၆-မေး** အဘယ်ကို ကရဏာပွကာရ ဟု ခေါ်ပါ
သနည်း၊ ဝေနဌ္ဌနှင့်တကွ ဖော်ပြပါ။

**ဖြေ-** ကရိယတော ကရဏံ၊ကရိယတေ ဥာယ
တေ ဝြတေနာဘိ ကာရော၊ ကာရောဝေ ပကာရော,
ကရဏဿ ပကာရော ကရဏပ္ပကာရော ဟူသော
ဝစနတ္ထနှင့်အညီ အဘိခမ္ဘာ ခုနစ်ကျမ်း၌ အကျယ်
အားဖြင့် ဟောတော်မူအပ်ကုန်သော အဘိဓမ္မာ လေး
ပါးတို့ကို ဤသင်္ဂြိုဟ်ကျမ်း၌ အကျဉ်းအားဖြင့် ပေါင်း
၍ ယူခြင်းကို **ကရဏပ္ပကာရ** ဟု ခေါ်ပါသည်။

\+ \+ \+

**၁၇-မေး** ကရဏပ္ပကာရကို အဘယ်အကျိုး၌ ပြ
ဆိုတော်မူပါသနည်း။

**ဖြေ-** သောတုဇနတို့၏ အားထုတ်ခြင်းကို ဖြစ်
စေခြင်းအကျိုး၌ ပြဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

**၁၈-မေး** အဘယ်ကို အဘိခါနဟု ခေါ်ဆိုပါသ
နည်း၊ဝစနတ္ထနှင့်တကွ ဖော်ပြပါ။

**ဖြေ-** အဘိဓိယတေ ဘာသိယတေ ဝြတေနာဘိ
အဘိခါနံ ဟူသော ဝစနတ္ထနှင့်အညီ အဘိဓမ္မတ္ထသင်္ဂ
ဟ ဟူသော ဤကျမ်း၏အမည်ကို **အဘိဓာန** ဟု ခေါ်
ပါသည်။

\+ \+ \+

**၁၉-မေး** အဘိဓာနကို အဘယ် အကျိုး၌ ပြဆို
တော်မူပါသနည်း။

**ဖြေ–** ခေါ်ဝေါ်လွယ်စေခြင်းအကျိုးငှါ အသံဓာန ကို ပြဆိုတော်မူပါသည်။ ။ဋီကာကျော်။

\+ + +

**၂၀–မေး** အဘယ်ကို ပယောဇဉ် ဟု ခေါ်ပါသနည်း၊ ဝစနတ္ထနှင့်တကွ ပြပါ။

**ဖြေ–** ပယောဇဉ်တော နာနာပကာရေန ယုဇ္ဇတိ ပဝတ္တတိတိ ပယောဇနံ ဟူသော ဝစနတ္ထနှင့်အညီ သင်ခြင်း, ဆောင်ရွက်ခြင်းစသော အကြောင်းကြောင့် သရုပ်တို့ကို ထိုးထွင်း၍သိခြင်း,ဒိဋ္ဌဓမ္မိက သမ္ပရာယိက အကျိုး ပြီးစီးခြင်း စသောအကျိုးကို **ပယောဇဉ်** ဟု ခေါ်ပါသည်။ ။ဋီကာကျော်။

\+ + +

**၂၁–မေး** အဘယ်အကျိုးငှါ ပယောဇဉ်ကို ပြဆိုတော်မူပါသနည်း။

**ဖြေ–** သောတုဇနတို့၏ ကောင်းစွာအားထုတ်ခြင်းကို ဖြစ်စေခြင်းအကျိုးငှါ **ပယောဇဉ်** ကို ပြတော်မူပါသည်။ + + +

**၂၂-မေး** သမ္မာသမ္ဗုဒ္ဓ၌ သမ္မာသဒ္ဒါ, သံသဒ္ဒါတို့ဖြင့် အဘယ်ပုဂ္ဂိုလ်တို့ကို နစ်စေပါသနည်း။

**ဖြေ–** သမ္မာ သဒ္ဒါဖြင့် သဗ္ဗညုတ ဉာဏ်ကို ယူရသောကြောင့် ပစ္စေကဗုဒ္ဓါကို နစ်စေပါသည်၊ သံသဒ္ဒါဖြင့် သယမ္ဘူဉာဏ်ကိုယူရသောကြောင့် သာဝကကိုနစ်စေပါသည်။ ။သဒ္ဒေ၀။

**၂၃–မေး** သမ္မာသာမဋ္ဌ သဗ္ဗဝေမ္မေအာဘိသမ္ဗုဒ္ဓေါ တိ သမ္မာသမ္ဗုဒ္ဓေါ ဟူသော ဝစနတ္ထ ၏ အစွမ်းအားဖြင့် ပစ္စေကဗုဒ္ဓါ, သာဝက တို့နှင့် မဆက်ဆံဘဲ ဘုရား ဖြစ်သည့် နေ့,လအသွင် ထင်ရှား ပါလျက် အဘယ်အကျိုး၌ အတုလံ-ဟူသော ဝိသေသနကို မ,ရပြန်ပါသနည်း။

**ဖြေ–** သမ္မာသမ္ဗုဒ္ဓသဒ္ဒါဖြင့် မြတ်စွာဘုရား၏ အမည်နာမတော်ကိုမျှသာ ပြရသေးသည်၊ ဂုဏ်တော် ကို ထင်ရှားစွာ မပြရသေးသောကြောင့် ဂုဏ်တော်ကို ထင်ရှားစွာ ပြခြင်းအကျိုး၌ **"အတုလံ"**ဟူသော ဝိသေ သနကို မ,ရပြန်ပါသည်။ ။ဋီကာကျော်။

**တနည်း** သမ္မာသမ္ဗုဒ္ဓ သဒ္ဒါသည် ကိတ်သဒ္ဒ နာမ် ဖြစ်၍ နိပ္ဖန္နပြီးသောကာလ ဝါကျအနက်အတွင်း ၎င်း သဖြင့် ပစ္စေကဗုဒ္ဓါ, သာဝကတို့နှင့် ဆက်ဆံပြန်သော ကြောင့် အတုလံဟူသော ဝိသေသနကို မ,ရပြန်ပါ သည်။ သခေ်ပ။ + + +

**၂၄–မေး** ဝိသေသန၏အမျိုးအပြားကိုပြ၍ အတု လံဟူသော ဝိသေသနသည် အဘယ် ဝိသေသနမျိုးပါနည်း။

**ဖြေ–** ဝိသေသနကား ယထာဘူတကထန ဝိသေ သန,ဗျဝစ္ဆေဒက ဝိသေသနအားဖြင့်နှစ်မျိုးရှိပါသည်၊ အတုလံကား ဋီကာကျော်ဆရာ့အလိုအားဖြင့် ယထာ

ဘူတ ကထနဝိသေသန ဖြစ်ပါသည်၊ သင်္ခေပဆရာ၏အလိုအားဖြင့် ဗျဝစ္ဆေဒက ဝိသေသနဖြစ်ပါသည်။

\+ \+ \+

၂၅–မေး ပဒိုသေဝ၏ အမျိုးအပြားကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍၊ အတုလံ၌"အ"ကား အဘယ်ကြောင့် အဘယ်ပဒိုသေဝ ဖြစ်ပါသနည်း။

ဖြေ– ပဒိုသေဝ-ကား ကြိယာကို မြစ်သော ပသဇ္ဇပဒိုသေဝ,ဒြဗ်ကိုမြစ်သော ပရိယုဒါသ ပဒိုသေဝဟူ၍ နှစ်မျိုးရှိပါသည်၊ အတုလံ၌"အ"ကား တူသောသူဒြဗ်ကို မြစ်သောကြောင့် ပရိယုဒါသပဒိုသေဝ ဖြစ်ပါသည်။

\+ \+ \+

၂၆–မေး သမ္မာသမ္ဗုဒ္ဓ မတုလံဟူသော ပါဌ်ဖြင့် မြတ်စွာဘုရားအား ရှိခိုးပြီးသည်ဖြစ်သောကြောင့် သသဒ္ဓမ္မ ဂဏုတ္တမံဟူသော စကားကို မဆိုသင့်သည် မဟုတ်ပါလော၊ အဘယ် အကျိုး ငှါ သသဒ္ဓမ္မဂဏုတ္တမံ ဟူသော စကားကို ဆိုရပြန်ပါသနည်း။

ဖြေ– ကြွင်းသော တရားရတနာ, သံဃာရတနာ တို့အားလည်း ရှိခိုးခြင်းကို ပြုခြင်းအကျိုးငှါ သသဒ္ဓမ္မဂဏုတ္တမံဟူသော စကားကိုဆိုပါသည်။

၂၇-မေး။ အဘိဓမ္မတ္ထ သင်္ဂဟပုဒ်၌ အဘိဓမ္မ အရ, အဘိဓမ္မတ္ထ - အရ, အဘိဓမ္မတ္ထ သင်္ဂဟ အရတို့ကို အသီးအသီး ကောက်ပြခဲ့ပါ။

ဖြေ- အဘိဓမ္မအရကား ဓမ္မသင်္ဂဏီစသော အဘိဓမ္မာခုနစ်ကျမ်းကိုရပါသည်၊ အဘိဓမ္မတ္ထအရကား ၎င်းခုနစ်ကျမ်း၌ ဟောတော်မူအပ်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ယင်းလေးပါးကိုရပါသည်၊ အဘိဓမ္မတ္ထသင်္ဂဟအရကား ဤအဘိဓမ္မတ္ထသင်္ဂဟမည်သော သင်္ဂြိုဟ်ကျမ်းကို ရပါသည်။

\+ + +

၂၈-မေး။ ဓမ္မသင်္ဂဏီစသော အဘိဓမ္မာခုနစ်ကျမ်းသည် အဘယ်ကြောင့် အဘိဓမ္မာမည်ပါသနည်း။

ဖြေ- သုတ္တန်ပါဠိတို့ထက် လွန်သော ပါဠိ,ထူးသော ပါဠိ တို့၏ တည်ရာဖြစ်သောကြောင့် အဘိဓမ္မာမည်ပါသည်။ ။အဋ္ဌသာလိနီ။

\+ + +

၂၉-မေး။ အဘယ်သို့ သုတ္တန် ပါဠိတို့ထက် လွန်ပါသနည်း,ထူးပါသနည်း၊ လွန်ပုံ,ထူးပုံကို ပြခဲ့ပါ။

ဖြေ- သုတ္တန်ပါဠိတို့၌ ခန္ဓာ,အာယတနစသည်တို့ကို အကြွင်းအကျန်မရှိ အကုန်မဟော,တစိတ်တဒေသ အားဖြင့်သာ ဟောတော်မူသည်၊ အဘိဓမ္မာ၌ကား

ထိုသို့မဟုတ်၊ အဘိဓမ္မာဘာဝနိယနည်း, ပဋ္ဌာပုစ္ဆကနည်း စသည်ဘို့ဖြင့် အကြွင်းအကျန်မရှိ၊ အကုန်ဟောတော်မူပါသည်၊ ဤသို့ ဟောခြင်းကိုပင် သုတ္တန်ပါဠိတို့ထက် လွန်သည်,ထူးသည် ဟု ဆိုရပါသည်။ ။

အဘိဓမ္မာသာလိနီ။ + +

၃၀-မေး အဘယ်ကြောင့် ဤကျမ်းကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းဟု ခေါ်ဆိုရပါသနည်း။

ဖြေ- အဘိဓမ္မာ ခုနစ်ကျမ်း၌ အကျယ်အားဖြင့် ဟောတော်မူအပ်ကုန်သော စိတ်, စေတသိက်,ရုပ်, နိဗ္ဗာန် လေးပါးတို့ကို အကျဉ်းပေါင်းရုံး၍ယူရာကျမ်းဖြစ်သောကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း ဟု ခေါ်ပါသည်။ + +

၃၁-မေး တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ စသော ဂါထာဝယ် တတ္ထ၌ 'တ' သဒ္ဒါဖြင့် အဘယ်ကိုစွဲမည်နည်း။

ဖြေ- တတ္ထတသဒ္ဒေါ အဘိဓမ္မေဟု ဋီကာကျော်အဖွင့်အားလျော်စွာ အဘိဓမ္မာ ခုနစ်ကျမ်းကို စွဲမည်၊ အဘိဓမ္မ ပိဋကဿ တသဒ္ဒေန ပစ္စာမသနတ္တာ ဒဋ္ဌဗ္ဗံ။

မဏိမဥ္ဇူ။ + +

၃၂-မေး အဘိဓမ္မတ္ထ သင်္ဂဟံ ဟူသော ပုဒ်သည် ဥတ္တရ ပဒတ္ထ ပဓာန သမာသ် ဖြစ်၍ သင်္ဂဟံ ဟူသော နောက်ပုဒ်၌ ပြဓာန်းသောကြောင့် မပြဓာန်းသော အဘိဓမ္မ

ဟူသောဂေ့ပုဒ်ကိုသာ ဋီကာကျော် ဆ
ရာ စွဲခြင်းသည် အဘယ့်ကြောင့်သင့်အံ့နည်း။

ဖြေ- သင့်ပေ၏၊အကယ်၍ အဘိဓမ္မတ္ထသင်္ဂဟံ
ပုဒ်ကိုစွဲက အနက်အရာအားဖြင့် မသင့်၊အဘိဓမ္မာခုနစ်
ကျမ်း၌ ဟော၏ဟူသော အနက် အရာအားဖြင့် သင့်
သောကြောင့် မပြဋ္ဌာန်းသော အဘိဓမ္မာဟူသောပုဒ်ကို
သာ်စွဲရပါသည်။ + + +

၃၃-မေး အဘိဓမ္မတ္ထာဟူသောပုဒ်၏အစွမ်းအား
ဖြင့်ပင် အဘိဓမ္မာ ခုနစ်ကျမ်း၌ ဟော၏
ဟူသော အနက်ဟု သိနိုင်ပါလျက် အ
ဘယ်ကြောင့် တတ္ထသဒ္ဒါကို ဆိုရပြန်ပါ
သနည်း။

ဖြေ- အဘိဓမ္မေ ဝုတ္တာအတ္ထာ ဟူသော ဝါကျ၏
အစွမ်းအားဖြင့်ပင်သိနိုင်သော်လည်း၊ အဘိဓမ္မတ္ထာ ဟု
ပုဒ်ပြုံးသည့်အခါ၊ တေလံ, သုဂတစိဝရံ စသည်ကဲ့သို့
သာမည ဖြစ်ပြန်သောကြောင့် တတ္ထကို ဆိုပါသည်။ +

၃၄-မေး အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းအားလျော်စွာ
နာမရူပ ဝဝေသန ဒွိဓာဟု ဆိုသင့်လျက်
မဆိုမူ၍ အဘယ်ကြောင့် စိတ္တံ,စေတသိ
ကံ,ရူပံ,နိဗ္ဗာနံဟု ဆိုရပါသနည်း။

ဖြေ- အဘိဓမ္မာ၌ နာမ်ကို သာမညအားဖြင့်မ
ဟော၊ စိတ်, စေတသိက်, နိဗ္ဗာန်တို့၏ အစွမ်းဖြင့်သာ
ဟောအပ်သောကြောင့် နာမရူပ ဝဝေသန ဒွိဓာဟုမဆို

မူ၍ စိတ္တံ-စေတသိကံ စသည်ဖြင့်ဆိုပါသည်။ သခင်ပ။

\+ \+ \+

**၃၅-မေး** နာမ်ခြင်းတူသောအားဖြင့် စိတ္တံ စေတသိကံ နိဗ္ဗာနံ, ရူပံဟူသော အစဉ်ကို ဆိုအပ်ပါလျက် မဆိုမူ၍ အဘယ့်ကြောင့် နိဗ္ဗာန်ကိုနောက်ထား၍ဆိုရပါသနည်း။

**ဖြေ-** စိတ်,စေတသိက်,ရုပ်တို့၏ ချုပ်ရာအရပ်ကို ပြခြင်းအကျိုးငှါ နိဗ္ဗာန်ကို နောက်ထား၍ ဆိုပါသည်။ ။သခင်ပ။

\+ \+ \+

**၃၆-မေး** နိဗ္ဗာန်ကိုနောက်ထား၍ ဆိုလိုပါက နာမ်သုံးပါးကို တပေါင်းတည်း ဖြစ်အောင် ရူပံ,စိတ္တံ, စေတသိကံ, နိဗ္ဗာနံဟု ဆိုပါတော့လော၊ ဝိဘင်း၌လည်း ရုပ်ကိုရှေ့ထား၍ ဟောတော်မူသည် မဟုတ်ပါလော။

**ဖြေ-** ဝိဘင်းပါဠိတော်၌ ရုပ်ကိုရှေ့ထား၍ ဆိုသည်ကားမှန်ပါ၏၊ ထိုသို့ပင်မှန်သော်လည်း ဤသင်္ဂြိုဟ်ကျမ်းကိုရေးသော အရှင်အနုရုဒ္ဓါဆရာသည် ဝိဘင်းကျမ်းကိုမှီ၍ ရေးသည်မဟုတ်၊ ဓမ္မသင်္ဂဏီကျမ်းကိုမှီ၍ ရေးသောကြောင့် ဓမ္မသင်္ဂဏီကျမ်း၏ အစဉ်အားလျော်စွာ စိတ်,စေတသိက် ကို ရှေ့ထား၍ဆိုပါသည်။ သခင်ပ။

\+ \+ \+

၃၇-မေး အရှင်အနုရုဒ္ဓါဆရာသည် ဝိဘင်းကျမ်းကို မမှီမူ၍အဘယ့်ကြောင့် ဓမ္မသင်္ဂဏီကျမ်းကို အမှီပြု၍ ဤသင်္ဂြိုဟ်ကျမ်းကို ရေးသားရပါသနည်း။

ဖြေ- ဓမ္မသင်္ဂဏီကျမ်းသည်အမြစ်ပင်စည်နှင့် တူပါသည်၊ဝိဘင်းကျမ်းသည် အခက်,အလက်နှင့် တူပါသည်၊ထို့ကြောင့်အခက်,အလက်နှင့်တူသောဝိဘင်းကျမ်းကိုမမှီမူ၍ အမြစ်,ပင်စည်နှင့်တူသော ဓမ္မသင်္ဂဏီကျမ်းကိုသာအမှီပြု၍ရေးသားပါသည်။ ၊သခေ်ပ။ +

၃၈-မေး စိတ်, စေတသိက် တို့တွင် အဘယ့်ကြောင့်စိတ်ကိုရှေ့ထား၍ဆိုပါသနည်း။

ဖြေ- နိဿယ, နိဿိတ နှစ်ပါးတို့တွင် နိဿယ ဖြစ်သော စိတ်သာလျှင် ပြဓာန်းသောကြောင့် စိတ်ကိုရှေ့ထား၍ ဆိုပါသည်။ + +

၃၉-မေး ပရမတ္ထကို ဝစနတ္ထပြု၍ အဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

ဖြေ- ပရမော ဥတ္တမော အဝိပရီတော အတ္ထော ပရမတ္ထော ပရမဿဝါ,ဥတ္တမဿ ဉာဏဿအတ္ထော ဂေါစရောတိ ပရမတ္ထော။ ။ဋီကာကျော်။

ရှေ့အလို မဖေါက်ပြန်သောအားဖြင့် မြတ်သောသဘောဖြစ်သောကြောင့် ပရမတ္ထမည်၏၊ နောက်အလို မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် ပရမတ္ထမည်၏။ + +

၄၀-မေး။ မြတ်သော သဗ္ဗညုတညာဏ်၏ အာရုံဖြစ်သောကြောင့် ပရမတ် ဟု ဆိုပါက ပညတ်လည်း သဗ္ဗညုတညာဏ်၏အာရုံဖြစ်သောကြောင့် ပရမတ် မည်သင့်သည် မဟုတ်ပါလော။

ဖြေ- မ,မည်ပါ၊ ပရမတ်ဟူသောအမည်သည် စိတ်စသည်၌သာ ထင်သောကြောင့် အထင်ရူဠီအားဖြင့် စိတ်စသည့်လေးပါးသာ ပရမတ် မည်ပါသည်။

\+ \+ \+

၄၁-မေး။ ပရမတ်ဟူသည် နိစ္စလော, အနိစ္စလော၊ အကြောင်းပြ၍ ဖြေပါ။

ဖြေ- ပရမတ္ထ လေးပါးတို့တွင် စိတ်, စေတသိက်, ရုပ်တို့သည် ခဏတ္တယနှင့် ယှဉ်ကြသောကြောင့် အနိစ္စ ဖြစ်ကြပါသည်။ နိဗ္ဗာန်သည်ကား ခဏတ္တယနှင့် မယှဉ်သောကြောင့် နိစ္စဖြစ်ပါသည်။ ။ပရမတ္ထဂန္ဓိရ။

\+ \+ \+

၄၂-မေး။ ပညတ်သည် နိစ္စ,အနိစ္စ နှစ်ပါး တို့တွင် အဘယ်ပါနည်း။

ဖြေ- ခဏတ္တယနှင့် မယှဉ်သောကြောင့် နိစ္စဖြစ်ပါသည်။ ။ပရမတ္ထဂန္ဓိရ။

\+ \+ \+

၄၃-မေး။ ပညတ်သည် နိစ္စဖြစ်ပါက မဖေါက်ပြန်ဟု မှတ်ရမည်လော။

ဖြေ- မမှတ်ရပါ၊ ဖေါက်ပြန်ပါသည်၊ ဖေါက်ပြန်ပုံမှာ ရွှေစသော ဝတ္ထုသည် ပကတိသဘောအားဖြင့် ခက်မာသည်၊ မီးစသည်နှင့်ကင်လျှင် ခက်မာခြင်းသဘောမှ ဖေါက်ပြန်၍ ပျော့ပြောင်းခြင်းသဘော ဖြစ်ပြန်သည်၊ ဤသို့စသည်ဖြင့် ဖေါက်ပြန်ပါသည်။

ပဉ္စဒွါရ အဝိပရိတ သဘာဝ ါတိစေန -အထဓေါဝိပရိတ သဘာဝ ါ ငယဝ။ ။ပရမတ္ထဂန္ထိရ။

\+ \+ \+

၄၄- မေး စိတ္တသဒ္ဒါ၊ ဝိညာဏသဒ္ဒါ၊ မနသဒ္ဒါ တို့သည် တူကြ ပါသလော၊ ထူးကြပါသလော။

ဖြေ- ပဝတ္တ နိမိတ်မျှသာ ကွဲကြသည်၊ အရ, အဓိပ္ပါယ်အားဖြင့် မထူးပါ၊ တူကြပါသည်။

\+ \+ \+

၄၅- မေး စိတ္တကိုရသင့်သမျှဝိဂ္ဂဟာပြု၍ အဓိပ္ပါယ် ကို ဖေါ်ပြပါ။

ဖြေ- အာရမ္မဏံ စိန္တေတီတိ စိတ္တံ၊ [ကတ္တုသာဓန]အဓိပ္ပါယ် အာရုံကိုသိတတ်သောကြောင့်စိတ်၊ အာရမ္မဏံ စိန္တေန္တိ ဧတေနာတိ စိတ္တံ၊ [ကရဏသာဓန] အာရုံကို သိကြောင်းဖြစ်သောကြောင့် စိတ်၊ စိန္တနမတ္တံ စိတ္တံ၊ [ဘာဝသာဓန]အာရုံကို သိကာမျှဖြစ်သောကြောင့် စိတ်။

\+ \+ \+

**၄၆–မေး** အဘယ့်ကြောင့် ဘာဝသာဓနကိုဆိုပါသနည်း၊ ကတ္တုသာဓန, ကရဏသာဓနတို့၏အစွမ်းအားဖြင့် ရအပ်သောတရားသည်သာ ဒြဗ်အားဖြင့် ထင်ရှားသောကြောင့် ကတ္တုသာဓန ကရဏသာဓနကိုသာ ဆိုသင့်သည် မဟုတ်ပါလော။

**ဖြေ–** ပရမတ္ထ သဘော တရားတို့ မည်သည် ပစ္စည်းအားလျော်စွာ ဖြစ်ခြင်းမျှသာဖြစ်၍ ဘာဝသာဓနကိုသာ မချရအပ်သောကြောင့် ဘာဝသာဓန ဝိဂ္ဂဟကို ဆိုရပါသည်။

\+ \+ \+

**၄၇–မေး** ပစ္စည်းအားလျော်စွာ ဖြစ်ခြင်းမျှ သည်သာဖြစ်က ဘာဝသာဓနသာဆိုပါတော့လော၊ အဘယ်ကြောင့် ကတ္တု,ကရဏ သာဓနတို့ကို ဆိုသင့်အံ့နည်း။

**ဖြေ–** စိတ်၏ အာရုံကို သိသောကိစ္စ၌ မိမိပြဋ္ဌာန်းသည်ကိုစွဲ၍ကတ္တားဆိုလိုလျှင် ကတ္တုသာဓန ဖြစ်သည်၊ သဟဇာတ်ဖြစ်သော သမ္ပယုတ်တရားတို့၏ အာရုံကို သိကြောင်းကိစ္စ၌ မိမိပြဋ္ဌာန်းသည်ကိုစွဲ၍ ကရိယာ်း ဆိုလိုလျှင် ကရဏသာဓနဖြစ်သောကြောင့် ပရိယာယ် အားဖြင့်ဆိုပါသည်။

\+ \+ \+

**၄၈–မေး** စိတ်သည် အာရမ္မဏ ဝိဇာနနလက္ခဏာ ရှိ၏ဆို~~သော် အိပ်ပျော်နေသောအခါ၌~~ တွေ

ဝေ မိန်းမောနေသော သူတို့၏စိတ်သည် အဘယ်ကြောင့် အာရမ္မဏဝိဇာနနလက္ခဏာ ရှိပါအံ့နည်း။

**ဖြေ**— အာရုံကို ယူခြင်း, ရခြင်း ကိုသာလျှင် အာရမ္မဏ ဝိဇာနနလက္ခဏာရှိ၏ ဟု ဆိုပါသဖြင့် အိပ်ပျော်နေသောသူ, တွေဝေ မိန်းမော နေသောသူတို့၏ စိတ်သည်လည်း ထင်ရှားထင်ရှားမျှအာရုံနှင့်ကင်း၍ မဖြစ်၊ အာရုံကိုအမြဲငြ်ခြင်း, ယူခြင်း ရှိသောကြောင့် အာရမ္မဏ ဝိဇာနနလက္ခဏာရှိပါသည်။ ။ပရမတ္ထဒီပနီ။

\+ \+ \+

၄၉ **မေး** စေတသိက်ကို ဝစနတ္ထပြု၍ အင်္ဂါယ် ဖော်ပြပါ။

**ဖြေ**— စေတသိ ဘဝံ စေတသိကံ၊ (ဝစနတ္ထ)၊ စိတ်၌ဖြစ်သောကြောင့် စေတသိက်မည်သည်။

\+ \+ \+

၅၀—**မေး**: စိတ်၌ ဖြစ်သောကြောင့် စေတသိက် ဆိုသော် ဥပါဒါရုပ်သည် မဟာဘုတ်ကို မှီ၍ ဖြစ်သောကြောင့် မဟာဘုတ်ကား ဧကတ္တနိဿယ၊ ဥပါဒါရုပ်ကား ဧကတ္တနိဿိတ ဖြစ်သကဲ့သို့ ဤ၌လည်း စိတ်သည် ဧကတ္တနိဿယ၊ စေတသိက်သည် ဧကတ္တနိဿိတ ဖြစ်ပါသလော။

\+ \+ \+

ဖြေ - မဖြစ်ပါ၊ စေတသိက်၏စိတ်နှင့်စပ်၍ ဖြစ်ခြင်းမျှကိုသာလျှင် စိတ္တဇဖြစ်သည်ဟုဆိုပါသည်။ ၊ တဒါယတ္တဝုတ္တိတာယ။ ဋီကာကျော်။

\+ + +

၅၁ မေး စိတ်နှင့်စပ်၍ဖြစ်ခြင်းကြောင့်စေတသိက်ဟု ဆိုလျှင် စိတ်နှင့်စေတသိက်တို့သည် အချင်းချင်း အညမညပစ္စည်း၏ အစွမ်းအားဖြင့် ကျေးဇူး ပြုကြသောကြောင့် စိတ်သည်လည်း စေတသိက်နှင့် စပ်၍ ဖြစ်သည်ဟု မှတ်ရမည်မဟုတ်ပါလော။

ဖြေ - မမှတ်ရပါ၊ စေတသိက်သည် စိတ်နှင့်ကင်း၍ အာရုံကိုမယူနိုင်သောကြောင့် စေတသိက်သာ စိတ်နှင့်စပ်၍ ဖြစ်သည်ဟု မှတ်ရမည်။

နှ ပဒိ တံ စိတ္တေန ဝိနာ အာရမ္မဏဂ္ဂဟဏ သမတ္ထံ။ ဋီကာကျော်။

\+ + +

၅၂-မေး အဘယ့်ကြောင့် စေတသိက်သည် စိတ်နှင့်ကင်း၍ အာရုံကို မယူနိုင်ပါသနည်း။

ဖြေ - စိတ်မရှိသော် စေတသိက်သည်အခါခပ်သိမ်း မဖြစ်နိုင်သောကြောင့်ဖြစ်ပါသည်။

\+ + +

၅၃ မေး စိတ်သည်လည်း စေတသိက်နှင့် ကင်း၍ အာရုံကို မယူနိုင်သည် မဟုတ်ပါလော၊ အသို့မှတ်ရမည်နည်း။

ဖြေ- စိတ်သည် အချို့သော ဝိတက်စသော စေတသိက်တို့နှင့်ကင်း၍ အာရုံကို ယူနိုင်ပါသည်။

စိတ္တံ ပန ကေနစိ စေတသိကေန
ဝိနာပိ အာရမ္မဏေ ပဝတ္တတိ။ ။ဋီကာကျော်။

\+ + +

၃၄=မေး ရူပံပုဒ်ကိုဝစနတ္ထပြု၍အဓိပ္ပါယ်ဖော်ပြပါ
ဖြေ- သီတုဏှာဒီဟိ ဝိရောဓိ ပစ္စယေဟိ ရုပ္ပတီတိ ရူပံ၊ (ဝစနတ္ထ) သီတ,ဥဏှ, အစရှိကုန်သော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သော ကြောင့် ရုပ်ဟုခေါ်သည်။

\+ + +

၃၅-မေး ရုပ်သည် ဖောက်ပြန်တတ်၏ ဟု ဆိုသော် မိမိ,မိမိ၏ ကက္ခဠစသော သဘောကိုစွန့်၍ ဖောက်ပြန် ပါသလော၊ အဘယ်သို့မှတ်ရမည်နည်း၊
ဖြေ- သီတ,ဥဏှ အစရှိကုန်သော ဆန့်ကျင်ဘက်ဖြစ်ကုန်သော အကြောင်းတို့၏ အညီအညွတ်ပေါင်းဆုံ ထိခိုက်မှုကြောင့် ရှေ့ရုပ်အစဉ်နှင့်မတူသော နောက်ရုပ်အစဉ်၏ ဖြစ်ခြင်းမျှကိုသာ ဖောက်ပြန်သည် ဟုဆိုပါသည်၊ မိမိ,မိမိ၏ ကက္ခဠစသော လက္ခဏာကိုကား တရံတဆစ်မျှမစွန့်ကြပါ။

\+ + +

၃၆-မေး ရုပ်သည် ခဏတ္တယသုံးပါးနှင့်ညီခြင်း ကြောင့် ခဏတ္တယ သုံးပါးလုံး၌ပင်

ဖေါက်ပြန်ပါသလော သို့မဟုတ်အဘယ်
ခဏ၌သာ ဖေါက်ပြန်နိုင် ပါသနည်း၊
အကြောင်းပြ၍ ရှင်းလင်းခဲ့ပါ။

ဖြေ– ရုပ်တို့၏ ဖြစ်ခြင်းသည် ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏတို့၌ အလွန်လျင်မြန်သော ဖြစ်ခြင်းရှိသောကြောင့် အားနည်းသည်ဖြစ်၍ ထိုခဏနှစ်ပါး၌ သီတ, ဥဏှစသည်တို့ဖြင့် ပေါင်းဆုံ ထိခိုက်ခြင်းငှါ မတတ်ကောင်းသောကြောင့် ဌီခဏ၌သာ ဖေါက်ပြန်နိုင်ပါသည်။

(ရူပဓမ္မာနံ ဌိတိက္ခဏေ သီတာဒီဟိ သင်္ဂမော ဟောတိ။ ။မူလဋီကာ)

\+ \+

၅၇–မေး နာမ်တရားတို့သည်လည်း ရှေ့နာမ်အစဉ်နှင့်မတူသော နောက်နာမ်အစဉ်ဖြစ်ခြင်းသည် ဖေါက်ပြန်သည် မည်သောကြောင့် ရုပ်ဟု ခေါ်ဆိုရမည် မဟုတ်ပါလော။

ဖြေ– နာမ်တရားတို့သည် သီတဥဏှ စသည်တို့နှင့်ထိခိုက်ခြင်းမှ ကင်းကြသောကြောင့် ရုပ်တရားတို့ ကဲ့သို့ထင်ရှားသော ဖေါက်ပြန်ခြင်း မဖြစ်သင့်သောကြောင့် နာမ်တရားကို ရုပ်ဟု မခေါ်ဆိုသင့်ပါ။

အရူပဓမ္မာနံ သံဃဋ္ဋန ဝိရဟိတတ္တာ ရူပဓမ္မာနံဝိယ
ပါကဋဘာဝေ ဝိကာရဿ အဘာဝတော ရုပ္ပနဋ္ဌံ စ ရုပ္ပန
လက္ခဏဋ္ဌံ စ နယုဇ္ဇတိ၊ ။မူလဋီကာ၊

\+ \+ \+

**၃၈–မေး** သိတ, ဥဏှ စသော ဆန့် ကျင် ဘက် အကြောင်းတို့၏ အညီအညွတ် ပေါင်း ဆုံထိခိုက်မှုကြောင့် ရုပ် ဖေါက်ပြန်၏ဆို သော် ထိခိုက်ခြင်း၌ မတတ်ကောင်း သော သုခုမရုပ်တို့၌ အဘယ်သို့ မှတ်ရ မည်နည်း။

**ဖြေ–** ထိခိုက်ခြင်း၌ မတတ်ကောင်း သော် လည်း သပ္ပဋိဃရုပ်တို့နှင့် ကလာပ်တစည်းတည်း အ တူတကွ ဖြစ်ကြသောကြောင့် သပ္ပဋိဃရုပ်တို့ ဖေါက် ပြန်သည်ရှိသော် သုခုမရုပ်တို့သည်လည်း ဖေါက်ပြန် ကြပါသည်။

သပ္ပဋိဃရုပေဟိ သဟေကတော ပဝတ္တနတော ပန တေဟိ
သပ္ပဋိဃေသု ရုပ္ပမာနေသု ရုပ္ပနဘာဝေယော။ ။ပရမတ္ထဒီပနီ။

\+ \+ \+

**၃၉–မေး** ရူပဗြဟ္မာ ဘုံ၌ နှိပ်စက်တတ်ကုန်သော သိတ,ဥဏှ စသည်တို့ မရှိခြင်းကြောင့် ၎င်းဘုံ၌ ရှိကြသော ရုပ်တို့သည် မ ဖေါက်ပြန်ဟု မှတ်ရမည်လော။

**ဖြေ–** နှိပ်စက် တတ်ကုန်သော သိတ, ဥဏှ စသည်တို့ မရှိသော်လည်း ချီးမြှောက်တတ်ကုန်သော သိတ,ဥဏှ တို့ရှိခြင်းကြောင့် ယင်းတို့၏ အစွမ်းအား ဖြင့် ဖေါက်ပြန်နိုင်ပါသည်။ ။ဋီကာကျော်။ \+ \+

**၄၀–မေး** မြတ်စွာဘုရားသည် "သိတေနပိ ရုပ္ပတိ

ဥဏှေနပိ ရုပ္ပတိ" စသည်ဖြင့် ဟော
သောကြောင့် ကံ, စိတ်, အာဟာရ တို့
ကြောင့် ရုပ် မဖေါက်ပြန်ဟု မှတ်ရမည်
လော။

**ဖြေ–** မမှတ်ရပါ၊ ကံ, စိတ်, အာဟာရတို့ကြောင့်လည်း ဖေါက်ပြန်ပါသည်၊'သီတေနပိ ရုပ္ပတိ,ဥဏှေနပိ ဟူသော ဒေသနာသည် နိဒဿန နည်းသာ ဖြစ်ပါသည်။ ။ပရမတ္ထဒီပနီ။ + + +

**၆၁–မေး** ရူပါဝစရစိတ် စသည်တို့တွင် တပါးပါး
ကို ရှေ့ထား၍ ရူပါဝစရံ ကာမာဝစရံ-
စသောအစဉ်ကို ဆိုသင့်သည် မဟုတ်
ပါလော၊ အဘယ့်ကြောင့် ကာမာ ဝစ
ရံ ရူပါဝစရံ စသောအစဉ်ကို ဆိုပါသ
နည်း။

**ဖြေ–** ဘုံလေးပါး၌ဖြစ်ကြသော စိတ်တို့သည် အစဉ်အတိုင်း မြတ်ကြသည်ဖြစ်၍ အယုတ်, အမြတ်၊ အထူးသဖြင့် အမြတ်, အထူးသဖြင့် အလွန်မြတ်သော စိတ်တို့၏ အစဉ်အားဖြင့် ညွှန်ပြလိုသောကြောင့် ကာမာဝစရံ,ရူပါဝစရံစသောအစဉ်ကိုဆိုပါသည်။ ။ဋီကာကျော်။ + + +

**၆၂–မေး** ကာမကို ကိလေသာကာမ,ဝတ္ထုကာမ
နှစ်ပါးရအောင် အသီးအသီး ဝစနတ္ထ
ပြု၍ အဓိပ္ပါယ် ဖေါ်ပြခဲ့ပါ။

**ဖြေ-** ကိလေသာကာမကို "ကာမေတီတိ ကာမော" ပြု၊ အဓိပ္ပါယ်ကား ဝတ္ထုကာမကို အလိုရှိတတ်သောကြောင့် ကာမတဏှာဟုဆိုအပ်သော လောဘစေတသိက်သည် **ကာမ** မည်၏၊ ဝတ္ထုကာမကို "ကာမိယတီတိ ကာမော" ပြု အဓိပ္ပါယ်ကား - ကာမတဏှာသည် အလိုရှိအပ်သောကြောင့် ကာမတဆယ့်တဘုံသည် **ကာမ** မည်၏။ + + +

**၆၃-မေး** ကာမ တဏှာသည် အလို ရှိအပ်သောကြောင့် ကာမ မည်၏ ဆိုသော် ကာမသုဂတိ ခုနစ်ဘုံသာ ကာမ မည်ရာ၏၊ အပါယ် လေးဘုံကား အလိုမရှိအပ်သည် မဟုတ်ပါလော၊ အဘယ်သို့ကာမ မည်နိုင်ပါသနည်း။

**ဖြေ-** **သဝဣ** တပ်တတ် သော ဘဝနိကန္တိက လောဘဇောဖြင့် အလိုရှိအပ်, တောင့်တအပ်သောကြောင့် အပါယ်လေးဘုံသည်လည်း ကာမ မည်နိုင်ပါသည်။

**တနည်း:** ကာမရာဂကို အနာဂါမိမဂ်ဖြင့် မပယ်ရသေးသည် ဖြစ်၍ တပ်ခြင်းသဘောကို မလွှန်ဆန်နိုင်သောကြောင့် အဏ္ဏာသယ၏ အစွမ်းအားဖြင့် အလိုရှိအပ်သည်သာဖြစ်သောကြောင့် **ကာမ** မည်နိုင်ပါသည်။

**တနည်း:** ဖေါက်ပြန်သော သညာ၏ အစွမ်းအားဖြင့် 'အနိဋ္ဌ'ဖြစ်သောအပါယ်ဘုံကိုလည်း 'ဣဋ္ဌ' ဟူ၍

ယူသောအားဖြင့် အလိုရှိအပ်,တောင့်တအပ်သည်သာ ဖြစ်သောကြောင့် **ကာမ** မည်နိုင်ပါသည်။

+ + (ဇင်းသုံးနည်းမှာ မဏိမဉ္ဇူ၊ ၁၁၇)

**၆၄-မေး** လောကုတ္တရာ၌ လောကအရ ဤအရာ၌ အဘယ်လောကကို ယူရမည်နည်း၊

**ဖြေ-** သင်္ခါရလောကကိုယူရပါသည်။ ။ ဋီကာကျော်။

**တနည်း** လောကသုံးပါးကိုယူရပါသည်။ ။ အဘိဓမ္မာဝတာရဋီကာ။ + + +

**၆၅-မေး** လောကသုံးပါးကို အသီးအသီးတရားကိုယ် ကောက်ပြပါ။

**ဖြေ-** ဣန္ဒြိယဗဒ္ဓဖြစ်သော ခန္ဓာငါးပါးတို့၏ အပေါင်းသည်၎င်း, သန္တာန် အစဉ်သည်၎င်း သတ္တလောကမည်၏။

အနိန္ဒြိယဗဒ္ဓဖြစ်သောရုပ်တရားတို့၏အပေါင်းသည် ၎င်း,သန္တာန်အစဉ်သည်၎င်းဩကာသလောကမည်၏။

ဣန္ဒြိယ, အနိန္ဒြိယဗဒ္ဓ ဖြစ်ကုန်သော ခန္ဓာတို့သည် သင်္ခါရလောကမည်၏။

(က) ဣန္ဒြိယဗဒ္ဓါနံ ခန္ဓာနံ သမူဟောစ,
သန္တာနောစ သတ္တလောကော၊
(ခ) အနိန္ဒြိယဗဒ္ဓါနံရူပါဒီနံ သမူဟောစ,
သန္တာနောစ ဩကာသလောကော၊
(ဂ) ဥဘယာပိ ခန္ဓာ သင်္ခါရလောကော၊
သာရတ္ထဒီပနီ၊

၆၆—မေး။ လောကသုံးပါးကိုအသီးအသီးဝေနှံ၍ ပြ၍ပြပါ။

ဖြေ— လောကိယတိ ဧတ္ထ ကုသလာ ကုသလံ တပ္ပိုပါကောစာတိ လောကော။ ။သင်္ခါလောက။

လောကိယန္တိ ဧတ္ထ ဇင်္ဂမာ, ထာဝရာစ, တေသန္တ ဩကာသဘူတောတိ လောကော။ ဩကာသလောက။

လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော။ သင်္ခါရလောက။

\+ \+ \+

၆၇—မေး။ လောကုတ္တရာ၏ကို ရသင့်သမျှ ဝေနှံ၍ပြ၍ အရကောက်ပြပါ။

ဖြေ— (က) လောကတော ဥတ္တရတီတိ လောကုတ္တရာ၊ မဂ်စိတ်လေးခုရ၏။

(ခ) လောကတော ဥတ္တိဏ္ဏန္တိ လောကုတ္တရာ၊ ဖိုလ်စိတ်လေးခု ရစေ။

(ဂ) လောကတော ဥတ္တရံ အဓိကန္တိ လောကုတ္တရာ၊ လောကုတ္တရာစိတ်ရှစ်ခုနှင့်တကွ နိဗ္ဗာန်ရ၏။

ဤအရေ၌ကား နိဗ္ဗာန်ကို မလို။

\+ \+ \+

၆၈—မေး။ ဓမ္မသင်္ဂဏီ ပါဠိတော်၌ မြတ်စွာဘုရားသည် ကုသလာဓမ္မာ, အကုသလာဓမ္မာ စသည်ဖြင့် ကုသိုလ်ကိုရှေ့ထား၍ဟော တော်မူသောကြောင့် ကုသိုလ်ကိုသာ ရှေးဦးစွာ ဆိုသင့်ပါလျက် ဤသင်္ဂြိုဟ်

ကျမ်း၌ အဘယ့်ကြောင့် အကုသိုလ်စိတ်ကိုရှေ့ထား၍ ဆိုရပါသနည်း။

ဖြေ- အကုသိုလ်စိတ်, အဟိတ်စိတ်မှကြွင်းကုန်သော အကျဉ်းအားဖြင့် တခုယုတ်ခြောက်ဆယ်, အကျယ်အားဖြင့် ကိုးဆယ့်တပါးသော စိတ်တို့၏ သောဘဏဟူသော အမည်အားဖြင့် ခေါ်ဝေါ်လွယ်စေခြင်းအကျိုး ငှါ ဆိုလတ္တံ့သော ပါပါဟေတုကမုတ္တာနိ စသော ဂါထာနှင့်လျော်သောကြောင့် အကုသိုလ်စိတ်ကို ရှေ့ထား၍ဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၆၉-မေး အကုသိုလ်စိတ်တို့တွင် အဘယ့်ကြောင့် လောဘမူစိတ်ကို ရှေးဦးစွာ ပြဆိုပါသနည်း။

ဖြေ- ဘဝသစ်၌ ပဋိသန္ဓေနေသော သတ္တဝါအား ဝီထိစိတ်၏ အစွမ်းအားဖြင့် လောဘမူစိတ်သာ ရှေးဦးစွာ ဖြစ်သောကြောင့် လောဘမူစိတ်ကို ရှေးဦးစွာပြဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၇၀-မေး လောဘမူစိတ်၏အခြားမဲ့၌ မောဟမူစိတ်ကို မပြဆိုဘဲ အဘယ်ကြောင့် ဒေါသမူစိတ်ကို ပြလိုပါသနည်း။

ဖြေ- ဒွိဟိတ်စိတ်၏ အဖြစ်ခြင်း တူသောကြောင့် မောဟမူစိတ်ကို မပြဆိုဘဲ ဒေါသမူစိတ်ကို ပြဆိုပါသည်။ ။ဋီကာကျော်။

**၇၁-မေး** လောဘမူ စိတ် သည် သော မနဿာ, ဥပေက္ခာအားဖြင့် နှစ်ပါးရှိရာ အဘယ်ကိုမှီ၍ သောမနဿသဟဂုတ် စိတ်ကို ရှေ့ဦးစွာ ပြဆိုရပါသနည်း။

**ဖြေ-** သုခံ ဒုက္ခံ ဥပေက္ခာဟုဟောတော်မူအပ်သော ပါဠိကိုမှီ၍ သောမနဿသဟဂုတ်စိတ်ကို ရှေးဦးစွာ ပြဆိုပါသည်။ ။သခေ်ပ။

\+ \+ \+

**၇၂-မေး** ဒိဋ္ဌိဂတသမ္ပယုတ်, ဝိပ္ပယုတ်နှစ်ပါးတွင် ဒိဋ္ဌိဂတ သမ္ပယုတ် စိတ်ကို အဘယ်ကြောင့် ရှေ့ထား၍ပြဆိုပါသနည်း။

**ဖြေ-** မရှိခြင်းမည်သည် ရှိခြင်းကိုသာမှီ၍ ဖြစ်ရသောကြောင့် ရှိခြင်းဟုဆိုအပ်သော ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်ကို ရှေ့ထား၍ဆိုပါသည်။ ။သခေ်ပ။

\+ \+ \+

**၇၃-မေး** ယင်းသို့ဖြစ်သော် အသင်္ခါရိက, သသင်္ခါရိက နှစ်ပါးတို့တွင် အဘယ် ကြောင့် အသင်္ခါရိကကိုရှေ့ထား၍ဆိုပါသနည်း။

**ဖြေ-** ထက်သောသဘော, နုံ့သော သဘောကို မှီ၍ဆိုအပ်သောကြောင့် အသင်္ခါရိက ကိုရှေ့ထား၍ ဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၇၄-မေး အဘယ့်ကြောင့် အကုသိုလ် မည်ပါသနည်း၊ ယင်းအကုသလပုဒ်ကို ဝစနတ္ထပြု၍ အသဒ္ဒါ၏အနက်ကိုလည်း ညွှန်ပြပါ။

ဖြေ- ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အကုသိုလ်မည်ပါသည်။

ဝစနတ္ထကား......

နကုသလာနိ အကုသလာနိ၊ ကုသလာနံ ပဋိပက္ခာနိ အကုသလာနိ၊ ကမ္မဓာရယ်(မဏိမဉ္ဇူ)အဗျယီဘော။ ဘုရားကြီးဆရာတော်ဂဏ္ဌိ၊ အ,သဒ္ဒါကား ဝိရုဒ္ဓအနက်ကို ဟောပါသည်။

\+ \+ \+

၇၅ မေး အကုသိုလ်သည် အဘယ်သို့လျှင် ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်ပါသနည်း။

ဖြေ- ကုသိုလ်ကား ပယ်တတ် သောကြောင့် ပဟာယက, အကုသိုလ်ကား ပယ်အပ်သောကြောင့် ပဟာတဗ္ဗ၊ ဤသို့ ပဟာယက, ပဟာတဗ္ဗအဖြစ်ဖြင့် ဆန့်ကျင်ပါသည်။

\+ \+ \+

၇၆-မေး ကိုသိုလ် ၏ ဆန့်ကျင်ဘက် ဖြစ် သောကြောင့် အကုသိုလ် ဆိုသော် ကုသိုလ်လည်း အကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်၍ လောကဌ် အချင်းချင်း ဆန့်ကျင်ကြသော ရန်သူနှစ်ဦးတို့သည် တဦးကိုတဦး ဖျက်ဆီးကြသကဲ့သို့ ကုသိုလ်သည်သာ

အကုသိုလ်ကို ဖျက် ဆီး နိုင် သ လော၊ အကုသိုလ် လည်း ဖျက် ဆီး နိုင် သည် မဟုတ်ပါလော။

**ဖြေ**— မဖျက်ဆီးနိုင်ပါ၊ ကုသိုလ်သည်သာ အလွန်အားကြီးသည့်၏အဖြစ်ကြောင့်အမြဲမပြတ် သဏ္ဍဝါတို့၏သန္တာန်၌ ကိန်းအောင်းကုန်သော အကုသိုလ် တရားတို့ကို ပဟာန်သုံးပါးတို့၏ အစွမ်းအားဖြင့် ဖျက်ဆီးနိုင်ပါသည်။

အကုသိုလ်သည်ကား အားသေးသောကြောင့် ကုသိုလ်ကို မဖျက်ဆီးနိုင်ပါ၊ အကယ်၍ ဖျက်ဆီးနိုင်၏ ဟုယူပါက စင်စစ် ဖြတ်အပ်သောကုသိုလ် မရှိသောကြောင့် သဏ္ဍဝါတို့သည် အပါယ်ဘုံမှ လွတ်မြောက်နိုင်တော့မည် မဟုတ်ပေ၊ထို့ကြောင့် မဖျက်ဆီးနိုင် ဟု မှတ်အပ်၏။ ။မဏိမဥ္ဇူ။ + + +

၇၇-**မေး** လောဘမူစိတ်၌ လောဘသာယှဉ်သည် မဟုတ်၊မောဟလည်းယှဉ်သောကြောင့် မောဟဖြင့် မှတ်၍ မော ဟ သ ဟဂု တ်စိတ် ဟု မဆိုမူ၍ အဘယ်နည်းအားဖြင့် လောဘသဟဂုတ်စိတ်ဟုဆိုပါသနည်း။

**ဖြေ**- မောဟကား အလုံးစုံသော အကုသိုလ်စိတ်နှင့်ဆက်ဆံ၏၊ လောဘကား အလုံးစုံသော အကုသိုလ်စိတ်နှင့်မဆက်ဆံ၊ လောဘမူစိတ်နှင့်သာဆက်ဆံသည်ဖြစ်၍ ဆက်ဆံသောမောဟဖြင့်မမှတ်မူ၍ မဆက်

ဆံသော လောဘဖြင့်သာ မှတ်၍‘ဘောရိသဒ္ဒေါ’ စသည့်ကဲ့သို့ အသာဓာရဏ နည်းအားဖြင့် ဆိုပါသည်။ ။ မဏိမဥ္ဇူ။

\+ + +

၇၈-မေး လောဘမူလပုဒ်ကိုအစိတ်အပေါင်း ဝစနတ္ထပြု၍အပေါင်းဝစနတ္ထနှင့်အရကောက်နှင့်တကွ အဓိပ္ပါယ်ဖော်ပြပါ။

ဖြေ-(က) အာရမ္မဏေ လုဗ္ဘတီတိ လောဘော၊
(ခ) မူလယတိ ပတိဋ္ဌာတိ ဧတ္ထ ရုက္ခောတိ မူလံ၊
(ဂ) မူလံ ဣဝ မူလံ၊ လောဘော မူလံ ဧတဿာတိ လောဘမူလံ။ (ဝစနတ္ထ)

အရကောက်— လောဘမူစိတ် ၈ ခု ရ၏။
အဓိပ္ပါယ် လောဘဟု ဆိုအပ်သော မူလရှိသောကြောင့် လောဘမူစိတ်မည်သည်။

\+ + +

၇၉ မေး စိတ်သာလျှင် လောဘ ဟု ဆိုအပ်သော မူလရှိသည်မဟုတ် စေတသိက်ဇာတိသ, စိတ္တဇရုပ်တို့သည်လည်း လောဘဟုဆိုအပ်သော မူလ ရှိသည်သာ ဖြစ်သောကြောင့် လောဘမူလ အရ ယင်းစေတသိက်နှင့် စိတ္တဇရုပ်တို့ကိုလည်း ကောက်ယူသင့်သည်မဟုတ်ပါလော။

**ဖြေ–** မကောက်ယူသင့်ပါ၊ စိတ်၏ အရာဖြစ်သောကြောင့် အဏ္ဍပကရဏအားဖြင့် စိတ်ကိုသာ ကောက်ယူသင့်ပါသည်။

စိတ္တာဓိကာရတ္တာ လောဘမူလဘာဝေပိ
စေတသိကေ နိဝတ္တေတိ စိတ္တဇရူပါနိပိ။ မဏိမဉ္ဇူ။

\+ \+ \+

**၈၀-မေး** သောမနဿ သဟဂတံ ပုဒ်ကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ အရကောက်ပြခဲ့ပါ။

**ဖြေ–**(က) သုန္ဒရံ မနော သုမနော၊ စိတ်ရ၏။

(ခ) သုန္ဒရံ မနော ဧတဿ အတ္ထီတိ သုမနော ပုဂ္ဂိုလ်ရ၏။

(ဂ) သုမနဿဘာဝေါ သောမနဿံ ဝေဒနာ စေတသိက်ရ၏။

(ဃ) သောမနဿေန သဟဂတံ သောမနဿ သဟဂတံ၊ သောမနဿ သဟဂုတ် စိတ် ရ၏။

\+ \+ \+

**၈၁-မေး** အသင်္ခါရိကံ၌ သင်္ခါရကို ဝစနတ္ထ ပြု၍ အနက် ယောဇနာပြီးလျှင် အရ ကောက်ခဲ့ပါ။

**ဖြေ–** သင်္ခရောတိ စိတ္တံ တိက္ခဘာဝ သင်္ခါတ မဏ္ဍနဝိသေသေန သဇ္ဇေတီတိ သင်္ခါရော၊

\+ \+ \+

ယောပုဗ္ဗပ္ပယောဂေါ- အကြင် ပုဗ္ဗပ္ပယောဂသည်၊ စိတ္တံ-နောက်ဖြစ်သော စိတ်ကို၊ တိက္ခဘာဝသင်္ခါတ မဏ္ဍန ဝိသေသေန-ထက်သည်၏အဖြစ်ဟုဆိုအပ်သော တန်ဆာအထူးဖြင့်၊သင်္ခရောတိ သင်္ခရောတိ-စီရင်တတ်၏၊ ဣတိ-ထို့ကြောင့်၊သော ပုဗ္ဗပ္ပယောဂေါ ထို ပုဗ္ဗပ္ပယောဂသည်၊သင်္ခါရော သင်္ခါရမည်၏၊အရကား ပုဗ္ဗပ္ပယောဂ ရ၏။

+ + +

၇၂-မေး ပုဗ္ဗပ္ပယောဂသည် သင်္ခါရမည်၏ဆိုရာ၌ ပုဗ္ဗပ္ပယောဂ၏ အပြားကိုပြခဲ့ပါ။

ဖြေ- ပုဗ္ဗပ္ပယောဂသည် မိမိ၏ ပုဗ္ဗပ္ပယောဂ သူတပါး၏ ပုဗ္ဗပ္ပယောဂအားဖြင့် နှစ်ပါးရှိပါသည်။

+ + +

၇၃-မေး ပုဗ္ဗပ္ပယောဂနှစ်ပါး၏ တရားကိုယ်အရကို ကောက်ပြခဲ့ပါ။

ဖြေ- မိမိ၏ ပုဗ္ဗပ္ပယောဂကား တရားကိုယ်အားဖြင့် ဝီရိယ စေတသိက်ဖြစ်ပါသည်၊ သူတပါး၏ ပုဗ္ဗပ္ပယောဂကား တရားကိုယ်အားဖြင့် စေတနာစေတသိက်၊ဝါ ဝီရိယ စေတသိက်၊ဝါ-စေတနာဝီရိယပြဋ္ဌာန်းသော နာမက္ခန္ဓာလေးပါးသည် သူတပါး၏ ပုဗ္ဗပ္ပယောဂဖြစ်ပါသည်။ မဏိမဉ္ဇူ။

+ + +

၇၄-မေး အသင်္ခါရိက၊သသင်္ခါရိက ပုဒ်တို့ကို အသီးအသီး သမာသ်ဘွဲ့စပ်၍သသင်္ခါရိက၏ အဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

**ဖြေ–** နဉ္စိသင်္ခါရံ ဗောဿာင် အသင်္ခါရံ၊ အသင်္ခါရံဝေ အသင်္ခါရိကံ၊ သင်္ခါရေနသဟိတံ သသင်္ခါရိကံ။

**အဓိပ္ပါယ်ကား**

ပုဗ္ဗပယောဂဟု ဆိုအပ်သော သင်္ခါရနှင့်တကွ ဖြစ်သောကြောင့် သသင်္ခါရိကမည်၏။

\+ \+ \+

**၈၅–မေး** ပုဗ္ဗပယောဂ ဟုဆိုအပ်သော သင်္ခါရသည် မိမိဟုဆိုအပ်သော နောက်စိတ်မှ ရှေ့အတိုင်း၌ဖြစ်သောစိတ်အစဉ်၌ရင်း, သူတပါး သန္တာန်၌ရင်း ဖြစ်သောကြောင့် တသီးတခြား မဟုတ်ပါလော၊ သင်္ခါရနှင့်တကွ ဖြစ်၏ဟု ဆိုသောစကားသည် အဘယ်သို့လျှင် သင့်မည်နည်း။

**ဖြေ–** ထိုသို့ဖြစ်သည်ကား မှန်ပါ၏၊ မှန်သော်လည်း အကြောင်းဖြစ်သော ပုဗ္ဗပယောဂ၏ သင်္ခါရဟူသော အမည်ကို အကျိုးဖြစ်သော ထက်သည်၏အဖြစ်ဟု ဆိုအပ်သော တန်ဆာအထူး၌တင်စား၍ထက်သည်၏အဖြစ်ဟု ဆိုအပ်သော တန်ဆာအထူးကို **ကာရဏူပစာရ** အားဖြင့် သင်္ခါရ ဟု ဆိုသောကြောင့် သင့်လျော်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၈၆–မေး။ ဥပေက္ခာကို အစိတ်, အပေါင်း ဝေဖန်၍ ပြ၍ အဓိပ္ပါယ်ဖေါ်ပြပါ။

ဖြေ– ရုက္ခန် အနုဘဝနံ ရုက္ခာ၊ ဥပေတာ ရုက္ခာ၊ ဥပေက္ခာ။

အဓိပ္ပါယ်ကား...... သုခ ဒုက္ခတို့နှင့် မဆန့်ကျင်သည် ဖြစ်၍ အာရုံ၏ အရသာကို ခံစားခြင်း သဘောသည် ဥပေက္ခာမည်၏။

\+ \+ \+

၈၇–မေး။ အဘယ့်ကြောင့် ဥပေက္ခာ ဝေဒနာသည် သုခဝေဒနာ ဒုက္ခဝေဒနာ တို့နှင့် မဆန့်ကျင်သည်၏ အဖြစ်ကို သိရပါသနည်း။

ဖြေ– သုခဝေဒနာ ဒုက္ခဝေဒနာ တို့သည်ကား အချင်းချင်း ဆန့်ကျင် ကြသောကြောင့် တပါးသည် တပါး၏အခြားမဲ့၌မဖြစ်ကြကုန် ဥပေက္ခာဝေဒနာသည်ကား ထိုကဲ့သို့မဟုတ်၊ဥပေက္ခာဝေဒနာတပါး၏အခြား မဲ့၌လည်း ဖြစ်သည်၊ သုခဝေဒနာ ဒုက္ခဝေဒနာ တို့၏ အခြားမဲ့၌လည်း ဖြစ်နိုင်သည်ကိုထောက်၍မဆန့်ကျင် ကြောင်းကို သိရပါသည်။

\+ \+ \+

၈၈–မေး။ တတြမဇ္ဈတ္တတာနှင့် ဥပေက္ခာနှစ်ပါးတို့၏ အထူးကို ပေါ်ပြပါ။

ဖြေ– တတြမဇ္ဈတ္တတာသည် သမ္ပယုတ်တရားတို့၌ လျစ်လျူရှုခြင်း လက္ခဏာ ရှိ၏၊ ဥပေက္ခာသည် ရုမ္မာရုံ,

အနိမ္မာရုံတို့၌ လျစ်လျူရှုခြင်း လက္ခဏာရှိ၏။ ။ဤကား အသုံး။

\+ + +

၇၉ မေး။ လောဘမူစိတ်ရှစ်ခုကို အားရှိ, အားနည်း အစဉ်အတိုင်း စီစဉ်ပြခဲ့ပါ။

ဖြေ– ပဋ္ဌမစိတ်,ဆဋ္ဌမစိတ်,ပဉ္စမစိတ်, ဒုတိယစိတ်,သတ္တမစိတ်,အဋ္ဌမစိတ်,တတိယစိတ်,စတုတ္ထစိတ်၊ ရှေးရှေးသော စိတ်ကား အားရှိသော စိတ်, နောက်နောက်သောစိတ်ကား အားနည်းသောစိတ်ဟုမှတ်ပါ။ မဏိမဉ္ဇူ။

\+ + +

၈၀ မေး။ လောဘမူစိတ်၌ ဖဿ အစရှိကုန်သော သမ္ပယုတ်တရားတို့လည်းရှိပါကုန်လျက် အဘယ့်ကြောင့်သောမနဿ သဟဂုတ်စသည်ဖြင့်သာဆိုရပါသနည်း။

ဖြေ - သောမနဿ ဝေဒနာ စသည်တို့၏ သာလျှင်အလုံးစုံသော လောဘမူ စိတ်တို့နှင့်မဆက်ဆံသည်၏အဖြစ်ကြောင့် သောမနဿ သဟဂုတ်စသည်ဖြင့်သာဆိုပါသည်။ 'သောမနဿာဒီနမေဝ အသာဓာရဏဘာဝတော'။ ။ဋီကာကျော်။

\+ + +

၈၁–မေး။ မာန,ထိန,မိဒ္ဓစေတသိက်တို့သည်လည်း ဝေဒနာ, ဒိဋ္ဌိစေတသိက်တို့ကဲ့သို့ အချို့

စိတ်ဒွိသာသည့်၍အချို့သောစိတ်ဒွိမသည်
ကြသောကြောင့် မာနသမ္ပယုတ္တံ, ထိန,
မိဒ္ဓ သမ္ပယုတ္တံ ဟု စိတ်ကို အထူးပြု၍
ဆိုသင့်သည် မဟုတ်ပါလော၊ အဘယ့်
ကြောင့် မဆိုပါသနည်း။

**ဖြေ—** ၎င်းစေတသိက်သုံးပါးတို့သည်ကား **အနိယတယောဂီ** စေတသိက်ဖြစ်ကြသောကြောင့် မာနသမ္ပယုတ္တံ, ထိနမိဒ္ဓသမ္ပယုတ္တံ ဟု စိတ်ကို အထူးပြု၍ မဆိုသင့်ပါ၊ ။ပရမတ္ထဒီပနီဋီကာ။

\+ \+ \+

**၄၂—မေး** လောဘမူ သောမနဿဝေဒနာဖြစ်ခြင်း
၏ အကြောင်းတရားတို့ကို ပြဆိုပါ။

**ဖြေ—** သောမနဿနှင့်ပဋိသန္ဓေနေသည်လည်းဖြစ်စေ,မနက်နဲသော သဘောရှိသည်လည်းဖြစ်စေ,သဘာဝဣဋ္ဌာရုံ,ပရိကပ္ပဣဋ္ဌာရုံနှင့် တွေ့ဆုံ ကြုံကြိုက်သည်လည်း ဖြစ်စေ,ဥာတိဗျသန စသည်မှ ကင်းလွတ်သည်လည်းဖြစ်စေ ဤလက္ခဏာများသည် လောဘမူ သောမနဿဖြစ်ခြင်း၏ အကြောင်းများဖြစ်ပါသည်။

ဋီကာကျော်·ရှေ့သုံးပါးလာ၏၊ ပရမတ္ထဒီပနီ-နောက်ဆုံးတပါးထည့်၍ လေးပါးလာ၏၊

\+ \+ \+

**၄၃ မေး** သောမနဿဖြစ်ခြင်းအကြောင်းဘို့တွင်
သောမနဿနှင့်ပဋိသန္ဓေနေသောပုဂ္ဂိုလ်

မှာ အခါခပ်သိမ်း စိတ်ဖြစ်သော အခါ သောမနဿ သဟဂုတ် စိတ်သာ ဖြစ်သည် ဟု မှတ်ရပါမည်လော။

ဖြေ- မမှတ်ရပါ၊ ဥပေက္ခာသဟဂုတ်စိတ် စသည်တို့သည်လည်း ဖြစ်ပါသည်၊ သောမနဿနှင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား များသောအားဖြင့် သောမနဿ သဟဂုတ်စိတ်သာ အဖြစ်များသောကြောင့်သာ ဤသို့ ဆိုခြင်းဖြစ်ပါသည်။

\+ \+ \+

၉၄-မေး သောမနဿ နှင့် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်သည် များသောအားဖြင့် သောမနဿ သဟဂုတ်စိတ်သာ အဘယ့်ကြောင့် အဖြစ်များပါသနည်း။

ဖြေ- သောမနဿ နှင့် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်အား ဘဝင်တည်းဟူသော သောမနဿ ဖြင့် အဖန်တလဲလဲ ထုံအပ်သောကြောင့် များသောအားဖြင့် စိတ်ဖြစ်သောအခါ သောမနဿ အဖြစ် များပါသည်။ ။ပရမတ္ထဒီပနီ။

\+ \+ \+

၉၅-မေး မနက်နဲသော သဘော ရှိသော သူအား စိတ် ဖြစ်သော အခါ အဘယ့်ကြောင့် သောမနဿ သဟဂုတ်စိတ်သာ အဖြစ် များပါသနည်း။

ဖြေ- မနက်နဲ့သော သဘောရှိသော ပုဂ္ဂိုလ်သည် အနည်းငယ်သော အရာဝတ္ထုကိုလည်း အများဟူ၍မှတ်ထင်ပါသည်၊ အယုတ်ကိုသော်လည်း အမြတ်ဟူ၍ မှတ်ထင်တတ်ပါသည်၊ ထို့ကြောင့် သောမနဿ အဖြစ်များပါသည်။ ။ပရမတ္ထဒီပနီ။

\+ \+ \+

၄၆-မေး အဘယ် အာရုံမျိုးကို သဘာဝ ဣဋ္ဌာရုံ, ပရိကပ္ပဣဋ္ဌာရုံ ဟု ခေါ်ပါသနည်း၊ အသီးအသီးပြပါ။

ဖြေ- ဣဋ္ဌာရုံအစစ်ဖြစ်သော ထမင်း, အဖျော်စသောအာရုံကို သဘာဝဣဋ္ဌာရုံဟုခေါ်ပါသည်၊ မစင်, ခွေးကောင်ပုပ်စသောအာရုံသည် စင်စစ်အားဖြင့် အနိဋ္ဌာရုံပင်ဖြစ်သော်လည်း ဖေါက်ပြန်ကြီးဆသောအားဖြင့် အလိုရှိအပ်သောအခါ ၎င်းအာရုံမျိုးကိုပင် ပရိကပ္ပဣဋ္ဌာရုံ ဟု ခေါ်ပါသည်။

\+ \+ \+

၄၇-မေး လောဘမူ ဥပေက္ခာ ဖြစ်ခြင်း၏ အကြောင်းတို့ကို ထုတ်ဖေါ်ပြဆိုခဲ့ပါ။

ဖြေ- ဥပေက္ခာဝေဒနာနှင့် ပဋိသန္ဓေ နေသည်ဖြစ်စေ, နက်နဲသောသဘော ရှိသည်လည်း ဖြစ်စေ, မဇ္ဈတ္တာရုံနှင့် တွေ့ဆုံကြုံကြိုက်သည်လည်း ဖြစ်စေ, ဥာဏ်ချိသန စသည်မှ ကင်းလွတ်သည်လည်း ဖြစ်စေ, ဤကား ဥပေက္ခာဖြစ်ခြင်း၏အကြောင်းဖြစ်ပါသည်။ ပရမတ္ထဒီပနီ။

**၉၈–မေး** နက်နဲသောသဘောရှိသောပုဂ္ဂိုလ်အား စိတ် ဖြစ်သော အခါ အဘယ့်ကြောင့် ဥပေက္ခာအဖြစ်များပါသနည်း။

**ဖြေ–** နက်နဲသောသဘောရှိသောပုဂ္ဂိုလ်သည် အလွန်များသောအရာဝတ္ထုကိုလည်းအနည်းငယ်ဟူ၍ ၎င်း,အမြတ်ကိုလည်း အယုတ်ဟူ၍၎င်း မှတ်ထင်တတ်သောကြောင့် ဥပေက္ခာအဖြစ် များပါသည်။ ။ ပရမတ္ထဒီပနီ၊

\+ \+ \+

**၉၉–မေး** မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း ၏ အကြောင်းတို့ကို ဖော်ပြပါ။

**ဖြေ–** အယူပျက်သောပုဂ္ဂိုလ်နှင့် ပေါင်းဖော်မှီ ဝဲသည်လည်းဖြစ်စေ,မိမိက သဿတအယူ,ဥစ္ဆေဒအယူရှိသည်လည်းဖြစ်စေ. ဤလက္ခဏာများသည် **မိစ္ဆာဒိဋ္ဌိ** ဖြစ်ကြောင်းများဖြစ်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

**၁၀၀–မေး** အသင်္ခါရိကဖြစ်ခြင်း၏ အကြောင်းတို့ကို စွမ်းနိုင်သမျှ ဖော်ပြပါ။

**ဖြေ–** အသင်္ခါရိကကံသည် ဖြစ်စေအပ်သော ပဋိသန္ဓေရှိသည်၏ အဖြစ်,ကိုယ် စိတ်တို့၏ ခံ့သည်အဖြစ်,အချမ်း အပူစသည်ကို သည်းခံနိုင်သည်၏ အဖြစ်, လျောက်ပတ်သော ဥတု,ဘောဇဉ်, ကျောင်း, အိပ်ရာ, လျောက်ပတ်သော အဆွေခင်ပွန်း ဤသည် တို့ကား အသင်္ခါရိက ဖြစ်ခြင်း၏ အကြောင်းများဖြစ်ပါသည်။

**၁၀၁-မေး** လောဘမူ သောမနဿကို ဝေနဒ္ဓ ပြု သောအခါ 'သုန္ဒရံ မနော သုမနော' ဟူ ကောင်း သော စိတ် ဟု အနက် ပေးရာ လောဘမူ စိတ်သည် မကောင်းသော အကျိုးကိုသာ ပေးသည် ဖြစ်ပါလျက် ကောင်းသောစိတ်ဟု ဆိုခြင်းသည် အဘယ်သို့ သင့်မည်နည်း။

**ဖြေ-** အကျိုးပေးအားဖြင့် ကောင်းသော အကျိုးကိုပေးသောကြောင့်ကောင်းသောစိတ်ဟုဆိုသည် မဟုတ်ပါ၊ ပါဏာတိပါတ,ဖရုသဝါစာ အမှုတို့ကို ပြုသောအခါ ဒေါသစိတ်ဖြင့် ကြမ်းကြမ်းထမ်းထမ်း ပြုသကဲ့သို့မဟုတ် ကာမေသုမိစ္ဆာစာရ စသော အကုသိုလ်အမှုကိုသာပြုသောအခါ ဒေါသမဖက်ဘဲနူးညံ့ သိမ်မွေ့ ရွှင်လန်း, ဝမ်းမြောက်စွာ ပြုသည်ကိုရည်၍ ကောင်းသောစိတ်ဟုဆိုပါသဖြင့် သင့်လျော်ပါသည်။

\+ \+ \+

**၁၀၂-မေး** ဒေါသ, ပဋိဃနှစ်ပါးတို့၏ ထူးခြားဟန်ကို ပြပါ။

**ဖြေ-** အားနည်းသော အမျက်သည် **ဒေါသ**၊ အားကြီးသောအမျက်သည် **ပဋိဃ**၊ ဤသို့ထူးပါသည်။ သိလက္ခန်အဋ္ဌကထာ။

\+ \+ \+

**၁၀၃-မေး** ဒေါမနဿ,ပဋိဃတို့၏ ထူးခြားဟန်ကို ပြပါ။

**ဖြေ–** ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသည်၊ ခန္တာအားဖြင့် ဝေဒနက္ခန္ဓာ၌ အကြုံး ဝင်သည်၊ ပဋိဃသည် ကြမ်းတမ်းသော လက္ခဏာရှိ သည်၊ သင်္ခါရက္ခန္ဓာ၌ အကြုံးဝင်သည်၊ ဤသို့ ထူးပါ သည်။ ။ဋီကာကျော်။ ။

\+ \+ \+

**၁၀၄–မေး** အာယာတဝတ္ထု ဟုခေါ်သော ရန်ငြိုး ဖွဲ့ခြင်းအကြောင်းကိုးပါး၊တနည်းဆယ် ပါးကို ပြပါ။

**ဖြေ–** ဤသူသည် ငါ၏အကျိုးမဲ့ကို နောက်က လည်းပြုခဲ့ပြီ, ယခုလည်းပြုဆဲ, နောင်လည်းပြုလတ္တံ့၊ ဤသို့ မိမိကိုယ်ကို အစွဲပြု၍ သုံးပါး,ဤအတူပိယပုဂ္ဂိုလ် ကို အစွဲပြု၍သုံးပါး, ဝေရီပုဂ္ဂိုလ်ကို အစွဲပြု၍ သုံးပါး၊ ပေါင်း ကိုးပါးဖြစ်ပါသည်၊ ဤကိုးပါး၌ အဋ္ဌာန မ ဟုတ်သည်၌ အမျက်ထွက်သော **အဋ္ဌာနကောပ** ကို ထည့်ပါက ဆယ်ပါးဖြစ်ပါသည်။ ။အဋ္ဌသာလိနီ။

\+ \+ \+

**၁၀၅–မေး** ဒေါသမူစိတ်၌ လောဘမူကဲ့သို့ ဝေဒနာ အပြား မရှိပါဘဲလျက် အဘယ်အကျိုး ငှါ ဒေါမနဿ ဝေဒနာဖြင့် အထူးပြု၍ ဆိုရပါသနည်း။

**ဖြေ–** တပါးသော စိတ်တို့နှင့် မဆက်ဆံသော ဒေါမနဿဝေဒနာဖြင့် ဒေါသမူစိတ်ကိုမှတ်ခြင်းအကျိုး ငှါ ဆိုပါသည်။ ။ဋီကာကျော်။

၁၀၆–မေး ဒေါမနဿ ဝေဒနာဖြင့် အထူးပြု၍ ဒေါမနဿ သဟဂုတံ ဟု ဆိုပါက ပဋိဃသမ္ပယုတ္တ အဖြစ်လည်း ထင်ရှားပါလျက် အဘယ်အကျိုးငှါ ပဋိဃသမ္ပယုတ္တံ ဟု ဆိုရပါသနည်း။

ဖြေ– ဒေါမနဿ, ပဋိဃ နှစ်ပါးတို့၏ စင်စစ်ဘက္ခ ဖြစ်ဖက်ဖြစ်သည့်၏ အဖြစ်ကို ပြခြင်းအကျိုးငှါ ဆိုပါသည်။ ။ဋီကာကျော်။

\+ + +

၁၀၇–မေး ပဋိဃကို ဝစနတ္ထပြု၍ အဓိပ္ပါယ်ဖော်ပြပါ။

• ဖြေ– အာရမ္မဏေ ပဋိဟညတီတိ ပဋိဃော။ အဓိပ္ပါယ်ကား ..အာရုံ၌ ထိခိုက်တတ်သောကြောင့် ဒေါသစေတသိက်သည် ပဋိဃ မည်ပါသည်။

\+ + +

၁၀၈–မေး ရုပ်တရားသည်သာ အာရုံ၌ထိခိုက်ခြင်း သဘောရှိသည် မဟုတ်ပါလော၊ ဒေါသစေတသိက်သည် နာမ်တရား ဖြစ်သောကြောင့် အာရုံ၌မထိခိုက်တတ်သည် ဖြစ်ပါလျက် အဘယ်ကြောင့် ထိခိုက်တတ်၏ဟု ဆိုရပါသနည်း။

ဖြေ– အာရုံ၌မထိခိုက်တတ်သော်လည်း ကြမ်းကြုတ်သော သဘောရှိသည်၏အဖြစ်ဖြင့်ထိခိုက်သကဲ့သို့

ဖြစ်သောကြောင့် ထိုနိုက်တတ်၏ဟုဆိုရပါသည်။ ။ဋီကာကျော်။

\+ + +

**၁၀၉–မေး** ဈာန်၊မဂ္ဂရိယ၊ ကုသိုလ်စေတသိက်တို့သည် အခြားသောစိတ်တို့၌မရှိ၊ဒေါသမူစိတ်၌သာ ရှိသောကြောင့် ယင်း စေတသိက်တို့ဖြင့် အထူးပြု၍ **ဈာန သဟဂတံ** စသည်ဖြင့် ဆိုသင့်၊မဆိုသင့် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

**ဖြေ–** ဈာန်၊မဂ္ဂရိယ၊ကုသိုလ်စေတသိက်တို့သည် **အနိယတယောဂီ** စေတသိက်များသာ ဖြစ်သောကြောင့် ယင်းတို့ဖြင့်အထူးပြု၍ဈာ**နသဟဂတံ** စသည်ဖြင့်မဆိုသင့်ပါ။ ။ပရမတ္ထဒီပနီ။

\+ + +

**၁၁၀-မေး** မောဟမူ၌ မောဟကိုဝစနအပြု၍ ယင်း၏ လက္ခဏာကို ဖော်ပြပါ။

**ဖြေ–** အာရမ္မဏေ မုယှတီတိ မောဟော (ဝစနတ္ထ) **လက္ခဏာကား** ... အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်း လက္ခဏာရှိ၏၊**တနည်း...**အာရုံ၏ သဘောကို မသိခြင်း လက္ခဏာရှိ၏။

\+ + +

**၁၁၁-မေး** မောဟသည် အာရုံ၏သဘောကို မသိခြင်း လက္ခဏာ ရှိပါက ရဟန္တာ အရှင်

မြတ်တို့ ပင်လျှင် ဘုရားကဲ့သို့ အလုံးစုံ အကုန်မသိသောကြောင့် မောဟမကင်း သေးဟု မှတ်ရပါမည်လော။

**ဖြေ–** သစ္စာလေးပါး တို့၌ငှင်း၊ ပုဗ္ဗန္တ၌ငှင်း၊ အပရန္တ၌ငှင်း၊ ပုဗ္ဗန္တအပရန္တနှစ်ပါးတို့၌ငှင်း၊ ပဋိစ္စ သမုပ္ပါဒ်၌ငှင်း၊ ဤရှစ်ဌာန၌မသိခြင်းကိုသာလျှင်အဝိဇ္ဇာ ဟု ဆိုရသည်ဖြစ်ပါ၍ ရဟန္တာအရှင်မြတ်တို့ကား ဤ ရှစ်ဌာန၌ သိပြီးဖြစ်သောကြောင့် အဝိဇ္ဇာ မကင်းသေး ဟု မမှတ်အပ်ပါ။

\+ \+ \+

**၁၁၂–မေး** ဝိစိကိစ္ဆာကို ဝစနတ္ထပြု၍ ၎င်း၏ လက္ခ ဏာကို ဖော်ပြပါ။

**ဖြေ–** ကိစ္ဆတိ ကိလမတိ ဧတာယာတိ ကိစ္ဆာ ဝိစိနန္တဿ ကိစ္ဆာ ဝိစိကိစ္ဆာ၊ လက္ခဏာကား...အာရုံ ၏ သဘောကို မဆုံးဖြတ်နိုင်ခြင်းဟု ဆိုအပ်သော **သံသ ယ လက္ခဏာ** ရှိပါသည်။

\+ \+ \+

**၁၁၃–မေး** ဝိစိကိစ္ဆာသည် အာရုံကို မဆုံးဖြတ်နိုင် ခြင်းလက္ခဏာရှိ၏ ဆိုသော် —— ဤလမ်း သည် ဤမည်သော ရွာသို့ သွားသော လမ်း ဟုတ်သလော၊ မဟုတ်သလော၊ ဤသူသည် ငြို ဟုတ်သလော၊မဟုတ် သလော စသည်ဖြင့် အမှန်မသိ၍ ဘွေး

တောခြင်းအမှုကို ဝိစိကိစ္ဆာဟု ဆိုရပါ
မည်လော ဖြေဆိုပါ။

**ဖြေ–** ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှ၌၎င်း, သိက္ခာသုံးပါးနှ၌၎င်း, ပုဗ္ဗန္တဖြစ်သော အတိတ်ခန္ဓာ၌ ၎င်း အပရန္တဖြစ်သောအနာဂတ်ခန္ဓာ၌၎င်း,ပုဗ္ဗန္တ အပရန္တ နှစ်ပါးစုံ၌၎င်း,ပဋိစ္စသမုပ္ပါဒ်၌၎င်း၊ ဤရှစ်ဌာန၌ ယုံမှားခြင်းကိုသာလျှင်ဝိစိကိစ္ဆာဟုခေါ်ရသောကြောင့် ထိုကဲ့သို့ တွေးတော ကြံစည်မှုကို ဝိစိကိစ္ဆာ အစစ်ဟု မဆိုနိုင်ပါ၊ **ဝိစိကိစ္ဆာ ပဋိရူပက**-ဝိစိကိစ္ဆာ အတု အယောင်သာဖြစ်ပါသည်၊ထိုဝိစိကိစ္ဆာအတုအယောင် မှာ ကုသိုလ်,အကုသိုလ်, အဗျာကတ သုံးဌာနပင် ဖြစ် သင့်ပါသည်။ ။ပရမတ္ထဒီပနီ။

\+ \+ \+

**၁၁၄–မေး** မောဟမူ စိတ်သည် အဘယ့်ကြောင့် ဥပေက္ခာ ဝေဒနာနှင့်သာ ယှဉ်ရပါသနည်း။

**ဖြေ–** မောဟမူ စိတ်သည် ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံ သုံးပါးလုံး၌ တပ်ခြင်း ပြစ်မှားခြင်းမှ ကင်းသောကြောင့် ဥပေက္ခာဝေဒနာ တပါးနှင့်သာ ယှဉ်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

**၁၁၅–မေး** မောဟမူစိတ်သည် အလုံးစုံသောအာရုံ တို့၌ အဘယ့်ကြောင့်တပ်ခြင်း,ပြစ်မှား ခြင်း မရှိပါသနည်း။

ဖြေ– အလွန်တွေဝေသောကြောင့်ရင်း,အလွန်တုန်လှုပ်သောကြောင့်ရင်း တပ်ခြင်း, ဖြစ်ပွားခြင်းမရှိပါ။ ။ဋီကာကျော်။

\+ + +

၁၁၆–မေး မောဟမူစိတ်သည် အဘယ့်ကြောင့်အလွန်တွေဝေရပါသနည်း။

ဖြေ– မောဟတည်းဟူသော မူလမှ တပါးတုန်သော လောဘ,ဒေါသ တည်းဟူသော မူလတပါးမှကင်းသောကြောင့် အလွန်တွေဝေပါသည်။

\+ + +

၁၁၇–မေး မောဟမူစိတ်သည်အဘယ့်ကြောင့် အလွန် တုန်လှုပ်ပါသနည်း။

ဖြေ– အာရုံကို မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာ, အာရုံ၌ ပျံ့လွင့်ခြင်း သဘောရှိသော ဥဒ္ဓစ္စတို့နှင့်သာ ယှဉ်သောကြောင့် အလွန်တုန်လှုပ်ပါသည်။ ။ ဋီကာကျော်။

\+ + +

၁၁၈–မေး မောဟမူစိတ်၌အဘယ့်ကြောင့် သင်္ခါရ အပြား မရှိပါသနည်း။

ဖြေ– မောဟမူစိတ်သည် အာရုံ၌ မဆုံးဖြတ်နိုင်ခြင်း ပျံ့လွင့်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် သဘောအားဖြင့် ထက်သည်၏အဖြစ်, အားထုတ်အပ်သည်၏အဖြစ်လည်း မရှိ၊ထို့ကြောင့် သင်္ခါရ အပြားမရှိပါ။ ။ဋီကာကျော်။

\+ + +

**၁၁၉-မေး** ဝိစိကိစ္ဆာသဟဂုတ်စိတ်,ဥဒ္ဓစ္စသဟဂုတ်စိတ်တို့သည် အာရုံ၌ တုန်လှုပ်ခြင်း သဘောရှိကြသောကြောင့်ဒွင်းစိတ်နှစ်ပါးတို့၏ အထူးကို အဘယ်သို့မှတ်ရပါမည်နည်း။

**ဖြေ-** ဥဒ္ဓစ္စသဟဂုတ်စိတ်သည်ကား တရသောအာရုံ၌သာ တုန်လှုပ်ပါသည်၊ဝိစိကိစ္ဆာ သဟဂုတ်စိတ်သည်ကား အထူးထူးသော အာရုံ၌ တုန်လှုပ်ပါသည်၊ ဤကဲ့သို့ထူးကြပါသည်။

ဥဒ္ဓစ္စဒွိ ကောဂရမ္မဏော ဝိပ္ဖန္ဒတိ၊ ဝိစိကိစ္ဆာ နာနာရမ္မဏော။ ။အဘိဓမ္မာဝတာရ၊

\+ \+ \+

**၁၂၀-မေး** အရမ္မဏာ ပဝဋ္ဋက စိတ်ဟူသည် အဘယ်စိတ်ကို ခေါ်ပါသနည်း။

**ဖြေ-** အာရုံ၌ လိမ့်တတ်သောကြောင့် မောဟမူစိတ်နှစ်ပါးကို **အာရမ္မဏပဝဋ္ဋကစိတ်** ဟုခေါ်သည်။

အဘိဓမ္မာဝတာရ၊

\+ \+ \+

**၁၂၁-မေး** မောဟမူစိတ် နှစ်ပါးတို့၏ အာရုံ၌ လိမ့်ပုံတူကြသလော, ထူးကြသလော အကြောင်းနှင့် တကွ ဥပမာဆောင်၍ ဖြေခဲ့ပါ။

ဖြေ- ထူးကြပါသည်၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်သည် အဓိမောက္ခကို မရသောကြောင့် ဇောကန် အာရုံ၌ လိမ့်တတ်ပါသည်။

ဥပမာကား — အလွန်လုံးသောကျောက်တုံးကလေးကို အမြင့်မှချိုင့်ဝှမ်းရာအရပ်သို့လှိမ့်၍ချလိုက်သည်ရှိသော် မရပ်မနားဘဲတရှိန်တည်းလိမ့်၍ဆင်းသွားသကဲ့သို့မှတ်ရပါမည်။

ဥဒ္ဓစ္စ သဟဂုတ်စိတ်ကား အဓိမောက္ခကို ရသောကြောင့် အာရုံ၌ လိမ့်တတ်သော်လည်း ရပ်၍, ရပ်၍ လိမ့်တတ်ပါသည်။

ဥပမာကား — လေးထောင့်ရှိသော ကျောက်ကလေးကို အမြင့်ချိုင့်ဝှမ်းရာအရပ်သို့ လှိမ့်၍ချလိုက်သည်ရှိသော် တန့်၍,တန့်၍လိမ့်သွားသကဲ့သို့ မှတ်ရမည်။ ။ အဋ္ဌသာလိနီ။

\+ \+ \+

၁၂၂-မေး အကုသိုလ်စိတ်သည် ကာမာဝစရ ဖြစ်ပါလျက် အဘယ့်ကြောင့် ကာမာဝစရ အကုသိုလ်စိတ်ဟု မဆိုပါသနည်း။

ဖြေ- အကုသိုလ်သည် ကုသိုလ်စသည်ကဲ့သို့ ကာမာဝစရအကုသိုလ်,ရူပါဝစရ အကုသိုလ် စသည်ဖြင့်မပြားမူ၍ စင်စစ် ကာမာဝစရသာလျှင်ဖြစ်သောကြောင့် ကာမာဝစရ အကုသိုလ် ဟု မဆိုမူ၍

အကုသိုလ် ဟု သာ၊ သာမည အားဖြင့်
ဆိုပါသည်။ ။အဓ္ဓသာလိနီ။

\+ + +

၁၂၃–မေး ဥဒ္ဓစ္စ စေတသိက်သည် အလုံးစုံ သော
အကုသိုလ်စိတ်၌ ယှဉ်ပါလျက်အဘယ့်
ကြောင့် နောက်ဆုံးဖြစ်သောအကုသိုလ်
စိတ်၌သာ ဥဒ္ဓစ္စဖြင့် အထူးပြု၍ ဥဒ္ဓစ္စ
သဟဂုတ်ဟုဆိုပါသနည်း။

ဖြေ– ဥဒ္ဓစ္စသည် အလုံးစုံသောအကုသိုလ်စိတ်၌ယှဉ်သော်လည်း မိမိပြဋ္ဌာန်းသောအားဖြင့် မယှဉ်၊ နောက်ဆုံးဖြစ်သော အကုသိုလ်စိတ်၌သာ မိမိပြဋ္ဌာန်းသောအားဖြင့် ယှဉ်သောကြောင့် နောက်ဆုံးဖြစ်သော အကုသိုလ်စိတ်၌သာ အထူးပြု၍ဆိုပါသည်။ ။ ဋီကာကျော်။

\+ + +

၁၂၄–မေး လောဘမူစိတ်သည်အဘယ်တို့၏အစွမ်း
အားဖြင့် ရှစ်ပါးပြားရပါသနည်း။

ဖြေ– ဝေဒနာ, သမ္ပယောဂ, သင်္ခါရတို့၏ အစွမ်းအားဖြင့် ရှစ်ပါးပြားရပါသည်။ ။ဋီကာကျော်။

\+ + +

၁၂၅–မေး ဒေါသမူ စိတ်သည် အဘယ်၏အစွမ်း
အားဖြင့် နှစ်ပါးပြားသနည်း။

ဖြေ– သင်္ခါရ၏ အစွမ်းအားဖြင့် နှစ်ပါးပြားပါသည်။ ။ ဋီကာကျော်။

၁၂၆ မေး မောဟမူစိတ်သည် အဘယ့်ကြောင့်နှစ်ပါး ပြားပါသနည်း။

ဖြေ— သမ္ပယောဂ၏အစွမ်းအားဖြင့်ပြားသောကြောင့် နှစ်ပါးပြားပါသည်။ ။ဋီကာကျော်။

\+ \+ \+

၁၂၇-မေး အကုသိုလ်စိတ် ဟူ၍၎င်း, အကုသိုလ်စေတသိက် ဟူ၍၎င်းရှိရာ၊ အကုသိုလ်ဟူသောအမည်သည် စိတ်၏အမည်ရင်းဖြစ်ပါသလော, စေတသိက်၏ အမည်ရင်းဖြစ်ပါသလော၊အကြောင်းပြ၍ ဖြေဆိုပါ။

ဖြေ— စိတ်သည် သဘောအားဖြင့် ဖြူးဖြူးဖြက်ဖြူစင်၏၊ အာဂန္တုကဖြစ်ကုန်သော ရာဂစသော အကုသိုလ်တို့ကြောင့်သာညစ်နွမ်းရ၏ဟုဟောတော်မူသောကြောင့်အကုသိုလ်ဟူသောအမည်သည်မောဟစသောစေတသိက်တရားတို့၏အမည်ရင်းသာဖြစ်ပါသည်။ ။ပရမတ္ထဒီပနီ။

\+ \+ \+

၁၂၈-မေး ကုသိုလ်, အကုသိုလ် နှစ်မျိုး တို့တွင် အဘယ့်ကြောင့် ကုသိုလ်က အားကြီး၍ အကုသိုလ်က အားသေးပါသနည်း။

ဖြေ— ကုသိုလ်သည် နောင်တဖန်သံဝေဂရရန် အကြောင်းမဟုတ်ပါသည် ကုသိုလ်ကိုပြုအခါလေပြီဟု

အမှုဝေခြင်း, ပွါးများခြင်းစသော အာသေဝန ပစ္စည်းကို ရသောကြောင့် အားကြီးပါသည်၊ အကုသိုလ်ကား ငါသည် မကောင်းမှုကို ပြုအပ်လေပြီဟု နောင်တရရန် အကြောင်းဖြစ်၍၊ အာသေဝန ပစ္စည်းကို မရသော ကြောင့် အားသေးလေသည်။

(မိလိန္ဒပဥှာ) [မှတ်ချက်။ အာသေဝနပစ္စည်းဟူသည် ပဋ္ဌာန်း အာသေဝနပစ္စည်းမဟုတ်၊ အဖန်တလဲလဲမှီဝဲခြင်းကိုသာ ဆိုလိုသည်၊ ကုသလာကုသလာသမ္ဗန္ဓေ ပဗလာ ပဗလာ ထဝါ]။ (အလင်္ကာရ)

\+ \+ \+

**၁၂၉–မေး** စက္ခုဝိညာဏ်၌ စက္ခုကို ဝစနတ္ထပြု၍ အဓိပ္ပါယ် ဖော်ပြပါ။

**ဖြေ–** စက္ခတိ ဝိညာဏာ ဝိဇ္ဇတိ ဟုတွာ သမ ဝိသမံ အာစိက္ခန္တံ ဝိယ ဟောတီတိ စက္ခု၊

အဓိပ္ပါယ်ကား...... ဝိညာဏ်၏ တည်ရာဖြစ်၍ ညီညွတ်သည်,မညီညွတ်သည်ကို ကြားသကဲ့သို့ ဖြစ်တတ်သောကြောင့် စက္ခုမည်ပါသည်။

\+ \+ \+

**၁၃၀–မေး** စက္ခုနှင့် ဝိညာဏံကို သမာသ်တွဲစပ်၍ စက္ခုဝိညာဏ်ဟု ခေါ်ဝေါ်ရပုံကိုဥပမာ ဆောင်၍ ထင်အောင်ပြခဲ့ပါ။

**ဖြေ–** စက္ခုသ္မိံ နိဿိတံ ဝိညာဏံ စက္ခုဝိညာဏံ၊ အဓိပ္ပါယ်ကား နတ်၏ဒေဝတာဟူသော သာမညအမည်ကိုပေါက်ပင်၌ မှီ၍နေသောကြောင့် **"ပလာသ**

**ဒေဝတာ**"ဟု ခေါ်သကဲ့သို့ ပဒေဒ္ဒေါင်ပင်၌ မှီ၍နေသော ကြောင့် "**နိဂြောဓဒေဝတာ**"ဟု ခေါ်သကဲ့သို့ ဤ၌လည်း ဝိညာဏ်ဟူသော သာမညအမည်ကို စက္ခုဝတ္ထု၌ မှီ၍ ဖြစ်သောကြောင့် စက္ခုဝိညာဏ် ဟု ခေါ်ဆိုသည်၊ (သောတဝိညာဏ် စသည်တို့၌လည်း ဤနည်းကိုမှီ၍ မှတ်တော်မူကြပါကုန်၊ အထူးမဆိုတော့ပြီ။+ +

**၁၃၁-မေး** စက္ခုဝိညာဏ်သည် ရူပါရုံကိုကြေန်အာရုံ ပြုသောကြောင့် အာရုံဖြင့်မှတ်၍ ရူပဝိညာဏ်ဟုမဆိုမူ၍ ဝတ္ထုဖြင့်သာမှတ်၍ အဘယ်ကြောင့် စက္ခုဝိညာဏ်ဟု ဆိုရပါသနည်း။

**ဖြေ-** ရူပါရုံကား အခြားသော ဝိညာဏ်တို့နှင့်လည်း ဆက်ဆံသောကြောင့် ဆက်ဆံသော အာရုံဖြင့် မမှတ်မူ၍ အခြားသောဝိညာဏ်တို့နှင့် မဆက်ဆံသော ဝတ္ထုဖြင့်သာမှတ်၍၊ "**ဘေရီသဒ္ဒေါ**" စသည်ကဲ့သို့ အသာဓာရဏနည်းအားဖြင့်စက္ခုဝိညာဏ်ဟုဆိုပါသည် ( သောတဝိညာဏ် စသည်တို့၌လည်း ဤနည်းအတူ မှတ်ကြပါကုန် )

(ရူပါဒီနံ ပစ္စယာနံ အညဝိညာဏ သာဓာရဏတ္တာ ဝက္ခုနာ စက္ခုဝိညာဏံ သောတဝိညာဏန္တိ နာမံ ဥဒ္ဒိဋ္ဌံ)။ ။[မူလဋီကာ]

**၁၃၂-မေး** စက္ခုနှင့် ဝိညာဏကို စက္ခုသို့ ပဝတ္တံ ဝိညာဏံ စက္ခုဝိညာဏံဟု သမာသ်တွဲသင့် မတွဲသင့်အကြောင်းပြ၍ဖြေဆိုခဲ့ပါ။

ဖြေ- မတွဲသင့်ပါ၊ အကယ်၍ ဤသို့ တွဲစပ်က စက္ခုဒွါရ၌ဖြစ်သော ဝိတ်လေးဆယ့်ခြောက်ပါးလုံး စက္ခုဝိညာဏ်မည်၏ဟူသော အနက်ရောက်ရာ သော ကြောင့် မတွဲသင့်ပါ။

ဋ္ဌတရထာ သမ္ဗေသံ စက္ခုဒွါရိကစိတ္တာနံ
စက္ခုဝိညာဏဘာဝေါ အာပဇ္ဇေယျ။ (ဇော်မဥ္စု)

\+ \+ \+

**၁၃၃-မေး** ဥပေက္ခာသဟဂတံ စ က္ခုဝိညာဏံ့တ ထာ သောတဝိညာဏံစသည်၌ဥပေက္ခာ သဟဂတံဟူသော ဝိသေသန ပုဒ်သည် အစ၌ကျသောကြောင့် အာဒိဒီပကနည်း အားဖြင့် သောတဝိညာဏံစသောပုဒ်တို့ ၌လည်း လိုက်၍ ယှဉ်သင့်၏ ဟူသော အနက် ကို သိကောင်း သော ကြောင့် တထာ သဒ္ဒါကို မဆိုသင့်ပြီ မဟုတ်ပါ လော၊ အဘယ်ကို ပြလို သောကြောင့် တထာသဒ္ဒါကို ဆိုရပါသနည်း။

ဖြေ- အကယ်၍ အာဒိ ဒီပက နည်းအားဖြင့် လိုက်၍ ယှဉ်သည်ဖြစ်အံ့၊ ဝိသေသနရှိသော ကာယဝိ ညာဏ်စသောပုဒ်တို့၌လည်းယှဉ်မည်ဖြစ်သောကြောင့် **ယထာလာဘ** နည်းအားဖြင့်ယှဉ်သင့် ယှဉ်ထိုက်သော ဝိသေသန မရှိသောပုဒ်တို့၌သာယှဉ်ပါသည်ဟု ပြခြင်း အကျိုးငှါ တထာသဒ္ဒါကို ဆိုပြန်ပါသည်။

**၁၃၄-မေး** သောတကို ဝစနတ္ထပြု၍ အရကောက်
ပြီးလျှင် အဓိပ္ပါယ်ဖော်ပြပါ။

**ဖြေ—** ဝိညာဏာဓိဋ္ဌိတံ ဟုတွာ သုဏာတီတိ သောတံ၊ အရကား—— သောတပသာဒကို မချအားဖြင့်ရ၏၊ တည်ရာအသားစိုင်ကို ဌာနူပစာရအားဖြင့်ရ၏၊ အဓိပ္ပါယ်ကား—— ဝိညာဏ်၏ တည်ရာဖြစ်၍ သဒ္ဒါရုံကို ကြားတတ်သောကြောင့် သောတမည်၏။ ။
ဋီကာကျော်။ + + +

**၁၃၅-မေး** ဃာနကို ဝစနတ္ထပြု၍ အရကောက်ပြီး
လျှင် အဓိပ္ပါယ်ဖော်ပြပါ။

**ဖြေ—** ဃာယတိ ဂန္ဓောပါဒါနံ ကရောတီတိ ဃာနံ။ အရကား — ဃာနပသာဒကို မချအားဖြင့်ရ၏။ ဃာနပသာဒ၏ တည်ရာ အသားစိုင်ကို **ဌာနူပစာရ** အားဖြင့်ရ၏။ အဓိပ္ပါယ်ကား...ဂန္ဓာရုံကို ယူခြင်းကို ပြုတတ်သောကြောင့် **ဃာန** မည်၏။ + + +

**၁၃၆—မေး** ဇိဝှါကို ဝစနတ္ထပြု၍ အရ ကောက်ပြီး
လျှင် အဓိပ္ပါယ်ဖော်ပြပါ။

**ဖြေ—** ဇီဝိတံအဝှါယတီတိဇိဝှါ၊ အရကား-ဇိဝှါပသာဒကိုမု**ချ**အားဖြင့်ရ၏၊ ဇိဝှါပသာဒ၏ မှီရာအသားစိုင်ကို **ဌာနူပစာရ** အားဖြင့်ရ၏ အဓိပ္ပါယ်ကား ဇီဝိတိန္ဒြေ၏အကြောင်းဖြစ်သော အာဟာရ ရသကို ခေါ်ဝေါ်သကဲ့သို့ ဖြစ်တတ်သောကြောင့် ဇိဝှါမည်သည်။
ဋီကာကျော်။ + + +

**၁၃၇-မေး** ကာယဝိညာဏ်၌ ကာယကို အစိတ်, အပေါင်းဝေဖန်၍ အဓိပ္ပါယ်ဖော်ပြခဲ့ပါ။

**ဖြေ—** အာယန္တိ ပဝတ္တန္တိ ဧတ္ထာတိ အာယော၊ ကုစ္ဆိတာနံ ပါပဓမ္မာနံ အာယောတိ ကာယော။

အဓိပ္ပါယ်ကား…စက်ဆုပ်အပ်ကုန်သောအကုသိုလ်တရားတို့၏ ဖြစ်ရာဖြစ်သောကြောင့် ကာယ ပသာဒသည် မုချအားဖြင့် ကာယမည်၏၊ ကာယပသာဒ၏မှီရာဖြစ်သောအသားစိုင်သည်ကား **ဌာနူပစာရ** အားဖြင့် ကာယ မည်ပါသည်။

\+ + +

**၁၃၈—မေး** ဟဒယဝတ္ထု သာလျှင် အကုသိုလ် တရားတို့၏ဖြစ်ရာ မဟုတ်ပါလော၊ ကာယပသာဒကို အဘယ့်ကြောင့် 'အကုသိုလ်တရား၏ဖြစ်ရာ'ဟု ဆိုရပါသနည်း။

**ဖြေ—** ကာယ ပသာဒသည် ဖောဋ္ဌဗ္ဗာရုံကိုသာ ယူခြင်း သဘောရှိသည်၏ အဖြစ်ကြောင့် ဖောဋ္ဌဗ္ဗာရုံ၌ သာယာသည်၏အစွမ်းအားဖြင့် ဖြစ်ကုန်သော မေထုန သေဝနစသော အကုသိုလ်တရား, ထိုဖောဋ္ဌဗ္ဗာရုံလျှင် အကြောင်းရင်းရှိကုန်သော အဒိန္နာဒါနစသော အကုသိုလ်တရားတို့၏ ဟဒယဝတ္ထု၌ ထူးသောအကြောင်း ဖြစ်သောကြောင့် ကာယပသာဒကို အကုသိုလ်တရားတို့၏ဖြစ်ရာဟု ဆိုရပါသည်။ ။ဋီကာကျော်။

\+ + +

၁၇၉-မေး။ စက္ခုဝိညာဏ် စသောဝိညာဏ်ငါးပါးတို့၏ ဖြစ်ခြင်းအကြောင်းတရားတို့ကို စေ့ရုံသွားဖော်ပြခဲ့ပါ။

| အကျိုးတရား | အကြောင်းတရား | | | |
|---|---|---|---|---|
| စက္ခုဝိညာဏ် | အာလောက | မနသိကာရ | ရူပါရုံ | စက္ခုပသာဒ |
| သောတဝိညာဏ် | အာကာသ ဓာတ် | မနသိကာရ | သဒ္ဒါရုံ | သောတပသာဒ |
| ဃာနဝိညာဏ် | ဝါယော ဓာတ် | မနသိကာရ | ဂန္ဓာရုံ | ဃာနပသာဒ |
| ဇိဝှါဝိညာဏ် | အာပေါ ဓာတ် | မနသိကာရ | ရသာရုံ | ဇိဝှါပသာဒ |
| ကာယဝိညာဏ် | ပထဝီ ဓာတ် | မနသိကာရ | ဖောဋ္ဌဗ္ဗာရုံ | ကာယပသာဒ |

လင်း,အာကာ,ဝါယောနှင့်၊အာပေါ,ပထဝီ ငါးခုစဉ်ညီ၊ မနသိ·ငါးလီမှာယှဉ်တွဲ၊ ငါးအာရုံ ပသာဒ်စုံ ယှဉ်ကာဟပ်တယ်……မှတ်ရွေတော့မလွဲ။

## တနည်းကား

| အကျိုးတရား | အကြောင်းတရား | | | |
|---|---|---|---|---|
| စက္ခုဝိညာဏ် | စက္ခုပသာဒ | ရူပါရုံ | ကြိယာမနောဓာတ် | နာမက္ခန္ဓာ သုံးပါး |
| သောတဝိညာဏ် | သောတပသာဒ | သဒ္ဒါရုံ | ကြိယာမနောဓာတ် | နာမက္ခန္ဓာ သုံးပါး |
| ဃာနဝိညာဏ် | ဃာနပသာဒ | ဂန္ဓာရုံ | ကြိယာမနောဓာတ် | နာမက္ခန္ဓာ သုံးပါး |
| ဇိဝှါဝိညာဏ် | ဇိဝှါပသာဒ | ရသာရုံ | ကြိယာမနောဓာတ် | နာမက္ခန္ဓာ သုံးပါး |
| ကာယဝိညာဏ် | ကာယပသာဒ | ဖောဋ္ဌဗ္ဗာရုံ | ကြိယာမနောဓာတ် | နာမက္ခန္ဓာ သုံးပါး |

(အဋ္ဌသာလိနီ)

ဖွဲ့ဆောင်ပုဒ်အချိုးကား—ပသာဒငါးဝနှင့်ပဉ္စအာရုံမှာ·တွဲစဉ်လိုက်ပါ၊ကြိယာ၊မနော ဓာတုငယ် မှန်စွာ၊ နာမ်ခန္ဓာတဖန်ဟပ်တယ်—မြဲမှတ်လိုက်ကြ၊

၁၄၁–မေး အဘယ့်ကြောင့်ဝိပါကမည်ပါသနည်း၊ ၎င်းဝိပါကကို ဝစနတ္ထပြု၍ပြခဲ့ပါ။

ဖြေ– အချင်းချင်းထူးကုန်သော ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါကမည်ပါသည်၊ဝစနတ္ထကား အညမညဝိသိဋ္ဌာနံ ကုသလာ ကုသလာနံ ပါကာတိ ဝိပါကာ။

\+ + +

၁၄၁–မေး ကုသိုလ်နှင့်အကုသိုလ်ကား အဘယ်သို့လျှင် အချင်းချင်းထူးကြပါသနည်း၊

ဖြေ- ကုသိုလ်ကား အနဝဇ္ဇသုခဝိပါကလက္ခဏာရှိသည်၊ အကုသိုလ်ကား—သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာရှိသည်၊ဤသို့လက္ခဏာအားဖြင့် အချင်းချင်းထူးကြပါသည်။

\+ + +

၁၄၂–မေး ဝိပါကကို အကုသလစိတ္တတို့နှင့် အသီးအသီးသမာသ်တွဲစပ်၍ပြခဲ့ပါ။

ဖြေ– အကုသလဿ ဝိပါကာနိ ,အကုသလဝိပါကာနိ အကုသလ ဝိပါကာနိစ တာနိ စိတ္တာနိစာတိ အကုသလ ဝိပါကစိတ္တာနိ။

\+ + +

၁၄၃–မေး အကုသလ ဝိပါက်စိတ်ကိုပြဆိုရာ၌ အကုသလ ဝိပါကံဟုမိသေသနမ,မရှု၍ ကု သ လ ဝိပါက် စိတ်ကို ပြ ဆို ရာ ၌

အဘယ်ကြောင့်ကုသလဝိပါကံဟူသော ဝိသေသနကို မ,ရပါသနည်း။

ဖြေ- အကုသလ ဝိပါက်နှင့် ဆက်၍ပြရကား- အကုသိုလ်၏အကျိုး ဟုမှတ်ထင်ရာသောကြောင့်ရင်း, မိမိ၏ အကြောင်းဖြစ်သောမဟာကုသိုလ်စိတ်၏အခြား မဲ့၌ မထားဘဲ တခြားစီ ထားရကား ကုသိုလ်၏အကျိုး မဟုတ်ဟု မှတ်ထင်ရာသောကြောင့်ရင်း ကုသလဝိပါ ကံဟူသော ဝိသေသနကို မ,ရပါသည်။

\+ \+ \+

၁၄၄-မေး: အဟိတ်ကုသလ ဝိပါက်စိတ်၌ ပါသော တထာသဒ္ဒါဖြင့်ဥပေက္ခာ သဟဂတံဟူ သော ဝိသေသနကိုသာ ငင်မည် လော, သို့မဟုတ် ကုသလ ဝိပါကံ ဟူသော ဝိသေသနကိုသာ ငင်မည်လော, နှစ်ပါး စုံကိုငင်မည်လော, အကြောင်းပြ၍ ဖြေ ဆိုခဲ့ပါ။

ဖြေ- ကုသလဝိပါကံဟူသောဝိသေသနသည် မငင်ဘဲနှင့် အလုံးစုံသော ပုဒ်သို့လိုက်သောကြောင့် ငင် ဖွယ်မရှိပါ၊ ဥပေက္ခာသဟဂတံ ဟူသော ဝိသေသန သည်ကား ဇိဝှါဝိညာဏံ တိုင်အောင်သာလိုက်၍အလုံး စုံသောပုဒ်တို့သို့ အကုန်မလိုက်သောကြောင့် ဥပေက္ခာ သဟဂတံဟူသော ဝိသေသနကို ငင်ရပါသည်။

\+ \+ \+

**၁၄၅–မေး** ကုသလဝိပါက်၏ နိဂုံး၌ အဟေတုက ဟူသော ဝိသေသနကို မ,သကဲ့သို့ အကုသလဝိပါက်၏ နိဂုံး၌ အဘယ့်ကြောင့် အဟေတုက ဟူသော ဝိသေသနကို မ, မပါသနည်း။

**ဖြေ–** အကုသလ ဝိပါက်စိတ်သည် ဧကန်အဟိတ်သာဖြစ်သည်၊ တရံတဆစ်မျှ သဟိတ်၏ အဖြစ်ဖြင့် လျှည်းပါးဘွယ်မရှိသောကြောင့် အဟေတုက ဟူသော ဝိသေသနကို မ,မပါ။ **ဗျာဘိဓာရာဘာဝတော။** ။ ဋီကာကျော်။

\+ \+ \+

**၁၄၆–မေး** အဟိတ်စိတ်၌ သန္ဓိရအပြားရှိ, မရှိ၊ သက်ဆိုင်ရာ သင်္ဂဟ ပါဠိထောက်ညွှန်၍ ဖြေပါ။

**ဖြေ–** မရှိပါ၊ အကယ်၍ရှိသည်ဖြစ်အံ့၊ တေသံ ဒွါဒသပါကာနိ ဒသာ,ဋ္ဌစ ယထာက္ကမံ ဟူသော ကေစ်ဆရာ၏ဝါဒကို ပြဆိုသောပါဌ်ဝယ် ဒွိဟိတ်ဩမကာကံ၏ အကျိုးကိုပြဆိုရာ၌ "**အဋ္ဌ**" ဟူသောစကားကိုမဆိုရာ၊ စတုရောဟူသောစကားကိုသာ ဆိုရာ၏၊ ဆိုကား မဆိုခဲ့သောကြောင့် သန္ဓိရအပြားမရှိဟုသိရပါသည်။

\+ \+ \+

**၁၄၇–မေး** စက္ခုဝိညာဏ် စသော လေးပါးသော စိတ်တို့သည် အဘယ့်ကြောင့် ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသနည်း။

**ဖြေ--** စက္ခုဝိညာဏ် စသည်တို့၏ မှီရာ ဥပါဒါရုပ်နှင့် ယင်းတို့၏အာရုံဖြစ်သော ဥပါဒါရုပ်တို့၏ အချင်းချင်းထိခိုက်ခြင်းသည် ဝါဂွမ်းစိုင် အချင်းချင်း ထိခိုက်သကဲ့သို့ အလွန်အားနည်းသောကြောင့် ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။ ။အဓ္ဓသာလိနီ။

\+ \+ \+

**၁၄၇--မေး** ကာယဝိညာဏ် နွေးတို့သည်ကား အဘယ့်ကြောင့် သုခသဟဂုတ်,ဒုက္ခသဟဂုတ် ဖြစ်ရပါသနည်း။

**ဖြေ--** ဘူတရုပ်အချင်းချင်း ထိခိုက်ခြင်းသည် အလွန်အားကြီးသောကြောင့် အနိဋ္ဌာရုံ၌ဒုက္ခသဟဂုတ် ဣဋ္ဌာရုံ၌ သုခသဟဂုတ် ဖြစ်ရပါသည်။ အဓ္ဓသာလိနီ။

\+ \+ \+

**၁၄၈ မေး** အကုသလဝိပါက် သန္တီရဏကို တပါးတည်းဆိုသကဲ့သို့ ကုသလ ဝိပါက်သန္တီရဏကိုလည်းတပါးတည်းသာ ဆိုသင့်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် နှစ်ပါးဆိုရပါသနည်း။

**ဖြေ--** ဣဋ္ဌာရုံ,ဣဋ္ဌမဇ္ဈတ္တာရုံတို့၌ သောမနဿ, ဥပေက္ခာအားဖြင့် ဝေဒနာအပြားဖြစ်သင့်သောကြောင့် သောမနဿသန္တီရဏ, ဥပေက္ခာသန္တီရဏ အားဖြင့် နှစ်ပါးဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၁၅၀ မေး အနိဋ္ဌာရုံ, အနိဋ္ဌမဇ္ဈတ္တာရုံ တို့၌လည်း ဝေဒနာ အပြား ဖြစ်သင့် သောကြောင့် အကုသလ ဝိပါက် သန္တီရဏ ကိုလည်း နှစ်ပါးပင်ဆိုသင့်သည်မဟုတ်ပါလော။

ဖြေ–မဆိုသင့်ပါ အကုသလ ဝိပါက်တို့၏ အလွန် အားနည်းသောကြောင့် အနိဋ္ဌာရုံ၌လည်း ဒေါမနဿ သန္တီရဏ မဖြစ်သင့်ရကား ဥပေက္ခာသန္တီရဏတပါး သာ ဖြစ်သင့်ပါသည်။ ဋီကာကျော်။

\+ \+ \+

၁၅၁–မေး အကုသလ ဝိပါက် သန္တီ ရဏ ကို ဒေါမနဿ ဝေဒနာဖြင့် မဆိုသင့်ပါက ကုသလဝိပါက် သန္တီရဏကဲ့သို့ သော မနဿ သန္တီရဏ, ဥပေက္ခာ သန္တီရဏ အားဖြင့် ဆိုပါတော့လော၊ အဘယ့် ကြောင့် မဆိုပါသနည်း။

ဖြေ– အကုသလဝိပါက်စိတ်တို့သည် အနိဋ္ဌာရုံ ကို ကေန်အာရုံပြုသောကြောင့် သောမနဿဝေဒနာဖြင့် အထူးပြု၍ သောမနဿ သန္တီရဏဟူ၍မဆိုသင့်ပါ။ ။ ဋီကာဟောင်း။

\+ \+ \+

၁၅၂–မေး သမ္ပဋိစ္ဆိုင်းနွေးကား အဘယ့် ကြောင့် ဥပေက္ခာ ဝေဒနာနှင့်သာ ယှဉ်ရပါသ နည်း။

ဖြေ — မိမိနှင့်တူသောမိစ္ဆာရှိသောစိတ်မှ အနန္တ ရပစ္စည်းကို မရသဖြင့် သဘောတူ အထောက်အပံ့မှ ကင်းသော ယောက်ျားကဲ့သို့ အလွန် အားမရှိရကား အာရုံ၏ အရသာကို မခံစားနိုင်သောကြောင့် အလုံးစုံ သောအာရုံတို့၌ ဥပေက္ခာ ဝေဒနာနှင့်သာ ယှဉ်ရပါ သည်။ ။ဋီကာကျော်။ + + +

၁၅၃ — မေး အာဝဇ္ဇန်းနွေးသည် အဘယ့် ကြောင့် ဥပေက္ခာသဟဂုတ်သာဖြစ်ရပါသနည်း။

ဖြေ — (က)ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ရှေ့၌တခုံ တခုသော ဝိထိစိတ်သည် မယူရသေးသောအာရုံကိုယူ ရသည့်လည်းတကြောင်း,ထိုအာရုံ၌တကြိမ်တည်းသာ ဖြစ်ရသည့်လည်း တကြောင်း ဤ နှစ် ပါးသော အ ကြောင်းကြောင့် အားနည်းသည်ဖြစ်၍ အာရုံ၏ အရ သာကိုမခံစားနိုင်သောကြောင့် ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။

(ခ)မနောဒွါရာဝဇ္ဇန်းစိတ်ကား ဝိထိစိတ်တို့သည်ယူ ပြီးသောအာရုံကို ယူရသော်လည်း အာရုံ၏အရသာကို ခံစားခြင်းကိစ္စကိုသာမငဲ့ရ၊ မတူသောဇောစိတ်, ဘဝင် စိတ်တို့၏အစဉ်ကို အနန္တရပစ္စည်းစသည်တို့၏ အစွမ်း အားဖြင့် နောက်၌ ဖြစ်စေခြင်းတည်းဟူသော ကိစ္စတ ပါးကိုလည်း ငဲ့ရသည်ဖြစ်၍ အာရုံ၏အရသာကို မခံ စားနိုင်သောကြောင့် ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါ သည်။ ။ဋီကာကျော်။ + + +

၁၉၄–မေး။ ဟသိတုပ္ပါဒကို ဝစနတ္ထပြု၍ အဓိပ္ပါယ် ဖော်ပြပါ။

ဖြေ– ဝစနတ္ထကား … ဟသိတံ ဥပ္ပါဒေတီတိ ဟသိတုပ္ပါဒံ၊ အဓိပ္ပါယ်ကား – ရွှင်ခြင်းမှုကို ဖြစ်စေတတ်သောကြောင့် ဟသိတုပ္ပါဒမည်ပါသည်။

\+ \+ \+

၁၅၅–မေး။ အခြားသော သောမနဿဇောတဆယ့်နှစ်ခုတို့သည်လည်း ရွှင်ခြင်းကိုဖြစ်စေတတ် သော ကြောင့် ဟသိတုပ္ပါဒ် မည်ကောင်းသည်မဟုတ်ပါလော၊ အဘယ့်ကြောင့် ဤစိတ်ကိုသာ ဟသိတုပ္ပါဒ်ဟု ဆိုရပါသနည်း။

ဖြေ– ဟသိတုပ္ပါဒ်ဟူသောအမည်သည်ဤစိတ်၌သာထင်သောကြောင့်"**ပင်္ကေဇာတံ ပင်္ကဇံ**"စသည်ကဲ့သို့ အထင်ရုဠှီအားဖြင့် ဤစိတ်သာ ဟသိတုပ္ပါဒ်မည်ပါသည်၊ အခြားသောစိတ်တို့ကား ဟသိတုပ္ပါဒ် မမည်ပါ။ ။မဏိမဥ္ဇူ။

\+ \+ \+

၁၅၆–မေး။ ဟသိတုပ္ပါဒ်စိတ်သည် ဘုရား,ရဟန္တာတို့၌သာ ဖြစ်သော စိတ်အထူး ဖြစ်ပါလျက်အဘယ့်ကြောင့်မတင့်တယ်သော အသောဘဏစိတ်ထဲမှာ ပါဝင်နေပါသနည်း။

**ဖြေ** — တင့်တယ်သော ဂုဏ်ကို ဆောင်တတ်သော အလောဘစသော အပြစ်ကင်းသော ဟိတ်သုံးပါးတို့နှင့် မယှဉ်သောကြောင့် အသောဘဏစိတ်ထဲမှာ ပါဝင်ရပါသည်။

\+ \+ \+

**၁၅၇—မေး** အာဝဇ္ဇန်း ဒွေး သည် ပုထုဇဉ် တို့၏ သန္တာနဲ၌ဖြစ်ပါလျက် အဘယ်ကြောင့် အကျိုးမပေးပါသနည်း။

**ဖြေ** — အာသေဝနပစ္စည်းကို မရသောကြောင့် အကျိုးမပေးနိုင်ပါ။

**ဥပမာ** — မိုးခေါင် ရေရှားသော နွေကာလ၌လေကြောင့်ပွင့်သော လေပန်းသည် အသီးကိုမဖြစ်စေနိုင်သကဲ့သို့မှတ်။ ။အဋ္ဌသာလိနီ။

\+ \+ \+

**၁၅၈—မေး** မဟာကြိယာစိတ်တို့ကား အာသေဝနပစ္စည်းကို ရပါလျက် အဘယ့်ကြောင့် အကျိုးမပေးပါသနည်း။

**ဖြေ** — ဝန်မြစ် ပြတ်ပြီးသော ဘုရား, ရဟန္တာတို့၏သန္တာန်၌သာဖြစ်သောကြောင့် အကျိုးမပေးပါ။

**ဥပမာကား** — အမြစ်ပြတ်ပြီးသော သစ်ပင်၏အပွင့်သည် အသီးကိုမဖြစ်စေနိုင်သကဲ့သို့မှတ်ပါလေ။ ။ အဋ္ဌသာလိနီ။

\+ \+ \+

**၁၅၉-မေး** အခြားသော ကုသိုလ်စိတ်တို့၌ မဟာ မဘာပ်မူ၍ ဤကာမာဝစရကုသိုလ်စိတ်၌ အဘယ့်ကြောင့် မဟာ တပ်ရ ပါသ နည်း။

**ဖြေ**– အကျိုးပေးသော အားဖြင့် အရာကျယ် သောကြောင့် မဟာတပ်ရပါသည်။တနည်း ......ကာမာ ဝစရစိတ်သည် ဟိန, ပဏီတအားဖြင့် နှစ်မျိုးရှိသော ကြောင့် ဟိနဖြစ်သော အသောဘဏစိတ်ကို နှစ်စေ ခြင်းဌါ မဟာတပ်ရပါသည်။ ။(ပရမတ္ထဇုဒ္ဒိ)။

+ + +

**၁၆၀-မေး** အကျိုးမပေးသော မဟာဝိပါက်စိတ် မ ဟာ ကြိယာစိတ်တို့၌ အဘယ့်ကြောင့် မဟာတပ်ရပါသနည်း။

**ဖြေ**– မဟာဝိပါက် စိတ်ကား မဟာကုသိုလ် စိတ်၏အကျိုးဖြစ်သောကြောင့် မဟာ တပ်ရပါသည်၊ မဟာကြိယာစိတ်ကား မဟာ ကုသိုလ်စိတ်၏ ကြိယာ ဖြစ်သောကြောင့် မဟာဘပ်ရပါသည်။

+ + +

**၁၆၁-မေး** ကုသလကို ဝစနတ္ထပြု၍ အဓိပ္ပါယ်ကို ဖေါ်ပြခဲ့ပါ။

**ဖြေ**– ကုစ္ဆိတေပါပဓမ္မေသလယန္တီ ကမ္ပေန္တိ ဝိဒ္ဓံ သေန္တီ အပဂမေန္တီတိ ကုသလာနိ။

+ + +

အဓိပ္ပါယ်ကား ...... စက်ဆုပ် အပ်ကုန်သော အကုသိုလ်တရားတို့ကို ပယ်ဘာန်သုံးပါးတို့ဖြင့် ပယ်တတ်သောကြောင့် ကုသိုလ်မည်ပါသည်။ + +

**၁၆၂–မေး** ကုသလကို ကျမ်းဂန်၌လာတိုင်း ရသင့်သမျှ အစိတ်, အပေါင်း ဝစနတ္ထပြု၍ အဓိပ္ပါယ်ဖေါ်ပြခဲ့ပါ။

**ဖြေ–** ဝစနတ္ထကား ...... သယန္တိ ပဝတ္တန္တီတိ သာကုစ္ဆိတေန သာ ကုသာ၊ လုနန္တိ ဆိန္ဒန္တီတိလာ၊ ကုသေ လာနီ ကုသလာနိ။

အဓိပ္ပါယ်ကား ...... စက်ဆုပ်အပ်သော အခြင်းအရာအားဖြင့် ဖြစ်တတ်ကုန်သော အကုသိုလ် တရားတို့ကို ရိတ်ဖြတ်တတ်သောကြောင့် ကုသိုလ်မည်၏။ တနည်း ဝစနတ္ထကား - သာတိ တနုံကရောတိ ဩသာနံကရောတီတိ ကုသံ၊ ကုစ္ဆိတေသံ ကုသံ၊ လာတဗ္ဗာနိ ဂဟေတဗ္ဗာနီတိ လာနိ ကုသေ နလာနိ ကုသလာနိ။

အဓိပ္ပါယ်ကား — စက်ဆုပ် အပ်ကုန်သော အကုသိုလ်တရားတို့ကို ခေါင်းပါး ဆုံးရှုံးအောင် ပြုတတ်သော ဉာဏ်သည် ဖြစ်စေအပ်သောကြောင့် ကုသိုလ်မည်သည်။ + + +

**၂၆၃–မေး** ကာမာဝစရ အရာ၌ သိမှတ် အပ်သော ဒါနမယ,သီလမယ, ဘာဝနာမယ ကာမာဝစရ ကုသိုလ်သုံးမျိုး၏ ဖြစ်ဟန်ကို ကျမ်းဂန်လာတိုင်း ထုတ်ပြခဲ့ပါ။

**ဖြေ** - (က) အကြင်အခါ၌ ငါ့အား ဝေဒနာဒါနကို ဖြစ်စေအံ့ဟု နှလုံးသွင်း၍ အဆင်းနှင့်ပြည့်စုံသောပန်းကို ရတနာသုံးပါးအား လှူဒါန်းပူဇော်၏ ထိုအခါ **ဒါနမယကာမာဝစရကုသိုလ်** ဖြစ်သည်။

(ခ) အကြင်အခါ၌အလှူဒါနကိုပြုခြင်းသည် ငါတို့ အမျိုးအနွယ်၏ဓမ္မတာဝတ္တတရားဖြစ်၏ဟုနှလုံးသွင်း၍ ပန်းစသော ဝတ္ထုကို ရတနာသုံးပါးအား လှူဒါန်းပူဇော်၏ ထိုအခါ **သီလမယကာမာဝစရကုသိုလ်** ဖြစ်၏။

(ဂ) အကြင်အခါ၌ ပန်းစသောဝတ္ထုဖြင့် ရတနာသုံးပါးအားလှူဒါန်းပူဇော်သောအခါ ဤအဆင်းကား ကုန်ခြင်းပျက်ခြင်းသို့ရောက်လတ္တံ့ဟု ခယဝယဟု ဆို အပ်သော အဖြစ်အပျက်ကိုရှု၍ လှူအံ့ ထိုအခါ **ဘာဝနာမယကာမာဝစရကုသိုလ်** ဖြစ်၏။

[ဤကား ရုပ်ခံ့ကို အာရုံပြု၍ဖြစ်ဟန်ကိုသာ ပြလိုက်သည်၊ ကြွင်းကုန်သော အာရုံငါးပါးတို့၌ ရုပ်ရှု၏နည်းကိုမှီ၍သိလေ။]

\+ \+ \+

**၁၆၄ မေး** ပန်းစသော ဒါနဝတ္ထုကို လှူခြင်းသည် ဒါနသာ မဟုတ် ပါလော၊ အဘယ့်ကြောင့် သီလမယ ကာမာဝစရကုသိုလ် ဖြစ်နိုင်ပါသနည်း။

**ဖြေ** - အမျိုးတို့၏ အစဉ်အလာ ဓမ္မတာ ကျင့်ဝတ်ကို နှလုံးသွင်း၍လှူသဖြင့် စာရိတ္တသီလ ဖြစ်သော ကြောင့် **သီလမယ** ကုသိုလ်ဖြစ်ပါသည်၊ " စာရိတ္တသီလဉ္စ သီလမယံ"။ ။ မူလဋီကာ၊

**၁၆၅–မေး** ကာယကံ,ဝစီကံ, မနောကံ ကာမာဝစ ရ ကုသိုလ် သုံးမျိုးဖြစ်ဟန်ကိုဝေဘန်၍ ပြခဲ့ပါ။

**ဖြေ–** အကြောင်းအခါ၌ တစုံတခုသော ဒါန ကု သိုလ်ကို မိမိကိုယ်တိုင်လှူဒါန်းပူဇော်၏။ ထိုအခါ **ကာ ယကံ** ကာမာဝစရကုသိုလ်ဖြစ်သည်။

အကြောင်းအခါသား,သွီး,ကျွန်,အမှုလုပ်ယောက်ျားတို့ ကို စေခိုင်း၍လှူ၏၊ ထိုအခါ **ဝစီကံ** ကာမာဝစရ ကု သိုလ်ဖြစ်သည်၊

အကြောင်းအခါ ထင်ရှားရှိသောအလှူဝတ္ထုကို အာရုံ ပြု၍ လှူအံ့ဟုကြံစည်စိတ်ကူးသောစိတ်ဖြစ်၏၊ထိုအခါ **မနောကံ** ကာမာဝစရကုသိုလ်ဖြစ်သည်။ ။

(အဋ္ဌသာလိနီ) + + +

**၁၆၆–မေး** မနောကံ ကာမာဝစရကုသိုလ်၌ မလှူ ရသေးပါဘဲလျက် အဘယ်သို့လျှင် ကာ မာဝစရ ကုသိုလ်ဖြစ်နိုင်ပါသနည်း။

**ဖြေ–** မလှူရသေးသော်လည်းနောင်အခါလှူ လတ္တံ့ဖြစ်သောကြောင့် ထင်ရှားရှိသော အလှူဝတ္ထု ကို အာရုံပြု၍ လှူအံ့ဟုစိတ်ဖြင့် ကြံစည်သောကာလမှစ ၍ ကာမာဝစရ ကုသိုလ်ဖြစ်ပါသည်။

**ဝိဇ္ဇမာနဝတ္ထုံ အာရဗ္ဘ ဒဿာမီတိ မနသာ**
**စိန္တိတကာလတော ပဋ္ဌာယကုသလံ ဟောတိ၊**
(မူလဋီကာ)

**၁၆၇ – မေး** အလှူဝတ္ထု ထင်ရှားပင်မရှိသော်လည်း အလှူဝတ္ထုကို ရှာကြံသောသူအား ဒါန ကုသိုလ်ဖြစ်,မဖြစ် ဆုံးဖြတ်ခဲ့ပါ။

**ဖြေ–** အလှူဝတ္ထုကို ရှာကြံသောသူအား စေတနာသုံးတန်တို့တွင် ပုဗ္ဗစေတနာ ဖြစ်သောကြောင့် **ပုဗ္ဗမယဒါန** ကုသိုလ်ဖြစ်ပါသည်။

န ဟိ ဒါနဝတ္ထုံ အဝိဇ္ဇမာနကမ္ပိ သဲ ရော တ္တ သသ ကုသလံ နဟောတိတိ တံပန ဒါနမယဿ ပုဗ္ဗ ဘာဂေါတိ၊ တဒေဝ ဘဇေယျ၊ ။(မူလဋီကာ)

\+ \+ \+

**၁၆၈ - မေး** မဟာ ကုသိုလ် သောမနဿ ဖြစ်ခြင်း အကြောင်းတို့တွင် ဣဋ္ဌာရုံသည်သာယာ အပ်, နှစ်သက် အပ်သော အာရုံ ဖြစ်၍ လောဘ ၏ ဖြစ်ခြင်း အ ကြောင်း သာ မဟုတ်ပါလော အဘယ်သို့လျှင် ဣဋ္ဌာရုံ ကို အာရုံပြု၍ မဟာကုသိုလ် ဖြစ်နိုင်ပါ သနည်း။

**ဖြေ–** ငါသည် ဣဋ္ဌာရုံကို ရရာ၌ ကုသိုလ်ကိုသာ ပြုသင့်၏ဟု မှတ်သောစိတ်၏ အစွမ်းအားဖြင့်ရင်း, ငါ သည် ဣဋ္ဌာရုံကိုရရာ၌ ကုသိုလ်ကိုသာပြုသင့်၏ဟု ညွတ် သောစိတ်၏အစွမ်းအားဖြင့်ရင်း, ကြံမိဖန်များဘွာ သေ့ လာအပ်သော စိတ်၏ အစွမ်း အားဖြင့်ရင်း, ငါသည်

ကုသိုလ်ကိုသာ ဖြစ်စေသင့်၏၊ အကုသိုလ်ကို မဖြစ်စေသင့်ဟုနှလုံးကောင်း သွင်းသည့်၏ အစွမ်းအားဖြင့်၎င်း မဟာကုသိုလ်ဖြစ်ပါသည်၊

နိယမိတဝသေန, ပရိဏာမိတဝသေန၊
သမုဒါစာရဝသေန, အာဘုဇိတဝသေန။ ။
(အဋ္ဌသာလိနီ)

+ + +

**၁၆၉–မေး** မဟာကုသိုလ်၌အဘယ့်ကြောင့်သဟေတုက ဟူသော ဝိသေသန ကိုမ, မပါသနည်း။

**ဖြေ–** မဟာကုသိုလ်စိတ်သည် ဧကန် သဟိတ်သာဖြစ်သည်ဖြစ်၍ အဟိတ်၏အဖြစ်ဖြင့် တရံတဆစ်မျှ လျှဉ်းပါးဘွယ် မရှိသောကြောင့် မ, မပါသည်။

+ + +

**၁၇၀–မေး** ပဌမဈာန်၌ ပဌမကို ဝစနတ္ထပြု၍ အဓိပ္ပါယ် ဖေါ်ပြခဲ့ပါ။

**ဖြေ–** ဝစနတ္ထကား...ပဌမံ ဒေသိတန္တိ ပဌမံ၊ ပဌမံ ဥပ္ပန္နန္တိပိ ပဌမံ။

အဓိပ္ပါယ်ကား–ရှေ့ဦးစွာ ဟောအပ်သောကြောင့်၎င်း,ရှေ့ဦးစွာဖြစ်သောကြောင့်၎င်း ပဌမ မည်ပါသည်၊

+ + +

**၁၇၁–မေး** ဈာနကိုဝစနတ္ထပြု၍'အဓိပ္ပါယ်ပြပြီးလျှင် ပဌမပုဒ်နှင့် သမာသ်တွဲစပ်၍ပြခဲ့ပါ။

ဖြေ- [က]ဝစနတ္ထကား...အာရမ္မဏံ ဥပနိဇ္ဈာယတိ
ဥပနိဇ္ဈာယတီတိ ဈာနံ၊ ပစ္စနီကဓမ္မေ
ဈာပေတီတိဈာနံ၊

အင်္ဂါပါယ်ကား ကသိုဏ်းစသော အာရုံကိုကပ်၍ ရှုတတ်သောကြောင့်၎င်း, ဆန့်ကျင်ဘက်ဖြစ်ကုန်သော နီဝရဏ တရားတို့ကို လောင်ကျွမ်း စေတတ်သော ကြောင့်၎င်း ဈာန် မည်ပါသည်။

[ခ] ပဉ္စမဇ္ဈာနံ ဈာနင်္ဂါတိ ပဉ္စမဈာနံ။+

၁၇၂-မေး အဘယ်ဈာန်အင်္ဂါနှင့် အဘယ်နီဝရဏ
သည် ဆန့်ကျင်ပါသနည်း။

ဖြေ- ဝိတက်နှင့် ထိနမိဒ္ဓ ဆန့်ကျင်ပါသည်။
ဝိစာရနှင့် ဝိစိကိစ္ဆာ ဆန့်ကျင်ပါသည်။
ပီတိနှင့် ဗျာပါဒ ဆန့်ကျင်ပါသည်။
သုခနှင့် ဥဒ္ဓစ္စ-ကုက္ကုစ္စဆန့်ကျင်ပါသည်။
ဧကဂ္ဂတာနှင့် ကာမစ္ဆန္ဒနီဝရဏ ဆန့်
ကျင်ပါသည်။ + + +

၁၇၃-မေး ဝိတက္က ဝိစာရ,ပီတိ,သုခဧကဂ္ဂတာ သ
ဟိတံကို ဖြစ်သင့်သမျှ သမာသ်တွဲစပ်
ပြခဲ့ပါ။

-ဖြေ ဝိတက္ကောစ ဝိစာရောစ ပီတိစ သုခဥ္စ
ဧကဂ္ဂတာစ ဝိတက္က ဝိစာရ ပီတိ သုခဧကဂ္ဂတာ။

ဝိတက္က ဝိစာရ ပီတိ သုခဧကဂ္ဂတာဟိ သဟိတံ
ဝိတက္က ဝိစာရ ပီတိ သုခဧကဂ္ဂတာ သဟိတံ။

**၁၇၄–မေး** ဝိတက္ကကို ဝစနတ္ထပြု၍ အဓိပ္ပါယ်ဖေါ်ပြခဲ့ပါ။

**ဖြေ–** ဝစနတ္ထကား ___ အာရမ္မဏံ ဝိတက္ကေတိ သမ္ပယုတ္တဓမ္မေ အဘိနိရောပေတီတိ ဝိတက္ကော။ ။ အဓိပ္ပါယ်ကား ___ သမ္ပယုတ်တရားတို့ကို အာရုံသို့ရှေးရှု တင်တတ်သောကြောင့် ဝိတက် မည်ပါသည်။

\+ \+ \+

**၁၇၅–မေး** စိတ်သည် ဝိတက်ကိုမှီ၍အာရုံသို့တက်ရသည်ဖြစ်အံ့၊ဝိတက်မရှိသော အဝိတက္ကစိတ်တို့ သည်ကား အသို့လျှင် အာရုံသို့ တက်ရမည်နည်း။

**ဖြေ–** ဝိတက်မရှိသော်လည်း သဝိတက္ကစိတ်၏ သန္တာန်၌ မပြတ်ဖြစ်သည်၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် ဝိတက်၏အစွမ်းအားဖြင့်သာလျှင် တက်နိုင်ပါသည် တနည်း–အဝိတက္ကစိတ်တို့တွင် ဒွေးပဉ္စဝိညာဏ်တဆယ်သည်ဝတ္ထု၊အာရုံတို့၏အချင်းချင်းထိခိုက်ခြင်း၏ အစွမ်းအားဖြင့် အာရုံသို့ တက်နိုင်ပါသည်၊ဒုတိယဈာန်စသည်တို့သည် အောက်အောက်သော ဘာဝနာ၏ အစွမ်းအားဖြင့် အာရုံသို့ တက်နိုင်ပါသည်။ ။

ဋီကာကျော်။

\+ \+ \+

**၁၇၆–မေး** ဓမ္မသင်္ဂဏီ ပါဠိတော်၌ စတုက္ကနည်းကိုလည်း ဟောသောကြောင့် စတုက္ကနည်း

ကိုလည်း ဆိုသင့်သည် မဟုတ်ပါလော၊
အဘယ့်ကြောင့် မဆိုပါသနည်း။

ဖြေ - စတုက္ကနည်းသည် ပဥ္စကနည်း၌အတွင်း ဝင်သောကြောင့် မဆိုပါ။ ။သခေ်ပဋီကာ။

\+ + +

၁၇၇ - မေး စတုက္ကနည်းကိုဆိုလျှင် အဘယ်သို့ ဆို
မည်နည်း။

\-ဖြေ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိ
တံ ပဌမ ဈာနကုသလစိတ္တံ။
ပီတိသုခေကဂ္ဂတာသဟိတံဒုတိယဈာနကုသလစိတ္တံ။
သုခေကဂ္ဂတာသဟိတံ တတိယဈာနကုသလစိတ္တံ။
ဥပေက္ခေကဂ္ဂတာ သဟိတံ စတုတ္ထဈာန ကုသလ
စိတ္တဉ္စေတိ ဣမာနိ စတ္တာရိပိ ရူပါဝစရကုသလစိတ္တာနိ
နာမ၊ ဤသို့ ဆိုမည်။

\+ + +

၁၇၈ မေး စတုက္ကနည်း,ပဥ္စကနည်းနှစ်ပါးတို့တွင်
တနည်းနည်းကိုဟောက ပြီးကောင်းပါ
လျက် အဘယ်၏ အစွမ်းအားဖြင့် နှစ်
နည်း ဟောရပါသနည်း။

ဖြေ- ပုဂ္ဂလဇ္ဈာသယ,ဒေသနာ ဝိလာသ၏ အစွမ်းအားဖြင့် ဟောတော်မူပါသည်။

**ပုဂ္ဂလဇ္ဈာသယ ဝသေနစ,ဒေသနာဝိလာသဝသေနစ၊ ။** အဓ္ဓသာလိနီ။

**၁၇၉–မေး** ရူပါဝစရစိတ်သည် အသင်္ခါရိကလော, သသင်္ခါရိက လော, နှစ်ပါး ရုံလော၊ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

**ဖြေ–** ရူပါဝစရ စိတ်သည် ပရိကံဟု ဆိုအပ်သော ပုဗ္ဗာဘိ သင်္ခါရနှင့်ကင်း၍ သက်သက်သော အဓိကာရ၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့် အသင်္ခါရိက ဟူ၍လည်းမဆိုသင့်ပါ၊ အဓိကာရနှင့်ကင်း၍ သက်သက်သော ပရိကံ ဟုဆိုအပ်သော ပုဗ္ဗာဘိသင်္ခါရ၏ အစွမ်းအားဖြင့်လည်း မဖြစ်သောကြောင့် သသင်္ခါရိက ဟူ၍လည်းမဆိုသင့်ပါ။

**တနည်း**...ပုဗ္ဗာဘိသင်္ခါရ၏အစွမ်းအားဖြင့်သာလျှင် ဖြစ်သောကြောင့် သသင်္ခါရိက ဧကန် ဖြစ်ပါသည်၊ ယင်းသို့ဖြစ်သော်လည်း တရံဘဆစ်မျှ အသင်္ခါရိက၏ အဖြစ်ဖြင့် လျဉ်းပါးဘွယ် မရှိသောကြောင့် သသင်္ခါရိက ဟု မဆိုပါ။ ။ဋီကာကျော်။

\+ \+ \+

**၁၈၀–မေး** ဝိတက်စသော တရားငါးပါးမှ တပါး ကုန်သော အခြားသော တရားတို့လည်း ရှိပါကုန်လျက် ဤတရား ငါးပါးကိုသာ အဘယ်ကြောင့် ဈာနအင်္ဂါ၏ အဖြစ်ဖြင့် မှတ်အပ်ပါသနည်း။

**ဖြေ–** အာရုံကိုကပ်၍ရှုတတ်သောကြောင့်ဥင်း ကာမစ္ဆန္ဒ စသည်တို့၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်

ဖြစ်သောကြောင့်ရင်း ဝိတက်စသော တရားငါးပါးကို သာ ဈာန်အင်္ဂါ၏အဖြစ်ဖြင့် မှတ်အပ်ပါသည်။ ။
(ဋီကာကျော်)

\+ \+ \+

**၈၈၁-မေး** ရူပါဝစရစိတ်သည် အရူပါဝစရ စိတ်ကဲ့သို့ အဘယ့်ကြောင့် အာရမ္မဏဘေဒ အားဖြင့် မပြားပါသနည်း။

**ဖြေ--** ရူပါဝစရစိတ်တို့သည် တူသောအာရုံ ရှိကြသောကြောင့် အာရမ္မဏဘေဒအားဖြင့်မပြားနိုင်ပါ။

\+ \+ \+

**၈၈၂-မေး** ဈာန်ဟူသည် အဘယ်နည်း၊ ဝိတက်စသောတပါး, တပါးသော တရားသည် ဈာန်မည်ပါသလော။

**ဖြေ--** ဝိတက်စသော တပါးပါးသော တရားသည် ဈာန်အင်္ဂါသာ မည်ပါသည်၊ ဈာန်မမည်ပါ၊ ဝိတက်စသော တရားငါးပါး အပေါင်းသည်သာ ဈာန်မည်ပါသည်။ \+ \+ \+

**၈၈၃-မေး** ပဥ္စဝေ ဈာနဘေဒေန စသော ဂါထာ၌ " ဈာန ဘေဒေန·ပဉ္စမဈာန် အစရှိသော ဈာန်အင်္ဂါတို့နှင့် ယှဉ်သောအပြားအားဖြင့်''ဟု နိဿယဆရာ အနက်ပေးခြင်းသည် သင့်မြတ်ပါမည်လော၊ ပါဌ်တခြား,အနက်တခြား ဖြစ်သည်မဟုတ်ပါလော။

**ဖြေ–** သင့်မြတ်ပါသည် အကြောင်းကား ဈာန ဘေဒနှင့်'ဈာနင်္ဂသမ္ပယောဂ ဘေဒနှင့်' ဟု နေလိုမှုင်း ဖြစ်ပါလျက် ဂါထာအရာ ဆန်းကိုးကို စောင့်လို၍ နိရုတ္တိနည်းအားဖြင့် အင်္ဂပုဒ်,သမ္ပယောဂ ပုဒ်များ ကျေ နေပါ၍ ယင်း ကျေနေသောပုဒ်တို့ကို နိဿျဆရာဆောင် ၍ အနက်ပေးခြင်း ဖြစ်သောကြောင့် ပါဌ်တခြား အ နက်တခြားမဟုတ်၍ သင့်မြတ်ပါသည်။

ဈာနင်္ဂသမ္ပယောဂဘေဒေနာတိ ဝတ္တဗ္ဗေ၊
နိရုတ္တိနယေန ဈာနဘေဒေနာတိ ဝုတ္တံ။
(မဏိမဉ္ဇူ)

\+ \+ \+

**၁၈၄–မေး** အရူပါဝစရစိတ်သည် ရူပါဝစရစိတ်ကဲ့ သို့ ဈာနဘေဒအားဖြင့် မပြားမူ၍ အ ဘယ့်ကြောင့် အာရမ္မဏဘေဒအားဖြင့် သာ ပြားရပါသနည်း။

**ဖြေ–** အရူပါဝစရစိတ်သည် ရူပါဝစရစိတ်ကဲ့ သို့ ရှေးရှေးသော ဈာန်အင်္ဂါကို လွန်သည်၏ အစွမ်း အားဖြင့် မဖြစ်၊ ဥပေက္ခာ ဧကဂ္ဂတာအားဖြင့်ဈာန်အင်္ဂါ တူမျှကြသောကြောင့် ဈာနဘေဒအားဖြင့် မပြားမူ၍ ရှေးရှေးသော အာရုံကိုလွန်သဖြင့် အသစ်အသစ် ဖြစ် သော အာရုံကိုသာ ယူ၍ဖြစ်ကြသောကြောင့် **အာရမ္မဏ ဘေဒ** အားဖြင့်သာ ပြားရပါသည်။

အာရုမ္မဏာတိက္ကမတော, စတဿောပိ ဘဝန္တိမာ၊
အင်္ဂါတိက္ကမ မေတာသံ,နိစ္ဆန္တိ ဝိဘာဝိနော။
အဋ္ဌသာလိနီ။

\+ + +

၁၈၅-မေး အာကာသာနဉ္စာယတနဈာန်ကို ရပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိရပြီးသောဈာန်၌ အပြစ်ကိုမြင်၍ အထက်ဖြစ်သော ဝိညာဏဉ္စာယတန ဈာန်ကို အားထုတ်သောအခါ အပြစ်မြင်သော အာကာသာ နဉ္စာယတနဈာန်ကိုပင် အဘယ့်ကြောင့် ပြန်၍ အာရုံ ပြုရပါသနည်း။

ဖြေ- အပြစ်ကို မြင်သော်လည်း အာကာသာနဉ္စာယတနဈာန်မှတပါး အခြားသောတရားတို့ကို အာရုံပြု၍ စီးဖြန်းသော်လည်း ဝိညာဏဉ္စာယတန ဈာန်ကို မည်သည့်အခါမှ ရမည်မဟုတ်၊ ဝိညာဏဉ္စာယတန ဈာန်ကို ရအောင်စီးဖြန်းခြင်း၌ အာကာသာနဉ္စာယတန ဈာန်မှတပါး အာရုံပြုစရာ တရား မရှိသောကြောင့် အပြစ်မြင်ပြီးသော အာကာသာနဉ္စာယတနဈာန်ကိုပင် ပြန်၍အာရုံပြုရပါသည်။ ။အဋ္ဌသာလိနီ။

\+ + +

၁၆၈-မေး အာကိဉ္စညာယတန ဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် နေဝသညာ နာသညာယတနဈာန်ကို အလိုရှိ၍စီးဖြန်းသောအခါ

အာကိဉ္စညာယတနဈာန်ကိုပင် အလွန်ငြိမ်သက်၏, အလွန်မြတ်၏ဟု အခါခါပြု၍ စီးဖြန်းဖြန်း၏၊ ဤအာကိဉ္စညာယတနဈာန်ကို ချီးမွမ်း၍ စီးဖြန်းပါက အဘယ်သို့ လျှင် အာကိဉ္စညာယတန ဈာန်မှ လွတ်မြောက်နိုင်ပါသနည်း။

**ဖြေ—** ငြိမ်သက်၏,မြတ်၏ဟု ချီးမွမ်း၍ စီးဖြန်းသော်လည်း အာကိဉ္စညာယတနဈာန်ထက်နေဝသညာနာသညာယတနဈာန်က မြတ်သဖြင့် ငါသည် ဤ အာကိဉ္စညာယတနဈာန်ကို ဆင်ခြင်အံ့ဟူ၍ဖြင်း, ဝင်စားအံ့ဟူ၍ဖြင်း,ဆောက်တည်အံ့ဟူ၍ဖြင်း,ထအံ့ဟူ၍ဖြင်း, တရံတဆစ်မျှနှလုံးသွင်းခြင်းမရှိသောကြောင့် လွန်မြောက်နိုင်ပါသည်။

\+ + +

**၁၀၇—မေး** အာကာသာနဉ္စာယတနစိတ္တုပ္ပါဒ်၌ အာကာသ အပြားကိုပြ၍ ဤ၌လိုအပ်သော အာကာသကိုလည်း ညွှန်ပြပါ။

**ဖြေ—** အဇဋာကာသ, ပရိစ္ဆိန္နာကာသ, ကသိဏုဃ္ဃာဋိမာကာသ, ရူပပရိစ္ဆေဒါကာသအားဖြင့် အာကာသအပြား လေးပါးရှိပါသည်၊ ဤ၌ **ကသိဏုဃ္ဃာဋိမာကာသ** ကို လိုအပ်ပါသည်။

\+ + +

**၁၀၈ မေး** ဝိညာဏဉ္စာယတန၌ ဝိညာဏ - အရ အဘယ် ဝိညာဏ်ကို ယူရမည်နည်း။

ဖြေ- ဝိညာဏအရ အာကာသာနဉ္စာယတန စိတ်ကို ယူရပါသည်။

\+ \+ \+

၁၈၉=မေး အာကိဉ္စညာယတန၌ အာကိဉ္စည-အရ အာဘယ်ကို ရပါသနည်း။

ဖြေ- ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း တည်းဟူသော **နတ္ထိဘာဝပညတ်**ကိုရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၁၉၀-မေး နတ္ထိဘာဝပညတ်သည်အဘယ့်ကြောင့် အာကိဉ္စည ဟူသော အမည်ကို ရပါသနည်း။

ဖြေ- နတ္ထိကိဉ္စိဟု နှလုံးသွင်းခြင်း၏ အစွမ်းကြောင့် **အာကိဉ္စည**-ဟူသောအမည်ကို ရပါသည်။

နတ္ထိကိဉ္စီတိ မနသိကာရဝသေန တံနာမံ လဗ္ဘတိ။ ။ပရမတ္ထဒီပနီ။

\+ \+ \+

၁၉၁=မေး နေဝသညာ နာသညာကို အစိတ်အပေါင်း ဝစနတ္ထပြု၍ပြပါ။

ဖြေ- နေဝသညာ အဿ အတ္ထီတိ နေဝသညံ နဿ သညာ အတ္ထီတိ အသညံ နအသညံ နာသညံ။

နေဝ သညဉ္စ တံ နာသညဉ္စာတိ နေဝသညာ နာသညံ။

\+ \+ \+

၁၉၂–မေး နေဝသညာ နာသညာယတန ဈာန်၌ သညာသာရှိသည်မဟုတ် ဖဿံ၊ ဝေဒနာ စေတသိက်၊ ဧကဂ္ဂတာ စသည်တို့လည်း ရှိကြသောကြောင့် ဖဿ- စသည်ဖြင့် မှတ်၍ **နေဝ ဖဿ နာဖဿ, နေဝ ဝေဒနာ နာဝေဒနာ** စသည်ဖြင့် ဆိုသင့်,မဆိုသင့် ဆုံးဖြတ်ပါ။

ဖြေ– နိဒဿနနည်းအားဖြင့်သာ နေဝသညာနာသညာဟုဆိုပါသည်၊ နေဝဖဿ နာဖဿ, နေဝဝေဒနာ နာဝေဒနာ, နေဝစိတ္တ နာစိတ္တ စသည်ဖြင့်လည်း ဆိုသင့်ပါသည်။

နကေဝလဉ္စ သညာဝေ ဒယိ၊ အထခေါ ဝေဒနာပိ နေဝဝေဒနာ နာဝေဒနာ။ ပ ။ သညာသီသေန ပန အယံ ဒေသနာ ကတာတိ ဝေဒိတဗ္ဗာ။ ။အဋ္ဌသာလိနီ။

\+ \+ \+

၁၉၃ မေး သောတာပတ္တိမဂ္ဂစိတ္တ၌ သောဘာအာရုံ, မဂ္ဂအာရုံ, သောတာပတ္တိအာရုံ, သောဘာပတ္တိမဂ္ဂအာရုံ, သောဘာပတ္တိမဂ္ဂစိတ္တ အာရုံတို့ကို အသီးသီးဖော်ပြခဲ့ပါ။

ဖြေ– သောတာအာရုံ, မဂ္ဂအာရုံ, သောတာပတ္တိမဂ္ဂ အာရုံတို့ကား မဂ္ဂင်ရှစ်ပါးကိုသာ ရကြပါသည်၊ သောတာပတ္တိ အာရုံကား သောဘာပန်ပုဂ္ဂိုလ်ကို ရပါသည် သောတာပတ္တိမဂ္ဂစိတ္တ အာရုံကား သောဘာပတ္တိမဂ်စိတ်ကို ရပါသည်။

၁၉၄-မေး မင်္ဂစိတ်သည်အဘယ်ကြောင့် လေးပါး
ပြားရပါသနည်း၊ လုံလောက် ကျနစွာ
အကြောင်းပြ၍ ဖြေပါ။

ဖြေ- သဠါ၀စသော ဈာန်ငါးပါးတို့၏ နိုင်သည်၏အဖြစ်,ထက်သည်၏အဖြစ်, အထူးသဖြင့်ထက်သည်၏အဖြစ်,အလွန်အကြူး အထူးသဖြင့် ထက်သည်၏အဖြစ် ကွဲပြားခြားနားလေသောကြောင့် ကိလေသာကို ပယ်တတ်သော ပဟာယကသတ္တိ ကွဲပြားခြားနားလေသည်၊ ပဟာယကသတ္တိ ကွဲပြား ခြားနား သောကြောင့် ပဟာတဗ္ဗကိလေသာသံယောဇဉ် ကွဲပြားခြားနားလေသည်၊ ထိုသို့ပဟာတဗ္ဗ ကွဲပြား ခြားနား လေသောကြောင့် အင်္ဂကမဂ် ကွဲပြားလေသည်၊ထိုကွဲပြားခြားနားသော အင်္ဂကမဂ်နှင့် ယှဉ်သောကြောင့် မဂ်စိတ်လေးပါးပြားရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၁၉၅ မေး ဖိုလ်စိတ်လေးခုသည် မဂ်အားလျော်စွာ
ဖြစ်သောကြောင့် လေးပါးပင် ပြား၏ဟု
ဆိုရာ အဘယ်သို့ဖြစ်ခြင်းသည် မဂ်အား
လျော်စွာ ဖြစ်သည်မည်ပါသနည်း။

ဖြေ- မဂ်သည် သမုစ္ဆေဒ ပဟာန်အားဖြင့် ပယ်ဖြတ်အပ်သော ကိလေသာတို့ကို ပဋိပ္ပဿဒ္ဓိပဟာန်အားဖြင့် တဖန်ငြိမ်းစေသည်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းသည်မဂ်အားလျော်စွာ ဖြစ်သည်မည်ပါသည်။

\+ \+ \+

**၁၅၆–မေး** လောကုတ္တရာစိတ်သည်အဘယ့်ကြောင့် အကျယ်လေးဆယ် ပြားရပါသနည်း။

**ဖြေ**– ပါဒကဈာန်, သမ္မသိတဈာန်, ပုဂ္ဂလဇ္ဈာသယဈာန်သုံးပါးတို့တွင် တပါးပါးနှင့်တူသဖြင့် ကခုဘခု သောစိတ်သည် ငါးပါး, ငါးပါးစီ ပြားသောကြောင့် အကျယ်လေးဆယ် ပြားရပါသည်။

+ + +

**၁၅၇–မေး** ပါဒကဈာန်, သမ္မသိတဈာန်, ပုဂ္ဂလဇ္ဈာသယဈာန် သုံးပါးတို့၏အထူးကိုပြခဲ့ပါ။

**ဖြေ**– လောကီဈာန် ကိုးပါးလုံးကို ရပြီးသော ပုဂ္ဂိုလ်သည်မဂ်ကိုအလိုရှိ၍ စီးဖြန်းသည့်ကာလမိမိရ၍ ပြီးသောဈာန်ကိုဝင်စား၏၊ ထိုဝင်စားသောဈာန်သည် **ပါဒကဈာန်** မည်၏။

**အ**မှတ်မရှိ တပါးပါးသောဈာန်ကိုလက္ခဏာယာဉ် တင်၍သုံးသပ်၏၊ ထိုသုံးသပ်သောဈာန်သည် **သမ္မသိတဈာန်** မည်၏။

ပုဂ္ဂိုလ်၏ အလို သဇ္ဈာသယဖြစ်သော ကုသလစ္ဆန္ဒသည် **ပုဂ္ဂလဇ္ဈာသယ** မည်၏။

+ + +

**၁၅၈–မေး** အဘယ် ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် လောကုတ္တရာစိတ်သည် အကျဉ်း, အကျယ် ဖြစ်ရပါသနည်း။

**ဖြေ—** ဝိပဿနာ နိယာမပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် လောကုတ္တရာ စိတ် အကျဉ်း ဖြစ်ရပါသည်၊ ဈာနနိယာမ ပုဂ္ဂိုလ်တို့၏အစွမ်းအားဖြင့်လောကုတ္တရာစိတ်သည် အကျယ်ဖြစ်ရပါသည်။ + + +

**၁၉၉—မေး** လောကုတ္တရာစိတ်အကျယ် လေးဆယ်ပြားရခြင်းသည် ရုချအားဖြင့် ပြားပါသလော။

**ဖြေ—** ရုချအားဖြင့်ပြားသည်မဟုတ်ပါ ပါဒကဈာန်စသည်နှင့်တူစွာ**သဒိသူပစာရ**အားဖြင့်သါပြားရပါသည်

**၂၀၀—မေး** ပဥ္စလက္ခဏာသဿယကို ဈာန်ဟူ၍ရင်း, ဈာန်မဟုတ် ဟူ၍ ရင်း ဆရာကြီး များ ဝါဒကွဲလျက် ရှိကြရာ ယင်း ဝါဒ နှစ်ပါးနှင့် မဆန့်ကျင်အောင် ဆုံးဖြတ်ချက်ချခဲ့ပါ။

**ဖြေ—** ဥပ္ပန္နံ ပဥ္စလက္ခဏာသဿယောတိ ဥပ္ပန္နော ကတ္တု ကမ္မတာ သင်္ခါတော ကုသလဇ္ဈာနော ဟူသော မဏိမဥ္ဇူနှင့်အညီ ပဥ္စလက္ခဏာသဿယဟူသည် ရုချအားဖြင့် ဆန္ဒစေတသိက်သာ ဖြစ်ပါသည်၊ ဈာန်မဟုတ်ပါ၊ သို့သော်လည်း အကျိုးအာရမ္မဏကဖြစ်သော ဆန္ဒ၏ ပဥ္စလက္ခဏာသဿယဟူသော အမည်ကို အကြောင်းအာရုံ ဖြစ်သော ဈာန်၌ တင်စား၍ **ဖလူပစာရအားဖြင့်** ဈာန်လည်း ပဥ္စလက္ခဏာသဿယ မည်ပါသည်။

ဤသို့ ရုချ ဥပစာ နှစ်မျိုးယူပါက ဆရာနှစ်ပါး အာလိုနှင့် မဆန့်ကျင်ပါ။

၂၀၁ မေး လောကုတ္တရာ စိတ်၌ အဘယ့်ကြောင့် ကြိယာ မရှိပါသနည်း၊

ဖြေ- မဂ်စိတ်တို့ မည်သည် တကြိမ်သာဖြစ်သောကြောင့် ကြိယာမရှိပါ။

\+ \+ \+

၂၀၂-မေး အဘယ့်ကြောင့် မဂ်စိတ် တကြိမ်သာ ဖြစ်ရပါသနည်း။

ဖြေ- မဂ်စိတ်တို့မည်သည် တကြိမ်တည်းဖြင့်သာလျှင် သမုစ္ဆေဒပဟာန်အားဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ပယ်ဖြတ်သဖြင့် နောင်တဖန် ကိလေသာကို ပယ်ဘွယ်ကိစ္စ မရှိသောကြောင့် တကြိမ်သာ ဖြစ်ရပါသည်။

\+ \+ \+

၂၀၃-မေး ဖိုလ်စိတ်သည် မဂ်စိတ်ကဲ့သို့တကြိမ်သာ မဖြစ်မူ၍ အဘယ့်ကြောင့် အကြိမ်များစွာ ဖြစ်ရပါသနည်း။

ဖြေ- နိဗ္ဗာန်ကို အာရုံပြု၍ ဖလသမာပတ်ဖြင့် မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်း အကျိုးငှါ ဖြစ်သောကြောင့် အကြိမ်များစွာ ဖြစ်ရပါသည်။

\+ \+ \+

၂၀၄-မေး ကာမာဝစရ ဝိပါက်တို့ကို ကာမာဝစရကုသိုလ်နှင့်တူစွာ အဘယ့်ကြောင့်မဝေဘန်ပါသနည်း။

ဖြေ- ကာမာဝစရ ကုသိုလ်သည် အကျိုးပေး မမြဲ၊ အမှတ်မရှိသောဘာဝ၌ အကျိုးပေးသောကြောင့် ကာမာဝစရဝိပါက်ကို မိမိ၏ကုသိုလ်နှင့်တူစွာ မဝေဘန်ရပါ။ ။ (အဋ္ဌသာလိနီ)

\+ + +

၂၀၅-မေး: မဟဂ္ဂုတ်, လောကုတ္တရာ ဝိပါက်တို့ကို အဘယ့်ကြောင့် ကုသိုလ်နှင့် အတူ ဝေဘန်ရပါသနည်း။

ဖြေ- မဟဂ္ဂုတ်ကုသိုလ်တို့ကား အနန္တရာယ်မရှိသော ဒုတိယဘာဝ၌ အကျိုးပေးမြဲသောကြောင့် ဆင်စသည်တို့၏အရိပ်သည် ဆင်နှင့်တူသကဲ့သို့ မိမိကုသိုလ်နှင့်တူစွာ ဝေဘန်ရပါသည်၊ လောကုတ္တရာ ကုသိုလ်သည်လည်း မိမိ၏ အခြားမဲ့၌ အကျိုးပေး မြဲသောကြောင့် ဝိပါက်စိတ်ကိုလည်း ကုသိုလ်နှင့်တူစွာဝေဘန်ရပါသည်။ ။(အဋ္ဌသာလိနီ)

\+ + +

၂၀၆-မေး: ဘူမိ ဘေဒစိတ်, ဇာတိ ဘေဒစိတ်, သမ္ပယောဂ ဘေဒစိတ်, သင်္ခါရ ဘေဒစိတ်, ဈာန ဘေဒစိတ်, အာရမ္မဏဘေဒစိတ်, မဂ္ဂ ဘေဒ စိတ်တို့ကို ရသင့်သည် အားလျော်စွာ ဝေဘန်၍ပြခဲ့ပါ။

ဖြေ- (က)ကာမာဝစရစိတ် ဘူမိ, ဇာတိ, သမ္ပယောဂ, သင်္ခါရဘေဒ။

(ခ)ရူပါဝစရစိတ် ဘူမိ, ဇာတိ, ဈာနဘေဒ။

(ဂ)အရူပါဝစရစိတ် ဘူမိ,ဇာတိ,အာရမ္မဏဘေဒ။
(ဃ)လောကုတ္တရာစိတ် ဘူမိ,ဇာတိ, မဂ္ဂဘေဒ။ ။
(မဏိမဉ္ဇူ) + + +

၂၀၇–မေး ဒွါဒသာကုသလာနေဝံ စသောဇာတိဘေဒပြဂါထာ၌'ဆတ္တိံသေဝ'နောင်ရှိသော 'ဧဝ'သဒ္ဒါကိုအဘယ်၌ယှဉ်မည်နည်း။

ဖြေ– ဒွါဒသဧဝ,ဧကဝီသတိဧဝ,ဆတ္တိံသဧဝ, ဝီသတိဧဝဟု လေးပုဒ်လုံးနောင်ယှဉ်ပါသည်။ ။
(ပေါရာဏဋီကာ) + + +

၂၀၈–မေး ကုသိုလ်, ဝိပါက်တို့သည် ထို့ထက်အလွန်ရှိသေးသည် မဟုတ်ပါလော၊ လေးပုဒ်လုံး နောင်ယှဉ်ခြင်းသည် အဘယ်သို့လျှင် သင့်လျော်မည်နည်း။

ဖြေ–လေးပုဒ်လုံး နောင်ယှဉ်သော်လည်း ဧဝသဒ္ဒါချင်းအနက်မတူကြပါ၊ ဒွါဒသ,ဝီသတိနောင်ယှဉ်သော ဧဝသဒ္ဒါကားအယုတ်,အလွန်ကိုကန့်ခြင်း အဝဓာရဏအနက်ကို ဟောပါသည်၊ ဧကဝီသတိ, ဆတ္တိံသနောင်ယှဉ်သော ဧဝသဒ္ဒါကား ကုသိုလ်, ဝိပါက် တို့သည် ထို့ထက်အလွန် ရှိသေး၏ဟု ဖြစ်ခြင်း နိယမအနက်ကို ဟောပါသည်၊ သို့ဖြစ်၍ လေးပုဒ်လုံး နောင်ယှဉ်ခြင်းသည် သင့်လျော်ပါသည်။

အဝဓာရဏံ ပန အညေသမ္ဘိတ ဒဿနတ္ထံ။ ။
(ကနိဋ္ဌီကာကို ထောက်)

၂၀၉–မေး စတုပညာသဓာ ကာမေ စသော ဘူမိ ဘေဒပြ ဂါထာ၌…အနုတ္တရေ ဠိဘာ အနုတ္တရေ တထာဟု ပါဌ်နှစ်ချက် ရှိရာ အဘယ်ပါဌ် မှန်မည်နည်း၊ အကြောင်း သောက်၍ ဆုံးဖြတ်လိုက်ပါ။

ဖြေ– အကယ်၍ ဠိတာဟု ပါဌ်ဟောင်းရှိက ဋီကာဆရာသည် ဤရယေ ဟူသောသမ္ဗန္ဓကြိယာကို မပြရာ၊ ဠိတာပါဌ်မရှိသောကြောင့်သာ ဤရယေနှင့်စပ်၍ ပြသောကြောင့်ရင်း, အနုတ္တရေပနဟု ဋီကာဖွင့်သော ကြောင့်ရင်း အနုတ္တရေတထာသာ ပါဌ်ဟောင်းဖြစ်၍ ပါဌ်မှန်ဖြစ်ပါသည်။

\+ \+ \+

၂၁၀–မေး လောကုတ္တရာစိတ်ကို ဈာန်အင်္ဂါနှင့်ယှဉ် သောကာလ ပဉ္စမဈာန်၊ပ။ စတုတ္ထဈာန် တို့ မှာ သော မ န ဿ, ပဉ္စမ ဈာန် မှာ ဥပေက္ခာဟု သိရပြီ မယှဉ်သည့်ကာလ အဘယ်ဝေဒနာဟု သိရမည်နည်း။

ဖြေ– သောမနဿ သဟဂတံ သောတာပတ္တိ မဂ္ဂစိတ္တံ ဥပေက္ခာ သဟဂတံ သောတာပတ္တိ မဂ္ဂစိတ္တံ-စသည်ဖြင့် အစိတ်ကိုယူခြင်းမရှိရကား ယူအပ်သော အနက်၏ အကြွင်းမရှိသည်၏အဖြစ်ကို သိအပ်သော ကြောင့် ဝေဒနာနှစ်ပါးပင် ယှဉ်သည်ဟု သိရပါသည်။

\+ \+ \+

၂၁၁ မေး။ သတ္တတိံသ ဝိရတိ ပုညံ စသော ဂါထာ၌ အကုသိုလ်စိတ်၊ ကြိယာစိတ်တို့ကိုမပြဘဲ အဘယ့်ကြောင့် ကုသိုလ်၊ ဝိပါက်တို့ကို သာ ပြဆိုရပါသနည်း။

ဖြေ– ပါဒကဈာန်စသည်တို့၏အစွမ်းအားဖြင့် ရေတွက်ခြင်း၏ ပွါးခြင်းသည် ကုသိုလ်၊ ဝိပါက်တို့၌သာ ဖြစ်သင့်သောကြောင့် အကုသိုလ်၊ ကြိယာတို့ကို မပြတော့ဘဲ၊ ကုသိုလ်၊ ဝိပါက်တို့ကိုသာ ပြဆို ရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၂၁၂–မေး။ **မဟဂ္ဂတစိတ်** ဟူသည်အဘယ့်ကြောင့် အဘယ်စိတ်ကို ခေါ်ပါသနည်း။

ဖြေ– ကြီးကျယ်သည်ဖြစ်၍ ဆင်ပြောင်ကြီး နှင့်တူသောကြောင့် မနောဒွါရာဝဇ္ဇန်းစိတ်ကို **မဟဂ္ဂတ စိတ်** ဟု ခေါ်ပါသည်၊ ။အဋ္ဌသာလိနီ။

\+ \+ \+

၂၁၃ မေး။ သဗ္ဗညုတဉာဏ် မဟုတ်ဘဲလျက် သဗ္ဗ ညုတဉာဏ်နှင့် တူသောစိတ်ကား အ ဘယ် စိတ်ပါနည်း။

ဖြေ– အာရုံမပြုနိုင်သော တရားမည်သည်မရှိ၊ သဗ္ဗညုတဉာဏ်ကဲ့သို့ အလုံးစုံကို အာရုံ ပြုနိုင်သော ကြောင့် မနောဒွါရာဝဇ္ဇန်းစိတ်ပင် သဗ္ဗညုတဉာဏ် နှင့် တူသောစိတ် ဖြစ်ပါသည်။ ။အဋ္ဌသာလိနီ။

၂၁၄—မေး။ ပဉ္စမ ဘဝိက ဖြစ်သော ဘုရား အလောင်းဘို့သည် အဘယ်စိတ်ဖြင့် ပဋိသန္ဓေနေပါသနည်း။

ဖြေ— သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက် စိတ်ဖြင့် ပဋိသန္ဓေနေမြဲ ဖြစ်ပါသည်။ ။အဋ္ဌသာလိနီ။

\+ + +

၂၁၅—မေး။ ဓောမဟာတ်ဘဲလျက် ဓောအရာ၌ တည်သော စိတ်ကား အဘယ်၌ ဖြစ်သော အဘယ်စိတ်ပါနည်း။

ဖြေ— ပရိဘ္ဘာဂရုံ ဝိထိ၌ဖြစ်သော ဝုဋ္ဌောစိတ်ဖြစ်ပါသည်။ ။အဋ္ဌသာလိနီ။

\+ + +

၂၁၆ မေး။ စိတ်တရားသည် "ပဏ္ဍရ" ဖြူစင်၏ဟုဟောတော်မူရာအသုံးပုံသောစိတ်သည် မိမိသဘောအားဖြင့် ဖြူစင်ပါသလော။

ဖြေ— ကုသိုလ်စိတ်သာ မိမိ သဘောအားဖြင့် ဖြူစင်ပါသည်၊ အကုသိုလ်စိတ်ကား ဘဝင်၏အကျိုးဆက်ကြောင့်သာ ဖြူစင်ပါသည်၊ ဝိပါက်စိတ်ကား ဖြူကြောင့် ဖြူစင်ပါသည်။ ။အဋ္ဌသာလိနီ။

\+ + +

၂၁၇—မေး။ စိတ်တခု ယုတ်ကိုးဆယ် တို့တွင် ထည့်သော် လည်း မကိုး, နုတ် သော်လည်း

မယုတ်သောစိတ်ကား အဘယ်စိတ် ပါနည်း။

**ဖြေ–** အဘိညာဏ်နှစ်ပါးဖြစ်ပါသည်။

\+ + +

**၂၁၇–မေး** အကြောင်း ဖြစ်သောစိတ်, အကျိုးဖြစ်သောစိတ်, အကြောင်း, အကျိုး မဟုတ်သောစိတ်တို့ကို အသီးအသီးပြပါ။

**ဖြေ–** အကြောင်း ဖြစ်သော စိတ်ကား အကုသိုလ်စိတ် ၁၂ ပါးသည့်, ကုသိုလ်စိတ် ၉ ပါးသည့် ဖြစ်ပါသည်၊ အကျိုးဖြစ်သောစိတ်ကား ဝိပါက်စိတ် ၃၆ ပါး ဖြစ်ပါသည်၊ အကြောင်း, အကျိုး မဟုတ်သော စိတ်ကား ကြိယာစိတ် ၂၀ ဖြစ်ပါသည်။ + + +

**၂၁၉–မေး** မုချ ကာမာဝစရစိတ်,ယေဘုယျ ကာမာဝစရစိတ်များကို ခွဲဝေ၍ပြပါ။

**ဖြေ–** ဒေါသမူနှစ်, ဃာနဝိညာဏ်နှစ်, ဇိဝှါဝိညာဏ်နှစ်,ကာယဝိညာဏ်နှစ်,မဟာဝိပါက်စိတ် ၈ ခု၊ ပေါင်း တဆယ့်ခြောက်ပါးသော စိတ်သည်**မုချကာမာဝစရစိတ်** ဖြစ်ပါသည်၊ ကြွင်းသော ကာမာဝစရစိတ် သုံးဆယ့်၈စ်ပါးသည် **ယေဘုယျကာမာဝစရစိတ်** မည်ပါသည်။ + + +

**၂၂၀–မေး** မုချရူပါဝစရစိတ်,ယေဘုယျရူပါဝစရစိတ်,မုချအရူပါဝစရစိတ်,ယေဘုယျအရူပါဝစရစိတ်တို့ကို အသီးအသီးပြပါ။

ဖြေ— ရူပဝိပါက် ငါးခုသည် မချ ရူပါဝစရ၊ ကြွင်း တဆယ်သည် ယေဘုယျရူပါဝစရ၊ အရူပဝိပါက် လေးခုသည် မချအရူပါဝစရ၊ ကြွင်း ရှစ်ပါးသည် ယေဘုယျအရူပါဝစရစိတ် ဖြစ်ပါသည်။

\+ \+ \+

၂၂၁—မေး ကိစ္စဘေဒစိတ်, ဒွါရဘေဒစိတ်, ဝတ္ထုဘေဒစိတ်, ကိစ္စဒွါရဘေဒစိတ်ရ တို့ကို ဖော်ပြပါ။

ဖြေ— ကိစ္စဘေဒ စိတ်ကား သဗ္ဗဋ္ဌနိုင်းဒွေ, သန္တီရဏသုံးခု, ဟသိတုပ္ပါဒ်စိတ်တို့ဖြစ်ပါသည်၊ ဒွေပဉ္စဝိညာဏ်တဆယ်ကား ဒွါရဘေဒစိတ်လည်းမည်, ဝတ္ထုဘေဒစိတ်လည်းမည်ပါသည်၊ အာဝဇ္ဇန်းဒွေးကား ကိစ္စဒွါရဘေဒစိတ် ဖြစ်ပါသည်။

စိတ်ပိုင်းပြီး၏။

---

## စေတသိက်ပိုင်း

၂၂၂—မေး ဧကုပ္ပါဒ ဆိုက စေတော ယုတ္တာအဖြစ်ပြီးသည်မဟုတ်ပါလော၊ အဘယ်အကျိုးငှါ **ဧကနိရောဓ** သဒ္ဒါကိုဆိုရပါသနည်း။

ဖြေ— သဟဇာတ်ဖြစ်သော ကမ္မဇရုပ်, စိတ္တဇရုပ်တို့ကိုနှစ်စေခြင်းအကျိုးငှါဆိုပါသည်။ ဋီကာကျော်။

\+ \+ \+

၂၂၃—မေး ဧကာလမ္ဗဏသဒ္ဒါကို အဘယ်ကိုနှစ်စေလိုသောကြောင့် ဆိုပါသနည်း။

ဖြေ — ဝိညတ်ခွေး, ရုတ်ဝိတ်၏ အထက်၌ဖြစ်၍ ရုတ်ဝိတ်၏ ဘင်ကွာတာ၌ ချုပ်ကုန်သောရုပ်တို့ကို နစ်စေလိုသောကြောင့် ဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၂၂၄ = မေး ဧကဝတ္ထုကသဒ္ဒါကို အဘယ်ကို ပြလိုသောကြောင့် ဆိုပါသနည်း။

ဖြေ — ရှေးလက္ခဏာသုံးပါးတို့နှင့် ပြည့်စုံကုန်သော စေတသိက်တို့သည် စင်စစ်တူသော မှီရာ ရှိကုန်သည်ဟု ပြလိုသောကြောင့်ဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၂၂၅ = မေး အရူပဘုံ၌ သမ္ပယောဂလက္ခဏာလေးပါးလုံး အကုန် ရပါမည်လော၊ အကြောင်းပြ၍ဖြေဆိုပါ။

ဖြေ — အရူပဘုံ၌ ဝတ္ထုရုပ်၏ မရှိခြင်းကြောင့် သမ္ပယောဂလက္ခဏာလေးပါးလုံး အကုန်မရပါ၊ ရှေးလက္ခဏာ သုံးပါးသာရပါသည်။

\+ \+ \+

၂၂၆ — မေး စေတသိက် လက္ခဏာ လေးပါးတို့၏ အဓိပ္ပါယ်ကို အသီးအသီး ပြဆိုပါ။

ဖြေ — စိတ်ဖြစ်လျှင် စေတသိက်တရားတို့သည် လည်းဖြစ်ကြကုန်၏။ ဤသို့ဖြစ်ခြင်းသည် **ဧကုပ္ပါဒ**၊ စိတ်ချုပ်လျှင် စေတသိက်တို့သည်လည်း ချုပ်ကုန်၏၊ ဤကား **ဧကနိရောဓ** စိတ်သည် ရူပါရုံကို အာရုံပြုလျှင်

စေတသိက်တရားတို့သည်လည်း ရူပါရုံကို အာရုံပြုကြကုန်၏၊ ဤကား **ကောသမ္ဘာ** မိတ်သည် ဟဒယဝတ္ထုကို မှီလျှင် စေတသိက်တရားတို့သည်လည်း ဟဒယဝတ္ထုကို မှီကြကုန်၏၊ ဤကား **ကောဝတ္ထုကာ**။

+ + +

၂၂၇-မေး စေတသိက် ၅၂-ပါးကို အကျဉ်းဆုံးနည်းအားဖြင့် ရေတွက်ပြပါ။

ဖြေ= အညသမာန်း စေတသိက်-၁၃, အကုသိုလ် စေတသိက် ၁၄, သောဘဏစေတသိက်-၂၅၊ ပေါင်း ၅၂ ပါး ဖြစ်ပါသည်။

+ + +

၂၂၈-မေး အညသမာန, အကုသလ, သောဘဏ ရာသီ သုံးပါးတို့တွင် အဘယ်ကြောင့် အညသမာန ရာသီကို ရှေးဦးစွာ ပြဆိုရပါသနည်း။

ဖြေ- အသောဘဏစိတ်, သောဘဏစိတ်တို့နှင့် ဆက်ဆံသောကြောင့် ရှေးဦးစွာဆိုပါသည်။ ။ သခေ်ပ။

+ + +

၂၂၉ မေး အညသမာန်း စေတသိက်တို့တွင် အဘယ့်ကြောင့် သဗ္ဗစိတ္တသာဓါရဏ စေတသိက်ကို ရှေးဦးစွာဆိုပါသနည်း။

ဖြေ- အလုံးစုံသောစိတ်တို့၌ ယှဉ်သည်ဖြစ်၍ အရာကျယ်သောကြောင့် ရှေးဦးစွာ ဆိုပါသည်။ ။ သခေ်ပ။

၂၃၀-မေး။ သင်္ဂဟမ်ိဳ သာခါရကာ စေတသိက်တို့၌ အဘယ်ကိုမှီ၍ ဖဿော,ဝေဒနာစသော အစဉ်ကို ဆိုပါသနည်း။

ဖြေ- ဖဿပဉ္စကရာသိ,ဈာနပဉ္စကရာသိ,ဣန္ဒြိယဠ္ဌကရာသိ,ယေဝါပနကတို့၏အစွမ်းအားဖြင့် ဟောအပ်သောအစဉ်ကိုမှီ၍ ဆိုပါသည်။ ။(သင်္ခေပ)

\+ + +

၂၃၁-မေး။ သင်္ဂဟမ်ိဳသာခါရကာ စေတသိက်တို့တွင် အဘယ် စေတသိက်ကို အဘယ်ရာသိ၌ ဟောပါသနည်း။

ဖြေ- ဖဿ, ဝေဒနာ, သညာ, စေတနာတို့ကို ဖဿပဉ္စက ရာသိ၌ ဟောပါသည် ဧကဂ္ဂတာကို ဈာန ရာသိ၌ ဟောပါသည်၊ ဇီဝိတိန္ဒြေကို ဣန္ဒြိယဠ္ဌက ရာသိ၌ ဟောပါသည် မနသိကာရကို ယေဝါပနက၌ ဟောအပ်ပါသည်။ ။ (သင်္ခေပ) + + +

၂၃၂-မေး။ မြတ် စွာ ဘု ရာ းသည် ဒေ သ နက္ကမ, ဥပ္ပတ္တိက္ကမ နှစ်ပါးတို့တွင် အဘယ်၏အစွမ်းအားဖြင့် ဖဿကိုရှေးဦးစွာဟောပါသနည်း။

ဖြေ- ဒေသနက္ကမ၏ အစွမ်းအားဖြင့် ရှေးဦးစွာ ဟောပါသည်။

\+ + +

၂၃၃-မေး။ ဖဿသည်နာမ်တရားဖြစ်သောကြောင့် အာရုံကို မတွေ့ထိကောင်းသည် ဖြစ်ပါ

လျက် အဘယ်ကြောင့် အာရုံကို တွေ့ ထိခြင်းလက္ခဏာ ရှိသောကြောင့် ဖဿ ဟုဆိုပါသနည်း။

ဖြေ - စင်စစ်အားဖြင့် အာရုံကို မတွေ့ထိတတ်သော်လည်း တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် ဆိုပါသည်။ (အဋ္ဌသာလိနီ) + +

၂၃၄ - မေး ဖဿစသောတရားတို့သည်လည်း အာရုံ၏ အရသာကိုခံစားတတ်ပါလျက် ဝေဒနာကိုသာ အာရုံ၏ အရသာကို ခံစားတတ်၏ ဟု အဘယ့်ကြောင့် ဆိုပါသနည်း။

ဖြေ - ဖဿ စသော တရားတို့သည်ကား တစိတ်တဒေသအားဖြင့်သာခံစားကြသည်၊ ဝေဒနာသည်သာလျှင် စင်စစ် အစိုးရသောအဖြစ်ဖြင့် ခံစားတတ်သောကြောင့် ဆိုပါသည်။ ။ (အဋ္ဌသာလိနီ) + +

၂၃၅ - မေး လောက၌ လူတို့ဝေါဟာရအားဖြင့် စေတနာရှိ၍သူသည်၊ သဒ္ဓါရှိ၍သူသည်ဟု ပြောဆိုလေ့ရှိကြရာစေတနာနှင့် သဒ္ဓါကား တူသလိုလိုရှိ၏၊ အသို့ ထူးပါသနည်း။

ဖြေ - တယောက်သော သူသည် တယောက်သောသူအား ဝတ်စေချင်, စားစေချင်ခြင်းသည်ကား **စေတနာ**၊ တယောက်သော သူသည် တယောက်သော

သူ့အား ပေးကမ်း လှူဒါန်းသည့်ရှိသော် နောင်ဘဝ၌ စည်းစိမ်ချမ်းသာကို မရချမသွေ့ရပေလတ္တံ့ဟု ယုံကြည်ခြင်းသည် **သဒ္ဓါ**၏ဤကဲ့သို့ထူးပါသည်။

\+ + +

၂၃၆—မေး။ မနသိကာရ၏ အပြားကိုပြ၍ ယင်းတို့၏ အရ တ ရား ကိုယ် ကို အသီး အသီး ဖော်ပြခဲ့ပါ။

ဖြေ— **မနသိကာရအပြား၊ ၊တရားကိုယ်၊**

အာရမ္မဏ ပဋိပါဒက မနသိကာရ—မနသိကာရ စေတသိက်။

ဝီထိပဋိပါဒက မနသိကာရ—ပဉ္စဒွါရာဝဇ္ဇန်း။

ဇဝနပဋိပါဒကမနသိကာရ—မနောဒွါရာဝဇ္ဇန်း။

\+ + +

၂၃၇ မေး။ မနသိကာရ သုံးပါးတို့၏ အဓိပ္ပါယ်ကို အသီးအသီးဖော်ပြပါ။

ဖြေ - အာရုံကိုမိရင်တတ်သည်ဖြစ်၍သမ္ပယုတ် တရားတို့ကို အာရုံသို့ ရှေးရှု နှင်တတ်သောကြောင့် **အာရမ္မဏပဋိပါဒက မနသိကာရ** မည်၏။

ရှေးဘဝင်စိတ်မှ မတူသော ဝီထိစိတ်အစဉ်ကို ပြုတတ်သောကြောင့် **ဝီထိပဋိပါဒက-မနသိကာရ** မည်၏။

ရှေးဘဝင်စိတ်မှ မတူသော ဇောစိတ်အစဉ်ကို ပြုတတ်သောကြောင့် **ဇဝနပဋိပါဒက-မနသိကာရ**မည်၏။

\+ + +

၂၃၈-မေး နောက်နှစ်ပါး၏မနသိကာရမည့်ဟန်ကို ဝစနတ္ထပြု၍ အနက်ယောဇနာလိုက်ပါ။

ဖြေ- ပုရိမ မနတော ဝိသဒိသံ မနံ ကရောတိ တိ မနသိကာရော။ ။(အဋ္ဌသာလိနီ)

ယောဇနာကား ... ပုရိမ မနတော-ရှေ့ဖြစ်သော ဘဝင်စိတ်မှ၊ဝိသဒိသံ-မတူသော၊မနံ-ဝီထိစိတ်,ဇောစိတ်ကို၊ကရောတိ-ပြုတတ်၏၊ ဣတိ-သို့ကြောင့်၊ မနသိကာရော-မနသိကာရ မည်၏။ + + +

၂၃၉-မေး ပီတိ၏အပြားကိုပြ၍ယင်းတို့၏အဓိပ္ပါယ်ကို အသီးအသီးဖော်ပြပါ။

ဖြေ- ခုဒ္ဒကာပီတိ,ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိ ပေါင်း ငါးပါး။

**အဓိပ္ပါယ်ကား** ......ကိုယ်၌ ကြက်သီးမွေးညှင်း ထကာမျှဖြစ်သောပီတိသည် ခုဒ္ဒကာပီတိမည်၏။ခဏတိုင်း,ခဏတိုင်း လျှပ်စစ်ပြက်သကဲ့သို့ ဖြစ်သောပီတိသည် ခဏိကာပီတိမည်၏။ ကိုယ်ကို သက်၍ သက်၍ ဖြက်သောပီတိသည် ဩက္ကန္တိကာပီတိမည်၏။ အားကြီးသည်ဖြစ်၍ ကိုယ်ကို ကောင်းကင်သို့ ပျံတက်စေနိုင်သော ပီတိသည်ဥဗ္ဗေဂါပီတိမည်၏။ပျံ့နှံ့၍တည်သောစည်ပေါင်းအိမ်ကဲ့သို့ အလုံးစုံသောကိုယ်ကို ပျံ့နှံ့၍တည်သော ပီတိသည် ဖရဏာပီတိမည်၏။ + + +

၂၄၀-မေး ဥဗ္ဗေဂါပီတိသည်ကောင်းကင်သို့ပျံတက်စေနိုင်သော အာနုဘော်ရှိသော ကြောင့်

ဖရဏာပီတိထက် မြတ်ပါသလော၊ အကြောင်းပြ၍ ဖြေဆိုပါ။

**ဖြေ—** ဥဗ္ဗေဂါပီတိထက် ဖရဏာပီတိက မတုန်လှုပ်သောကြောင့်ရင်း, ကြာမြင့်စွာတည်သောကြောင့်ရင်း ဖရဏာပီတိကမြတ်ပါသည်။

ဥဗ္ဗေဂါတော ဖရဏာနိစ္စလတ္တာစ။
စိရဋ္ဌိတိကတ္တာစ ပဏီတ တရာ။ ။(မူလဋီကာ)

\+ \+ \+

**၂၄၁-မေး** အညသမာနကို ဝစနတ္ထပြု၍ အဓိပ္ပါယ်ဖော်ပြပါ။

**ဖြေ—** အညေစ အညေစ အညေ၊ အညေသံသမာနာ အညသမာနာ။ (ဝစနတ္ထ)

**အဓိပ္ပါယ်ကား** ......သောဘဏစိတ်မှတပါး အသောဘဏစိတ်၊အသောဘဏစိတ်မှတပါး သောဘဏစိတ်တို့နှင့် တူသောကြောင့်, ဝါ-ဆက်ဆံသောကြောင့် အညသမာန်း မည်ပါသည်။

\+ \+ \+

**၂၄၂—မေး** အညသမာန၌ အည၏ အပေါဒါန်ကား အဘယ်နည်း။

**ဖြေ—** အည၏ အပေါဒါန်ကား မမြဲပါ၊ အသောဘဏစိတ်၌ ယှဉ်ခိုက် သောဘဏစိတ်သည် အည၏အပေါဒါန် ဖြစ်ပါသည်၊ သောဘဏစိတ်၌ ယှဉ်ခိုက် အသောဘဏစိတ်သည် အည၏အပေါဒါန်ဖြစ်ပါသည်။

၂၄၃=မေး ဒိဋ္ဌိ,သုခ နှစ်ပါးတို့၏ ထူးခြားဟန်ကို ထင်ရှားအောင် ပုံဆောင်၍ ဖြေဆိုပါ။

ဖြေ— အလွန်ခရီးပန်း၍ ရေငတ်သောသူအား ရှေးဦးစွာ ရေကိုတွေ့မြင်ရ၍ နှစ်သက်ခြင်းသည် ဒိဋ္ဌိ၊ တွေ့မြင်အပ်ပြီးသောရေကို သောက်ခြင်း, ချိုးခြင်း စသည်ဖြင့် ဝမ်းမြောက်စွာ ရေ၏အရသာကို ခံစားခြင်းသည် သုခ ဖြစ်ပါသည်။ ။ အဋ္ဌသာလိနီ။

\+ \+ \+

၂၄၄–မေး အကုသိုလ်စေတသိက် တဆယ့်လေးခုတို့၌ သဗ္ဗာကုသလသာဓာရဏ, လောဘမူလသာဓာရဏ, ဒေါသမူလ သာဓာရဏ, ဥဘယသာဓာရဏ, မောဟမူလသာဓာရဏ စေတသိက် ငါးမျိုးကို ဝေဘန်ပြပါ။

| | သဓာရဏအမည် | စေတသိက်အမည် |
|---|---|---|
| ဖြေ– | သဗ္ဗာကုသလသာဓာရဏ | –မောစတုက်လေးခု၊ |
| | လောဘ မူလသာဓာရဏ | - လောဘ, ဒိဋ္ဌိ,မာန၊ |
| | ဒေါသမူလ သာဓာရဏ | – ဒေါစတုက်လေးခု၊ |
| | ဥဘယသာဓာရဏ | –ထိန,မိဒ္ဓ။ |
| | မောဟမူလသာဓာရဏ | –ဝိစိကိစ္ဆာ။ |

\+ \+ \+

၂၄၅ မေး လောဘနှင့်ဆန္ဒ အဘယ်သို့ထူးကြပါသနည်း၊

**ဖြေ**— အာရုံကို အလိုရှိကာမျှသည်ဆန္ဒ၊ အာရုံ၌အလွန်တပ်မက်မောသောအားဖြင့် အလိုရှိခြင်းသည် လောဘ၊ ဤသို့ ထူးပါသည်။

\+ \+ \+

၂၄၆—**မေး** တဏှာကို နန္ဒီဟူ၍၎င်း, နန္ဒီရာဂဟူ၍၎င်း ဟောတော်မူရာ နန္ဒိနှင့်နန္ဒိရာဂ အဘယ်သို့ ထူးကြပါသနည်း။

**ဖြေ**— တခုသောအာရုံ၌ တကြိမ်ဖြစ်သော တဏှာသည် နန္ဒိမည်၏၊ တခုသောအာရုံ၌ အဖန်တလဲလဲ ဖြစ်သောတဏှာသည် နန္ဒိရာဂမည်၏။ ။အဋ္ဌသာလိနီ

\+ \+ \+

၂၄၇—**မေး** ဒွိဠ္ဌ ခြောက်ဆယ့်နှစ်ပါးရှိရာ ခြောက်ဆယ့် နှစ်ပါးလုံးပင် ကမ္မပထမြောက် ပါသလော။

**ဖြေ**— မမြောက်ပါ၊ **နတ္ထိကဒိဋ္ဌိ, အကြိယဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ** ယင်းသုံးပါးသာ ကမ္မပထ မြောက်ပါသည်။ ။(အဋ္ဌသာလိနီ)

\+ \+ \+

၂၄၈—**မေး** ဒိဋ္ဌိ သုံးပါး တို့တွင် အဘယ် ဒိဋ္ဌိသည် အဘယ်ကို မြစ်ပါသနည်း။

**ဖြေ**— နတ္ထိကဒိဋ္ဌိသည် အကျိုးကိုမြစ်ပါသည်၊ အကြိယဒိဋ္ဌိသည် ကံကိုမြစ်ပါသည်၊ အဟေတုကဒိဋ္ဌိ သည် နှစ်ပါးစုံကိုမြစ်ပါသည်။

ဥဆောင်ပုဒ်—နတ်,ကျိုး၊အ,ကံ၊ဟေ,နှစ်တန်၊မြစ်ရှန် နိယတ။

၂၄၉-မေး သစ်ငုတ်ကို တိုက်မိ၍ သစ်ငုတ်ကို အမျက်ထွက်၏၊ မိုးရွာလွန်း၍ မိုးကိုအမျက်ထွက်၏၊ ဤသို့ အရာ မဟုတ်သည်၌ အမျက်ထွက်သော **အဋ္ဌာနကောပ** သည် ကမ္မပထမြောက်, မမြောက် အကြောင်း ပြ၍ ဆုံးဖြတ်ပါ။

ဖြေ- သဒ္ဓါရတရားတို့၌ အမျက် ထွက်သောကြောင့် ကမ္မပထမမြောက်ပါ၊ သတ္တဝါတို့၌ အမျက်ထွက်မှသာ ကမ္မပထမြောက်သည်။

အဋ္ဌာန ဃာတောပန သင်္ခါရေသု၊
ဥပ္ပန္နော ကမ္မပထဘေဒံ နကရောတိ။ ။အဋ္ဌသာလိနီ။

\+ \+ \+

၂၅၀-မေး ကောဓနှင့် ဥပနာဟအထူးကိုပြပါ။

ဖြေ- တခုသောအာရုံ၌ တကြိမ်သာဖြစ်သော အမျက်သည်'ကောဓ'၊ အဖန်တလဲလဲဖြစ်သော အမျက်သည် 'ဥပနာဟ'။ ။ဘေရသကထာ။

\+ \+ \+

၂၅၁-မေး ဣဿာနှင့် မစ္ဆရိယကား အဘယ်သို့ ထူးပါသနည်း။

ဖြေ- ဣဿာကား ဗဟိဒ္ဓကိုအာရုံပြု၏၊ မစ္ဆရိယကား အဇ္ဈတ္တကို အာရုံပြု၏၊ ဤသို့ထူးပါသည်။

\+ \+ \+

၂၅၂-မေး အဘယ် ကြောင့် ကုက္ကုစ္စ မည်သနည်း၊ ဝစနတ္ထပြု၍ အရကောက်ပြခဲ့ပါ။

**ဖြေ-** ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့၌ အဖန်တလဲလဲစိုးရိမ်ခြင်းလက္ခဏာ ရှိသောကြောင့် ကုက္ကုစ္စမည်ပါသည်။

\+ \+ \+

ဝစနတ္ထ ...... ကုစ္ဆိတံကတံ ကုကတံ၊ ကုကတဿဘာဝေါ ကုက္ကုစ္စံ၊ ကုကတ အရကား... ပြုအပ်ပြီးသောဒုစရိုက်,မပြုလိုက်မိသောသုစရိုက်တို့ကို မှတ်ရ၏။ဒေါသမူစိတ္တုပ္ပါဒ်ကို **ကာရဏူပစာရ** အားဖြင့်ရ၏၊ကုက္ကုစ္စအရကား..... ကုက္ကုစ္စစေတသိက်ကိုရ၏။

**၂၅၃-မေး** ပြုအပ်ပြီးသော ဒုစရိုက်, မပြုအပ်သေးသော ဒုစရိုက်တို့ကို အာရုံပြု၍ စိုးရိမ်ခြင်းသည်လည်း ကုက္ကုစ္စမည်၏ဟု ယူကြသော အချို့ဆရာကြီးများ၏ အယူပါဒသည် သင့်မသင့် ဆုံးဖြတ်ခဲ့ပါ။

**ဖြေ-** မသင့်ပါ၊ အကြောင်းကား ..... အင်္ဂုတ္တိုရ်အဋ္ဌကထာ၌..... ကုက္ကုစ္စံနာမ အကတကလျာဏဿ ကတပါပဿ တပ္ပနဝသေန ပစ္ဆာနုတာပေါ-ဟုမိန့်ဆိုသောကြောင့်ရင်း,အဘိဓမ္မာဝတာရ၌လည်း ကတဿ ဒုစ္စရိတဿ ဒုစ္စရိတသဒ္ဒါနှင့်, အကတဿ သုစရိတသဒ္ဒါနှင့်စပ်၍ ဖွင့်သောကြောင့်ရင်း မသင့်ပါ။

\+ \+ \+

**၂၅၄-မေး** ပြုအပ်ပြီးသောဒုစရိုက်, မပြုအပ်သေးသောဒုစရိုက်တို့ကိုအာရုံပြု၍ စိုးရိမ်ရာ၌

ကုသိုလ် မဖြစ်ပါက အဘယ်အကုသိုလ်
ဖြစ်သည်ဟု မှတ်ရမည်နည်း။

ဖြေ- လောဘဖြစ်ပါသည်၊ တရားကိုယ်အားဖြင့် ဒေါမနဿဝေဒနာ ဟု မှတ်ရမည်။

ဥာဘိဇ္ဈာသနာဒိဒိသယံ ကေဝလံစိတ္တသန္တာပဘူ
တံ အနုသောစနံသောကော။ ။မဟာဋီကာ။

\+ \+ \+

၂၅၅-မေး ဤအဘိဓမ္မာ၌လာသော ကုသိုလ်,ဟဿ
ကုသိုလ်ကံဝိကုသိုလ် ...စသည်ဖြင့်မဟာ
နိဒ္ဒေသပါဠိတော်၌ လာသော ကုသိုလ်,
ဘိက္ခု ကုသလ္လာယန္တာ နဂဏ္ဍိ သု ......
စသည်ဖြင့် ဝိနည်း၌လာသော ကုသိုလ်
တို့၏ အသုံးကိုဖော်ပြပါ။

ဖြေ= အဘိဓမ္မာ၌လာသောကုသိုလ်ကားပြုအပ်ပြီးသော ဒုစရိုက်,မပြုအပ်သေးသောသုစရိုက်တို့၌ ပိုးရိမ်ခြင်းလက္ခဏာရှိသော အကုသိုလ်ကုသိုလ် စေတသိက်ဖြစ်ပါသည်၊ မဟာနိဒ္ဒေသ၌ လာသော ကုသိုလ်ကား လက်,ခြေကို မစောင့်စည်း၊လက်,ခြေဆော့ခြင်းတည်ဟူသော **အသံယမကုသိုလ်** ဖြစ်ပါသည်။

ဝိနည်း၌လာသောကုသိုလ်ကား အပ်သလော,မအပ်သလောဟုယုံမှားသောအခြင်းအရာအားဖြင့်ဖြစ်သော **ကုသိုလ်စိတ္တုပ္ပါဒ်** ဟု ဆိုအပ်သော **ဝိနယသံသယကုသိုလ်** ဖြစ်ပါသည်။ ပရမတ္ထဒီပနီ။

၂၅၆-မေး ထိန, မိဒ္ဓ စေတသိက်နှစ်ပါးသည် အဘယ်အခါကာလမျိုး၌ အများဆုံး ဖြစ်ပါသနည်း။

ဖြေ- အိပ်ခြင်း၏ ရှေ့အတွက်, နောက်အတွက်ဖြစ်သော ကာလတို့၌ အများဆုံးဖြစ်ပါသည်။

ယံ ယောဘုယျေန သေက္ခပုထုဇ္ဇနာနံ နိဒ္ဒါယ၊
ပုဗ္ဗာဘာဂေ အပရာဘာဂေသု ဥပ္ပဇ္ဇတိ။ (အဋ္ဌသာလိနီ)

\+ \+ \+

၂၅၇-မေး ဘုရားရဟန္တာတို့ကားစိတ်၏မခံ့ခြင်း, ကိုယ်၏ မခံ့ခြင်းထိန, မိဒ္ဓ မရှိသောကြောင့် မအိပ်ဟူ၍ မှတ်ရမည်လော။

ဖြေ- ထိန,မိဒ္ဓပင်မရှိသော်လည်း၊ကရဇ ကာယ၏အားနည်းသောကြောင့် ဝီထိစိတ်တပါးနှင့် မရောမယှက် ဘဝင်သို့သက်သဖြင့် အိပ်ခြင်းရှိပါသည်။ ။ အဋ္ဌသာလိနီ။

\+ \+ \+

၂၅၈-မေး စိတ်မှာ အကုသိုလ်စိတ်,အဟိတ်စိတ်ဟူ၍ ရှိသကဲ့သို့ စေတသိက်မှာလည်း အဟိတ်စေတသိက်ဟု ရှိသင့်, မရှိသင့် အကြောင်းပြ၍ ဖြေပါ။

ဖြေ- အဟိတ်မည်သော စေတသိက်သီးခြားမရှိသောကြောင့် အဟိတ်စေတသိက်ဟူ၍မရှိသင့်ပါ။

အဟေတုကာ ပန အာဝေဏိကာ ဓမ္မာ နတ္ထိတိ နဝုတ္တာ ဝိသုံဝုတ္တာ။
(ဋီကာကျော်)

၂၅၉-မေး အဘယ်အရာမျိုး၌ ယုံကြည် ခြင်းသည် သဒ္ဓါမည်ပါသနည်း။

ဖြေ- ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး,ကံ,ကံ၏ အကျိုးယင်းငါးပါးတို့၌ ယုံကြည်ခြင်းသည် သဒ္ဓါမည်ပါသည်။

\+ + +

၂၆၀-မေး တိတ္ထိတို့သည် မိမိတို့၏ ဆရာဖြစ်သော ပူရဏကဿပ စသည်တို့၌ယုံကြည်ခြင်းသည် သဒ္ဓါစေတသိက်မဟုတ်ပါလော။ သို့မဟုတ် အဘယ်တရားပါနည်း။

ဖြေ- သဒ္ဓါမဟုတ်ပါ၊ ရှုးစမ်း ဆင်ခြင် ခြင်းမှ ကင်းသော ဒိဋ္ဌိ တနည်း မောဟ ဖြစ်ပါသည်။

\+ + +

၂၆၁-မေး လောက၌လူတို့ဝေါဟာရအားဖြင့်ပြော ဆိုကြသောစကားကိုယုံကြည်ခြင်းသည် အဘယ်တရားပါနည်း၊

ဖြေ- အဓိမောက္ခစေတသိက်ဖြစ်ပါသည်။

\+ + +

၂၆၂-မေး တိတ္ထိတို့သည်မိမိတို့၏ပြုအပ်သောအမှုကို အောက်မေ့ခြင်းသည် သတိ စေတသိက် ဟုတ်ပါမည်လော။

ဖြေ- မဟုတ်ပါ၊ အောက်မေ့သော အခြင်းအရာအားဖြင့်ဖြစ်သောအကုသိုလ်တရားဖြစ်ပါသည်။ ၊ အဋ္ဌသာလိနီ။

\+ + +

၂၆၃-မေး တခါသိဘူးသောအရာကို မည်သည့်အခါမှ မမေ့မပျောက်သောသူအား သတိကောင်းသည်ဟူ၍၎င်း, သညာကောင်းသည် ဟူ၍၎င်း ပြောဆိုလျက် ရှိကြရာ အဘယ်စကားကို အမှန် ယူရမည်နည်း အကြောင်းပြ၍ ဖြေပါ။

ဖြေ- သညာသည် နောင်တဖန်သိခြင်း၏ အကြောင်းဖြစ်စေရန် အမှတ်အသားကို မြဲစွာယူ၍ မမေ့ပျောက်ခြင်း အကြောင်းဖြစ်သောကြောင့်၎င်း, သတိသည် သညာကို မှီ၍တတ်သောလက္ခဏာရှိ၏ဟု သစ္စသံခိပ်၌ဆိုသောကြောင့်၎င်းသညာကောင်းသည်ဆိုသော စကားသာ မှန်ပါသည်။

\+ + +

၂၆၄-မေး မိစ္ဆာသတိဟူ၍ ဘုရားဟောသည် မဟုတ်ပါလော၊ အသို့မှတ်ရမည်နည်း။

ဖြေ- မိစ္ဆာသတိဟူ၍ ဟောသော ဒေသနာသည် **ပရိယာယ** ဒေသနာဖြစ်ပါသည်၊ စင်စစ်အားဖြင့် မိစ္ဆာသတိဟူသည် သတိစေတသိက် မဟုတ်ပါ၊ အကုသိုလ်တရားပင် ဖြစ်ပါသည်။ ။အဋ္ဌသာလိနီ။

\+ + +

၂၆၅-မေး ကာယပဿဒ္ဓိစသည်၌ ကာယ ဟူသည် ကား အဘယ်နည်း။

ဖြေ- ဒေဝနာစသောခန္ဓာသုံးပါးဖြစ်ပါသည်။

\+ + +

၂၆၆–မေး။ ကာယပဿဒ္ဓိစသည်တို့၌ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိစသည်ဖြင့်နှစ်ပါး,နှစ်ပါးစီ ဆို၍ သမာဓိ စသည် တို့ကို အဘယ့် ကြောင့် နှစ်ပါး,နှစ်ပါးမဆိုပါသနည်း။

ဖြေ– နှစ်ပါး,နှစ်ပါးသောတရားတို့သည်သာလျှင် တပေါင်းတည်းဖြစ်၍ မိမိ, မိမိ၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့ကို ပယ်နိုင် ကုန်သောကြောင့်နှစ်ပါး,နှစ်ပါးဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၂၆၇–မေး။ ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ နှစ်ပါးတို့၏ ဆန့်ကျင်ဘက် တရားတို့ကား အဘယ်နည်း။

ဖြေ– ဥဒ္ဓစ္စ ပြဓာန်းသော ကိလေသာ ဖြစ်ပါသည်။

\+ \+ \+

၂၆၈ မေး။ လဟုတာ စေတသိက်နှစ်ပါးတို့၏ ဆန့်ကျင်ဘက်တရားကား အဘယ်နည်း။

ဖြေ– ထိန,မိဒ္ဓပြဓာန်းသော ကိလေသာဖြစ်ပါသည်။

\+ \+ \+

၂၆၉–မေး။ မုဒုတာ စေတသိက် နှစ်ပါးတို့၏ ဆန့်ကျင်ဘက်ကား အဘယ်နည်း။

ဖြေ– ဒိဋ္ဌိ, မာနပြဓာန်းသော ကိလေသာ ဖြစ်ပါသည်။

\+ \+ \+

၂၇၀—မေး။ ကမ္မညတာစေတသိက်နှစ်ပါးတို့၏ ဆန့်ကျင်ဘက်ကား အဘယ်နည်း။
ဖြေ— ထြွင်းသော ကိလေသာ ၆ ပါး ဖြစ်ပါသည်။

\+ + +

၂၇၁—မေး။ ပါဂုညတာစေတသိက်နှစ်ပါးတို့၏ ဆန့်ကျင်ဘက်ကား အဘယ်နည်း။
ဖြေ— အသဒ္ဓိယစသော ကိလေသာတို့ဖြစ်ပါသည်။

\+ + +

၂၇၂-မေး။ ကာယုဇုကတာ, စိတ္တုဇုကတာနှစ်ပါးတို့၏ ဆန့်ကျင်ဘက်ကားအဘယ်နည်း။
ဖြေ— မာယာ,သာဠေယျစသောကိလေသာတို့ဖြစ်ပါသည်။ ။(အဋ္ဌသာလိနီ) + + +

၂၇၃-မေး။ မာယာ,သာဠေယျတို့၏အထူးကိုပြဆို၍ ယင်းတို့၏တရားကိုယ်ကို ကောက်ပြပါ။
ဖြေ— မိမိ၌ ထင်ရှားရှိသောအပြစ်ကို ဖုံးလွှမ်းခြင်းသည် မာယာ, မိမိ၌ မရှိသောကျေးဇူးဂုဏ်ကို ချီးမွမ်းပြောဆိုခြင်းသည် သာဌေယျ၊ အရကား—ဝံ့အခြင်းအရာအားဖြင့်ဖြစ်သော အကုသိုလ်နာမက္ခန္ဓာ တရားကိုရ၏။ + + +

၂၇၄-မေး။ အဘယ်သို့ ကောက်ခြင်းသည် ကိုယ်စိတ်တို့၏ကောက်သည်မည်ပါသနည်း။

လောကဝ္ဂ တယောက် နှင့် တယောက် စိတ်ကောက်၍ မခေါ်မပြော နေခြင်းကို မှတ်ရမည်လော။

**ဖြေ—** မမှတ်ရပါ၊ မိမိ၌ရှိသော အပြစ်ကို ဖုံးလွှမ်းခြင်း ထင်ရှားမရှိသောကျေးဇူးကိုမဟုတ်,မဟုတ်ထုတ်ဖော်ပြောဆိုခြင်း,မကောင်းမှုကိုပြုစဉ်ကာလ၌ပင်လျှင် ငါသည် မကောင်းမှု မှ ကြောက်တတ်၏ စသည်ဖြင့် ပြောဆိုခြင်းစသည်တို့ သည်သာလျှင် ကိုယ်, စိတ်တို့၏ကောက်သည် မည်ပါသည်။

\+ \+ \+

**၂၇၅-မေး** ကိုယ်, စိတ်တို့၏ ကောက်ခြင်းအပြား ဘယ်နှစ်ပါးရှိပါသနည်း အခင်းပုဂ္ဂိုလ်နှင့် တကွ ဖော်ပြပါ။

**ဖြေ—** မကောင်းမှုကို ပြုစဉ်၌ပင်လျှင် ငါသည် မကောင်းမှုမှ ကြောက်တတ်၏ဟု ဆိုခြင်းသည် များသောအားဖြင့် ကောက်သည်မည်သောကြောင့်**စန္ဒလေခဝတ်**'လ'ရေးကောက်ကဲ့သို့ ကောက်ခြင်းတပါး,

မကောင်းမှုကိုပြုစဉ်၌ပင်အဘယ်သူသည်မကောင်းမှုမှ မကြောက်ဘဲရှိအံ့နည်းဟု ဆိုခြင်းသည် မကောက်လွန်းသောကြောင့်**နင်္ဂလကုဋိုဿဝတ်**'ထွန်ကိုင်း'ကောက်ကဲ့သို့ ကောက်ခြင်းတပါး။,

ကိုယ် နှုတ်,နှလုံးသုံးပါးသုံးမစင်ကြယ်ခြင်းသည်အလွန် ကောက်သောကြောင့် **ဂေါမုတ္တဝင်** 'နွားသေး'

ကောက်ကဲ့သို့ ကောက်ခြင်းတပါး ပေါင်း သုံးပါးရှိပါသည်။ ။(အဋ္ဌသာလိနီ)။

\+ + +

၂၇၆-မေး အကျိုးရှိသောစကားကို ပြောဆိုခြင်း, အလှူ,အသုဘစသောအခါမ်တို့၌ သင့်ိုယ်စကားစသည်ကို ပြောဆိုခြင်း တို့သည် **သမ္မာဝါစာဝိရတီ** ဖြစ်,မဖြစ် အကြောင်းထောက်ချင့်၍ ဆုံးဖြတ်လိုက်ပါ။

**ဖြေ**- မဖြစ်ပါ၊ အကြောင်းကား...ဝိရတီ ဟူသည် ဒုစရိုက်တို့မှ ရှောင်ကြဉ်မှ သာလျှင် ဝိရတီဖြစ်သည်၊ဤကား ရှောင်ကြဉ်သည်မဟုတ်၊အကျိုးရှိသောစကားကိုသာ ပြောဆိုသည်ဖြစ်သောကြောင့် **သမ္မာဝါစာ ဝိရတီ** မဖြစ် **သုဘာသိတဝါစာ** ဖြစ်သည်၊ ထိုသုဘာသိတဝါစာသည် တရားကိုယ်အားဖြင့် စေတနာ ဖြစ်သည်။

\+ + +

၂၇၇ မေး အသက်မွေးခြင်းကိုမငဲ့ကွက်သက်သက်မဲ့ပြုလုပ်အပ်သော အပြစ်မရှိသောအမှု, ကုသိုလ်ကိုလိုလား၍ ကျောင်း ဘုရားစသည်၌ မြက်သုတ်သင်ခြင်း, တံမြက်လှည်းခြင်း စသည်တို့ကို ပြုခြင်းသည် **သမ္မာကမ္မန္တဝိရတီ**ဖြစ်,မဖြစ်ဆုံးဖြတ်ပါ။

**ဖြေ**- မဖြစ်ပါ၊ **ကြိယာကမ္မန္တ, စေတနာကမ္မန္တ** သာဖြစ်သည်။ ။ပရမတ္ထဒီပနီ။

၂၇၈ **မေး** ပကတိအားဖြင့် အသက် မွေးခြင်း၏ အကြောင်းဖြစ်ကုန်သော ကောင်းသော ကုန်သွယ်ခြင်း,ကောင်းသော လယ်လုပ်ခြင်းစသောအမှုတို့ကိုပြုလုပ်၍ အသက် မွေးသော သူသည် **သမ္မာအာဇီဝဝိရတီ** ဖြစ်,မဖြစ် ဆုံးဖြတ်ပါ။

**ဖြေ-** မဖြစ်ပါ၊ **ဝီရိယ သမ္မာအာဇီဝ** ဖြစ်ပါသည်။ ။ပရမတ္ထဒီပနီ။

\+ + +

၂၇၉-**မေး** အဘယ့်ကြောင့်ဝိရတီမည်ပါသနည်း။ ဝစနတ္ထကိုလည်း ပြ၍ပြပါ။

**ဖြေ-** ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ကြောင်း ဖြစ်သောကြောင့် **ဝိရတီ** မည်ပါသည်၊ တနည်း...ဒုစရိုက်တို့မှရှောင်ကြဉ်ခြင်းသည်**ဝိရတီ** မည်ပါသည်၊ဝစနတ္ထကား...ဝိရမဏာနိ ဝေါယာတိဝိရတိ၊ ဝိရမဏံဝါဝိရတိ။

\+ + +

၂၈၀-**မေး** ဝိရတီတို့၏အပြားကိုအဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

**ဖြေ-** သိက္ခာပုဒ်ကို မဆောက်တည် မူ၍ငင်း, ဆောက်တည်သော်သည်းသိက္ခာပုဒ်ကိုမငဲ့မူ၍ငင်း, အရှက်အကြောက်ကိုငဲ့သည်၏အစွမ်းအားဖြင့်ရောက်လာသော ဒုစရိုက်မှုကို ရှောင်ကြဉ်ခြင်း ဟု ဆိုအပ်သော

**သဗ္ဗညုတဝိရတီ,**

ဆောက်တည်အပ်သော သိက္ခာပုဒ်ကို ငဲ့သည်၏အစွမ်းအားဖြင့် ဒုစရိုက်မှ ရှောင်ကြဉ်ခြင်းဟု ဆိုအပ်သော **သမာဒါနဝိရတီ,**

မဂ်ခဏ၌ သမုစ္ဆေဒပဟာန်အားဖြင့် ဒုစရိုက်တို့ကို တချက်တည်းဖြတ်တောက်၍ ရှောင်ကြဉ်ခြင်းဟု ဆိုအပ်သော **သမုစ္ဆေဒဝိရတီ**၊ပေါင်း ၃-ပါး၌ပါသည်။ ။ အဘိဓာလိနီ။ + + +

၂၀၁-မေး: ဝိရတီတို့သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့တွင်အဘယ်ကာလ၌ဖြစ်သော ဒုစရိုက်တို့ကို အာရုံပြု၍ကြဉ်ပါသနည်း။

ဖြေ- ပစ္စုပ္ပန်, အနာဂတ်ဖြစ်သောဒုစရိုက် တို့ကို အာရုံပြု၍ ကြဉ်ပါသည်။

+ + +

၂၀၂-မေး: လောကီဝိရတီ,လောကုတ္တရာ ဝိရတီတို့သည်အဘယ်ကိုအာရုံပြု၍အဘယ်တို့ကို ကြဉ်ရှောင်ပါသနည်း၊အသိး,အသိးဖြေပါ။

ဖြေ- လောကီဝိရတီတို့သည် ဇီဝိတိန္ဒြေ,သတ္တဝါ,သင်္ခါရတို့ကို အာရုံပြု၍ ဝစီဒုစရိုက်,ကာယဒုစရိုက်တို့ကို ကြဉ်ရှောင်ပါသည်။

လောကုတ္တရာဝိရတီတို့သည်နိဗ္ဗာန်ကိုအာရုံပြု၍ ထိုဒုစရိုက်တို့ကိုပင်ကြဉ်ရှောင်ပါသည်။ ။ပရမတ္ထဒီပနီ။

+ + +

၂၀၃—မေး။ ဒုစရိုက်နှင့် ဒုရာစာရိ အဘယ်သို့ ထူးကြပါသနည်း။

ဖြေ— အသက်မွေးကြောင်း မဟုတ်သော ပါဏာတိပါတ စသည်တို့သည် **ဒုစရိုက်,** အသက်မွေးကြောင်းဖြစ်သော ပါဏာတိပါတ စသည်တို့သည် ဒုရာစာရ၊ ဤသို့ထူးပါသည်။

\+ + +

၂၀၄—မေး။ မိစ္ဆာလည်း သိတတ်၏၊ ပညာလည်း သိတတ်၏၊ အဘယ်သို့ ထူးပါသနည်း။

ဖြေ— မိစ္ဆာကား ဟုတ်မှန်သောသဘောကိုမသိ၊ မဟုတ်မမှန်သောအခါးဖြင့်သိပါသည် ပညာကား ဟုတ်မှန်သည်အားလျော်စွာ သိပါသည်။ ။ဋီကာလျော်။

\+ + +

၂၀၅—မေး။ တိတ္ထိတို့၏ လှည့်ပတ်ဖြားယောင်းတတ်သော ဉာဏ်သည် ပညာ စေတသိက် ဟုတ်,မဟုတ် ဆုံးဖြတ်ပါ။

ဖြေ— မဟုတ်ပါ၊ မာယာ ဖြစ်ပါသည်၊ တရားကိုယ်အားဖြင့် **တဏှာစေတသိက်** ဖြစ်ပါသည်။ ။ အဋ္ဌသာလိနီ။

\+ + +

၂၀၆—မေး။ မိမိကိုသေကြောင်းကြံသောသူအားပြန်၍ သေကြောင်းကြံသော ဉာဏ်မျိုးကို ပညာစေတသိက်ပင်မှတ်ရမည်လော။

ဖြေ— ပညာစေတသိက်ပင် မှတ်ရမည်။

၂၀၇-မေး ပညာသည် အကုသိုလ်ကို အာရုံပြုနိုင်ပါသလော။

ဖြေ- ပညာ၏ ယှဉ်ရာ မဟာကုသိုလ် ဉာဏ သမ္ပယုတ် လေးခုသည် အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်၍အလုံးစုံကို အာရုံပြုပါသဖြင့် ပြုနိုင်ပါသည်။

\+ \+ \+

၂၀၈-မေး အာရုံပြုနိုင်သော် မဟာကုသိုလ်စိတ်နှင့် သတ်ကြောင်း လုံ့လကိုပြုပါသလော။

ဖြေ- ကုသိုလ်စိတ်နှင့်ကား သတ်ကြောင်း လုံ့လကို မပြုပါ၊ ဤသို့စိမံသော် ငါချမ်းသာ၍ သူပျက်စီး လတ္တံ့ဟု ကုသိုလ်စိတ်နှင့်သိ၏၊ သိပြီးမှ ဒေါသစိတ်နှင့် သတ်ကြောင်းလုံ့လကိုပြုပါသည်၊ ထိုသို့ပြုသော်လည်း သိတတ်သောစိတ်သည် သတ်ခြင်းကိစ္စကို ပြီးစေသော **သန္တတိပစ္စုပ္ပန်၌** ဝင်လေရကား ဒေါသ၏ရှေးကျသော ကုသိုလ်စိတ်၌ ပါသောဉာဏ်ကို **သမီပူပစာရ** အားဖြင့် သေကြောင်းကြံသောဉာဏ်ဟု ဆိုပါသည်။

ဤကား......အနာထပိဏ် သေဋ္ဌေး၏ကျွန်မဝတ္ထုကိုထောက်၍ဆရာကြီးများ၀ါဒအတိုင်းဖြေဆိုလိုက်ပါသည်၊အချို့ပညာရှင်များကား ဉာဏ်မှုဟုတ်၊မ၁ယာဟု ဆိုကြကုန်သေး၏။

\+ \+ \+

၂၀၉-မေး ကမ္မပထစေတသိက်များကိုထုတ်ပြပါ။

ဖြေ- လောဘ, ဒေါသ, မောဟ, သုံးပါးသည် အကုသလကမ္မပထ စေတသိက် မည်၏၊ အလောဘ,

အဒေါသ,အမောဟ သုံးပါးသည် ကုသလ ကမ္မပထ စေတသိက်မည်၏။ ။သစ္စသံခိပ်။

\+ + +

၂၉၀–မေး ယုဂဠစေတသိက်များကိုထုတ်ပြပါ။

ဖြေ– ကာယပဿဒ္ဓိစသောစေတသိက်ခြောက်ပါးသည် ယုဂဠစေတသိက်တို့မည်ပါသည်။

\+ + +

၂၉၁–မေး ဥပကာရစေတသိက်များကိုအကြောင်းနှင့်တကွ ထုတ်ပြပါ။

ဖြေ– သတိစေတသိက်နှင့် ပညာ စေတသိက် နှစ်ပါးသည် သမထဝိပဿနာအား ကျေးဇူးများသောကြောင့်**ဥပကာရစေတသိက်**မည်ပါသည်။ ။သစ္စသံခိပ်။

\+ + +

၂၉၂–မေး လောကနာသက စေတသိက်, လောကပါလစေတသိက်များကိုပြပါ။

ဖြေ– အဟိရိက,အနောတ္တပ္ပနှစ်ပါးသည်**လောကနာသက စေတသိက်**မည်၏။ဟိရီ,ဩတ္တပ္ပ နှစ်ပါးသည် **လောကပါလစေတသိက်** မည်၏။ ။သစ္စသံခိပ်။

\+ + +

၂၉၃–မေး စိတ္တုပ္ပါဒေသု ပဝတ္တံ စိတ္တုပ္ပါဒဝသေနေဝဍ္ဍ စိတ္တုပ္ပါဒ သဒ္ဒါနှစ်ခုတို့၏ အဘွူး ကို ပြပါ။

ဖြေ— ဓိတ္တုပ္ပါဒေသု ပဌမကံ စိတ္တုပ္ပါဒကို ဥပ္ပန္နာတိတဥပ္ပါဒေါ၊ စိတ္တမေဝ ဥပ္ပါဒေါ၊ စိတ္တုပ္ပါဒေါ..., ဟု ဝစနတ္ထပြု ဓိတ်ကိုရ၏။

စိတ္တုပ္ပါဒ ဝသေနေဝ၌ စိတ္တုပ္ပါဒကို 'ဥပ္ပန္နာတိဓေသာ' နာတိ ဥပ္ပါဒေါ၊ စိတ္တဥ္စ ဥပ္ပါဒေါစ၊ စိတ္တုပ္ပါဒေါ'ဟု ဒွန္ဒပြု၍ စိတ်,စေတသိက် နှစ်ပါးစုံကို ရပါသည်။

\+ \+ \+

၂၉၄—မေး စေတသိက် ၅၂-ပါးကို သောဘဏာ,အသောဘဏာ, သောဘဏာ သောဘဏာ အမည်သုံးမျိုးတို့ဖြင့် ဝေဘန်၍ပြပါ။

ဖြေ— သောဘဏာအရကား - သောဘဏာစေတသိက် ပဥ္စဝီသ။

အသောဘဏာ အရကား ...... အကုသိုလ်စေတသိက် ရုဒ္ဒသ။

သောဘဏာ သောဘဏာ အရကား ...... အညသမာန်း စေတသိက် တေရသတို့ဖြစ်ပါသည်။

\+ \+ \+

၂၉၅—မေး အခြားသောစေတသိက်တို့ကိုပြရာဝယ် သင်္ချာတပ်၍ ဆိုဘိသကဲ့သို့ ဤအပ္ပမညာ စေတသိက်နှစ်ပါးကိုလည်း သင်္ချာတပ်၍ ဆိုပါတော့လော။

ဖြေ— ကမ္မဋ္ဌာန်းပိုင်း၌ 'စတဿော အပ္ပမညာ ယော' ဟု ဆိုလတ္တံ့ ဖြစ်သောကြောင့် ဋ္ဌေးဟူသော သင်္ချာကို မတပ်ဘဲသာ သာမည ဆိုရပါသည်။

၂၉၆–မေး ဒွေး ပဥ္စဝိညာဏ် တဆယ်, ဒုတိယဈာန် စသည် တို့၌ အဘယ့်ကြောင့် ဝိတက် မယှဉ်သနည်း။

ဖြေ– ဒွေးပဥ္စဝိညာဏ်တဆယ် တို့၌ဈာနင်ကိစ္စ ကင်းသောကြောင့် မယှဉ်ပါ၊ ဒုတိယဈာန် စသည်တို့သည် ဝိတက်၌တပ်ခြင်းကင်းသောဘာဝနာ၏ အစွမ်း အားဖြင့် ဝိတက်ကို ပယ်သောကြောင့် မယှဉ်ပါ။ ။ သခေ်ပ။

\+ \+ \+

၂၉၇–မေး ဝိစိကိစ္ဆာ စိတ်၌ အဘယ့်ကြောင့် အဓိမောက္ခ မယှဉ်ပါသနည်း။

ဖြေ– ဝိစိကိစ္ဆာကား ...... အာရုံကိုမဆုံးဖြတ်နိုင်ခြင်းသဘော, အဓိမောက္ခကား... အာရုံကိုဆုံးဖြတ်တတ်သောသဘောရှိ၍ ဆန့်ကျင်ကြသောကြောင့် မယှဉ်ပါ။ သခေ်ပ။

\+ \+ \+

၂၉၈–မေး ပဥ္စ ဒွါရာဝဇ္ဇန်း, ဒွေး ပဥ္စ ဝိညာဏ် သမ္ပဋိစ္ဆိုင်း, သန္တီရဏတို့၌ အဘယ် ကြောင့် ဝီရိယ မယှဉ်ပါသနည်း။

ဖြေ– ယင်းစိတ်တို့သည် ဗိုလ်မှ ကင်းသော ကြောင့် မယှဉ်ပါ။ ။သခေ်ပ။

\+ \+ \+

၂၉၉–မေး သုခသဟဂုတ် ကာယဝိညာဏ် စတုတ္ထ ဈာန်တို့မှာသုခ သောမနဿ ဖြစ်လျက် အဘယ့်ကြောင့် ပီတိမယှဉ်ပါသနည်း။

ဖြေ- သုခ သဟဂုတ် ကာယ ဝိညာဏ်ကား ကာယိကဖြစ်၍ ကိုယ်ချမ်းသာကို ခံစားသည်။

ပီတိကား...မာနသိက ဖြစ်၍ စိတ်ချမ်းသာကို ခံစားသည့် ထို့ကြောင့် မယှဉ်ပါ။

စေတုတ္ထဈာန်ကား ဘာဝနာ၏ အစွမ်းအားဖြင့် ပီတိကို ပယ်သောကြောင့် မယှဉ်ပါ။ သခင်ပ။

\+ \+ \+

၃၀၀-မေး အပတိတ်စိတ်, မောဟမူ စိတ်တို့၌ အဘယ့်ကြောင့် ဆန္ဒမယှဉ်ပါသနည်း။

ဖြေ- အပတိတ်စိတ်,မောဟမူစိတ်တို့၌ပြုခြင်း၌ အလိုရှိသည့်၏အဖြစ်ဟု ဆိုအပ်သော သဘောမှ ကင်းသောကြောင့် ဆန္ဒမယှဉ်ပါ။ ။သခင်ပ။

\+ \+ \+

၃၀၁-မေး ဝိတက်,ဝိစာရ,ပီတိတို့၏အယှဉ်ကို စိတ်အကျယ်မှာ ဆို၍ အဓိမောက္ခ, ဝီရိယ, ဆန္ဒ တို့၏ အယှဉ်ကို အဘယ့်ကြောင့် အကျဉ်းမှာ ဆိုရပါသနည်း။

ဖြေ- ဝိတက်,ဝိစာရ, ပီတိတို့ကား ဈာနင်ကိစ္စ တပ်သေါကြောင့်အကျယ်မှာဆိုရပါသည်၊အဓိမောက္ခ ဝိရိယ,ဆန္ဒတို့ကား ဈာနင်ကိစ္စမတပ်သောကြောင့် အကျဉ်းမှာ ဆိုရပါသည်။

ဝိတက္ကာဒိန် ဈာနင်္ဂတ္တာဝစ အာဒေသံ
အဈာနင်္ဂတ္တာဝစ ဝုတ္တံ။ ။သခင်ပ။

၃၀၂ မေး ဒေါသမူ, မောဟမူ စိတ်တို့၌ အဘယ့်ကြောင့် လောဘ မယှဉ်ပါသနည်း။

ဖြေ- ဖြစ်မှားတတ်သောစိတ်တို့အားတပ်ခြင်းမှ ကင်းသောကြောင့် လောဘမယှဉ်ပါ။ ။သခေ်ပ။

\+ \+ \+

၃၀၃-မေး ဒေါသမူ, မောဟမူ စိတ်တို့၌ အဘယ့်ကြောင့် ဒိဋ္ဌိ,မာနတို့ မယှဉ်ပါသနည်း။

ဖြေ- ဒိဋ္ဌိ, မာနတို့သည် မိမိ၌ချစ်ခြင်းတည်းဟူသော မှီရာ၏အဖြစ်ဖြင့် လောဘလျှင် နီးစွာသော အကြောင်း ရှိသောကြောင့် ဒေါသမူ, မောဟမူတို့၌ မယှဉ်ပါ။ ။သခေ်ပ။

\+ \+ \+

၃၀၄-မေး လောဘမူ, ဒေါသမူ အသင်္ခါရိက တို့၌ အဘယ့်ကြောင့် ထိန,မိဒ္ဓ မယှဉ်ပါသနည်း။

ဖြေ- အမှု၌ မခံ့သော သဘောရှိသော ထိန, မိဒ္ဓ၏ သဘောအားဖြင့် ထက်ခြင်းရှိကုန်သောစိတ်တို့၌ မဖြစ်သင့်သောကြောင့် မယှဉ်ပါ။ ။သခေ်ပ။

\+ \+ \+

၃၀၅-မေး ဝိရတိ စေတသိက်သုံးပါးသည် ကာမာဝစရကုသိုလ်စိတ် ရှစ်ခုတို့၌ ယှဉ်၏ ဆိုသော် ကာမာဝစရကုသိုလ်တိုင်း ယှဉ်ပါသလော၊ဘူမိဘေဒအားဖြင့် ပြပါ။

ဖြေ- ကာမာဝစရဘုံ၌ဖြစ်သော ကာမာဝစရ စိတ်၌သာ ယှဉ်ပါသည်၊ ရူပ,အရူပဘုံ၌ဖြစ်သော ကာမာဝစရ ကုသိုလ်စိတ်၌ မယှဉ်ပါ။ ။ပရမတ္ထဒီပနီ။

\+ + +

၃၀၆-မေး ရူပ,အရူပဘုံ၌ဖြစ်သော ကာမာဝစရ ကုသိုလ်စိတ်၌ အဘယ့်ကြောင့် ဝိရတီ မယှဉ်နိုင်ပါသနည်း။

ဖြေ- ဗြဟ္မာတို့အား **ဝိရမိတဗ္ဗဝတ္ထု** ဖြစ်သော ကာယဒုစရိုက်, ဝစီဒုစရိုက် မရှိသည်ဖြစ်၍ လောကီဝိရတီတို့သည်လည်း **ဝိရမိတဗ္ဗဝတ္ထု**မှ ကင်းကုန်သော ပုဂ္ဂိုလ်တို့၌ မဖြစ်သောကြောင့် မယှဉ်ပါ။ ။ ပရမတ္ထဒီပနီ။

\+ + +

၃၀၇-မေး ဗြဟ္မာတို့အား ဝိရတီသုံးပါးလုံး တပါးမှ မရှိဟု မှတ်ရမည်လော၊အသို့နည်း။

ဖြေ- လောကီဝိရတီ ဖြစ်သော သမာဒါန, သမ္ပတ္တ ဝိရတီသာ မရှိပါ၊ သမုစ္ဆေဒဝိရတီ ဖြစ်သော လောကုတ္တရာ ဝိရတီကား ရှိပါသည်။

ဝီတိက္ကမိတဗ္ဗာဘာဝတော စ တာဝတိံသတောပဋ္ဌာယ ဥပရိဒေဝလောကေသု သမ္ပတ္တ, သမာဒါနဝိရတိဝသေန ပူရေတဗ္ဗာ၊ သံဝရာ နသန္တိ လောကုတ္တရာပန သန္တိယေဝ။ ။ ကထာဝတ္ထုအနုဋီကာ။

\+ + +

**၃၀၇-မေး** လောကုတ္တရာ စိတ်၌ ဝိရတီ တို့ သည် အဘယ့်ကြောင့် တပြိုင်နက် အမြဲ ယှဉ်ကြပါကုန်သနည်း။

**ဖြေ-** မဂ်သည် ဒုစရိုက်,ဒုရာဇီဝတို့ကိုသမုစ္ဆေဒပဟာန်အားဖြင့် တပြိုင်နက် အကြွင်းမရှိ ပယ်ဖြတ်သောကြောင့်၎င်း, ဖိုလ်သည်လည်း မဂ်သည်ပယ်အပ်သော ကိလေသာတို့ကို တဖန်ငြိမ်းစေသည့်၏ အစွမ်းအားဖြင့် မဂ်အားလျော်စွာ ဖြစ်သောကြောင့်၎င်း အမြဲ တပြိုင်နက် ယှဉ်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

**၃၀၉-မေး** **သမ္ပတ္တာဝိ, နိယတာ, ဧကတော** ပါဠိ တို့ဖြင့် ပြအပ်သော အနက်တို့ကို အသီးအသီးဖြေဆိုပါ။

**ဖြေ-** **သမ္ပတ္တာဝိ** ဖြင့်, လောကီဝိရတီ တို့ကဲ့သို့ မှသာဝါဒစသော ဒုစရိုက်တို့ကို အသီးအသီး ပယ်သောအားဖြင့် ရသည်မဟုတ်၊ အလုံးစုံသောဒုစရိုက်တို့ကို ဆိုင်ရာ,ဆိုင်ရာမဂ်အားလျော်စွာအကြွင်းအကျန်မရှိ အကုန်ပယ်သောအားဖြင့် ရသည်ဟုပြသည်။

**နိယတာ**,ဖြင့် လောကီ ကာမာ ဝစရ ကုသိုလ်စိတ်၌ ရံခါ ဖြစ်သကဲ့သို့ မဟုတ်၊လောကုတ္တရာစိတ်၌ အမြဲဖြစ်သည်ကို ပြပါသည်။

**ဧကတော**,ဖြင့် လောကီ စိတ်၌ ကဲ့သို့အသီးအသီး မဖြစ်၊ လောကုတ္တရာဝိရတီတို့၏ အာရုံ မပြားသည့်၏

အဖြစ်ကြောင့် လောကုတ္တရာစိတ်၌ သုံးပါးရုံ တပြိုင်နက် ဖြစ်သည်ဟု ပြပါသည်။

\+ \+ \+

**၃၁၀–မေး** ဝိရတီသည် လောကုတ္တရာ စိတ်၌ အမြဲ ယှဉ်သောကြောင့်လောကုတ္တရာစိတ်ကို ငဲ့၍ နိယတ ယောဂီမည်သင့်,မမည်သင့် အကြောင်းပြ ဆုံးဖြတ်ပါ။

**ဖြေ–** လောကုတ္တရာစိတ်၌ဝိရတီကြည့်ခြင်းသည် **အစစ်မဟုတ်၊အကြောင်းဖြစ်သော** အကုသိုလ်ကိုကြည့် သဖြင့် အကျိုးဖြစ်သော ဒုစရိုက်, ဒုရာဇီဝတို့ကိုလည်း ကြည့်သည်မည်သဖြင့်**ကာရဏူပစာရအား**ဖြင့် အတုသာ ဖြစ်သည်၊ ထို့ကြောင့် အတုဖြစ်သော ဝိရတီ၏ အမြဲ ယှဉ်ခြင်းကို ပဓာနမပြု၊ **အစစ်ဖြစ်သော** ဝိရတီ၏ အမြဲ ယှဉ်ခြင်းကိုသာ ပဓာနပြု၍ **နိယတ**မမည်သင့် **အနိယတ** သာမည်သင့်သည်။ ။(ခဲရပ်–စေ့စေ့နှလုံးသွင်း)

\+ \+ \+

**၃၁၁–မေး** မဟာဝိပါက်, မဟာကြိယာ စိတ် တို့၌ အဘယ့်ကြောင့်ဝိရတီမယှဉ်ပါသနည်း။

**ဖြေ–** လောကီ ဝိရတီတို့သည် ဧကန္တ ကုသိုလ် သဘောရှိသောကြောင့် မယှဉ်ပါ။ ။ဋီကာကျော်။

\+ \+ \+

**၃၁၂–မေး** မဟဂ္ဂုတ်စိတ်တို့၌ အဘယ့်ကြောင့် ဝိရတီ မယှဉ်ပါသနည်း။

ဖြေ- စင်ကြယ်သောသီလ၏ အစွမ်းအားဖြင့် ကောင်းစွာသုတ်သင်အပ်သော ကာယပယောဂ ,ဝစီပယောဂရှိသော ယောဂီပုဂ္ဂိုလ်အား စိတ်ကိုကောင်းစွာထားခြင်းမှုဖြင့် မဟာကုသိုလ်ဉာဏ်သမ္ပယုတ်ချာန်တို့သည်ဖြစ်သောကြောင့် မယှဉ်ပါ။ ။ဋီကာကျော်။

\+ + +

၁၁၃-မေး အာရတီနှင့် ဝိရတီနှစ်ပါးတို့၏ထူးခြားဟန်ကို ဖော်ပြပါ။

ဖြေ- စိတ်ဖြင့်ရှောင်ကြဉ်ခြင်းသည် အာရတီ၊ ကိုယ်,နှုတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် ဝိရတီ။ ။ သုတ္တနိပါတ်အဋ္ဌကထာ။

\+ + +

၁၁၄-မေး မဟာကုသိုလ် မဇ္ဈိမ ဈာန်၌အဘယ့်ကြောင့် အပ္ပမညာ မယှဉ်သနည်း။

ဖြေ- အပ္ပနာသို့ ရောက်ကုန်သော အပ္ပမညာတို့သည် တရံတဆစ်မျှသောမနသိကာနှင့် မကင်းကောင်းသောကြောင့် မယှဉ်ပါ။ ။ဋီကာကျော်။

\+ + +

၁၁၅-မေး ကာမာဝစရဝိပါက်,လောကုတ္တရာစိတ်တို့၌ အဘယ့်ကြောင့် အပ္ပမညာ မယှဉ်ပါသနည်း။

ဖြေ- အာရုံပြားသောကြောင့်မယှဉ်ပါ။ ။ ဋီကာကျော်။

**၃၁၆–မေး** မဟာကုသိုလ် ဒုတိယ ဒွေး၌ အများဆုံး အမြဲတန်း တပြိုင်နက် စေတသိက် မည်မျှစီ ယှဉ်ပါသနည်း၊ အသီးအသီး သချာမှုပြခဲ့ပါ။

**ဖြေ–** အများဆုံး သုံးဆယ့်ခုနစ်ပါး, အမြဲတန်း သုံးဆယ့်နှစ်ပါး, တပြိုင်နက်သုံးဆယ့်သုံးပါး ယှဉ်ပါသည်။

\+ \+ \+

**၃၁၇–မေး** စေတသိက်ငါးဆယ့်နှစ်ပါးကုန်အောင် အဘယ်စိတ်များကို ယူမည်နည်း၊ အနည်းဆုံးအားဖြင့် ဖော်ထုတ်၍ပြပါ။

**ဖြေ–** မဟာကုသိုလ်ပဌမဒွေးတို့တွင်- တခု။
လောဘမူ ပဌမ အသင်္ခါရိက - တခု။
ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးခုတို့တွင်- တခု။
ဒေါသမူဒွေးတို့တွင်- တခု။
ဝိစိကိစ္ဆာသဟဂုတ်စိတ်- တခု၊
ပေါင်းငါးပါးယူမှစေတသိက်ငါးဆယ့်နှစ်ပါးကုန်ပါသည်။

\+ \+ \+

**၃၁၈–မေး** တပြိုင်နက်စိတ်အများဆုံးယှဉ်နိုင်သော စေတသိက်, အနည်းဆုံး ယှဉ်နိုင်သော စေတသိက်,စေတသိက်အများဆုံး ယှဉ်နိုင်သောစိတ်,အနည်းဆုံး ယှဉ်နိုင်သော စိတ်ရတို့ကို ဖော်ပြပါ။

ဖြေ— တပြိုင်နက် စိတ်အများဆုံးယှဉ်နိုင်သော စေတသိက်ကားသဗ္ဗစိတ္တသာဓာရဏခုနစ်လုံးဖြစ်သည် တပြိုင်နက် စိတ်အနည်းဆုံး ယှဉ်နိုင်သော စေတသိက်မှာ ဝိစိကိစ္ဆာစေတသိက်တခုဖြစ်ပါသည်။

တပြိုင်နက် စေတသိက်အများဆုံးယှဉ်နိုင်သောစိတ်မှာ လောကုတ္တရာပဌမဈာန် ရှစ်လုံးဖြစ်ပါသည်။

တပြိုင်နက်စေတသိက်အနည်းဆုံးယှဉ်နိုင်သောစိတ်မှာ ဒွေပဉ္စဝိညာဏ်တဆယ်ဖြစ်ပါသည်။

+ + +

၃၁၉–မေး ကာမဘုံ၌သာ ဖြစ်သော စေတသိက်, ကာမ ရူပ နှစ်ပါးဘုံ၌ဖြစ်သော စေတသိက်,ကာမ ရူပ အရူပ သုံးပါးလုံး၌ ဖြစ်သော စေတသိက်တို့ကို အသီးအသီး ဝေဘန်ပြပါ။

ဖြေ— ကာမဘုံ –ဒေါသစတုက်လေးလုံး။
ကာမ,ရူပဘုံ –ကရုဏာ-မုဒိတာ။
ကာမ,ရူပ,အရူပဘုံ –ကြွင်း ၄၆-ပါး။
သဗ္ဗသံဒိဝ်။

+ + +

၃၂၀–မေး ဝိတ္တေန သမရန္တိသေ-အရ စိတ်နှင့်အချု စေတသိက်ပြားပုံကို သိသာရုံပြပါ။

ဖြေ— ဖဿသည်၈၉ ၌ယှဉ်ခြင်းကြောင့်ဖဿ စေတသိက်ပေါင်း ၈၉ ပါးရှိပါသည်။ ဝိတက်သည်

၅၅-ပါးသောစိတ်၌ယှဉ်ခြင်းကြောင့်ဝိတက်စေတသိက်ပေါင်း ၅၅-ပါးရှိပါသည်၊ဤကား စိတ်နှင့်အမျှ ပြားပုံတည်း။ + + +

၃၂၁–မေး စေတသိက်အချင်းချင်းယှဉ်ပုံကို သိသာရုံ သင်္ချာမျှ အသီး,အသီး ထုတ်ပြပါ။

ဖြေ– သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ခု, ဝိတက်, ဝိစာရ, ဝိရိယ, ယင်းဆယ်လုံးသည် ၅၁-ပါးသော စေတသိက်တို့နှင့် ယှဉ်ပါသည်။

အဓိမောက္ခ,ဆန္ဒ နှစ်ပါးသည်၅ဝ သောစေတသိက်တို့နှင့် ယှဉ်သည်။

ပီတိသည် ၄၆-နှင့် ယှဉ်သည်။

သဗ္ဗာကုသလသာဓာရဏ လေးပါးသည် ၂၆-ပါးနှင့် ယှဉ်သည်။

လောဘ,ဒေါသနှစ်ပါးသည် ၂၁-နှင့် ယှဉ်သည်။

ဒိဋ္ဌိ,မာန-နှစ်ပါးသည် ၂ဝ နှင့် ယှဉ်သည်။

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ-သုံးပါးသည် ၁၉-နှင့် ယှဉ်သည်။

ထိန,မိဒ္ဓနှစ်ပါးသည် ၂၅-ပါးနှင့် ယှဉ်သည်။

ဝိစိကိစ္ဆာသည် ၁၄-ပါးနှင့် ယှဉ်သည်။

သောဘဏ သာဓာရဏ ၁၉,ပညာယင်း၂ဝ သည် ၃၇-ပါးနှင့် ယှဉ်သည်။

ဝိရတီ သုံးခုသည် ၃၅-ပါးနှင့် ယှဉ်သည်၊

အပ္ပမညာနှစ်ပါးသည် ၃၃-နှင့် ယှဉ်သည်။ကြိပါလေ၊

၃၂၂ မေး စေတသိက်သည် စိတ်နှင့်အမျှပြားပါက စေတသိက်ပေါင်း မည်မျှ ရပါသနည်း၊ အကျဉ်း အကျယ်အားလျော်စွာပြပါ။

ဖြေ– အကျဉ်းအားဖြင့် ၂၃၇၀-ရှိပါသည်၊ အကျယ်အားဖြင့် ၃၄၂၆-ရှိပါသည်။

စေတသိက်ပိုင်း ပြီး၏။

---

## ပကိဏ်းပိုင်း

၃၂၃–မေး အဘယ့်ကြောင့် ပကိဏ္ဏကသင်္ဂဟခေါ်ပါသနည်း။

ဖြေ– ဝေဒနာ စသောအားဖြင့် ပြွမ်းကုန်သော စိတ် စေတသိက်တို့ကို ရေတွက်ရာ ရေတွက်ကြောင်း ဖြစ်သောကြောင့် ပကိဏ္ဏကသင်္ဂဟ ခေါ်ပါသည်။

\+ \+ \+

၃၂၄-မေး ဝေဒနာသ သဘာဝတော္ဘဝေဒနာသ အရကို ဖော်ထုတ်၍ပြပါ။

ဖြေ– စိတ်သည် တခုယုတ် ကိုးဆယ် အပြား ရှိသော်လည်း **အာရမ္မဏ ဝိဇာနနလက္ခဏာ** အားဖြင့် ကား တပါးသာရှိ၏၊ စေတသိက်တရားတို့သည်ကား ဝိမိဘ်တို့၏သဘောသက္ခဏာအားဖြင့် ငါးဆယ့်နှစ်ပါး ရှိ ၏ ဤသို့လက္ခဏာတူသဖြင့်စိတ်ကားတပါး၊စေတသိက် ကားငါးဆယ့်နှစ်ပါးပင်ဖြစ်၍ပေါင်းငါးဆယ့်သုံးပါး

သည့် **တေပညာသ** အရေဖြစ်ပါသည်၊ (ယင်းငါးဆယ့် သုံးပါးကို နာမ်တေပညာသ ဟူ၍လည်းခေါ်သည်)+

**၃၂၅-မေး** တောသံ ဒါနီ ယထာရဟံ၌ **ယထာရဟံ** ၏ အဓိပ္ပါယ်ကို ကျနစွာဖော်ပြပါ။

**ဖြေ-** ငါးဆယ့် သုံးပါးသော တရားဘို့ကို ခြောက်ပါးသောသင်္ဂဟတို့ဖြင့် ဝေဘန်ပြမည်ဆိုသော် လည်း ဝေဒနာ,ကိစ္စ, အာရမ္မဏသင်္ဂဟတို့၌ မဝေဘန် အပ်သောတရားမရှိ၊ ကုန်စင်အောင်ဝေဘန်၍ပြအပ်၏၊ ဟေတုသင်္ဂဟ၌ အဟိတ်စိတ်မှ တပါးသော သဟိတ် တရားတို့ကိုသာ ပြအပ်၏၊ ဒွါရသင်္ဂဟ၌ ဒွါရဝိမုတ်ဖြစ် သော မဟဂ္ဂုတ်ဝိပါက်ကိုးခုမှ တပါးသော ဒွါရိက တရားတို့ကိုသာ ပြ၏၊ ဝတ္ထုသင်္ဂဟ၌ အရူပဝိပါက် လေးခုမှတပါးသော တရားတို့ကိုသာပြအပ်၏။ ဤကား **ယထာရဟံ** အဓိပ္ပါယ်။ + + +

**၃၂၆-မေး** သံယုတ်ပါဠိတော်၌ " ဒွေမာ ဘိက္ခဝေ သုခါ, ဒုက္ခာ" ဟု နှစ်ပါးသာ ဘုရား ဟောပါလျက် အဘယ့်ကြောင့်ဝေဒနာ သုံးပါး ဆိုပါသနည်း။

**ဖြေ-** နှစ်ပါးကိုသာဟောတော်မူသည်မှာအာ ပြစ်မရှိသော ဥပေက္ခာဝေဒနာကို သုခဝေဒနာ၌သွင်း၍ အပြစ်ရှိသော ဥပေက္ခာဝေဒနာကို ဒုက္ခဝေဒနာ၌သွင်း ၍ ဟောတော်မူပါသည်၊ဤ၌ကား **အနုဘဝနလက္ခဏာ** အားဖြင့်ဝေဘန်၍ပြလိုသောကြောင့်သုံးပါးဆိုပါသည်

၃၂၇-မေး ခံစားတတ်သော အနုဘဝန လက္ခဏာ အားဖြင့်ဝေဒနာသည်သုံးပါးရှိပါလျက် အဘယ့်ကြောင့် ဈာန်ဒွယ ဒေသနာ၌ မြတ်စွာဘုရားသည် ငါးပါးဟောရပြန် သနည်း။

ဖြေ- ကာယိက သာတ,အသာတ၊ မာနသိက သာတ အသာတအားဖြင့် ဝေဒနိန္ဒြေတို့၏ အပြားကိုဝေ ဘန်၍ပြလိုသောကြောင့် ငါးပါးဟောရပြန်ပါသည်။ +

၃၂၈-မေး ကာယိကသာတ,အသာတ၊ မာနသိက သာတ,အသာတအားဖြင့် ဝေဒနာပြား ပါက တပါး တပါးလျှင် နှစ်ပါး ပြား သောကြောင့် ဝေဒနိန္ဒြေခြောက်ပါး ရှိ ကောင်းသည် မဟုတ်ပါလော၊ အသို့ မှတ်ရမည်နည်း။

ဖြေ- သုခဝေဒနာ, ဒုက္ခဝေဒနာ နှစ်ပါးသာ ကာယိကသာတ, အသာတ၊ မာနသိကသာတ အသာ တအားဖြင့် ပြားပါသည်၊ ဥပေက္ခာဝေဒနာကား မာန သိကသာ ဖြစ်ပါသည်၊ကာယိကမဟုတ်ပါ၊ထို့ကြောင့် ဝေဒနိန္ဒြေငါးပါးသာရှိပါသည်၊ ခြောက်ပါးမပြားသင့် ပါ။ + + +

၃၂၉-မေး အနုဘဝနလက္ခဏာအားဖြင့်ဝေဒနာသုံး ပါးတို့တွင်အဘယ်ဝေဒနာသည်အဘယ် ဈာန်၏အင်္ဂါအားဖြင့် ပြားပါသနည်း။

ဖြေ- သုခဝေဒနာသည် သုခိန္ဒြေ, သောမနဿိန္ဒြေတို့၏ အစွမ်းအားဖြင့်ပြားပါသည်၊ ဒုက္ခဝေဒနာသည် ဒုက္ခိန္ဒြေ, ဒေါမနဿိန္ဒြေတို့၏ အစွမ်းအားဖြင့်ပြားပါသည်၊ ဥပေက္ခာဝေဒနာကား ဥပေက္ခိန္ဒြေတပါးသာ၊ အပြားမရှိပါ။

\+ + +

၃၃၀-မေး အနုဘဝန လက္ခဏာနည်း၌ လာသော သုခဝေဒနာနှင့် ဣန္ဒြိယဘေဒနည်း၌လာသောသုခဝေဒနာနှစ်ပါးတို့သည်တရားကိုယ် အားဖြင့် တူပါသလော၊ထူးပါသလော။

ဖြေ- ထူးပါသည်၊ အနုဘဝန၌လာသော သုခဝေဒနာကား သုခသဟဂုတ် ကာယဝိညာဏ် သောမနဿသဟဂုတ် ၆၂-ပါးတို့၌ ရှိသော သုခဝေဒနာ ဖြစ်ပါသည် ဣန္ဒြိယဘေဒ၌လာသော သုခဝေဒနာကား သုခသဟဂုတ်ကာယဝိညာဏ်၌ရှိသော သုခ ဝေဒနာ သာ ဖြစ်ပါသည်။ + + +

၃၃၁-မေး အဘယ့်ကြောင့်ဟိတ်မည် ပါသနည်း၊ ယင်းဟေတုပုဒ်ကိုလည်းဝစနတ္ထပြုခဲ့ပါ။

ဖြေ- ပစ္စယုပ္ပန်ဖြစ်သော အကျိုး တရားတို့၏ ကောင်းစွာတည်ရာဖြစ်သောသတ္တိကြောင့်"ဟိတ်"မည်ပါသည်၊ဟိနောတိ တိဋ္ဌတိ ဖလံ ဧတ္ထာတိ ဟေတု။ ။ ဝစနတ္ထ။

\+ + +

၃၃၂-မေး အဘယ်သို့သောဖြစ်ခြင်းသည် ဟိတ်၏ အဖြစ်မည်ပါသနည်း။

ဖြေ— အကျိုးပစ္စယုပ္ပန် ဖြစ်သော သဟိတ်တရားတို့၏ ကောင်းစွာတည်ရာ၏အဖြစ်ကို ပြီးစေတတ်သော မူလ၏အဖြစ်သည် ဟိတ်၏အဖြစ်မည်ပါသည်။ ဋီကာကျော်။

\+ \+ \+

၃၃၃-မေး ကုသိုလ် စသော တရားတို့၏ ကုသိုလ်စသောအဖြစ်ကို ပြီးစေခြင်းသည် ဟိတ်၏အဖြစ်မည်သည်ဟု အချို့သောဆရာကြီးတို့ ဆိုသောစကားသည် သင့်မသင့် ဆုံးဖြတ်ခဲ့ပါ။

ဖြေ— မသင့်ပါ၊ အကြောင်းကား အကယ်၍ အပရေ ဆရာဆိုတိုင်းယူပါက ဟိတ် တရားတို့သည်လည်း ကုသိုလ်စသည် မည်သောကြောင့် ယင်းဟိတ်တရားတို့၏ ကုသိုလ်စသောအဖြစ်ကိုပြီးစေတတ်သော အခြားသော ဟိတ်တရားတို့ကိုလည်း ရှာမှီးရဦးမည် ဖြစ်၍ မသင့်ပါ။ ၊ဋီကာကျော်၊

\+ \+ \+

၃၃၄-မေး ဟိတ်တရားတို့၏ ကုသိုလ် အစရှိသော အဖြစ်သည် ကြွင်းသောသမ္ပယုတ်ဟိတ်နှင့်စပ်သဖြင့် အချင်းချင်း ကုသိုလ် စသည်၏အဖြစ်ကို ပြီးစေနိုင်သည်မဟုတ်ပါလော။

ဖြေ- မပြီးစေနိုင်ပါ၊ အကယ်၍ပြီးစေနိုင်သည် ဟု ယူပါက မောဟမူ၌ မောဟသည် သဒ္ဓယုတ်ဟိတ် မရှိသောကြောင့် ယင်းမောဟဟိတ်သည် အကုသိုလ် မ မည်ဟူသော အပြစ်, အဟိတ်စိတ်၌ ဟိတ် မရှိသော ကြောင့် အဟိတ်စိတ်တို့၏ အဗျာကတ မမည်နိုင်ဟူ သောအပြစ်များ ရောက်ဘွယ်ရှိသောကြောင့် မပြီးစေ နိုင်ဟု မှတ်ရပါသည်။ ။ဋီကာကျော်။

+ + +

**၃၃၅-မေး** ကုသိုလ် စသော တရားတို့၏ ကုသိုလ် စသောအဖြစ်သည် ဟိတ်နှင့် မစပ်ပါက အဘယ်တို့နှင့် စပ်သည် ဟု မှတ်ရမည် နည်း၊ အသီးအသီးဝေဘန်၍ပြခဲ့ပါ

ဖြေ- ကုသိုလ်၏အဖြစ်သည် **ယောနိသောမနသိကာရ**နှင့်စပ်ပါသည်၊ အကုသိုလ်၏အဖြစ်သည် **အယောနိသောမနသိကာရ** နှင့်စပ်ပါသည်၊ အဗျာကတတရားတို့တွင် ရဟန္တာတို့၏ သန္တာန်၌သာဖြစ်သော ကြိယာအဗျာကတသည် **နိရာနုသယသန္တာန်** အဝိပါက ဘာဝတို့နှင့် စပ်ပါသည်၊ ဝိပါက်အဗျာကတတို့သည် ကုသိုလ်, အကုသိုလ်ကံနှင့် စပ်ပါသည်။ ။ဋီကာကျော်။

+ + +

**၃၃၆-မေး** ယောနိသော မနသိကာရ, အယောနိသော မနသိကာရ ဟူသည် အဘယ် နည်း၊ မနသိကာရစေတသိက်ပင်မှတ်ရ မည်လော။

**ဖြေ—** မနသိကာရစေတသိက်မဟုတ်ပါ၊ သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့အားဒွါရတို့၌အာရုံတို့၏ထင်ခြင်းသို့ ရောက်သောအခါပဋိရူပဒေသဝါသစသည်တို့နှင့်ပြည့်စုံခြင်းကြောင့် ကုသိုလ်တရားတို့၏အဖြစ်ဖြင့် ဘဝင်ကိုလည်စေ၍ဖြစ်သောအာဝဇ္ဇန်းသည် **ယောနိသောမနသိကာရ** မည်ပါသည်။

ပဋိပက္ခအားဖြင့် အယောနိသောမနသိကာရကို သိလေ။ ။မဏိမဥ္ဇူ။

\+ \+ \+

**၃၃၇—မေး** ကုသိုလ်တရားတို့၏ အကြောင်း အဖြစ်ဖြင့် ဖြစ်သော အာဝဇ္ဇန်းသည် ယောနိသော မနသိကာရ, အကုသိုလ် တရားတို့၏ အကြောင်း၏အဖြစ်ဖြင့် ဖြစ်သော အာဝဇ္ဇန်းသည် အယောနိသော မနသိကာရ မည်ပါက ရဟန္တာပုဂ္ဂိုလ်၏ ကြိယာဇောတို့၏ အကြောင်း၏ အဖြစ်ဖြင့် ဖြစ်သော အာဝဇ္ဇန်းကို အဘယ်သို့ မှတ်ရမည်နည်း။

**ဖြေ—** ယောနိသောမနသိကာရပက္ခသို့သွင်း၍ **ယောနိသောမနသိကာရ** ဟူ၍မှတ်ပါ။

**တနည်း**…ရဟန္တာတို့၏ သန္တာန်၌ဖြစ်သောကြောင့် ယောနိသောမနသိကာရ,အယောနိသောမနသိကာရကို မငဲ့မူ၍ဒွါရတို့၌ အာရုံတို့၏ ထင်ခြင်းသို့ ရောက်ခြင်းကို

ကြည့်၍ တရံ တခုသော ကုသိုလ်, အကုသိုလ်တို့၏ အ
ကြောင်းမဖြစ်သောကြောင့် **ယောနိသော မနသိ ကာရ,**
**အယောနိသောမနသိကာရ** ဟူ၍ မဆိုအပ်၊ **အဗျာကတ**
**မနသိကာရ** ဟူ၍မှတ်ရမည်။ ။မင်္ဂလာ။

\+ \+ \+

**၃၃၈–မေး** သဟေတုက, ဧက ဟေတုက, ဒွိဟေတု
က,တိဟေတုက ပုဒ်တို့ကို အသီးအသီး
ဝေဖန်တခုစီပြုပြပါ။

**ဖြေ–** သံပိဏ္ဍိတ ဟေတု တေသန္တိ သဟေတု
ကာနိ၊ ဧကောဟေတု ဧတေသန္တိ ဧကဟေတုကာနိ။
ဒွေဟေတဝေါ ဧတေသန္တိ ဒွိဟေတုကာနိ၊တယောဟေ
တူ ဧတေသန္တိ တိဟေတုကာနိ။

\+ \+ \+

**၃၃၉–မေး** စိတ်မှာ ဧကဟိတ်ရှိသကဲ့သို့, ပုဂ္ဂိုလ်မှာ
လည်း ဧကဟိတ်ပုဂ္ဂိုလ်ဟူ၍ ရှိသင့် မရှိ
သင့်ဆုံးဖြတ်ပါ။

**ဖြေ–** မရှိသင့်ပါ၊ အကြောင်းကား အဟိတ်
ပုဂ္ဂိုလ် စသည်ခေါ်ဝေါ်ခြင်းသည် ပဋိသန္ဓေနှင့် ယှဉ်
သောဟိတ်ကိုစွဲ၍ခေါ်ရပါသည် ဧကဟိတ်စိတ်မှာကား
ပဋိသန္ဓေစိတ်မဟုတ် ပဝတ္တိစိတ်သာဖြစ်၍ ဧကဟိတ်
ပုဂ္ဂိုလ်ဟူ၍ မရှိသင့်ပါ။

\+ \+ \+

၃၅၀-မေး တပါးသောသင်္ဂဟတို့၌ ဝေဒနာ,ဟိတ်,ဣန္ဒြေစသောသရုပ်တို့ကိုဝါကျဖြင့်သာပြဆိုသကဲ့သို့ ဤကိစ္စ သင်္ဂဟ၌ ဝါကျဖြင့်မပြမူ၍ အဘယ့်ကြောင့် သမာသ်ဖြင့်ပြဆိုရပါသနည်း။

ဖြေ- တပါးသောသင်္ဂဟတို့၌ မိမိတို့၏ဝေဒနာသရုပ်,ဟေတုသရုပ်,ဣန္ဒြေသရုပ်,အာရုံသရုပ်, ဝတ္ထုသရုပ်တို့ကိုသာ ပြရသောကြောင့် ဝါကျဖြင့် ဆိုပါသည်၊ ဤကိစ္စသင်္ဂဟ၌ကား ကိစ္စ၏ သရုပ်ကိုသာ ပြရသည်မဟုတ်၊ ကိစ္စနှင့်မကင်းသောဌာန၏သရုပ်ကိုလည်း ပြရသောကြောင့် သမာသ်ဝါကျဖြင့် ဆိုပါသည်။

\+ \+ \+

၃၅၁-မေး ကိစ္စ၏ သရုပ်ကို အခြားသော သင်္ဂဟတို့၌ကဲ့သို့ ဝါကျဖြင့်ပြဆိုပါက အဘယ်သို့သောအပြစ်ဖြစ်မည်နည်း။

ဖြေ- ကိစ္စ၏ သရုပ်ကို ဝါကျဖြင့် ပြဆိုပါက ဌာန၏သရုပ်ကိုလည်း စေ့ငုံအောင်ဝါကျဖြင့်တဖန်ထပ်၍ ပြဆိုရပြန်တော့မည် ဖြစ်သဖြင့် ကျမ်း လေးခြင်း တည်းဟူသော **ဂန္ထဂရုဒေါသ** ဖြစ်ပါသည်။

\+ \+ \+

၃၅၂ မေး အဘယ်သို့ ဖြစ်ခြင်းသည် ဘဝင်ကိစ္စမည်ပါသနည်း။

ကြည့်၍ တရုံ တခုသော ကုသိုလ်, အကုသိုလ်တို့၏ အ
ကြောင်းမဖြစ်သောကြောင့် **ယောနိသော မနသိ ကာရ,**
**အယောနိသောမနသိကာရ** ဟူ၍ မဆိုအပ်၊ **အဗျာကတ**
**မနသိကာရ** ဟူ၍မှတ်ရမည်။ ။မဏိမဥ္ဇူ။

\+ + +

**၃၃၈–မေး** သဟေတုက, ဧက ဟေတုက, ဒွိဟေတု
က,တိဟေတုက ပုဒ်တို့ကို အသီးအသီး
ဝစနတ္တတခုစီပြုပြပါ။

**ဖြေ–** သံပိဏ္ဍတိ ဟေတု ဝေတသန္တိ သဟေတု
ကာနိ၊ ဧကောဟေတု ဝေတသန္တိ ဧကဟေတုကာနိ။
ဒွေဟေတဝေါ ဝေတသန္တိ ဒွိဟေတုကာနိ၊တယောဟေ
တူ ဝေတသန္တိ တိဟေတုကာနိ။

\+ + +

**၃၃၉–မေး** စိတ်မှာ ကေဟိတ်ရှိသကဲ့သို့, ပုဂ္ဂိုလ်မှာ
လည်း ကေဟိတ်ပုဂ္ဂိုလ်ဟူ၍ ရှိသင့် မရှိ
သင့်ဆုံးဖြတ်ပါ။

**ဖြေ–** မရှိသင့်ပါ၊ အကြောင်းကား အဟိတ်
ပုဂ္ဂိုလ် စသည်ခေါ်ဝေါ်ခြင်းသည် ပဋိသန္ဓေနှင့် ယှဉ်
သောဟိတ်ကိုစွဲ၍ခေါ်ရပါသည် ကေဟိတ်စိတ်မှာကား
ပဋိသန္ဓေစိတ်မဟုတ် ပဝတ္တိစိတ်သာဖြစ်၍ ကေဟိတ်
ပုဂ္ဂိုလ်ဟူ၍ မရှိသင့်ပါ။

\+ + +

၃၄၀–မေး တပါးသောသင်္ဂဟတို့၌ ဝေဒနာ,ပဗိတ်, ဒွါရစသောသရုပ်တို့ကိုဝါကျဖြင့်သာပြ ဆိုသကဲ့သို့ ဤကိစ္စ သင်္ဂဟ၌ ဝါကျဖြင့် မပြမူ၍ အဘယ့်ကြောင့် သမာသ်ဖြင့် ပြဆိုရပါသနည်း။

ဖြေ– တပါးသောသင်္ဂဟတို့၌ မိမိတို့၏ဝေဒနာ သရုပ်,ဟေတုသရုပ်,ဒွါရသရုပ်,အာရုံသရုပ်, ဝတ္ထုသ ရုပ်တို့ကိုသာ ပြရသောကြောင့် ဝါကျဖြင့် ဆိုပါသည်၊ ဤကိစ္စသင်္ဂဟ၌ကား ကိစ္စ၏ သရုပ်ကိုသာ ပြရသည်မ ဟုတ်၊ ကိစ္စနှင့်မကင်းသောဌာန၏သရုပ်ကိုလည်း ပြရ သောကြောင့် သမာသ်ဝါကျဖြင့် ဆိုပါသည်။

\+ \+ \+

၃၄၁–မေး ကိစ္စ၏ သရုပ်ကို အခြားသော သင်္ဂဟ တို့၌ကဲ့သို့ ဝါကျဖြင့်ပြဆိုပါက အဘယ် သို့သောအပြစ်ဖြစ်မည်နည်း။

ဖြေ– ကိစ္စ၏ သရုပ်ကို ဝါကျဖြင့် ပြဆိုပါက ဌာန၏သရုပ်ကိုလည်း စေ့စုံအောင်ဝါကျဖြင့်တဖန်ထပ ၍ ပြဆိုရပြန်တော့မည် ဖြစ်သဖြင့် ကျမ်း လေးခြင်း တည်းဟူသော ဂန္ထဂရုဒေါသ ဖြစ်ပါသည်။

\+ \+ \+

၃၄၂ မေး အဘယ်သို့ ဖြစ်ခြင်းသည် ဘဝင်ကိစ္စ မည်ပါသနည်း။

ဖြေ- ဘဝ၏ အကြောင်း၏အဖြစ်ဖြင့် ဖြစ်ခြင်းသည် **ဘဝင်္ဂကိစ္စ** မည်ပါသည်။

\+ \+ \+

၃၄၃-မေး ဘဝင်၌ ဘဝအရ, ဘဝင်အရတို့ကို ညွှန်ပြ၍ ဘဝနှင့် အင်္ဂကို သမာသ် တွဲစပ်ပြပါ။

ဖြေ- ဘဝအရကား ကမ္မဘဝ, ဥပပတ္တိဘဝ နှစ်ပါးတို့တွင် ဥပပတ္တိဘဝ ဖြစ်ပါသည်၊ ဘဝင်အရကား **ဘဝင်စိတ်** တဆယ့်ကိုးခုဖြစ်ပါသည်။

ဥပပတ္တိ သင်္ခါတဿ ဘဝဿ အင်္ဂံ ကာရဏံ ဘဝင်္ဂံ။ဝစနတ္ထ။ ။ပဏ္ဍိမဉ္ဈူ။

\+ \+ \+

၃၄၄-မေး အဘယ်သို့ ဖြစ်ခြင်းသည် ဇောမည်ပါသနည်း။ဇဝနံကိုလည်းဝစနတ္ထပြခဲ့ပါ။

ဖြေ- အာရုံ၌ ထိုထိုသို့သော ကိစ္စကို ပြီးစေသည်၏အစွမ်းအားဖြင့် **လျင်မြန်စွာ** ဖြစ်ခြင်းသည် ဇောမည်ပါသည်၊ဇဝိယတေ ပဝတ္တိယတေ ဇဝနံ။ ။ဝစနတ္ထ။

\+ \+ \+

၃၄၅-မေး ဇောစိတ်သည် အခြားသောစိတ်တို့နှင့် ခဏတွယအားဖြင့် တူကြသည်မဟုတ်ပါလော၊ အဘယ်သို့လျင်မြန်စွာဖြစ်ပါသနည်း။

ဖြေ - ထပ်ကာထပ်ကာဖြစ်သည်ကို လျှင်မြန်စွာ ဖြစ်သည်ဟု ဆိုပါသည်။

+ + +

၃၄၆-မေး။ ထပ်ကာထပ်ကာဖြစ်ခြင်းသည်ဇောမည့် ပါက မနောဒွါရာ ဝဇ္ဇန်း သည်လည်း- ပရိတ္တာရုံ၌ ဥပ္ပေါ ကိစ္စတပ်၍ နှစ်ကြိမ် သုံးကြိမ်ဖြစ်ခြင်းကြောင့် ဇောမည်ထိုက် သည်မဟုတ်ပါလော။

ဖြေ- မနောဒွါရာဝဇ္ဇန်းကား နှစ်ကြိမ်,သုံးကြိမ် ဖြစ်သော်လည်း အာရုံ၏အရသာကိုခံစားခြင်းသဘော မရှိသောကြောင့် **ဇောကိစ္စ**မတပ်နိုင်ပါ။ ။ ဋီကာကျော်။

+ + +

၃၄၇-မေး။ အဘိညာဏ်စိတ်,မဂ်စိတ်, အာဒိကမ္မိက စိတ်ဟူ၍ဖြစ်သော ဈာန်စိတ်တို့သည် တ ကြိမ်သာဖြစ်ပါလျက် အဘယ့်ကြောင့် ဇောကိစ္စတပ်နိုင်ပါသနည်း။

ဖြေ- အာရုံ၏အရသာကိုခံစားခြင်းဟုဆိုအပ် သော ဇောသဘောရှိသောကြောင့် **ဇောကိစ္စ** တပ်နိုင်ပါ သည်။ ။ဋီကာကျော်။ + + +

၃၄၈မေး။ သန္တီရဏချင်း အတူတူ ဖြစ်ပါလျက် သောမနဿသန္တီရဏသည် အဘယ့် ကြောင့် ပဋိသန္ဓေကိစ္စ မတပ်နိုင်ပါသ နည်း။

**ဖြေ–** အဟိတ်ပဋိသန္ဓေ အကျိုးကို ပေးသော ဒွိဟိတ်ဩမက ကုသိုလ်ကံသည်အလွန်အားနည်းသည် ဖြစ်၍ သောမနဿပဋိသန္ဓေအကျိုးကိုပေးခြင်းငှါမစွမ်း နိုင်သောကြောင့် သောမနဿသန္တီရဏသည် **ပဋိသန္ဓေ ကိစ္စ** မတပ်နိုင်ပါ။ ။ပရမတ္ထဒီပနီ။

\+ + +

**၄၄၉–မေး** ကိစ္စ,ဌာန နှစ်ပါးတို့၏ ထူးခြားပုံကို ကျမ်းဆရာများဝါဒရှိတိုင်းဖြေဆိုခဲ့ပါ။

**ဖြေ–** သတ္တိသည် ကိစ္စ၊ သတ္တိမန္တ ဖြစ်သော စိတ် ဖြစ်သည် **ဌာန**၊

**ထင်ရှားအောင်ပြဦးအံ့** ပဋိသန္ဓေကိစ္စဋ္ဌာန နှစ်ပါး ကို တစပ်တည်းကဲ့သို့စပ်ခြင်းသတ္တိသည် **ကိစ္စ**၊ စပ်ခြင်း သတ္တိရှိသော ပဋိသန္ဓေစိတ် ဖြစ်သည် **ဌာန** ဤသို့သတ္တိ, သတ္တိမန္တမျှသာ ထူးကြသည်၊ ( ဤကားဋီကာကျော် အလို)

ပဋိသန္ဓေစိတ်သည် **ကိစ္စ**၊ စုတိ,ဘဝင်တို့၏အကြား ဖြစ်သော **အန္တရ ဝိဝရကပ္ပ ပညတ်**သည်**ဌာန**။ ။ဤကား သင်္ခေပဆရာတော်အလို။

\+ + +

**၄၅၀–မေး** ဌာန ဟူသောပုဒ်ကို ဝစနတ္ထပြု၍ ဆရာ နှစ်ပါးအလိုအားလျော်စွာအသီးအသီး အနက်ယောဇနာပြုပါ။

**ဖြေ–** တိဋ္ဌတိ ဧတ္ထာတိ ဌာနံ။ ။ဝစနတ္ထ။

အနက်ကား...ဋ္ဌေ-၌စိတ်ဖြစ်၍၊ကိစ္စံ-သတ္တိဖြစ်သော ကိစ္စသည်၊ တိဋ္ဌတိ-တည်တတ်၏၊ ဇာတိတဿ-ထိုသို့ ကိစ္စ၏တည်ရာဖြစ်သောသတ္တိကြောင့်၊တံ-ထိုစိတ်သည် ဌာနံ-ဌာနမည်၏။ ။(၌ကား ဝိုကာကျော်ဆရာ့ အလို အနက်ယောဇနာပုံ)

ဋ္ဌေ-၌အဓိကရ ဝိဝရ ကပ္ပ ပည့ တ်၍၊ပိတ္တံ-ပဋိသန္ဓေ စသော စိတ်သည်၊ တိဋ္ဌတိ-တည်တတ်၏၊ ဇာတိ-ထို့ ကြောင့် တံ-ထိုအဓိကရ ဝိဝရ ကပ္ပ ပည့တ်သည်၊ ဌာနံ-ဌာနမည်၏။(၌ကား သခင်ပဆရာ့အလို အနက်ယော ဇနာပုံ) + + +

၄၅၁-မေး ဌာန ၂၅-ပါးကို သိသာရုံ သချာမျှ ရေ တွက်၍ပြခဲ့ပါ။

ဖြေ- ပဋိသန္ဓေ တဌာန, ဘဝင် ခြောက်ဌာန, အာဝဇ္ဇန်း နှစ်ဌာန, ပဉ္စဝိညာဏ် တဌာန, သမ္ပဋိစ္ဆိုင်း တဌာန, သန္တီရဏ တဌာန, ဝုဋ္ဌော နှစ်ဌာန, ဇော ခြောက်ဌာန, တဒါရုံ နှစ်ဌာန ပေါင်း ၂၅-ဌာနဖြစ်ပါ သည်။ ။သခင်ပ။ + + +

၄၅၂-မေး ကိစ္စမှာတဆယ့်လေးပါးရှိပါလျက် ဌာ နမှာ အဘယ့်ကြောင့် ဆယ်ပါးသာ ရှိ ရပါသနည်း။

ဖြေ- ပဉ္စဝိညာဏ်ကို ပဉ္စဒွါရာ ဝဇ္ဇန်း နှင့် သမ္ပဋိစ္ဆိုင်းတို့၏ အကြား၌ဖြစ်ခြင်းတူ၍ တဌာနတည်း ပေါင်း၍ယူရသောကြောင့်ဆယ်ပါးသာရှိပါသည်။

**၃၅၃-မေး** အဘယ်ကြောင့် ဒွါရမည်ပါသနည်း၊ ဒွါရကိုလည်း ဝစနတ္ထပြု၍ပြပါ။

**ဖြေ-** (က)စိတ်,စေတသိက်တို့၏ ဖြစ်ရာ ဖြစ်ကြောင်း ဖြစ်သဖြင့် ထွက်ဝင်ရာ တံခါးနှင့် တူသောကြောင့် ဒွါရမည်ပါသည်။

(ခ) နိက္ခန္တာစ ပဝိသန္တာစာတိ ဒွေဓနာ အရတ္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတေနာတိ ဒွါရံ၊ ဒွါရံ ဝိယာတိ ဒွါရန္တိ ဝစနတ္ထ။ ။မဏိမဉ္ဇူ။

\+ + +

**၃၅၄-မေး** အဘယ်သို့သော သဘောကိုရည်ရွယ်၍ စိတ်, စေတသိက်တို့ကို ဝင်သည်ထွက်သည်ဟုဆိုပါသနည်း။

**ဖြေ-** ခြောက်ဒွါရ၌စိတ်, စေတသိက်တို့၏ဖြစ်ခြင်းကိုရည်၍ဝင်သည်ဟုဆိုပါသည် ချုပ်သည်ကိုရည်၍ ထွက်သည်ဟုဆိုပါသည်။ + + +

**၃၅၅-မေး** စက္ခု မေဝ စက္ခုဒွါရံ၌ 'ဧဝ'သဒ္ဒါဖြ အဘယ်ကိုသာ ယူစေ လို၍ အဘယ်ကို နှစ်စေလိုပါသနည်း။

**ဖြေ-** ဧဝသဒ္ဒါဖြင့် စက္ခုပသာဒရုပ်ကိုသာ ယူစေလိုပါသည်၊ မဏိမဉ္ဇူအလိုအားဖြင့် သဒ္ဒ ဇီဝ စသည်ကို နှစ်စေလိုပါသည်၊ ဆရာများ အလိုအားဖြင့် စက္ခုဒသက-ကလာပ်၌ ရှိသော ကလာပ် ဖေါ်ချင်တို့ကို နှစ်စေပါသည်။

\+ + +

**၃၅၆-မေး** ဤဒွါရသင်္ဂဟ၌ မနောဒွါရအရ အဘယ်တရားကိုယူမည်နည်း၊ ကျနစွာပြဆိုပါ။

**ဖြေ-** မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်သော ဘဝင်္ဂုပစ္ဆေဒ တဆယ့်ကိုးခုကိုယူရပါသည်။

**ဘဝင်္ဂံ အာဝဇ္ဇနာ နန္တရံ ဘဝင်္ဂံ**။ ။ဋီကာကျော်

**အာဝဇ္ဇနာ နန္တရန္တိ မနောဒွါရာဝဇ္ဇနာနန္တရံ**။ ။ ပဏ်မဋ္ဌူ။

\+ \+ \+

**၃၅၇-မေး** အဘယ့်ကြောင့်ဘဝင်္ဂုပစ္ဆေဒတဆယ့်ကိုးခုသည် မနောဒွါရမည်ပါသနည်း။

**ဖြေ-** မနောဒွါရာဝဇ္ဇန်း အစရှိသော ဝီထိစိတ်တို့၏ဖြစ်ကြောင်း ဖြစ်သောကြောင့် **မနောဒွါရ** မည်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

**၃၅၈-မေး** ပဉ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်သော ဘဝင်္ဂုပစ္ဆေဒ တဆယ့်ကိုးခု သည်လည်း ပဉ္စဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်တို့၏ ဖြစ် ကြောင်း ဖြစ် သော ကြောင့် မနောဒွါရ မည်သင့်သည် မဟုတ်ပါလော၊ အသို့မှတ်ရမည်နည်း။

**ဖြေ-** ယင်းဘဝင်္ဂုပစ္ဆေဒတဆယ့်ကိုးခုသည်လည်း ဝီထိစိတ်တို့၏ဖြစ်ကြောင်းမှန်သော်လည်းမနောဒွါရဟူသောအမည်သည်မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌

ဖြစ်သောဘဝင်္ဂပစ္စေဒ တဆယ့်ကိုးခု၌သာ ထင်သော ကြောင့်အထင်ရှား<sup>ဝ</sup>အားဖြင့်မနောဒွါရာဝဇ္ဇန်း၏အခြား မဲ့၌ဖြစ်သောဘဝင်္ဂပစ္စေဒတဆယ့်ကိုးခုသည်သာလျှင် မနောဒွါရမည်သင့်ပါသည်၊ပဉ္စဒွါရာဝဇ္ဇန်း၏အခြားမဲ့ ၌ဖြစ်သောဘဝင်္ဂုပစ္စေဒတဆယ့်ကိုးခုကား မနောဒွါ ရမမည်သင့်ပါ။

**၃၅၉—မေး** ပကတိပိုင်း၌လာသောကာယဒွါရနှင့် ဘုံပိုင်း၌ လာသော ကာယဒွါရ နှစ်ပါး တို့သည် ထူး,မထူး အဓိပ္ပါယ်နှင့် တကွ ပြပါ။

**ဖြေ—** ပကတိပိုင်း၌ကား ပဉ္စဒွါရာဝဇ္ဇန်း စ သော ဝိထိစိတ်တို့၏ဖြစ်ကြောင်းဖြစ်သောကြောင့် ကာ ယပသာဒရုပ်ကို ကာယဒွါရဟုခေါ်သည်၊ဘုံပိုင်း၌ကား ကာမာဝစရကုသိုလ်ကံ,အကုသိုလ်ကံတို့၏ဖြစ်ကြောင်း ဖြစ်သောကြောင့် ကာယဝိညတ်ရုပ်ကို **ကာယဒွါရ** ဟု ခေါ်သည်။ ။ဤကားအထူး။

\+ \+ \+

**၃၆၀—မေး** ပကတိပိုင်း, ဘုံပိုင်းလာ မနောဒွါရ နှစ်ပါးတို့၏ ထူးခြားဟန်ကိုပြပါ ။

**ဖြေ—** ပကတိပိုင်း၌ ဘဝင်္ဂုပစ္စေဒတဆယ့် ကိုးခုကို**မနောဒွါရ**ဟုခေါ်သည်၊ ဘုံပိုင်း၌လောကီ ကု သိုလ်စေ, အကုသိုလ်စေတို့ကို **မနောဒွါရ** ဟု ခေါ် သည်၊ ဤသို့ထူးပါသည်။

\+ \+ \+

**၃၆၁–မေး** တဏ္ဍ ပဋ္ဌာန်းပါဠိနှင့် ၊ လ ၊ တဒါရမ္မဏ ဝသေန-ပါဠိ၌ 'တဒါရမ္မဏ' အရအ ဘယ်ကို ယူရမည်နည်း။

**ဖြေ–** သန္တီရဏသုံးပါးကိုယူပြီးသောကြောင့် **အဂ္ဂဟိတဂ္ဂဟဏ** နည်းအားဖြင့် မဟာဝိပါက်စိတ်ရှစ် ပါးကိုသာ ယူရပါသည်။

\+ + +

**၃၆၂-မေး** တဒါရမ္မဏအရ မဟာဝိပါက် စိတ်ကို သာ ယူရပါက သိလွယ်,ထင်လွယ် စေ ခြင်းအကျိုးငှါ မဟာဝိပါကဝသေန ဟု အဖြောင့်အားဖြင့်မဆိုမူ၍ တဒါရမ္မဏ ဝသေနဟု အဘယ့်ကြောင့် ကွေ့ကွေ့ ကောက်ကောက်ဆိုထားရပါသနည်း။

**ဖြေ–** မဟာဝိပါက်စိတ်သည် ဒွါရ၌ဖြစ်သော်လည်း ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စ တပ်ခိုက်၌ဖြစ်သည် မဟုတ်၊တဒါရုံကိစ္စတပ်ခိုက်၌သာ ဒွါရ၌ဖြစ်သည် ဟူ သော အဓိပ္ပါယ်ကို သိစေလိုသောကြောင့် **တဒါရမ္မဏ ဝသေန** ဟု ဆိုရပါသည်။

\+ + +

**၃၆၃–မေး** ပဋ္ဌာနပါဠိက စိတ်တို့ကိုပြဆိုရာ၌ သန္တီ ရဏကို တသီးတခြားခွဲ၍ ဆိုသကဲ့သို့ မဆိုမူ၍ မနောဒွါရိက စိတ်တို့ကိုပြဆို ရာ၌ သန္တီရဏနှင့် မဟာ ဝိပါက်စိတ်

တို့ကို ပေါင်း၍ တဒါရမ္မဏ ဝသေန ဟု အဘယ့်ကြောင့် ဆိုပြန်ပါသနည်း။

**ဖြေ–** သန္တီရဏစိတ်တို့သည် မနောဒွါရ၌ဖြစ်သော်လည်း သန္တီရဏကိစ္စတစ်ခုက်၌ဖြစ်သည်မဟုတ် တဒါရုံကိစ္စတစ်ခုက်၌သာဖြစ်သည်ဟူသော အဓိပ္ပါယ်ကို သိစေလို၍ **တဒါရမ္မဏဝသေန**ဟု ဆိုရပြန်ပါသည်။

\+ + +

**၃၆၄–မေး** မဟဂ္ဂုတ်,လောကုတ္တရာ စိတ်တို့ကား အဘယ့်ကြောင့် ပဉ္စဒွါရ၌ မဖြစ်ကြသနည်း။

**ဖြေ–** မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့ကား၊ ဓမ္မာရုံကို အာရုံပြုကြသည်၊ပဉ္စာရုံကိုအာရုံမပြုကြသောကြောင့် ပဉ္စဒွါရ၌ မဖြစ်နိုင်ကြပါ။

\+ + +

**၃၆၅–မေး** ပဋိသန္ဓေ,ဘဝင်, စုတိစိတ်တို့သည် အဘယ်ကြောင့်ဒွါရဝိမုတ်ဖြစ်ပါသနည်း၊

**ဖြေ–** ယင်းစိတ်တို့သည်(၁) စက္ခုဒွါရစသော ဒွါရခြောက်ပါးတို့၌ မဖြစ်သောကြောင့်၎င်း,(၂)မိမိတို့သည်ပင်လျှင် မနောဒွါရဟုဆိုအပ်သော ဘဝင်၏ အဖြစ်ကြောင့်၎င်း,(၃)ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံမှ တပါးသောအာရုံကို ယူသည်၏အစွမ်းအားဖြင့် မဖြစ်သောကြောင့်၎င်း ဒွါရဝိမုတ်ဖြစ်ပါသည်။ ။

ဋီကာကျော်။ + + +

၃၆၆–မေး။ မနောဒွါရ၌ မဖြစ်နိုင်သောစိတ်တို့ကား အဘယ်စိတ်တို့ပါနည်း။

ဖြေ– ဒွေးပဉ္စဝိညာဏ်တဆယ်, မနောဓာတ်သုံးခုဖြစ်ပါသည်။

+ + +

၃၆၇–မေး။ ပဉ္စဒွါရ၌မဖြစ်လာသော စိတ်ကား အဘယ်စိတ်တို့ပါနည်း။

ဖြေ– အပ္ပနာဇော ဆဗ္ဗိသတို့ဖြစ်ပါသည်။

+ + +

၃၆၈–မေး။ စေတသိက် ၅၂ ကို ဒွါရခြောက်ပါးနှင့် ဝေဘန်လိုက်ပါ။

ဖြေ– ဝိရတီ,အပ္ပမညာတို့သည် မနောဒွါရ၌သာဖြစ်ပါသည်၊ကြွင်းသော စေတသိက် သတ္တ စတ္တာလီသ တို့သည် ခြောက်ဒွါရ၌ ထိုက်သည်အားလျော်စွာ ဖြစ်ကြပါသည်။

+ + +

၃၆၉–မေး။ အဘယ့်ကြောင့် အာရုံမည်ပါသနည်း၊ ဝစနတ္ထလည်းပြုခဲ့ပါ၊

ဖြေ– စိတ်, စေတသိက်တို့သည် လာ၍ မွေ့လျော်ရာ ဖြစ်သောကြောင့်ရင်း, စိတ်, စေတသိက်တို့သည် ဆွဲယူအပ်သောကြောင့်ရင်း အာရုံမည်ပါသည်၊

စိတ္တ,စေတသိကာနိ အာဂန္တွာရမန္တိ ဧတ္ထာတိ အာရမ္မဏံ၊ စိတ္တစေတသိကေဟိ အာလမ္ဗိယတိဂယှတီတိ အာလမ္ဗဏံ၊တဒေဝအာရမ္မဏံ။ ။ဝစနတ္ထ၊

\+ + +

**၂၇၀-မေး။** ရူပ မေဝ ရူပါရမ္မဏံ၌ 'ဧဝ' သဒ္ဒါဖြင့် အဘယ်ကိုနှစ်စေပါသနည်း။

**ဖြေ-** ရူပါရုံမှ တပါးသောရုပ်ကိုငှင်း,**သတ္တ ဇီဝ** ကိုငှင်း နှစ်စေပါသည်။

\+ + +

**၂၇၁-မေး။** မျက်စိနှင့် မြင်ကောင်းသော အဆင်းဟူသမျှသည် ရူပါရုံမည်၏ဟု ဆရာကြီးများ ဆိုချက်ရှိသောကြောင့်ပကတိမျက်စိဖြင့် မမြင်ကောင်းသော အလွန် သေးငယ်သောမှုန်, အလွန် တိုသော ခဏရှိသော အလျှံတောက်သော သံပူပေါ်သို့ကျသောရေပေါက်စသည်တို့ကို ရူပါရုံ ခေါ်မည်လော၊ဓမ္မာရုံခေါ်မည်လော။

**ဖြေ-** ကေစိဆရာကြီးများက ဓမ္မာရုံဟု ဆိုပါသည်၊ထိုသို့ပင်ဆိုသော်လည်း ဓမ္မာရုံမဟုတ်ပါ၊ရူပါရုံပင် ဖြစ်ပါသည်။

ယေပန အနာပါထဂတာ ရူပါဒယောပိ ဓမ္မာရမ္မဏမိစ္စေဝ
ဝဒန္တိ၊ တေ ဣမိနာသုတ္တေန ပဋိက္ခိပိတဗ္ဗာ။ ။အဋ္ဌသာလိနီ

\+ + +

**၃၇၂–မေး** မျက်စိဖြင့် မမြင်ကောင်းသော အလွန် သေးငယ်သော ရူပါရုံ စသည်တို့သည် စက္ခုဝိညာဏ်၏အာရုံမဖြစ်က အဘယ် တရားတို့၏ အာရုံဖြစ်မည်နည်း။

**ဖြေ–** မနောဝိညာဏ်,ဒိဗ္ဗစက္ခုစသော တရားတို့၏ အာရုံဖြစ်ပါသည်။ ၊အဋ္ဌသာလိနီ။ + +

**၃၇၃–မေး** စိတ္တဇသဒ္ဒါ, ဥတုဇသဒ္ဒါ နှစ်ပါးရုံရ အောင် သဒ္ဒါရုံကို ဝစနတ္ထပြုလိုက်ပါ။

**ဖြေ–** သပ္ပတိ သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ၊ သဒ္ဒေါဧဝ အာရမ္မဏံ သဒ္ဒါရမ္မဏံ။

**၃၇၄–မေး** အတ္တနော သဘာဝံ ဓာရေတီတိ ဓမ္မော ဟူသော ဝစနတ္ထနှင့်အညီ ရူပါရုံစသည် တို့သည်လည်း မိမိ၏သဘောကိုဆောင် တတ်သောကြောင့်ဓမ္မာရုံမည်သင့်သည် မဟုတ်ပါလော၊ အသို့မှတ်ရမည်နည်း။

**ဖြေ–** ရူပါရုံ စသည် တို့သည်ကား ရူပါရုံ, သဒ္ဒါရုံစသော အမည်ထူးကို ရပြီးသောကြောင့် ဓမ္မာရုံ မမည်သင့်ပါ၊ ပသာဒရုပ်,သုခုမရုပ်,စိတ်, စေတသိက်, နိဗ္ဗာန် ပညတ်တို့သာလျှင် အမည်ထူးကိုမရသေးသော ကြောင့် 'ဓမ္မာရုံ' မည်သင့်ပါသည်၊ နလဒ္ဓနာမ ဝိသေ သတ္တာ။

**တနည်းကား:** ဓမ္မာရုံဟူသော အမည်သည်ပသာဒရုပ် စသည်တို့၌သာ ထင်သောကြောင့်ပသာဒရုပ်စသည်တို့

သာလျှင် အထင်ရှ ဦးအားဖြင့် ဝမ္ဗာရုံမည်သင့်ပါသည်၊ ရူပါရုံစသည်တို့ကား ဝမ္ဗာရုံ မမည်သင့်ပါ။

မွောရမ္ဗဏာသဒ္ဒသ ပသာဒါဒိသုဃေဝ ဆသု နိရုဠ္ဌတ္တာ။ ။ မဏိမဉ္ဇူ။ + + +

**၃၇၅-မေး** တဒ္ဒပစ္စုပ္ပန္နံ၌ပစ္စုပ္ပန်၏အမျိုးအပြားကိုပြ၍ဤ၌အလိုရှိအပ်သောပစ္စုပ္ပန်ကိုညွှန်ခဲ့ပါ

**ဖြေ-** ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်အားဖြင့် သုံးပါးရှိပါသည်၊ဤ၌ခဏပစ္စုပ္ပန်သာ အလိုရှိအပ်ပါသည်။ + + +

**၃၇၆-မေး** ပစ္စုပ္ပန် သုံးမျိုးတို့၏ အရကို ထင်ရှားအောင် ဖော်ပြခဲ့ပါ။

**ဖြေ-** စိတ်၏ခဏတ္တယကာလသည်ခဏပစ္စုပ္ပန်မည်၏ ခုနစ်ဝိထိ, ရှစ်ဝိထိသော ကာမကုသိုလ် ဇော သန္တာန်သော်၎င်း, သို့မဟုတ် ကြိယာဇော သန္တာန်သော်၎င်း, သို့မဟုတ် အကုသိုလ်ဇော သန္တာန်သော်၎င်း ဖြစ်စေ၊သဘာဂဇောဖြစ်၍ ချုပ်သည်တိုင်ရုံသော နာမ်၏သန္တာန်, နေပူမှ တိုက်သို့ဝင်သောသူအား အဒိုက်မပျောက်မီကာလဟုဆိုအပ်သော ရုပ်၏သန္တာန်၊ ဤသို့ နာမ်၏သန္တာန်, ရုပ်၏ သန္တာန်တို့ဖြင့် ပိုင်းခြားအပ်သောကာလသည် **သတိန္တပစ္စုပ္ပန်**မည်၏ (ဘဝင်တဒါရုံတို့ကား ဇောဝါရ၌သွင်း၍ယူပါ)။

ပဋိသန္ဓေကစ၍ စုတိတိုင်အောင် ဤအတွင်းသည် **အဒ္ဓါပစ္စုပ္ပန်**မည်၏။ ။(ပါရာဇိကကဏ်အဋ္ဌကထာ)

၃၇၇-မေး ပဉ္စဒွါရိကစိတ်တို့၏ အာရုံကို ပြဆိုရာ၌ 'တဉ္စပစ္စုပ္ပန္နံ တာနိစ ပစ္စုပ္ပန္နာနိယေဝ' ဟုဆိုခြင်းကြောင့် ပဉ္စာရုံဟူသမျှပစ္စုပ္ပန်သာ ဖြစ်သည်၊ အတိတ်, အနာဂတ်ဖြစ်သော ပဉ္စာရုံမရှိဟု မှတ်ရမည်လော။

ဖြေ- မမှတ်ရပါ၊ ပဉ္စာရုံဟူသည်ကာလသုံးပါး ပင်ရှိပါသည်၊ ယင်းသုံးပါးအနက် ပဉ္စဒွါရိကစိတ်တို့ သည်ကား ပစ္စုပ္ပန်ဖြစ်သော ပဉ္စာရုံကိုသာ အာရုံပြုနိုင် သည်၊ အတိတ်,အနာဂတ်ဖြစ်သော ပဉ္စာရုံကိုအာရုံမပြု ဟုပြလို၍ ----

တဉ္စပစ္စုပ္ပန္နံ တာနိစ ပစ္စုပ္ပန္နာနိယေဝ...ယူသော စကားကိုဆိုခြင်း ဖြစ်ပါသည်။ + + +

၃၇၈-မေး ပဉ္စာရုံချင်း အတူတူဖြစ်ပါလျက် ပဉ္စဒွါရိက စိတ်တို့သည် တဘယ့်ကြောင့် အတိတ်, အနာဂတ်ပဉ္စာရုံကို အာရုံမပြုနိုင်ကြပါသနည်း။

ဖြေ- ပဉ္စဒွါရိက စိတ်တို့သည်ကား ပသာဒ၌ ထင်ခိုက်ကုန်သော ပဉ္စာရုံတို့ကိုသာလျှင် အာရုံပြုနိုင် သည်၊ အတိတ်,အနာဂတ်ဖြစ်သော ပဉ္စာရုံတို့သည်ကား ပသာဒ၌ ထင်ခိုက်ခြင်းမရှိသောကြောင့် ယင်းတို့ကို အာ ရုံမပြုနိုင်ပါ။

ရူပါဒီနိပိ ဃဋ္ဋနရဟိတာနိ၊ အတီတာနာဂတာနိ အာလမ္ဗိတုံ န လဗ္ဘန္တိ၊ ။ပရမတ္ထဒီပနီ။

၃၇၉ မေး ပဋ္ဌဋ္ဌဝါရိကစိတ်တို့၏အာရုံဖြစ်သောပဋ္ဌာရုံနှင့် မနောဒွါရိကစိတ်တို့၏ အာရုံ ဖြစ်သောပဋ္ဌာရုံတို့သည် အသို့လျှင် ထူးကြပါသနည်း။

ဖြေ- ပဋ္ဌဋ္ဌဝါရိကစိတ်တို့၏အာရုံဖြစ်သော ပဋ္ဌာရုံမှာ ပစ္စုပ္ပန် မျက်မှောက်ဖြစ်၍ ပသာဒ၌ ထိခိုက်သော ပစ္စုပ္ပန်ပဋ္ဌာရုံဖြစ်သည်မနောဒွါရိကစိတ်တို့၏အာရုံဖြစ်သောပဋ္ဌာရုံမှာ ပစ္စုပ္ပန်မျက်မှောက်မဖြစ်၊ အတိတ်, အနာဂတ် ဖြစ်၍ ပသာဒ၌ထိခိုက်ခြင်းမရှိ၊ **ကာလတ္တယ** ဖြစ်သော ပဋ္ဌာရုံဖြစ်သည်။

\+ \+ \+

၃၈၀-မေး မနောဒွါရိက စိတ္တာနံ ပန။လ။ယထာရဟ မာရဗ္ဘကာ ဟောတိ၌"ယထာရဟံ" ၏ အဓိပ္ပါယ်ကိုဝေဘန်ရှင်းလင်းလိုက်ပါ။

ဖြေ- ဟသိတုပ္ပါဒ်,တဒါရုံတဆယ့်တစ် ယင်း ၁၂-ပါးသည် ကာမာဝစရဖြစ်သော အာရုံ၆-ပါးကို အာရုံပြုသည်၊ကြွင်းကာမဇော ၂၀ ခု အဘိညာဏ်ဇော တို့သည် ကာမာဝစရ, ကာလဝိမုတ် ဖြစ်သောအာရုံ ၆-ပါးကိုပြုသည်၊ ရူပဇောတဆယ်,အရူပ ပထမ, တတိယဇောတို့သည် ပညတ်ဓမ္မာရုံကိုပြုသည်၊ အရူပ ဒုတိယ စတုတ္ထဇောတို့သည် အတိတ်ဓမ္မာရုံကိုပြုသည်၊ လောကုတ္တရာစိတ်သည် နိဗ္ဗာန်ဓမ္မာရုံကို အာရုံပြုသည်။

\+ \+ \+

၃၈၁-မေး။ ဒွါရဝိမုတ်စိတ်တို့၏အာရုံကို သိလွယ်အောင်အကွက်ချ၍ 'ယထာသမ္ဘဝံ' ၏ အဓိပ္ပါယ်ကိုဖော်ပြပါ။

ဖြေ-

| ပဋိသန္ဓေ ဘဝင်-စုတိ | စိတ် | ဆဗ္ဗိခ္ဓိအရ အာရုံ ၆ ပါး၊ | ဒွါရ | အတီတ် | ပစ္စုပ္ပန် | ပညတ် | ကံ | ကမ္မနိမိတ် | ဂတိနိမိတ် |
|---|---|---|---|---|---|---|---|---|---|
| ကာမပဋိသန္ဓေဘဝင် | ၁၀ | အာရုံခြောက်ပါး | ၆ ပါး | ပြု | ပြု | မ | ပြု | ပြု | ပြု |
| ကာမစုတိ | ၁၀ | အာရုံခြောက်ပါး | ၆ ပါး | မ | ပြု | မ | ပြု | ပြု | ပြု |
| ရူပပဋိသန္ဓေဘဝင်စုတိ | ၅ | ဓမ္မာရုံ | မနော | မ | မ | ပြု | မ | ပြု | မ |
| အရူပ ပဌမ, တတိယ | ၂ | ဓမ္မာရုံ | မနော | မ | မ | ပြု | မ | ပြု | မ |
| အရူပ ဒုတိယ,စတုတ္ထ | ၂ | ဓမ္မာရုံ | မနော | မ | ပြု | မ | မ | ပြု | မ |

**၃၇၂-မေး** ဒွါရဝိမုတ္တာနဥ္စ။ပ။အာရမ္မဏံဟောတိ၊ ဝါကျ၌ "ဘဝင်္ဂရေ ဆဒွါရဂ္ဂဟိတံ" ဟူသော စကားကို အဘယ် အကျိုး၌ ဆိုပါသနည်း။

**ဖြေ-** ပဥ္စဒွါရာဝဇ္ဇန်းစိတ်သည် ရှေး၌ တပုံဘခု သောစိတ်သည် မယူအပ်သောအာရုံကို ယူ၍ဖြစ်သကဲ့သို့ ဒွါရဝိမုတ်စိတ်တို့ကား ထိုသို့မဟုတ်၊ ရှေး၌ ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သောအာရုံကိုသာ ယူ၍ဖြစ်နိုင်သည်ဟု ပြခြင်းအကျိုး၌ဆိုပါသည်။ ။ မဏိမဥ္ဇူ။

\+ \+ \+

**၃၇၃-မေး** 'ဘဝင်္ဂရေ၌ ဘဝင်္ဂရ' အရ အဘယ် ဘဝကိုယူရမည်နည်း၊အခြားမဲ့တဘဝ ကိုသာ ယူမည်လော၊သို့မဟုတ်နှစ်ဘဝ, သုံးဘဝ စသည်ကို ယူ ရ မည် လော၊ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

**ဖြေ-** အခြားမဲ့ နှစ်ဘဝ,သုံးဘဝ စသည်တို့က ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သော အာရုံမှာ ဤဘဝပဋိသန္ဓေစသည်တို့၏ အာရုံမဖြစ်နိုင်၊ အခြားမဲ့တဘဝက ယူအပ်သောအာရုံသည်သာလျှင် ဤဘဝပဋိသန္ဓေစသည်တို့၏ အာရုံဖြစ်နိုင်သောကြောင့် အခြားမဲ့တဘဝကိုသာယူရပါသည်။

ဘဝင်္ဂရေတိ ဇွေအတိတာ နန္တရဘဝေ ဝါအမိပ္ပေတော၊ နအတိတန္တရိတဘဝေ။ ။မဏိမဥ္ဇူ။

၃၇၄-မေး။ ဆန္ဒါရဋ္ဌကိတ်၌ ပဉ္စဒွါရမှာ ရုပ်ဒွါရ ဖြစ်၍ အာရုံကိုမယူနိုင်သည့် မဟုတ်ပါလော၊ အဘယ်သို့မှတ်ရမည်နည်း။

ဖြေ- ဥာနဖြစ်သောဒွါရကို ဥာနီဖြစ်သော မရဏာသန္နဇော၌ တင်စား၍ မရဏာသန္နဇော စိတ်ကို ဆန္ဒါရဟုဠာနူပစာရအားဖြင့် ဆိုထားပါသဖြင့် ဒွါရက အာရုံကိုယူသည်မဟုတ်ပါ၊ မရဏာသန္နဇော သည်သာ အာရုံကိုယူသည်ဟု မှတ်ရပါမည်။ ။မဏိမဉ္ဇူ။

\+ \+ \+

၃၇၅-မေး။ ဒွါရဝိမုတ္တာနဉ္စ ပ။ အာရမ္မဏံ ဟောတိ ဟူသော ပါဠိ၌ 'ယေဘုယျေန' ဟူသော ပါဌ်သသနကို အဘယ့်ကြောင့်ဆိုရပါသနည်း။

ဖြေ- အသညသတ်ဘုံမှ ဂုတေသော ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်၏အာရုံကိုအခြားမဲ့ အသညသတ်ဘဝက တပုံဘခုသော ဒွါရ၌ဖြစ်သော ဇောသည် ယူခြင်းမရှိသောကြောင့် အသညသတ်ကို စင်စေခြင်းငှါ ဆိုပါသည်။ ။ဒီကာကျော်။

\+ \+ \+

၃၇၆-မေး။ အဘယ့်ကြောင့် အသညသတ် ပုဂ္ဂိုလ်တို့၏ အာရုံကို တဘုံဘခုသော ဒွါရ၌ ဖြစ်သောဇောသည် မယူနိုင်ပါသနည်း။

ဖြေ- အသညသတ်ဘုံ၌ ဒွါရ, ဒွါရိကစိတ်တို့ မရှိခြင်းကြောင့် မယူနိုင်ပါ။

ဒွါရဒွါရိကနိ အဝိဇ္ဇမာနတ္တာ။ ။မဏိမဉ္ဇူ။

\+ \+ \+

၃၈၇-မေး သို့ဖြစ်လျှင်၊ အသညသတ်ဘုံမှ ရုတေကုန်သော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်သည် အဘယ်၏ အစွမ်းအားဖြင့် ထင်သော အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ- အသညသတ်ဘုံသို့ မရောက်မီ ရှေးကဏ္ဍာငါးရာစသော ဘဝတို့က ပြုခဲ့သော ပဋိသန္ဓေ၏ အကျိုးကိုပေးစွမ်းနိုင်သော အပရာပရိယ ကုသိုလ်ကံ၏ အစွမ်းဖြင့်ထင်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကိုအာရုံပြုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၃၈၈-မေး ဒွါရဝိမုတ်စိတ်တို့သည် အဘယ့်ကြောင့် အနာဂတ်ကိုအာရုံမပြုနိုင်ကြပါသနည်း။

ဖြေ- အနာဂတ်ဖြစ်သော အာရုံသည် အတိတ်ဖြစ်သော ကံ, ကမ္မနိမိတ်တို့ကဲ့သို့ ခံစားအပ်ပြီး သည်လည်းမဟုတ်, ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်, ဂတိနိမိတ်တို့ကဲ့သို့ထင်ခြင်းသို့လည်း မရောက်သောကြောင့် မပြုနိုင်ပါ။ ။ဋီကာကျော်။ \+ \+ \+

၃၈၉-မေး နိဗ္ဗာန်, ပညတ်တို့သည်ကား အဘယ့်ကြောင့် ကာလဝိမုတ်မည်ပါသနည်း။

ဖြေ— ပျက်စီးခြင်း မရှိသော ကြောင့်ရှင်း၊ အတိတ် စသည်တို့၏ အစွမ်းအားဖြင့် မဆိုအပ်သော ကြောင့်ရှင်း **ကာလဝိမုတ်** မည်ပါသည်။ ။ဋီကာကျော်။

\+ + +

**၃၉၀-မေး** အကုသိုလ်စိတ် ၁၂ခု, ဉာဏ ဝိပ္ပယုတ်စော -၈ခုအားဖြင့် ၂၀ သောစိတ်တို့သည်အဘယ့်ကြောင့် လောကုတ္တရာကို အာရုံမပြုနိုင်ကြပါသနည်း။

ဖြေ— တနေ့လုံး တောက်လောင် အလျှံတပြောင်ပြောင်ငြိုးသောမီးကိုပုဇွဲယင်စသော သတ္တဝါတို့သည် နားငှင့်မရသကဲ့သို့,ဤအတူလောကုတ္တရာတရားတို့ကား **မဟာတေဇဝန္တ** ဖြစ်ကြသောကြောင့် ယင်သတ္တဝါနှင့်တူသော ၂၀ သောစိတ်တို့သည် အာရုံမပြုနိုင်ကြပါ။ ။မဏိဓဥ္ဇူ။

\+ + +

**၃၉၁-မေး** မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု, ကုသိုလ် အဘိညာဏ် အားဖြင့် ငါးပါးသော စိတ်တို့သည် အဘယ့် ကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို အာရုံ မပြုနိုင်ပါသနည်း။

ဖြေ— ယင်းစိတ်တို့သည် သေက္ခပုထုဇန်တို့၏ သန္တာန်၌သာဖြစ်သောကြောင့်မပြုနိုင်ကြပါ။ ။ဋီကာကျော်။ + + +

၃၉၂ **မေး** သေက္ခပုဂ္ဂိုလ် တို့သည်ကား ရအပ်ပြီးသော မဂ်, ဖိုလ် ရှိသောကြောင့် ယင်းတို့၏ သန္တာန်၌ ဖြစ်သော အခါ အရဟတ္တမဂ်,အရဟတ္တဖိုလ် ကို ပြုနိုင်သည် မဟုတ်ပါလော။

**ဖြေ–** မပြုနိုင်ပါ၊ သေက္ခပုဂ္ဂိုလ် တို့သည်ကား အဘိညာဏ်စိတ်ဖြင့် သူတပါး၏စိတ်ကို သိသောအခါ မိမိနှင့်တူသော မဂ်,ဖိုလ်၊ အောက် အောက် ဖြစ်သော မဂ်,ဖိုလ်တို့ကိုသာလျှင် အာရုံပြု၍ ကုသိုလ်ဇောဖြစ်ပါသည်၊ အထက်အထက်ဖြစ်သော မဂ် ဖိုလ်ကိုကား မရအပ်သေးသောကြောင့် အာရုံမပြုနိုင်ပါ။ ဋီကာကျော်။

\+ \+ \+

၃၉၃–**မေး** မဟာကြိယာသမ္ပယုတ် လေးခု,ကြိယာ အဘိညာဏ်, ဝုဋ္ဌော စိတ်တို့ ကား အဘယ့်ကြောင့် အလုံးစုံကိုအာရုံပြုနိုင်ပါသနည်း။

**ဖြေ–** ကြိယာဇောတို့ကား သဗ္ဗညုတဉာဏ် အတီတံသဉာဏ်,ဇာနဒိဝိဉာဏ်စသည်တို့၏အစွမ်းအားဖြင့်ဖြစ်သောကြောင့် အလုံးစုံကို ပြုနိုင်ပါသည်၊ ဝုဋ္ဌောကား ထိုထိုသို့သော သဗ္ဗညုတဉာဏ် စသည်တို့၏ ရှေ့သွား **ပုရေစာရိက** ဖြစ်သောကြောင့် အလုံးစုံကို ပြုနိုင်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

**၃၉၄—မေး။** ပုထုဇဉ်တို့၏ သန္တာန်၌ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် **လေးခု** သည် နိဗ္ဗာန်ကို အာရုံပြုနိုင်,မပြုနိုင် အချက်ပိုင်အောင် ဖြေဆိုပါ။

**ဖြေ—** မဟာကုသိုလ် ဉာဏ သမ္ပယုတ်သည် ပုထုဇဉ်တို့၏ သန္တာန်ဝယ် သောတာပတ္တိမဂ်ရှေ့ ဂေါတြဘုကိစ္စတပ်သော အခိုက်အတံ့ကာလ၌သာ နိဗ္ဗာန်ကို စင်စစ်အာရုံပြုနိုင်ပါသည်။

\+ + +

**၃၉၅—မေး။** နိဗ္ဗာန်ကိုရလိုပါ၏ဟု ရည်မှန်းတောင်းတသောပုထုဇဉ်တို့၏ ကုသိုလ် သမာဆန္ဒနှင့် သမ္ပယုတ်ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်သည် မဟုတ်ပါလော၊ အသို့မှတ်ရမည်နည်း။

**ဖြေ—** နိဗ္ဗာန်အစစ်ကို အာရုံမပြုနိုင်ပါ၊ ဘုရားစသော အရိယာအရှင်မြတ်တို့ဟောပြအပ်သော အစစ်ဖြစ်သော နိဗ္ဗာန်၏ အရိပ် အယောင် အာကာရအတုမျှကိုသာ အာရုံပြုနိုင်ပါသည်။

ကထံ ပန အဒိဋ္ဌကမ္ဘိကော နိရောဓ မဂ္ဂသစ္စာနိ ပရိဂ္ဂဏှာတီတိ အနုဿဝါဒိသိဒ္ဓမာကာရံ ပရိဂ္ဂဏှာတိ။ ။သုတ်မဟာဝါဒီကာ။

\+ + +

၃၉၆–မေး။ အဘယ့်ကြောင့် ဝတ္ထုမည်ပါသနည်း ဝတ္ထုကိုလည်း ဝစနတ္ထပြုခဲ့ပါ။

ဖြေ– စိတ်,စေတသိက်တရားတို့၏မှီရာ,နေရာ ဖြစ်သောကြောင့် ဝတ္ထုမည်ပါသည်။

စိတ္တစေတသိကာ ဝသန္တိ ဧတ္ထာတိ ဝတ္ထု။

\+ \+ \+

၃၉၇–မေး။ ကာမဘုံ၌ အဘယ့်ကြောင့် ဝတ္ထုရုပ် ခြောက်ပါးလုံးကို ရပါသနည်း။

ဖြေ– ပြည့်စုံသော ဣန္ဒြေရှိသောပုဂ္ဂိုလ်၏ ကာမဘုံ၌သာ ဖြစ်သင့်သောကြောင့် ခြောက်ပါးစုံရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၃၉၈–မေး။ ကာမ ဘုံ၌ ဝတ္ထုရုပ် ခြောက် ပါး ကို ပုဂ္ဂိုလ်တိုင်း ရပါသလော။

ဖြေ– မရပါ၊စက္ခုဣန္ဒြေ,သောတိန္ဒြေ, ဃာနိန္ဒြေ တို့တွင် တပါး ချို့သောပုဂ္ဂိုလ်အား ငါးပါးသာ, နှစ်ပါးချို့သော ပုဂ္ဂိုလ်အား လေးပါးသာ, သုံးပါးချို့သောပုဂ္ဂိုလ်အား သုံးပါးသာရပါသည်။

\+ \+ \+

၃၉၉–မေး။ ကာမပုဂ္ဂိုလ်၌အများဆုံးအားဖြင့်ဝတ္ထုရုပ်မည်မျှ,အနည်းဆုံးအားဖြင့်ဝတ္ထုရုပ်မည်မျှရပါသနည်း၊သရုပ်နှင့်တကွပြပါ။

ဖြေ — အများဆုံးအားဖြင့် ရှေ့မြွေ ပြည့်စုံသော ပုဂ္ဂိုလ်အားခြောက်ပါးလုံးရပါသည်၊ အနည်းဆုံးအား ဖြင့် ကာမဘုံ၌ စက္ခု,သောတ,ဃာနချို့ကောင်းသော ကြောင့် ဇိဝှါ,ကာယ, ဟဒယဝတ္ထု သုံးပါးသာရနိုင်ပါ သည်။ + + +

၄၀၀—မေး မိကျောင်းနှ၌လျှာမရှိဟု ပြောဆိုကြသော စကားမှာ သင့်, မသင့် ထောက် ချင့် ၍ ဆုံးဖြတ်ပါ။

ဖြေ — မသင့်ပါ၊ အကြောင်းကား ကာမဘုံ၌ ဇိဝှါယတန ချို့ကောင်းသော ပုဂ္ဂိုလ်မရှိသောကြောင့် ဖြစ်ပါသည်၊ + + +

၄၀၁—မေး ရုပါဝစရဘုံ၌အဘယ့်ကြောင့် ဃာနာ ဒိဘ္ဘယ မရှိပါသနည်း။

ဖြေ — ကာမဝိရာဂဘာဝနာ၏ အစွမ်းအားဖြင့် ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်ခြင်းကင်းသဖြင့် ဃာနာဒိဘ္ဘယ၌လည်း တပ်ခြင်း မရှိသောကြောင့် မရ ပါ။ ။ဋီကာကျော်။ + + +

၄၀၂—မေး ရူပဗြဟ္မာတို့သည် ဃာနာဒိဘ္ဘယကို မရ ပါလျှင်စက္ခု,သောတ တို့ကို အဘယ့် ကြောင့် ရပါသနည်း။

ဖြေ — ဘုရားကိုဖူးမြော်ခြင်း, တရားကိုနာခြင်း အကျိုး၂ပါးယင်းတို့၌ တပ်ခြင်း ရှိသောကြောင့် ရပါ သည်။ ။ဋီကာကျော်။

**၄၀၃-မေး** ရူပဘုံ၌ ဃာနာဒိတ္တယမရှိခဲ့သော် ဂန္ဓ, ရသ ဖောဋ္ဌဗ္ဗာရုံတို့လည်း မရှိဟု မှတ်ရမည်လော

**ဖြေ-** မမှတ်ရပါ၊ ရှိပါသည်၊ ယင်းအာရုံတို့၌ တပ်ခြင်းတဏှာ မှ ကင်းသောကြောင့် ဃာနပသာဒ စသည်သာမရှိပါ။

+ + +

**၄၀၄-မေး** မနောဓာတ်,ပဉ္စဝိညာဏဓာတ်, မနောဝိညာဏဓာတ်သုံးပါးတို့သည် သိပုံချင်း ထူး,မထူး အကြောင်းနှင့်တကွပြပါ။

**ဖြေ-** ထူးပါသည်၊ မနောဓာတ်ကား ပဉ္စဒွါရ၌ထင်လာသောပဉ္စာရုံကို ဆင်ခြင်ရုံ, လက်ခံရုံမျှ ကိစ္စရှိသောကြောင့် **သိကာမတ္တ** သာ ဖြစ်ပါသည်။

ပဉ္စဝိညာဏဓာတ်ကား ပဉ္စပသာဒတို့၌ ရှေးရှုထင်လာသော ပဉ္စာရုံတို့ကို မျက်မှောက်ထင်ထင်သိမြင်ခြင်း စသောကိစ္စရှိသောကြောင့် မနောဓာတ်ထက် **ထူးသောသိခြင်း ကိစ္စ** ရှိပါသည်။

မနောဝိညာဏဓာတ်တို့ကား အာရုံ၏ သဘောကို စူးစမ်းဆင်ခြင်ခြင်းစသော ကိစ္စရှိသောကြောင့် ပဉ္စဝိညာဏဓာတ်ထက်ပိုလွန်၍ **အလွန်အကြူး အထူးသဖြင့်သိခြင်းကိစ္စ ရှိပါသည်။** ၊ပရမတ္ထဒီပနီ၊

ပကိဏ်းပိုင်းပြီး၏။

## ဝိထိပိုင်း

၄၁၅ မေး။ အဘယ့်ကြောင့် ဝိသိဟု ခေါ်ရပါသနည်း၊ ဝိထိကိုလည်း ဝစနတ္ထပြခဲ့ပါ။

ဖြေ- လူဘို့၏သွားသာရာ လမ်းခရီးအစဥ်နှင့် တူသောကြောင့် ဝိထိခေါ်ပါသည်။

ဝိယတ္တိ ဂစ္ဆန္တိ ဧတ္ထာတိ ဝိထိ၊ ဝိထိဝိယာတိ ဝိထိ။

\+ + +

၄၀၆-မေး။ ဘူမိပုဂ္ဂလ ဘေဒဒေန(လက္ခိတံ)၌ ဇာတ္တ, ဘူတ, လက္ခဏာ အနက် သုံးချက်ကို ကောက်ပြခဲ့ပါ။

ဖြေ- တပါးသောသင်္ဟာတို့နှင့်မတူသောဘုံ ပုဂ္ဂိုလ်ဖြင့်မှတ်ခြင်းဟုဆိုအပ်သော အထူးသည် ဇာတ္တ, ထိုအထူးသို့ရောက်သောဖျဥ့်နှသမုဒါယဟုဆိုအပ်သော ဝိသိသင်္ဘာသည် ဘူတ, ထိုဘူတကို မှတ်ကြောင်းဖြစ်သောဘုံ,ပုဂ္ဂိုလ်သည် လက္ခဏာ။

\+ + +

၄၀၇-မေး။ အဘယ်သို့ မှတ်ခြင်းသည် ရှေ့စိတ်, နောက်စိတ်တို့ကို မှတ်သည်မည်ပါသနည်း။

ဖြေ- ပဥ္စဒွါရာဝဇ္ဇန်းစိတ်သည် စက္ခုဝိညာဏ် ၏ရှေ့၌ဖြစ်၏၊ စက္ခုဝိညာဏ်သည် ပဥ္စဒွါရာဝဇ္ဇန်းစိတ် ၏ နောက်၌ဖြစ်၏၊ ဤသို့စသည်ဖြင့် မှတ်ပါသည်။

\+ + +

**၄၀၇–မေး** ဘူမိပုဂ္ဂလဘေဒေနဌ်‘ဘူမိ’အရ အဘယ်ဘုံကို ယူရမည်နည်း၊ ဌာနဘုံ, အဝတ္ထာဘုံ နှစ်မျိုးလုံးပင် ယူရမည်လော။

**ဖြေ–** ဌာနဘုံသာ ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ဘုံသုံးပါးသာ ယူရပါသည်။ အဝတ္ထာဘူမိ နိဝတ္တေတုံ ကာမာဝစရာ ဒိန္နတ္ထိ ဂဏှ္တံ။ ။မဏိမဥ္ဇူ။

\+ \+ \+

**၄၀၉–မေး** အဘယ်ကို ဝိထိဟုခေါ်သနည်း၊ သင်္ဂဟာသာကေပြ၍ဖြေပါ။

**ဖြေ–** ဒွါရပဝတ္တာ စိတ္တပဝတ္တိယော ဟူသော သင်္ဂဟာပါဠိနှင့်အညီ ဒွါရ၌စိတ်တို့၏ဖြစ်ခြင်း အစီအစဉ်ကို **ဝီထိ** ဟုခေါ်ပါသည်။

\+ \+ \+

**၄၁၀–မေး** အဘယ်သို့ဖြစ်သည်ကို ဝိသယပဝတ္တိဟုခေါ်ပါသနည်း။

**ဖြေ–** ဒွါရခြောက်ပါးတို့၌ အာရုံတို့၏ဖြစ်ခြင်းကိုတနည်း...... အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းကို ခေါ်ပါသည်။

\+ \+ \+

**၄၁၁–မေး** စိတ်ပိုင်းလာ ‘ဝိက္ခုဝိညာဏ’ ဝိထိပိုင်း ဝိညာဏဆက္ကာ၌ပါသော‘စက္ခုဝိညာဏ’ သဒ္ဒါနှစ်ခုတို့၏ ထူးခြားဟန်ကိုရေးပါ။

ဖြေ- စိတ်ပိုင်းလာ စက္ခုဝိညာဏကို စက္ခုသို့ နိဿိတ ဝိညာဏံ စက္ခုဝိညာဏံဟု ဝစနတ္ထပြုရသောကြောင့် စက္ခုဝိညာဏ်နွေးကိုသာ ရသည်။

စိတ်ပိုင်းလာ စက္ခုဝိညာဏကို စက္ခုသို့ ပဝတ္တံ ဝိညာဏံ စက္ခုဝိညာဏံဟု ဝစနတ္ထပြုရသောကြောင့် စက္ခုဒွါရ၌ဖြစ်သောစိတ် ၄၆ ပါးကိုရပါသည်။

\+ \+ \+

၄၁၂-မေး ဧကစိတ္တက္ခဏ ဟူသည် အဘယ်မျှ လောက် ရှည်မြင့်မည်နည်း။

ဖြေ- လက်ဖျစ်ဘတွက်, မျက်စိတမှိတ် ခဏ၌ စိတ်ပေါင်းကုဋေတသိန်း ဖြစ်သည်ဟု သမ္မောအဋ္ဌကထာ မိန့်ဆိုချက်ရှိသောကြောင့် မျက်စိတမှိတ်ခဏကို အပုံပေါင်း ကုဋေတသိန်းပုံ၍ တပုံသော ကာလအတိုင်းအရှည် ရှိပါသည်။

\+ \+ \+

၄၁၃-မေး ရူပဓမ္မာနမာယုရ၏ ဝိညာတ်နွေး, လက္ခဏာရုပ်လေးခုကို အဘယ်ကြောင့် ကြဉ်ရပါသနည်း။

ဖြေ- စိတ္တက္ခဏ ၁၇-ချက်ခန့် အသက်မရှည်သောကြောင့် ကြဉ်ရပါသည်။

\+ \+ \+

၄၁၄-မေး စိတ္တက္ခဏ ၁၇-ချက်ခန့် အသက်မရှည်က အဘယ်မျှလောက် အသက်ရှည်ကြပါသနည်း အသီးအသီးဖြေဆိုပါ။

ဖြေ— ဝိညတ်နွေးသည် ဝိဇ္ဇာကွဏ တချက်ခန့်သာ အသက်ရှည်ပါသည်။

လက္ခဏာရုပ်တို့တွင် ဥပစယ,သန္တတိရုပ်နှစ်ပါးသည် စိတ်၏ဥပ္ပါဒက္ခဏမျှသာ အသက်ရှည်ပါသည်။

အနိစ္စတာသည် စိတ်၏ ဘင်္ဂက္ခဏမျှသာ အသက်ရှည်ပါသည်။

ဇရတာသည် ခဏငယ် ၄၉-ချက်ခန့်သာ အသက်ရှည်ပါသည်။ ။ဋီကာကျော်။

+ + +

**၄၁၅—မေး** စိတ်နှင့်ရုပ်တို့သည် အသက်ခြင်း တူမျှသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့်စိတ်သည် အသက်တို၍, ရုပ်မှာ အသက်ရှည်ပါသနည်း။

ဖြေ— အာရုံကို ယူတတ်သော စိတ်တရားတို့၏ ခဏငယ်သုံးချက်၏ အစွမ်းအားဖြင့်ပြီးသဖြင့် လျင်မြန်သောဖြစ်ခြင်းရှိသောကြောင့် အသက်တိုပါသည်။

ယူအပ်သော ရုပ်တရား၏ ခဏငယ် ၅၁ချက်ခန့်၏ အစွမ်းအားဖြင့်ပြီးသဖြင့် လေးသော ချုပ်ခြင်းရှိသောကြောင့် ရုပ်မှာအသက်ရှည်ရပါသည်။ ။မဏိမဉ္ဇူ။

+ + +

**၄၁၆—မေး** အတီတဘဝင် စသော ဘဝင်သုံးပါးကို ဝေဖန်ပြလိုက်ပါ။

ဖြေ— အပါထဂမနတော အတိက္ကမိတွာ ဇုတံ အတီတံ၊အတီတံ ဝေ ဘဝင်္ဂံ အတီတ ဘဝင်္ဂံ၊ စလယ တီတိ စလနံ၊ဘဝင်္ဂံ ဝေ စလနံ ဘဝင်္ဂစလနံ၊ဥပစ္ဆိန္ဒတီတိ ဥပစ္ဆေဒေါ၊ဘဝင်္ဂံ ဝေ ဥပစ္ဆေဒေါ ဘဝင်္ဂုပစ္ဆေဒေါ။

\+ + +

၄၁၇–မေး အတီတဘဝင်၏အဓိပ္ပါယ်ကိုဖေါ်ပြပါ။

ဖြေ– မိမိနှင့်အတူ ဥပါဒ်ပြိုင်၍ ဖြစ်ကြကုန်သောပသာဒရုပ်နှင့် အာရုံတို့ ထင်ခြင်းသို့ မရောက်ကြကုန်မီ၊ ချုပ်ပျောက်သွားသောဘဝင်သည်**အတီတဘဝင်** ဖြစ်သည်။

\+ + +

၄၁၈–မေး ပသာဒနှင့် အာရုံတို့သည် အဘယ်ကစ, ဖြစ်၍ အဘယ်မှာထင်ခြင်းသို့ ရောက်ပါသနည်း။

ဖြေ– အတီတဘဝင်၏ဥပါဒ်က စ,ဖြစ်၍ဘဝင်စလန၏ ဥပါဒ်မှာထင်ခြင်းသို့ ရောက်ပါသည်။

\+ + +

၄၁၉-မေး ဘဝင်လှုပ်သည် ဟူသည် သစ်ခက်ကို လေခတ်သကဲ့သို့ လှုပ်ပါသလော၊အသို့နည်း။

ဖြေ– မဟုတ်ပါ၊ ရှေးဘဝင် အစဉ်နှင့် မတူသော နောက်ဝီဘိစိတ်၏ ဖြစ်ကြောင်း၏ အဖြစ်ကိုပင် လျှင် **ဘဝင်စလန** ဘဝင်လှုပ်သည်ဟုဆိုပါသည်။ ။ ဇော်-ဥ၊၊

\+ + +

၄၂၀-မေး။ သစ်ခက်ကို လေခတ်သကဲ့သို့ လှုပ်သည်ဟု ဆိုပါက အဘယ် အဖြစ်ရောက်မည်နည်း။

ဖြေ- ထိုသို့ဆိုပါက ပရမတ္ထ တရားတို့သည် ကိစ္စ,ဗျာပါရရှိကြသည်ဟူသော အဖြစ်ရောက်ပါလိမ့်မည်။ ။မဏိမဉ္ဇူ။

\+ + +

၄၂၁-မေး။ မနောဒွါရိကစသည်တို့ကို ရေတွက်ရာ၌ ပဉ္စဝိညာဏ်စိတ်မဖြစ်ပေါ်မီ၊ ခဏာယ် ၄၉ ချက်၌ရှိသော ပဉ္စပသာဒတို့ကိုသာ ရေတွက်၍ ထိုမှ ရှေ့, နောက် ဖြစ်ကုန်သော ပဉ္စပသာဒတို့ကိုအဘယ့်ကြောင့် မရေတွက်ရပါသနည်း။

ဖြေ- ယင်း ၄၉ ချက်သောပဉ္စပသာဒတို့သည်သာလျှင် ပဉ္စဝိညာဏ်စိတ်ဖြစ်ပေါ်သောအခါ၌ ၎င်း၏အဖြစ်ဖြင့်ရအပ်သည်ဖြစ်၍ ပဉ္စဝိညာဏ်စိတ်တို့ကို မှီ,မမှီ လျှည်းပါးဘွယ်ရှိသောကြောင့်၄၉ချက်သော ပဉ္စပသာဒတို့ကိုသာလျှင် ရေတွက်ရပါသည်၊ ထိုမှတပါးသော ပဉ္စပသာဒတို့ကို ပဉ္စဝိညာဏ်စိတ် ဖြစ်ပေါ်သောအခါ ၎င်း၏အဖြစ်ဖြင့်ထင်ရှားမရှိသောကြောင့်မရေတွက်ရပါ

\+ + +

၄၂၂-မေး။ စက္ခုဒွါရ၌ ရူပါရုံထင်ခြင်းသို့ ရောက်သည့်အခါ ဘဝင် အရှိန်သည် တကြိမ်

သာဖြစ်ပြီး ပြတ်သင့်ပါလျက် မပြတ်ဘဲ အဘယ့်ကြောင့် ဘဝင်္ဂစလန နှစ်ကြိမ် ဖြစ်ရပါသနည်း။

ဖြေ- အရှိန် အဟုန်ဖြင့် ပြေးသောယောက်ျားသည် ရပ်ခြင်းဌါအလိုရှိသော်လည်းရပ်လိုသောနေရာ၌ မရပ်တည်နိုင်ဘဲ နှစ်လှမ်း သုံးလှမ်းလွန်ပြီးမှ ရပ်တည်နိုင်သကဲ့သို့, ထို့အတူ ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်သည်ရှိသော် ထိခိုက်သော အာနုဘော်သတ္တိကြောင့် ဘဝင်အစဉ်ပြတ်လိုသော် အဆောတလျင် မပြတ်မူ၍ ဘဝင်နှစ်ကြိမ် ဖြစ်ပြီးမှသာလျှင် ပြတ်ရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၄၂၃-မေး ဤကြွင်းသော ဘဝင်္ဂစလိတေဟု အရှင်အနုရုဒ္ဓါကိုယ်တိုင် ပင်လျှင် နှစ် ကြိမ် လုံး ဘဝင်္ဂစလန အမည် ပေးထားပါလျက် အဘယ့်ကြောင့် နောက်ဘဝင်ကိုဘဝင်္ဂုပစ္ဆေဒဟုဋီကာဆရာဆိုပြန်ပါသနည်း။

ဖြေ- ပြတ်သော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် နောက်ဘဝင်ကို ဘဝင်္ဂုပစ္ဆေဒဟု ဋီကာဆရာထပ်၍ အမည်ပေးခြင်းဖြစ်ပါသည်။

\+ \+ \+

၄၂၄-မေး ရူပါရုံသည်စက္ခုဒွါရ၌ထင်ခြင်းသို့ရောက်သောအခါ တခု,တခုသော ကလာပ်၌ရှိသော ရူပါရုံသာ ထင်ခြင်းသို့ရောက်သ

လော၊ သို့မဟုတ် များစွာသောကလာပ်
တို့၌ ရှိသောရူပါရုံတို့သည် ထင်ခြင်း
သို့ ရောက်သလော။

ဖြေ— များစွာသော ရုပ်ကလာပ်တို့၌ ရှိသော များစွာကုန်သောရူပါရုံတို့သည် ထင်ခြင်းသို့ရောက်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၄၂၅ မေး များစွာကုန်သောရူပါရုံတို့သည်ထင်ခြင်း
သို့ ရောက်ကုန်၏ဟု ဆိုသော် စက္ခုဝိ
ညာဏ်သည် အပေါင်းကို အာရုံပြုသည်
ဟု မှတ်ရမည်လော။

ဖြေ— မမှတ်ရပါ၊ ပရမတ္ထအားဖြင့် အပေါင်းမည်သည်မရှိပါ၊ အစိတ်, အစိတ်သောရူပါရုံတို့သည် သာလျှင်ပေါင်းစု၍ ထမ်းစဉ်ထမ်းသော နည်းအားဖြင့် စက္ခုဝိညာဏ်အား အာရမ္မဏ ပစ္စည်း၏ အဖြစ်သို့ ရောက်ပါသည် (သဒ္ဒါရုံလည်းနည်းတူမှတ်)မဏိမဉ္ဇူ။

\+ \+ \+

၄၂၆—မေး ရူပါရုံသည် စက္ခုပသာဒအားထင်ခြင်း
သို့ရောက်သောအခါ စက္ခုပသာဒရှိရာ
သို့သွား၍ထင်ခြင်းသို့ရောက်ပါသလော

ဖြေ— ရူပါရုံသည် စက္ခုပသာဒရှိရာသို့ မသွားပါ၊စက္ခုပသာဒအား ထင်ခြင်း၌ သင့်မြတ်သော မိမိ

အရပ်၌ဘည်လျက်သာ ထင်ခြင်းသို့ ရောက်ပါသည်။
(သဒ္ဒါရုံသည်းဤနည်းတူမှတ်) ၊မဏိမဥ္ဇူ။

\+ + +

၄၂၇ မေး ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ တို့ကား ဃာန၊ ဇိဝှါ၊ ကာယပသာဒရှိရာသို့သွား၍ ထင်ခြင်းသို့ရောက်ပါသလော။

ဖြေ- ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်ကား ပသာဒရှိရာသို့သွား၍ မြေ့တွယ်သကဲ့သို့ကပ်ငြိထိခိုက်ကုန်လျက် ထင်ခြင်းသို့ရောက်ပါသည်။ ။ဋီကာကျော်။

\+ + +

၄၂၈ မေး ရူပါရုံသည် စက္ခုပသာဒ၌ထိခိုက်သည် ရှိသော် စက္ခုပသာဒ၏မှီရာမဟာဘုတ်သာ လှုပ်သင့်သည် မဟုတ်ပါလော၊ ဟဒယဝတ္ထု၌မှီသောဘဝင်သည်အဘယ့်ကြောင့် လှုပ်ရလေသနည်း။

ဖြေ- မဟာဘုတ်နှင့်ဟဒယဝတ္ထုသည် အစဉ်၏ အစွမ်းအားဖြင့် တဖွဲ့ကည်း ဖြစ်လေသောကြောင့် ဟဒယဝတ္ထု၌မှီသောဘဝင်လှုပ်ရပါသည်။

\+ + +

၄၂၉ မေး ပသာဒနှင့်အာရုံထိခိုက်သောအခါ ပဉ္စဒွါရာဝဇ္ဇန်းစသောဝိထိစိတ်တို့သည် အဘယ်က လာ၍ ဖြစ်ပေါ်လာပါသနည်း၊ ပြကတေ့အားဖြင့်တည်ရှိနေကြသလော

သို့မဟုတ် တစုံတယောက်ပြုတတ်သော ပုဂ္ဂိုလ်သည် ပြုပြင်၍ ဖြစ်ပေါ်လာပါသလော၊ ဥပမာဆောင်၍ ဖြေဆိုခဲ့ပါ။

**ဖြေ—** ပြကတေ့ အားဖြင့်လည်း တည်ရှိသည် မဟုတ်ပါ၊ ပြုပြင်စီရင်တတ်သောသူ ပြုပြင်စီရင်၍ ဖြစ်ပေါ်လာသည်လည်းမဟုတ်ပါ၊ လောကန္ဒမှန်, ကျောက်, လောင်စာ, နေပူ အချင်းချင်း ပေါင်းစုံမိကြသောအခါ ကိုစွဲ၍မီးပွါး, ဒီးပေါက်ပေါ်လာသကဲ့သို့, ဤအတူဝတ္ထု အာရုံစသော အကြောင်းတရားတို့၏ ညီညွတ်သည်ကို စွဲ၍ စိတ္တနိယာမအားဖြင့် ဖြစ်ပေါ်၍ လာကြရပါသည်။

မနိန္ဒနာတပေ အင္ဂိ အသန္တော့ပိသမာဂမေ၊ ယထာ ဟောတိ
တထာ စိတ္တံ ဝတ္ထာလမ္ဗာဒိ သင်္ဂမေ။ ။သစ္စသံခိပ်။

\+ + +

**၄၃၀—မေး** စက္ခုနာ ရူပံ ဒိသွာဟုဘုရားဟောတော်မူသောကြောင့် စက္ခုပသာဒရုပ် သာ ရူပါရုံကို မြင်နိုင်သည် မဟုတ်ပါလော၊ တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ ဟု ဆိုခြင်းသည် အဘယ်သို့သင့်မည်နည်း။

**ဖြေ—** ရုပ်တရားတို့ မည်သည်မှာ အကာကျဉ်း သာဖြစ်ပါသည်၊ ရူပါရုံကိုမြင်ခြင်းငှါမစွမ်းနိုင်ပါ၊ ‘စက္ခုနာ’ စသောဒေသနာသည်မုချဒေသနာမဟုတ်ပါ၊ ကာရဏူပစာရအားဖြင့်ဟောထားသောဒေသနာဖြစ်ပါသည်

သို့ဖြစ်၍ စက္ခုဝိညာဏ် ဓိတ်သည်သာ ရူပါရုံကိုမြင်နိုင်သည်ဟု မှတ်ရမည်ဖြစ်သောကြောင့်သင့်မြတ်ပါသည်။

စက္ခုနာရူပံဒိဿာတိ ကာရဏဝသေန စက္ခုတိ လဒ္ဓဝေါဟာရေန ရူပ ဒဿနံ သမတ္ထေန စက္ခုဝိညာဏေန ရူပံ ဒိဿာ။ ။ဝိသုဒ္ဓိမဂ်။

\+ \+ \+

၄၃၁-မေး ရုပ်ကိုအဘယ့်ကြောင့်အဗျာကတ်းဟုဆိုရပါသနည်း။

ဖြေ- အာရုံကို မသူတတ်သောကြောင့် ဆိုပါသည်။

ကဿ္မာ အနဲ့ အနာရမ္မဏတ္တာ။ ။မဏိမဉ္ဇူ။

\+ \+ \+

၄၃၂-မေး ရုပ်သည်အဘယ့်ကြောင့် အာရုံကိုမသူတတ်ပါသနည်း။

ဖြေ- စိတ်,စေတနာမရှိသောကြောင့်အာရုံကိုမသူနိုင်ပါ။

ကဿ္မာ အနာရမ္မဏံအစေတနတ္တာ။ ။မဏိမဉ္ဇူ။

\+ \+ \+

၄၃၃-မေး ယင်္ကိစ္စ လဒ္ဓ ပစ္စယံ၌ ပစ္စယ၏ သရုပ်ကို ထုတ်ပြ၍ အဘယ်ပစ္စယ၌ အဘယ်ကာမဓာ ချရမည်ဟု ကာမဓာ ၂၈-နှင့် ယှဉ်စပ်ပြပါ။

ဖြေ- ပစ္စယသမုပ် ကာမဇော
ယောနိသော မနသိကာရ -မဟာကုသိုလ်ဇော ၈ခု။
အယောနိသော မနသိကာရ=အကုသိုလ်ဇော ၁၂ခု။
နိရာနုဿယသတ္တာန -ကာမကြိယာဇော ၈ခု။

+ + +

၄၃၄-မေး ယေဘုယျေန သတ္တဝါအပေါင်းတို့ စဝတိ၌ ကာမဇောသည် အများဆုံး ၇-ကြိမ် စော၏ ဆိုသော် အဘယ်အခါ၌ ဘယ်နှစ်ကြိမ် စောပါသေးသနည်း ရုံလင်စွာပြပါ။

ဖြေ- ပကတိအခါ ၇-ကြိမ် စောပါသည်၊ မရဏာသန္နအခါနှင့် မတူသော မုစ္ဆာကာလ,ပဗ္ဗဒကာလ ၆-ကြိမ်၊ မရဏာသန္န ကာလ, ယင်းနှင့်တူသော မုစ္ဆာကာလ,မန္ဒိန္ဒြိယပုဂ္ဂိုလ်၏တန်ခိုးပြသောကာလ ၅-ကြိမ် တိက္ခိန္ဒြိယပုဂ္ဂိုလ်၏ တန်ခိုးပြသောကာလ,မန္ဒပုဂ္ဂိုလ်၏ ဈာန,မဂ္ဂဝီထိ၏ ရှေးအဘို့ကာလ,၄-ကြိမ်၊တိက္ခပုဂ္ဂိုလ်၏ ဈာန, မဂ္ဂဝီထိ၏ ရှေးအဘို့ကာလ ၃-ကြိမ် စောပါသည်။

+ + +

၄၃၅-မေး တဒါရုံ၏အင်္ဂါပေါ်ကို ဖော်ပြပါ။

ဖြေ- ရေသည် မိမိစီးနေကျ အောက်အကြေသို့ မစီးသေးဘဲ အထက်မြစ်ညာသို့ ဆန်၍ တက်သွားသောလှေ၏နောက်သို့ လှေ၏အရှိန်အဟုန်ကြောင့် အနည်းငယ်ဆန်၍ လိုက်သွားသကဲ့သို့ ထို့အတူ ဝိပါက်စိတ်သည်မိမိသူနေကျဘုံ,ကမ္မနိမိတ်,ဂတိနိမိတ်အာရုံကို

မယူသေးဘဲ ဓောဇ၏အရှိန်အဟုန်ကောင်းလွန်း၍ ဓော ဇ၏ အာရုံကိုယူကာ ဓောသို့ အစဉ်လိုက်၍ ဖြစ်သော ကြောင့် တဒါရုံဟူသော အမည်ကိုရလေသည်။

\+ \+ \+

၄၃၆–မေး။ မဟန္တာရုံဝိထိ၌ အဘယ့်ကြောင့်တဒါ ရုံ မဖြစ်ပါသနည်း။

ဖြေ– အာရုံချုပ်နှင့်လေပြီးဖြစ်၍ သတ္တမဇော နောင်အသက်ကြွင်းတချက်မျှသာ ရှိတော့သဖြင့် တဒါ ရုံသည် နှစ်ကြိမ်မဖြစ်လောက်သောကြောင့် မဖြစ်ပါ။

\+ \+ \+

၄၃၇–မေး။ နှစ်ကြိမ် မဖြစ်လောက်ပါက တကြိမ် ဖြစ်လောက်သော အသက်ကြွင်းရှိသေး သောကြောင့် တကြိမ်ဖြစ်ပါတော့လော အဘယ့်ကြောင့် မဖြစ်ပါသနည်း။

ဖြေ– တကြိမ်ဖြစ်လောက်သောအသက်ကြွင်း ရှိသေးသော်လည်း တဒါရုံတို့မည်သည် နှစ်ကြိမ်ဖြစ်ရ မြဲဖြစ်သည်၊ တကြိမ်ဖြစ်ရိုးထုံးစံမရှိသောကြောင့် မဖြစ် ပါ။

\+ \+ \+

၄၃၈–မေး။ နှစ်ကြိမ် ဖြစ်ရမြဲဖြစ်ပါက အာရုံချုပ်နှင့် သော်လည်း နှစ်ကြိမ်ဖြစ်ပါတော့လော၊ အဘယ့်ကြောင့် မဖြစ်ပါသနည်း။

ဖြေ– နှစ်ကြိမ်ဖြစ်ပါက အာရုံချုပ်နှင့်လေပြီးဖြစ် ၍ ဂုဏ်ယတဒါရုံသည် အတိတ်ကို အာရုံပြုရလိမ့်မည်၊

တရသောအာဝဇ္ဇန်းရှိသောကာမဇောဝါရပိထိ၌ အချို့ကား ပစ္စုပ္ပန်အာရုံ, အချို့ကား အတိတ်အာရုံ ဤသို့စသည်ဖြင့် အာရုံမပြားကောင်းသောကြောင့် နှစ်ကြိမ် မဖြစ်ပါ။ ။ဋီကာကျော်။

\+ + +

၄၃၉—မေး။ အရှင်အနုရုဒ္ဓါဆရာရေးသားသော ပရမတ္ထဝိနိစ္ဆယကျမ်း၌**သကိံ ဒွေဝါ တဒါ လမ္ဗံ** စသည်ဖြင့် တဒါရုံ တကြိမ် ဖြစ်ကြောင်းကို ဆို သည် မဟုတ်ပါ လော၊ အသို့နည်း။

ဖြေ— ပရမတ္ထဝိနိစ္ဆယကျမ်း၌ကား အရှင်အနုရုဒ္ဓါဆရာသည် တဒါရုံတကြိမ်ဖြစ်သည်ကို နှစ်သက်၍ ဆိုသည်မဟုတ်ပါ၊မဇ္ဈိမဘာဏကပုဂ္ဂိုလ်တို့၏ အလိုကို လိုက်၍ ဆိုထားခြင်းမျှသာဖြစ်ပါသည်။

\+ + +

၄၄၀—မေး။ ပရိတ္တာရုံ ဝိထိ၌ ဝုဋ္ဌောနောင် စိတ္တက္ခဏ ခြောက်ချက်အသက်ကြွင်းရှိသောရူပါရုံ မချုပ်သေးပါဘဲလျက်အဘယ့်ကြောင့် ဇောမဖြစ်ပါသနည်း။

ဖြေ— ကာမဇောတို့မည်သည်မှာ ပကတိအခါ ခုနစ်ကြိမ် ဖြစ်မြဲဓမ္မတာဖြစ်ပါသည်၊ ဤပရိတ္တာရုံဝိထိ၌ကား ရူပါရုံသည် နည်းသော အသက်ကြွင်းရှိသဖြင့် အလွန်အားနည်းသည်ဖြစ်၍ ဇောခုနစ်ကြိမ် မဖြစ်လေသောကြောင့် မဖြစ်တော့ပါ။ ။ဋီကာကျော်။

၄၄၁မေး- အခြားသောဝီထိများ၌ ဝုဋ္ဌောတကြိမ်သာ ဖြစ်သကဲ့သို့မဖြစ်မူ၍ ဤပရိတ္တာရုံဝီထိ၌ အဘယ့်ကြောင့် နှစ်ကြိမ်, သုံးကြိမ် ဖြစ်ရသနည်း။

ဖြေ- ဝုဋ္ဌောတို့ မည်သည်မှာ ဇောဖြစ်သောဝီထိ၌ တကြိမ်ဖြစ်မြဲဓမ္မတာဖြစ်သည်၊ ဇောမဖြစ်သောဝီထိ၌ကား နှစ်ကြိမ်, သုံးကြိမ် ဖြစ်မြဲဓမ္မတာဖြစ်သောကြောင့် နှစ်ကြိမ်,သုံးကြိမ် ဖြစ်ရပါသည်။

ဇဝနဝီထိယံ ဧကက္ခတ္တုံ ဝေါဋ္ဌဗ္ဗနံ၊ အလဒ္ဓေပန ကေသိဉ္စိ ဒွိ တိက္ခတ္တုံ ဥဒ္ဒီရိတံ။ ။အဘိဓမ္မတ္ထဝိဘာဝနီ။

\+ \+ \+

၄၄၂-မေး- အတိပရိတ္တာရုံဝီထိ၌ ဝီထိစိတ် မဖြစ်မူ၍ အဘယ့်ကြောင့် ဘဝင်စလနချည်းသာလျှင် ဖြစ်ရပါသနည်း။

ဖြေ- ဝုဋ္ဌော နှစ်ကြိမ်,သုံးကြိမ် မဖြစ်လောက်သောကြောင့် ဘဝင်စလနသာလျှင် ဖြစ်ရပါသည်။

ဒွိတိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနဿ အပ္ပဝတ္တနက ဘာဝတော၊ ။အဘိဓမ္မတ္ထဝိဘာဝနီ။

\+ \+ \+

၄၄၃-မေး- ဝုဋ္ဌော မဖြစ်လောက်ပါက ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် စသည်တို့ ဖြစ်လောက်ပါလျက် အဘယ့်ကြောင့် မဖြစ်ပါသနည်း။

**ဖြေ–** ဝုဋ္ဌောသို့ မရောက်မူ၍ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း, စက္ခုဝိညာဏ်စသည်သာဖြစ်၍ ဝိတ်ချုပ်ရိုးဓမ္မတာမရှိ ဝုဋ္ဌောပါဖြစ်မှ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစသည်တို့လည်း ဖြစ်ကြ သည်၊ ဤ၌ကား ဝုဋ္ဌော မဖြစ်လတ္တံ့သောကြောင့် ပဋ္ဌ ဒ္ဓါရာဝဇ္ဇန်း စသည်တို့လည်း မဖြစ်ကြတော့ပါ။ ။ ဋီကာကျော်။

\+ \+ \+

**၄၄၄–မေး** ဤ ပရိတ္တာရုံဝိထိကို အဘယ့်ကြောင့် မောဃဝါရ ဟု ခေါ်ရပါသနည်း။

**ဖြေ–** ဝိထိဝိတ်မဖြစ်သောကြောင့် **မောဃဝါရ** ဟု ခေါ်ရပါသည်၊ အဓ္ဓိသာလိနီ၌ကား......မဟန္တာရုံ, ပရိတ္တာရုံဝိထိတို့ကိုလည်း တဒါရုံဇော မဖြစ်ကြသော ကြောင့် **မောဃဝါရ** ဟု မိန့်ဆိုပါသေးသည်။

\+ \+ \+

**၄၄၅–မေး** မနောဒွါရ ဝိထိ၌ ပဋ္ဌဒ္ဓါရကဲ့သို့ အတိမ ဟန္တာရုံစသောအားဖြင့် အာရုံကိုမမှတ် မူ၍ အဘယ့်ကြောင့် ဝိဘူတ, အဝိဘူတ အားဖြင့် အာရုံကိုမှတ်ရပါသနည်း။

**ဖြေ–** မနောဒွါရိက ဝိတ်တို့သည် ပဋ္ဌုပ္ပန်ဖြစ် သောတရားတို့ကိုသာ အာရုံပြုသည်မဟုတ်၊ အတိတ်, အနာဂါတ်, ကာလဝိမုတ်ဖြစ်သောတရားတို့ကိုပါ အာ ရုံပြုကြသောကြောင့် **ဝိဘူတ အဝိဘူတ** အားဖြင့်သာ မှတ်ရပါသည်။ ။ ဋီကာကျော်။

\+ \+ \+

၄၄၆-မေး။ ကာမ‌ဘောဝါရနှင့် မနောဒွါရ စိတ်တိုင်း အတီတဘဝင် ကျပါသလော။

ဖြေ- စိတ်တိုင်းမကျပါ၊သဒ္ဒါရုံသာယုကပြည့်ကောင်းသော ဒိဋ္ဌာတ်မွေး, လက္ခဏာရုပ်လေးခု, တွင်းသော ပဋ္ဌာန်းရုပ်ဗာဝီသကိုအာရုံပြု၍ ဖြစ်သော မနောဒွါရဝိထိမျိုး၌သာ **အတီတဘဝင်** ကျပါသည်။

\+ \+ \+

၄၄၇-မေး။ အတီတဘဝင်ကား အဘယ်ဝိထိ မျိုး၌သာ ကျပါ သနည်း၊ အချုပ်အားဖြင့် မှတ်ရအောင် ပြခဲ့ပါ။

ဖြေ- ကာမဘောဝါရလည်းဖြစ်စေ,သဒ္ဒါရုံသာယုက ပြည့်ကောင်းသည်သည်း ဖြစ်စေ, ပဋ္ဌာန်း ဖြစ်သော ရုပ်ဗာဝီသတို့တွင် တပါးပါးကို အာရုံပြုသည် လည်းဖြစ်စေ ဤသို့သော အင်္ဂါများနှင့်ပြည့်စုံသော ဝိထိမျိုးဖြစ်ပါမှ အတီတဘဝင်ကျပါသည်။

\+ \+ \+

၄၄၈-မေး။ ကာမဘောဝါရ, မနောဒွါရ ဝိထိ၌ အဘယ့်ကြောင့် လေးဆယ့်တပါးသော စိတ်ရှိသာ ဖြစ်ပါသနည်း။

ဖြေ- ပဉ္စဒွါရ၌ အသီးဥဿာ ဖြစ်သော ဒွေးပဉ္စဝိညာဏ်တဆယ်,မနောဓာတ်သုံးခုရှိသည် မနောဒွါရ၌ မဖြစ်ကောင်းသောကြောင့် လေးဆယ့်တပါးသာ ဖြစ်ရပါသည်။ ။ဒီကာကျော်။

၄၄၉-မေး။ အတီတမဟန္တာရုံဝီထိနှင့် ဝိဘူတာရုံဝီထိ တို့သည် ရူပဘုံ၌ ဖြစ်, မဖြစ် ဆုံးဖြတ်ခဲ့ ပါ။

ဖြေ- ယင်းဝီထိတို့သည် ရူပဘုံ၌လည်း ဖြစ်နိုင်ပါသည် ရူပဘုံ၌ဖြစ်သောအခါ တဒါရုံတော့ မဖြစ်ပါ။ ။ပရမတ္ထဒီပနီ။

\+ \+ \+

၄၅၀-မေး။ အိပ်မက်မြင်သောပုဂ္ဂိုလ်သည် ပဉ္စဒွါရ, မနောဒွါရတို့တွင် အဘယ်ဒွါရဖြင့် မြင်မက်ပါသနည်း။

ဖြေ- မနောဒွါရဖြင့်သာ မြင်မက်ပါသည်။

သုပိနံ့ပဿန္တဿ မနောဒွါရိကဇဝနံ ပဉ္စဒွါရိကံ။ ။ပဋ္ဌာနအဋ္ဌကထာ။

\+ \+ \+

၄၅၁-မေး။ အိပ်မက် မြင်မက်သော ပုဂ္ဂိုလ် သည် ကုသိုလ်,အကုသိုလ်,အဗျာကတသုံးပါး တို့တွင် အဘယ်တရားဖြစ်ပါသနည်း။

ဖြေ- စေတီကို ဖူးမြင် ရခြင်း, တရားကိုနာရခြင်းစသည်တို့ကိုမြင်မက်မှု ကုသိုလ်ဖြစ်ပါသည်၊သူ့အသက်ကိုသတ်ခြင်း, စသည်မြင်မက်မှု အကုသိုလ်ဖြစ်ပါသည်။ထိုနှစ်ပါးတို့မှလွတ်သော အာဝဇ္ဇန်း,တဒါရုံခဏ၌ မြင်မက်သောသူအား အဗျာကတဖြစ်ပါသည်။

စေတနာယံ ကုသလောပိ ဟောတိ၊ အကုသလောပိ အဗျာကတောပိ။ ။ပါရာဇိကကဏ်အဋ္ဌကထာ။

၄၅၂·မေး ဇွိပ်မက်၌ဖြစ်သောကုသိုလ်၊ အကုသိုလ် စေတနာသည်အကျိုးပေးနိုင်၊ မပေးနိုင် ဆုံးဖြတ်ခဲ့ပါ။

ဖြေ– စေတနာသည်အားနည်းသောဝတ္တုဖြစ်၍ပဋိသန္ဓေအကျိုးကိုမပေးနိုင်ပါ ပဝတ္တိအခါ၌ကား တပါးသောကုသိုလ်၊ အကုသိုလ် စေတနာတို့သည် ထောက်ပံ့အပ်သည်ရှိသော် ပဝတ္တိအကျိုးကိုပေးနိုင်ပါသည်။ ။(ပါရာဇိကကဏ်အဋ္ဌကထာ)

\+ \+ \+

၄၅၃-မေး အဘယ်တရားသည် အဘယ့်ကြောင့် အပ္ပနာမည်ပါသနည်း၊ အပ္ပနာကိုလည်း ဝစနတ္ထပြုခဲ့ပါ။

ဖြေ– ကသိုဏ်းစသော အာရုံသို့ချဉ်းနင်း ဝင်ရောက်သကဲ့သို့ဖြစ်တတ်သောကြောင့် ဝိတက်သာမုချစင်စစ်အပ္ပနာမည်ပါသည် အပ္ပေတိ အာရမ္မဏေ အပ္ပနေ္တာ ဝိယ ပဝတ္တတီတိဝိတက္ကောအပ္ပနာ၊ ။ဝစနတ္ထ။ ။ဋီကာကျော်။

\+ \+ \+

၄၅၄–မေး ဝိတက်သာအပ္ပနာမည်ပါကတွင်းသော မဟဂ္ဂုတ်၊ လောကုတ္တရာ ဈာန်တရားတို့ကိုအပ္ပနာ မမည်ဟုမှတ်ရမည်လော။

ဖြေ– ကြွင်းသေါမဟဂ္ဂုတ်၊ လောကုတ္တရာဈာန်တရားတို့သည်ကားဝိတက်လျှင်အကြီးအမှူးအရင်းခံရှိ

သည့်၏ အစွမ်းကြောင့် **ဥပစာအားဖြင့်** အပ္ပနာမည့်ပါ
သည်၊ **မုချအပ္ပနာ**မမည်ပါ။

တံ မုခတာ ဝသေန မဟဂ္ဂတာနုတ္တရ ဈာနဓမ္မာ အပ္ပနာတိ
ဝုစ္စန္တိ။ ။ဋီကာကျော်။

\+ \+ \+

**၄၅၅-မေး** အပ္ပနာဇောဝါရ၌ဝိဘူတ, အဝိဘူတ **အ**
ပြား မရှိသောကြောင့် အဘယ်၏အစွမ်း
အားဖြင့်**အာရုံ**ကိုမှတ်ရမည်နည်း။

**ဖြေ**-ဝိဘူတ, အဝိဘူတ နှစ်ပါးရုံမရှိသောကြောင့်
အပြားမရှိဟုဆိုပါသည်၊ စင်စစ်အားဖြင့် ဝိဘူတသာ
ဖြစ်၍ **ဝိဘူတအားဖြင့်** အာရုံကိုမှတ်ရပါသည်။

\+ \+ \+

**၄၅၆- မေး** အဘယ့်ကြောင့်ဝိဘူတသာရှိ၍ အဝိဘူ
တ မရှိပါသနည်း။

**ဖြေ**-အပ္ပနာဇောတို့မည်သည် ကသိုဏ်းပဉ္စတ် စ
သော်အာရုံထင်သောကာလ၌သာလျှင်ဖြစ်သောကြောင့်
**ဝိဘူတ** သာရှိသည်၊ **အဝိဘူတ** မရှိပါ။ ။ဋီကာကျော်။

\+ \+ \+

**၄၅၇ မေး** ပဉ္စဒွါရဝီထိ,မနောဒွါရ ကာမဇောဝါရ
ဝိဘူတာရုံ ဝီထိတို့၌ ဇောနောင် တဒါရုံ
ဖြစ်သကဲ့သို့ အပ္ပနာဇော ဝါရ၌ လည်း
အပ္ပနာဇော နောင် အဘယ့် ကြောင့်
တဒါရုံမဖြစ်ပါသနည်း၊

**ဖြေ**–အပ္ပနာဇောတို့သည် တဒါရုံကို မဖြစ်စေတတ်သောကြောင့်ရင်း,တဒါရုံကို ဖြစ်စေတတ်သော ကံနှင့်မတူသည်၏အဖြစ်ကြောင့်ရင်း အပ္ပနာဇောနောင်တဒါရုံ မဖြစ်နိုင်ပါ။ ။ဋီကာကျော်။

\+ \+ \+

**၄၅၈–မေး** ပရိကံစသော လေးချက်ကို အဓိပ္ပါယ် အသီးအသီး ဖော်ပြခဲ့ပါ။

အပ္ပနာကိုပြုပြင်စီရင်တတ်သောကြောင့် **ပရိကံ** မည်ပါသည်၊

အပ္ပနာ၏အနီး၌ဖြစ်တတ်သောကြောင့် **ဥပစာ** မည်ပါသည်။

ရှေ့အဖို့၌ပရိကံ, နောက်အဖို့၌ အပ္ပနာအားလျော်သောကြောင့် **အနုလုံ** မည်ပါသည်။

မဟဂ္ဂုတ်ဈာန်၏ ရှေ့အဘို့၌ ဖြစ်သော ဂေါတြဘုကား ကာမအနွယ်ကို နှိပ်စက်တတ်သောကြောင့်ရင်း, မဟဂ္ဂုတ် အနွယ်ကို ပွါးစေ တတ်သောကြောင့် ရင်း, ဂေါတြဘုမည်ပါသည်၊

မဂ်၏ရှေး၌ဖြစ်သောဂေါတြဘုကားပုထုဇဉ်အနွယ်ကိုဖြတ်တတ်သောကြောင့်ရင်း, လောကုတ္တရာ အနွယ်ကို ပွါးစေတတ်သောကြောင့်ရင်း ဂေါတြဘုမည်ပါသည်၊ ။ဋီကာကျော်။

\+ \+ \+

၄၅၉-မေး အပ္ပနာနှင့်နီးသောကြောင့် ဥပစာဆိုပါက ဂေါတြဘုသာ အပ္ပနာနှင့် နီးသောကြောင့် ဂေါတြဘုကိုသာ ဥပစာဟုဆိုထိုက်သည်မဟုတ်ပါလော၊ အသို့မှတ်ရမည်နည်း။

ဖြေ–မနီးလွန်းသော်လည်း မဝေးလွန်းသောအားဖြင့်ဖြစ်သော်တရားသည်သာလျှင်အနီး၌ဖြစ်သည်မည်သောကြောင့်ဒုတိယစိတ်သာလျှင် ဥပစာမည်ပါသည်၊ ဂေါတြဘုကားဥပစာမမည်သင့်ပါ။ ။မလေးမဥ္ဇူ။

\+ \+ \+

၄၆၀-မေး လျော်သောကြောင့် အနုလုံမည်၏ဟုဆိုရာ၌ အဘယ်သို့ဖြစ်သည်ကိုလျော်သည်ဟုဆိုပါသနည်း။

ဖြေ–ရှေးဖြစ်သော ပရိကံတို့နှင့်ပစ္စယုပ္ပန်, အထက်ဖြစ်သောအပ္ပနာနှင့် ပစ္စည်း၏အဖြစ်ဖြင့် လျော်သည်ကိုလျော်သည်ဟုဆိုပါသည်။ ။မလေးမဥ္ဇူ။

\+ \+ \+

၄၆၁-မေး ဂေါတြဘု, ဂေါတြဘူဟု ရဿ,ဒီဃနှစ်ချက်ရှိတတ်ရာအဘယ်ပါဌ်မှန်မည်နည်း၊

ဖြေ- နပုလ္လိင်ဟောဖြစ်လျှင်ဂေါတြဘု ဟုရဿ နှင့် ပုလ္လိင်ဟောဖြစ်လျှင်ဂေါတြဘူ-ဟုဒီဃနှင့် နေရမည်ဟုသဒ္ဒနီတိ၌ဆိုသောကြောင့်ဤအရာ၌စိတ်ဟောဖြစ်သောကြောင့်ဂေါတြဘု-ဟု ရဿနှင့်ရှိသောပါဌ်သာ မှန်ပါသည်။

၄၆၂-မေး။ ပရိကံစသောလေးပုဒ်ကိုဝစနတ္ထပြုလိုက်ပါ။

ဖြေ-အပ္ပနံ ပရိကရောတိ ပဋိသင်္ခရောတီတိ ပရိကမ္မံ။ အပ္ပနာယ သမီပေ စရတိ ပဝတ္တတီတိ ဥပစာရံ၊ အပ္ပနံ ဥပေစ္စ စရတီတိ ဝါ ဥပစာရံ။

ဂံ တာယတိ ရက္ခတီတိ ဂေါတ္တံ၊ ဂေါတ္တံ အဘိဘဝတီတိ ဂေါတြဘု၊ ဂေါတ္တံ ဘာဝေတိ ဝဍ္ဎေတီတိ ဝါ ဂေါတြဘု၊ အနုလောမ သည်ကား အနိပ္ဖန္နပါတိပဒိကပုဒ်ဖြစ်၍ ဝစနတ္ထမပြုကောင်းပါ။

\+ \+ \+

၄၆၃-မေး။ အရေအတွက် အစဉ်အားဖြင့် တိက္ခတ္တုံ စတုက္ခတ္တု မေဝဝါ မဆိုမူ၍ အဘယ် အကျိုးငှါ စတုက္ခတ္တုံ, တိက္ခတ္တု မေဝဝါ ဟုဆိုပါသနည်း။

ဖြေ-ပရိကံစသော အမည်တို့ကို အကြွင်းမရှိသော အားဖြင့်အကုန်အစင်ရအပ်သောဝါရကိုပြခြင်းအကျိုး ငှါ စတုက္ခတ္တုံကိုရှေ့ထား၍ဆိုပါသည်။

\+ \+ \+

၄၆၄-မေး။ သို့ဖြစ်လျှင်နောက်၌ပဉ္စမံဝါ စတုတ္ထံဝါ ဟုမဆိုမူ၍ အဘယ့်ကြောင့်စတုတ္ထံကို ရှေ့ထား၍ဆိုပြန်ပါသနည်း။

ဖြေ-အရေအတွက် အစဉ်အားဖြင့် ဆိုလိုပြန်သော ကြောင့်စတုတ္ထံကိုရှေ့ထား၍ဆိုပြန်ပါသည်။

၄၆၅-မေး။ ဤဈာနပိဋိထိ၌ အပ္ပနာ ဇောသည် လေးကြိမ်မြောက်, ငါးကြိမ်မြောက်၌သာဖြစ်၍ ခြောက်ကြိမ်မြောက်, ခုနစ်ကြိမ်မြောက်၌အဘယ်ကြောင့်မဖြစ်ပါသနည်း။

ဖြေ–ချောက် ကမ်းပါးပြတ်သို့ ရှေးရှု ပြေးသောယောက်ျားသည်ချောက်ကမ်းပါးထိပ်၌ရပ်လိုပါသော်လည်း,မရပ်နိုင်ဘဲချောက်ကမ်းပါးပြတ်ထဲသို့ကျသကဲ့သို့, ဤအတူခြောက်ကြိမ်မြောက်,ခုနစ်ကြိမ်မြောက်၌ ဘဝင်ကျခြင်းနီးလှသောကြောင့်အပ္ပနာဇောမဖြစ်နိုင်ပါ။

ပပါတာဘိမုခေါ ဓါဝံ,ဌာတုကာမောပိ နုဿဋ္ဌိဟ၊
ဇဝံ ဆဋ္ဌေသတ္တမေဝါ အပ္ပေတုံနစသက္ကတိ၊
ဘဝင်္ဂါသန္နတ္တာ။ ၊ဝိသုဒ္ဓိမဂ်၊

\+ \+ \+

၄၆၆ မေး။ ကာမဇောသည် သုံးကြိမ်အောက် အယုတ် အဘယ့်ကြောင့်မဖြစ်သနည်း။

ဖြေ–ပထမဇောသည် အာသေဝနပစ္စည်းကို မရသောကြောင့်ဂေါတြဘုကိုမဖြစ်စေနိုင်ပါ၊ အာသေဝနပစ္စည်းကိုရသော်ဒုတိယ,တတိယဇောသည်သာဂေါတြဘုကိုဖြစ်စေနိုင်သောကြောင့် ကာမဇောသည်သုံးကြိမ်အောက်အယုတ်မဖြစ်နိုင်ပါ။ ။ဋီကာ ကျော်။

\+ \+ \+

၄၆၇-မေး။ ဘုရား အလောင်းတော် အရှင်သုမေဓါသည် မဂ်ဖိုလ်ရကြောင်း ကမ္မဋ္ဌာန်းကို

အားထုတ်ရာ အနုလုံ ရောက်ပြီးမှ မဂ်, ဖိုလ်ရကြောင်းကမ္မဋ္ဌာန်းကိုအားမထုတ်တော့ဘဲ လျှော့လိုက် လေသည်ဟု ဆိုသည်မှာ ယင်းအနုလုံသည် အနုလုံစစ်ဟုတ်ပါမည်လော။

ဖြေ- အနုလုံစစ်ဟုတ်မည်မထင်ပါ၊ အဘယ့်ကြောင့်ဆိုသော်အကယ်၍အနုလုံဖြစ်ပြီးမှဘဝင်ကျသည်ဖြစ်အံ့ ပဋ္ဌာန်းအနန္တရပစ္စည်း၌ဝိတ်အစဉ်ကိုအကုန်ဟောသော ကြောင့်"အနုလောမံဘဝင်္ဂဿ"ဟု ဟောသင့်၏၊ ဤသို့ လည်း မဟောမူ၍ 'အနုလောမံ ဂေါတြဘုဿ,ဝေါဒါနဿ'ဟူ၍သာဟောတော်မူသည်၊ထို့ကြောင့်အနုလုံစစ် မဟုတ်၊မဂ်ဖိုလ်ကိုအားထုတ်လျှင်မဂ်ဖိုလ်အားလျော်၏ ရထိုက်၏,ရလေဘ်၏ဟုဆိုရသော အနုလုံတု,အနုလုံသာမညမျိုးဟုဆိုရပေမည်၊ ။မင်းတဲဆရာတော်၏အယူ။

\+ \+ \+

၄၆၈--မေး: တတောပရံဘဝင်္ဂပါတော ဝ ဟောတိ၊ ဟူ၍သာမဆိုမူ၍ အဘယ့်ကြောင့် အပ္ပနာဝသာနေဟုဆိုရပြန်ပါသနည်း။

ဖြေ--အပ္ပနာဝသာနေဟုဆိုရခြင်းမှာ ဤဗျာနအာဒိကမ္မိကဝီထိ၌ဗျာန်စောတကြိမ် နောင်ဘဝင်ကျသကဲ့သို့ မဂ်ဝီထိ,သမာပတ္တိဝီထိ၌ကား ထိုသို့မဟုတ်, မဂ်ဝီထိ၌ မဂ်နောင် ဖိုလ်စောနှစ်ကြိမ်,သုံးကြိမ်ဖြစ်ပြီးမှဘဝင်ကျသည် သမာပတ္တိဝီထိ၌ဗျာန်စော,ဖိုလ်စော အကြိမ်များ

ဋ္ဌာ ဖြစ်ပြီးမှ ဘဝင်ကျသည်ဟု ဒိစေလိုသောကြောင့် ဆိုရပြန်ပါသည်။ ။ဋီကာကျော်။

\+ + +

၄၆၉-မေး ဘဝင်္ဂပါတောဟု သာမညမဆိုဘဲဘဝင်္ဂ ပါတောဝဟု အဘယ့်ကြောင့် "ဧဝ" သဒ္ဒါကိုဆိုရပြန်ပါသနည်း။

ဖြေ-နိကာယန္တရဖြစ်သောဇေတဝနဝါသီအဘယ ဂိရိဝါသီပိုဏ်းသားတို့အယူမှာဈာနအာဒိကမ္မိကာ ဝိသိဋ္ဌ ဇောခုနစ်ကြိမ်ပြည့်စိမ့်သောငှါ၊ ဈာန်ဇောတကြိမ်နောင် ကာမဇော၂နှစ်ကြိမ်,သုံးကြိမ်ဖြစ်ရသေးသည်ဟုအယူရှိ ကြသောကြောင့်ထိုအယူကို ပယ်ခြင်းအကျိုးငှါဆိုရပါ သည်။ ။ဋီကာကျော်။

\+ + +

၄၇၀-မေး သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် ဇော လေးခု နောင် အဘယ့် ကြောင့် ဥပေက္ခာအပ္ပနာမဖြစ်ပါသနည်း။

ဖြေ-ပြားသောဝေဒနာရှိသောဇောတို့သည်အချင်း ချင်း အာသေဝနပစ္စည်းမတတ်ကြသောကြောင့် မဖြစ် ပါ။ ။ဋီကာကျော်။

\+ + +

၄၇၁-မေး ကုသိုလ် ဇော နောင် အဘယ့်ကြောင့် ကြိယာအပ္ပနာမဖြစ်ပါသနည်း။

ဖြေ-ပြားသောသန္တာန်၌ဖြစ်သောကြောင့်မဖြစ်ပါ။ ဋီကာကျော်။

၄၇၂ မေး မဟာကုသိုလ် ကြီးသာ ဥာဏဝိပ္ပယုတ် စောနောင်အဘယ့်ကြောင့်အပ္ပနာစော တို့ မဖြစ်နိုင်ပါသနည်း။

ဖြေ– ဒွိဟိတ် စောတို့သည် မခိုင်မြဲသော သဘောရှိသည်ဖြစ်၍ မဟဂ္ဂုတ်၊လောကုတ္တရာ စောတို့ကို အနန္တရူပနိဿယပစ္စည်း မတတ်နိုင်သောကြောင့် အပ္ပနာစောကို မဖြစ်စေနိုင်ပါ။ ။ပရမတ္ထဒီပနီ။

\+ \+ \+

၄၇၃–မေး ကာမစော ဝိထိ၊မဟဂ္ဂုတ်စောဝိထိတို့၌ စောနောင်၊ချာန်နောင် ဘဝင်ကျ သကဲ့သို့ မဂ္ဂဝိထိ၌ မဂ်နောင် ဘဝင် မကျမူ၍ အဘယ့်ကြောင့် ဖိုလ်စော ဖြစ်ရပါသနည်း။

ဖြေ– မဂ်ကုသိုလ်ကား လောကီ ကုသိုလ်တို့ကဲ့သို့ မဟုတ်၊ ငမိ ဖြစ်ဆဲ၌ ပင်လျှင် ရင့်ကျက်သော သဘောရှိသည်ဖြစ်၍ ကာလ တပါးကို ဆိုင်းငံ့ဘွယ် မရှိ၊ ဓမ္မ၏ အခြားမဲ့၌ပင်လျှင် အကျိုးပေး မြဲလေသော ကြောင့် ဘဝင်မကျမူ၍ ဖုသ်စောဖြစ်ရလေသည်။

\+ \+ \+

၄၇၄-မေး ဖိုလ်စောသည်အဘယ့်ကြောင့်မဂ်စော ကဲ့သို့ တကြိမ်သာ မဖြစ်မူ၍ နှစ်ကြိမ်၊ သုံးကြိမ် ဖြစ်ရပါသနည်း။

**ဖြေ**-တခုသော အာဝဇ္ဇန်းရှိသော ဝီထိ၌ခုနစ်ကြိမ် ဇောအတိုင်းအရှည်ရှိသည့်၏အဖြစ်ကြောင့် လေးကြိမ် မြောက်ဖြစ်သောမဂ်ဇောနောင် **ဖိုလ်ဇော** သုံးကြိမ်ဖြစ် လေသည်၊ ငါးကြိမ်မြောက်ဖြစ်သောမဂ်ဇောနောင် **ဖိုလ်ဇော** နှစ်ကြိမ်ဖြစ်ရလေသည်။ ။ဋီကာကျော်။

+ + +

**၄၇၅-မေး** ပစ္စဝေက္ခဏာ ဇော ဟူသည် အဘယ် ဇောပါနည်း။

**ဖြေ**-ကာမကုသိုလ်ကြိယာ ဉာဏသမ္ပယုတ် ဇော ရှစ်ခုဖြစ်ပါသည်။

+ + +

**၄၇၆-မေး** ဈာန ပစ္စဝေက္ခဏာ, မဂ္ဂ ပစ္စဝေက္ခဏာ ဝီထိတို့၌ပစ္စဝေက္ခဏာ ဇောပေါင်းဘယ် နှစ်ကြိမ်စီ ဖြစ်ကြပါသနည်း၊ အသီး အသီးဖြေခဲ့ပါ။

**ဖြေ**-ဈာန ပစ္စဝေက္ခဏာ ဝီထိ၌ ငါးကြိမ်, မဂ္ဂပစ္စ ဝေက္ခဏာဝီထိ၌ခုနစ်ကြိမ်စီဖြစ်ကြပါသည်။

ဤကား ဝီထိလက်ရိုးအလို။

ပဌါန်းအရကောဝိဆရာ၏အလိုအားဖြင့်,ဈာန်,မဂ္ဂပစ္စ ဝေက္ခဏာဝီထိနှစ်မျိုးလုံး၌ခုနစ်ကြိမ်စီချည်းချပါသည်။

+ + +

**၄၇၇-မေး** အနိဋ္ဌာရုံ၌ အကုသလ ဝိပါက်, ဣဋ္ဌာရုံ၌ ကုသလဝိပါက်စိတ်တို့ကိုသာ အဘယ် ကြောင့်ချရပါသနည်း။

ဖြေ-အနိဋ္ဌာရုံနှင့် ပေါင်းဆုံထိခိုက်ကြုံကြိုက်ရခြင်းသည်အကုသိုလ်ကံကြောင့်သာဖြစ်သောကြောင့်**အနိဋ္ဌါ**ရုံ၌ အကုသလ ဝိပါက်ကိုသာ ချရပါသည်၊ ဣဋ္ဌာရုံနှင့် ပေါင်းဆုံထိခိုက်ကြုံကြိုက်ရခြင်းသည် ကုသိုလ်ကံကြောင့်သာဖြစ်သောကြောင့်ဣဋ္ဌာရုံ၌ကုသလဝိပါက်ကိုသာချရပါသည်။ ။ပရမတ္ထဒီပနီ။

\+ + +

၄၇၈-မေး ဣဋ္ဌကုသလဝိပါကာနိ၌ "ဣဋ္ဌ"အရ အဘယ့်ကြောင့် အဘယ်၏အစွမ်းအားဖြင့်အဘယ်အာရုံကိုယူရမည်နည်း။

ဖြေ-အတိဣဋ္ဌာရုံကိုနေ၌ တသီးတခြားဆိုလတ္တံ့ဖြစ်သောကြောင့်ပ**ရိကပ္ပနည်း**၏အစွမ်းအားဖြင့် ဣဋ္ဌ**မဇ္ဈတ္တာ**ရုံကိုယူရပါသည်။ ။ဋီကာကျော်။

\+ + +

၄၇၉-မေး အတိဣဋ္ဌာရုံ၌ကုသလဝိပါက်သန္တီရဏ တဒါရုံဘယ်ဟု အကုန်ချရမည်လော။ ။အဘယ်နည်း။

ဖြေ-မချရပါ သောမနဿသန္တီရဏ,သောမနဿတဒါရုံနှင်းငါးပါးကိုသာချရပါသည်။

\+ + +

၄၈၀-မေး ဣဋ္ဌမဇ္ဈတ္တာရုံ၌ ကုသလ ဝိပါက် သန္တီရဏ,တဒါရုံဘို့ကိုအကုန်ချရမည်လော။

**ဖြေ—** မချရပါ၊ ကုသလဝိပါက် ဥပေက္ခာသန္တီရဏ,ဥပေက္ခာတဒါရုံ ယင်းငါးပါးကိုသာ ချရပါသည်။

\+ + +

**၄၇၁—မေး။** အတိဣဋ္ဌာရုံ၌ သောမနဿနှင့်သာ, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာနှင့်သာ သန္တီရဏ, တဒါရုံတို့သည်၊ အဘယ့်ကြောင့် ဖြစ်ရပါသနည်း။

**ဖြေ—** ဝိပါက်စိတ်တို့ မည်သည် ကြေးမုံမှန်၏ အပြင်တွင် ထင်သော မျက်နှာရိပ်ကဲ့သို့ ကြံဖန် ပြုပြင်ယူ ကင်းလျက် သက်သက်သောကံ၏ အာနုဘော်ကြောင့်သာ ဖြစ်ရသောကြောင့် အာရုံ အတိုင်း သာလျှင် အတိဣဋ္ဌာရုံ၌ သောမနဿနှင့်သာ,ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်ပါသည်။ ။ဋီကာကျော်။

\+ + +

**၄၇၂—မေး။** ကုသိုလ်,အကုသိုလ် ဇောတို့သည်ကား အဘယ့်ကြောင့် အာရုံ အားလျော်စွာ ဝေဒနာနှင့် မယှဉ်ရပါသနည်း။

**ဖြေ—**ကုသိုလ်,အကုသိုလ်တို့သည်ကား မပယ်အပ်သေးသောဝိပ္ပလ္လာသ ရှိကုန်သော ပုထုဇဉ်,သေက္ခတို့၏ သန္တာန်၌သာ ဖြစ်ခြင်းကြောင့် အတိဣဋ္ဌာရုံကိုသော်လည်း ဣဋ္ဌမဇ္ဈတ္တ,အနိဋ္ဌ အခြင်းအရာ အားဖြင့် ယူကုန်သည်၊ အနိဋ္ဌာရုံကိုသော်လည်း ဣဋ္ဌ,ဣဋ္ဌမဇ္ဈတ္တ အခြင်း

အရာ အားဖြင့် ယူကုန်သည်၊ ထို့ကြောင့် အာရုံ အား လျော်စွာ ဝေဒနာ မယှဉ်ပါ။ ။ဋီကာကျော်။

\+ \+ \+

၄၀၃—မေး ကြိယာ ဇောတို့ကား အဘယ့်ကြောင့် အာရုံ အားလျော်စွာဝေဒနာနှင့်ယှဉ်ပါ သနည်း။

ဖြေ— ကြိယာဇောတို့ကားကောင်းပြီးသောဝိပ္ပလ္လာ သ ရှိကုန်သော ရဟန္တာတို့၏ သန္တာန်၌သာ ဖြစ်သော ကြောင့်အာရုံအားလျော်စွာ ဝေဒနာနှင့်ယှဉ်ရပါသည်။

\+ \+ \+

**၄၀၄—မေး ဝိပါက် အမှန် ဇော အမြန် ဟူသော စ ကားကို ဇောတိုင်း မှတ်ရမည်လော။**

ဖြေ— မမှတ်ရပါ ပုထုဇဉ်တို့၏ သန္တာန်၌ ဖြစ် သော ကုသိုလ်,အကုသိုလ်ဇောတို့ကိုသာ ဆိုပါသည်၊ ရဟန္တာတို့၏ သန္တာန်၌ဖြစ်သော ကြိယာဇောတို့သည် ကား ဝိပ္ပလ္လာသ ကင်းပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သောကြောင့် ဝိပါက်လည်း မှန်ပါသည်၊ ဇောလည်းမှန်ပါသည်။

\+ \+ \+

၄၀၅—မေး အဘယ်ဇောနောင် အဘယ် တဒါရုံများ ဖြစ်နိုင်ပါသနည်း၊

ဖြေ— လောဘမူဇော ၈ ခု, မောဟမူဇော-၂ခု,မ ဟာကုသိုလ်ဇော ၈ခု,နောင် ၁၁ ပါးသုံးဖြစ်နိုင်ပါသည် ဝေါသဇောနောင် ဥပေက္ခာ တဒါရုံခြောက်ပါးသာ သော

မနသိကာရကြိယာဓောဝါးခုနောင် သောမနဿတဒါရုံငါး ပါးသာ၊ ဥပေက္ခာကြိယာဓော လေးခုနောင် ဥပေက္ခာ တဒါရုံခြောက်ခုသာဖြစ်နိုင်ပါသည်။

\+ + +

**၄၁၆-မေး** ဒေါသဇောနောင်အဘယ့်ကြောင့် သော မနဿ တဒါရုံ ဘဝင်တို့ မဖြစ်နိုင်ပါသ နည်း။

**ဖြေ**-ဒေါမနဿနှင့် သောမနဿတို့သည် အချင်း ချင်းဆန့်ကျင်ဘက်သဘောရှိသောကြောင့်မဖြစ်နိုင်ပါ။ အညမညဝိရုဒ္ဓသဘာဝတ္တာ။ ။ငိုကာကျော်။

\+ + +

**၄၁၇-မေး** တဒါရုံသည် အဘယ်မျှ လောက်သော အင်္ဂါနှင့်ပြည့်စုံမှ အဘယ်ဝိထိမှာ ဖြစ်ပါ သနည်း။

**ဖြေ**-ကာမဇော, ကာမသတ္တဝါ, ကာမ အာရုံ ဤ အင်္ဂါသုံးပါးနှင့် ပြည့်စုံမှ အတိမဟန္တာရုံ, ဝိဘူတာရုံ, ဝိထိတို့၌ဖြစ်ပါသည်၊

\+ + +

**၄၁၈-မေး** ဖြဟ္မာတို့၌ အဘယ့်ကြောင့်တဒါရုံမဖြစ် ပါသနည်း။

**ဖြေ**-တဒါရုံ၏ အားကြီးသောအကြောင်းဖြစ်သော ကာမာဝစရ ပဋိသန္ဓေ ဟူသော မျိုးစေ့၏ မရှိခြင်း ကြောင့် ဗြဟ္မာတို့အားတဒါရုံမဖြစ်နိုင်ပါ။

၄၇၉ မေး အဘယ့်ကြောင့်မဟာဂ္ဂုတ်,လောကုတ္တရာ ပညတ်အာရုံတို့၌တဒါရုံမဖြစ်ပါသနည်း။

ဖြေ– လေ့ကျက်အပ်သော အာရုံ မဟုတ်သော ကြောင့် တဒါရုံ မဖြစ်ပါ။ ။ဋီကာကျော်။

\+ + +

၄၉၀–မေး ကာမ ဘုံ၌ ဖြစ်သော မဟာန္တာ ရုံ ဝိထိ; ပရိတ္တာရုံ ဝိထိ တို့၌ အင်္ဂါ သုံးချက် နှင့် ညီညွတ်ပါလျက် အဘယ့်ကြောင့် တဒါ ရုံ မဖြစ်ပါသနည်း။

ဖြေ–အာရုံအားနည်းသောကြောင့်မဖြစ်ပါ။

မှတ်ချက်။ ။အင်္ဂါ သုံးချက်နှင့် ပြည့်စုံသော်လည်း တဒါရုံ ဟူသည် ခြောက်ဥ္စါ၌'ဗလဝ အာရုံ'ထင်မှသာဖြစ်နိုင်လေသည်။ ။ ပဋ္ဌာန်မတ္တဝိနိစ္ဆယကျမ်း။

\+ + +

ဇဝနပရိစ္ဆေဒ

၄၉၁–မေး မရဏာသန္နအခါ၌ ကာမဇောတို့သည် အဘယ့်ကြောင့် ငါးကြိမ်သာစောရပါ သနည်း။

ဖြေ–ဒွိရာ ဟာဒယဝတ္ထုချုပ်၏ အားနည်းသဖြင့်နုံ့ နွဲ့းသောအဖုန်ရှိသောကြောင့် ငါးကြိမ်သာ စောရပါ သည်။ ။ဋီကာကျော်။

\+ + +

၄၉၂-မေး မဟဂ္ဂုတ်ဇောတို့သည် အာဒိကမ္မိက ဝိထိ၌ အဘယ့်ကြောင့် တကြိမ်သာ ဇော ရ ပါသနည်း။

ဖြေ- တဖန်အာသေဝနပစ္စည်းကိုမရသည်ဖြစ်၍ အလွန် အားနည်းသောကြောင့် တကြိမ်သာ ဇောရပါ သည်။ ။ပရမတ္ထဒီပနီ။

\+ \+ \+

၄၉၃-မေး အဘိညာဏ် ဇော သည်ကား အခါခပ် သိမ်း အဘယ့် ကြောင့် တကြိမ်သာ ဇောရပါသနည်း။

ဖြေ- အဘိညာဏ်တို့သည်ကား တန်ခိုးဖန်ဆင်း ခြင်းစသော ကိစ္စပြီးခြင်း အကျိုးငှါသာဖြစ်သဖြင့် တန် ခိုး ဖန်ဆင်းခြင်းစသော ကိစ္စပြီးသည်မှ နောက်၌ ပြု ဘွယ်ကိစ္စ မရှိတော့ပြီ ဖြစ်သောကြောင့် တကြိမ်သာ ဇောရပါသည်။ ။ပရမတ္ထဒီပနီ။

\+ \+ \+

၄၉၄-မေး နိရောဓသမာပတ် ဝင်စားသော အခါ၌ နေဝသညာ နာသညာ ယတန ကုသိုလ် ကြိယာဇော မဖြစ်နိုင် သောကြောင့် နိ ရောဓ သမာပတ္တိ ကာလေဟု ဆိုခြင်း သည် အဘယ်သို့လျှင်သင့်နိုင်ပါအံ့နည်း။

ဖြေ-မဖြစ်သည်ကားမှန်ပါ၏၊ ဤအရာ၌ကားနိရောဓ သမာပတ်အခါကို ဆိုသည်မဟုတ် နိရောဓသမာပတ်၏

ရှေ့အမှီဖြစ်သော နေဝသညာနာသညာယတန ဈာန်ကို ဝင်စားသောကာလကို **သမီပူပစာ** အားဖြင့်ဆိုထားပါ သဖြင့်သင့်မြတ်ပါသည်။ ။မဏိမဉ္ဇူ။

\+ \+ \+

၄၉၅ မေး ဒွိက္ခတ္တုံစတုတ္ထာ,ရုပ္ပဇဝနံဇဝတိဟူသော စကားကို အမြဲမှတ်ရမည်လော။

ဖြေ—မမှတ်ရပါ၊ ဥက္ကဋ္ဌနည်းအားဖြင့်သာ နှစ်ကြိမ် စောသည်ဟု ဆိုအပ်ခြင်း ဖြစ်ပါသည်၊ တကြိမ်လည်း စောနိုင်ပါသေးသည်။

အထေကံဝါ ဒွေဝါ စိတ္တဝါရေ အတိက္ကမိတွာ အစိတ္တကော ဟောတိ-နိရောဓံ ဖုသတိ။ ။သာရတ္ထဒီပနီ။

\+ \+ \+

၄၉၆·မေး နိရောဓ သမာပတ် ဟူသည် အဘယ်ကို ခေါ်ပါသနည်း။

ဖြေ—အစဉ်အတိုင်း ချုပ်ခြင်း၏ အစွမ်း အားဖြင့် အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့အား စိတ်စေတသိက်တို့၏မဖြစ်ခြင်းကို **နိရောဓသမာပတ်** ခေါ်ပါသည်။

နိရောဓသမာပတ္တိ ပန တတိယ,စတုတ္ထ ဖလဋ္ဌာနံ အနုပုဗ္ဗနိရောဓဝသေန စိတ္တ စေတသိကာနံ အပ္ပဝတ္တိ၊ ။အဘိ ဓမ္မာဝတာရ။

\+ \+ \+

၄၉၇·မေး နိရောဓသမာပတ် ဟူသည် လောကီ ပါ သော,လောကုတ္တရာပါလောသုံးဖြစ်ခဲ့ပါ၊

**ဖြေ**—လောကီလည်းမဟုတ်ပါ၊ လောကုတ္တရာလည်း မဟုတ်ပါ။

နိရောဓသမာပတ္တိယာ နေဝ လောကိယာ န လောကုတ္တရာ။ ။ပါရာဇိကကဏ်အဋ္ဌကထာ။

\+ + +

**၄၉၈-မေး** နိရောဓသမာပတ်သည် လောကီ, လောကုတ္တရာ မဟုတ်ပါက အဘယ်ဟု မှတ်ရမည်နည်း။

**ဖြေ**—**အဝိဇ္ဇာမာနတော** ဟုမှတ်ရပါသည်။

\+ + +

**၄၉၉-မေး** နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ် ရဟန္တာတို့အား အဘယ့်ကြောင့် အနာဂါမိဖိုလ်, အရဟတ္တဖိုလ် တို့သည် တကြိမ်စီသာဖြစ်ရပါသနည်း။

ဖြေ—နိရောဓ သမာပတ်၏ အကျိုးဆက်မျှသာ ဖြစ်သောကြောင့် တကြိမ်စီသာဖြစ်ရပါသည်။ ။ပရမတ္ထဒီပနီ။

\+ + +

**၅၀၀-မေး** အာဝဇ္ဇန်း ကင်း၍ အာရုံကို ယူနိုင်သော စိတ်ရကို ရသင့်သမျှထုတ်၍ပြပါ။

ဖြေ—မူလဘဝင်စိတ်, အာဝဇ္ဇန်းဒွေး, နိရောဓသမာပတ်၏ရှေ့, နောက်ဖြစ်သော်နေဝသညာနာသညာယတန

ကုသိုလ်ကြိယာ နှစ်ခု,အနာဂါမိဖိုလ်,အရဟတ္တဖိုလ် နှစ်ခု,မဂ်စိတ်လေးခု, မဂ်၏ အခြားမဲ့၌ဖြစ်သော ဖိုလ်စိတ်လေးခု,အာဂန္တုကဘဝင်စိတ် နှစ်ခု,မဂ္ဂဝိထိ၌ ဂေါတြဘုဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု-ဤစိတ်တို့ဖြစ်ပါသည်။

\+ \+ \+

၅၀၁-မေး အခါခပ်သိမ်း အာဝဇ္ဇန်းနှင့် ကင်း၍ဖြစ်သောစိတ်များကိုထုတ်ပြပါ။

ဖြေ-ပဥ္စဒွါရာဝဇ္ဇန်း, မဟဂ္ဂုတ်ဝိပါက် ကိုးခု, မဂ်စိတ်လေးခု,ပေါင်း ၁၄ ပါးဖြစ်ပါသည်။

\+ \+ \+

၅၀၂-မေး အာဝဇ္ဇန်းနှင့် ရံခါကင်း, ရံခါမကင်းသော စိတ်ဝတို့ကို ထုတ်ပြခဲ့ပါ။

ဖြေ-မနောဒွါရာဝဇ္ဇန်း, ဥပေက္ခာသန္တီရဏ နှစ်ခု, မဟာဝိပါက်စိတ်ရှစ်ခု, တိဟိတ်ကာမကုသိုလ်လေးခု, ဖိုလ်လေးခုပေါင်း ၁၉ ခုဖြစ်ပါသည်။

\+ \+ \+

၅၀၃-မေး အခါခပ်သိမ်း အာဝဇ္ဇန်းနှင့်ကင်း၍မဖြစ်သောစိတ်ဝကို သင်္ချာမှုထုတ်၍ပြပါ။

ဖြေ-၅၆ ပါးဖြစ်ပါသည်။

\+ \+ \+

၅၀၄-မေး ဒွိဟိတ် အဟိတ်, သုဂတိအဟိတ်, ဒွိဟိတ် ပဋိသန္ဓေ သုံးယောက်တို့အား အဘယ့်ကြောင့် အပ္ပနာဇောကို မရပါသနည်း။

ဖြေ—ယင်းပုဂ္ဂိုလ်တို့အား ဝိပါကန္တရာယ် တားမြစ်သောကြောင့် အပ္ပနာဇောကိုမရပါ။ ။ငိုကာကျော်။

+ + +

၅၀၅-မေး ဒုဂ္ဂတိ, သုဂတိ, ဒွိဟိတ် ပုဂ္ဂိုလ်တို့သည် အဘယ်ကြောင့် ကြိယာဇောကို မရပါသနည်း။

ဖြေ—ယင်းပုဂ္ဂိုလ်တို့အား အပ္ပနာဇောကို မရသောကြောင့် အရဟတ္တမဂ်စိတ်မရှိ၊ အရဟတ္တမဂ်စိတ် မရှိသောကြောင့်ကြိယာဇောကိုမရပါ။ ။ငိုကာကျော်။

+ + +

၅၀၆-မေး ဒွိဟိတ် ပုဂ္ဂိုလ်တို့မှာ ဉာဏဝိပ္ပယုတ်နှင့် ပဋိသန္ဓေနေခဲ့သောကြောင့် မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် လေးခုကို ရတန်စေ၊ သုဂတိ အဟိတ် ပုဂ္ဂိုလ်မှာ အဘယ် ကြောင့်ရပါသနည်း

ဖြေ—သုဂတိအဟိတ်ပုဂ္ဂိုလ်တို့မှာကား မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် လေးခုကို ပဋိသန္ဓေအခါက မရပါ၊ ပဝတ္တိအခါ၌အထူးထူးသောကံကြောင့်တဒါရုံ၏အဖြစ်ဖြင့် ရပါသည်။ ။ငိုကာကျော်။

+ + +

၅၀၇-မေး သုဂတိအဟိတ်ပုဂ္ဂိုလ်သည် အထူးထူးသော ကံကြောင့် ပဝတ္တိ အခါ မဟာဝိပါက်ဉာဏဝိပ္ပယုတ်ကို ရပါမူ သုဂတိ အဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ် နှစ်ယောက်လုံး

ကို့လည်းပဝတ္တိအခါအထူးထူးသောကံ
ကြောင့် ဉာဏသမ္ပယုတ် မဟာ ဝိပါက်
လေးခုကိုလည်း ရသင့်သည် မဟုတ်ပါ
လော၊ အဘယ့်ကြောင့်မရပါသနည်း။

ဖြေ–ယင်းတို့၏ မူလပဋိသန္ဓေသည် ဉာဏ် ကင်း သဖြင့် မိုက်သည်၏အဖြစ်ကြောင့်ဉာဏသမ္ပယုတ်မဟာ ဝိပါက်ကိုမရနိုင်ပါ။ ။ဒီကာကျော်။

\+ \+ \+

၃၀၁-မေး ရဟန္တာပုဂ္ဂိုလ်တို့အားအဘယ့်ကြောင့်
ကုသိုလ်၊အကုသိုလ်ကိုမရပါသနည်း။

ဖြေ–အနုသယကိုအကြွင်းအကျန်မရှိအလုံးစုံကိုပယ် သဖြင့် ကုသိုလ် အကုသိုလ်တရားတို့သည်လည်း အနု သယတို့နှင့်တကွ ချုပ်ပျောက်ရလေသောကြောင့် မရ ပါ။ ။ပရမတ္ထဒီပနီ။

\+ \+ \+

၃၀၂-မေး အနာဂါမ်၊ရဟန္တာတို့အားကြောက်ခြင်း
ရှိ၊ မရှိ သင်္ဂဟာအဆောက်ပြ၍ ဖြေပါ။

ဖြေ–ကြောက်ခြင်းဟူသည် ဒေါသမူလစိတ္တုပ္ပါဒ်ဖြစ်၍ ယင်း ဒေါသမူလစိတ္တုပ္ပါဒ်၏ အနာဂါမ်၊ရဟန္တာတို့၌ မရ ကြောင်းကို—

အနာဂါမိနော ပန ပဋိဃဇဝနာနိ န လဗ္ဘန္တိ၊ ခီဏာသ ဝါနံ ပန ကုသလာ ကုသလဇဝနာနိ န လဗ္ဘန္တိ၊ ဟုဆို သောကြောင့် ကြောက်ခြင်းမရှိပါ။

၅၁၀-မေး။ ရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်၌ ကုသိုလ်တရား အခါခပ်သိမ်း မရှိဟု မှတ်ရမည်လော။

ဖြေ-ရှိပါသေးသည်၊ ရဟန္တာတို့ကား ပုထုဇဉ်ဘဝက ဖြစ်စေအပ်သော သမာပတ်တို့သည် မဝင်စားသေးသမျှကာလပတ်လုံး ကုသိုလ်သာ ဖြစ်ပါသည်၊ ဝင်စားသော ကာလမှ ကြိယာဖြစ်ပါသည်။

ခီဏာသဝဿ ပုထုဇ္ဇနကာလေ နိဗ္ဗတ္တိတသမာပတ္တိ ယာဝ နနံ သမာပဇ္ဇန္တိ၊ တာဝ ကုသလာဝ၊ သမာပန္နကာလေ ကြိယာ ဟောတိ။ ။အဋ္ဌသာလိနီ။

\+ \+ \+

၅၁၁-မေး။ အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား အဘယ့်ကြောင့် ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာစေတနာ့တို့ကိုမရပါသနည်း။

ဖြေ-သောတာပတ္တိ မဂ်ဖြင့်သာလျှင် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် မရပါ။ ။ဋီကာကျော်။

\+ \+ \+

၅၁၂-မေး။ လောကုတ္တရာ စော တို့သည် အရိယာပုဂ္ဂိုလ် ရှစ်ယောက် တို့အား အဘယ့်ကြောင့် အသီးအသီးဖြစ်ရပါသနည်း။

ဖြေ-မဂ်စိတ်တို့သည်တခုသော စိတ္တက္ခဏာရှိသည်၏ အဖြစ် ဖြင့်မိမိတို့၏ ဆိုင်ရာပုဂ္ဂိုလ်မှတပါး အခြားသော

ပုဂ္ဂိုလ်တို့၌မဖြစ်ခြင်းကြောင့်မဂ်စိတ်လေးခုကား အသီး အသီးဖြစ်ရပါသည်။

အသက် အသက် ဖြစ်သော ဖလဋ္ဌာန် ပုဂ္ဂိုလ် တို့၏ လည်း အောက်,အောက်ဖြစ်သော သမာပတ်တို့၏ငြိမ်း ခြင်း၏အဖြစ်သို့ရောက်သောကြောင့် ဖိုလ်စိတ်လေးခုတို့ သည့်လည်းအသီးအသီးသာဖြစ်ရပါသည်။ဋီကါကျော်

\+ + +

၅၁၃-မေး ကာမဘုံ၌ ဝိထိစိတ် ရှစ်ဆယ်လုံးကို အ ဘယ့်ကြောင့်ရပါသနည်း။

ဖြေ-ခြောက်ပါးသော ဒွါရတို့သည်၎င်း, အသုံးပုံ သောပုဂ္ဂိုလ်တို့သည်၎င်းကာမဘုံ၌ ရှိကြသောကြောင့် ဝိထိစိတ်ရှစ်ဆယ်လုံးရပါသည်။ ။ဋီကာကျော်။

\+ + +

၅၁၄-မေး ရူပဘုံ, အရူပဘုံတို့၌ ဒေါသမူဒွေးကို အဘယ့်ကြောင့် မရပါသနည်း၊

ဖြေ-ဒေါသသည် အခါခပ်သိမ်း နီဝရဏကင်းဘပ် လေသည်၊ဘရံတဆစ်မျှ နီဝရဏမှကင်းသော အ႒ာ် အဘံ့အားဖြင့်မဖြစ်သောကြောင့်ရူပ,အရူပဘုံ႔ႀ၌ ၂ရ နိုင်ပါ။ ။ဋီကာကျော်။

\+ + +

၁၅-မေး တဒါရုံစိတ်တို့သည် အဘယ့်ကြောင့်ရူပ ဘုံ၌မဖြစ်ပါသနည်း၊

ဖြေ—အရာဌာန မဟုတ်သောကြောင့် မဖြစ်ပါ။ ။ အဓိဌာနဋ္ဌာ။ ။သင်္ခေပ။

\+ \+ \+

၅၁၆-မေး။ ရူပဘုံ စိတ်ရကိုဆိုသောပါဠိဝယ်ပဋိဃာ ဓဝနတဒါရမ္မဏာ ဝဇ္ဇိတာနိ ဟူသော ပါဠိ၌ တဒါရမ္မဏအရ တဒါရုံတဆယ့် တပါးလုံးကိုကြည့်ရမည်လော။

ဖြေ—သန္တီရဏ သုံးခုမှာ သန္တီရဏကိစ္စ တပ်နိုက်ရူပဘုံ၌ဖြစ်နိုင်ပါသည်၊ တဒါရုံကိစ္စတပ်နိုက်သာမဖြစ်နိုင်ပါ၊သို့ဖြစ်၍သရုပ်အားဖြင့် မဟာဝိပါက်စိတ်ရှစ်ခုကိုသာ ကြည့်ရပါသည်။

\+ \+ \+

၅၁၇-မေး။ သန္တီရဏ သုံးခု, မဟာဝိပါက် ရှစ်ခုတို့သည် အဘယ့်ကြောင့် အရူပဘုံ၌မဖြစ်နိုင်ပါသနည်း။

ဖြေ—အရူပဘုံ၌ ပဉ္စဒွါရ၏ မရှိခြင်းကြောင့်ရင်း,တဒါရုံကိစ္စမရှိခြင်းကြောင့်ရင်း မဖြစ်နိုင်ပါ။ ။ဋီကာကျော်

\+ \+ \+

၅၁၈-မေး။ သောတာပတ္တိမဂ်သည် အဘယ့်ကြောင့် အရူပဘုံ၌မဖြစ်ပါသနည်း။

ဖြေ—**ပရတော ဃောသ** တည်းဟူသောအကြောင်း မရှိသောကြောင့်မဖြစ်ပါ။ ။ဋီကာကျော်။

\+ \+ \+

၅၁၉-မေး ဟာသိတုပ္ပါဒ် စိတ်သည် အဘယ့်ကြောင့် အရူပဘုံ၌ မဖြစ်ပါသနည်း။

ဖြေ-ရူပကာယ ၏ မရှိခြင်းကြောင့် မဖြစ်ပါ။ ။ ဋီကာကျော်။

\+ + +

၅၂၀-မေး ရူပါဝစရစိတ်တို့သည် အဘယ့်ကြောင့် အရူပဘုံ၌ မဖြစ်ပါသနည်း။

ဖြေ-အရူပဗြဟ္မာတို့ကား ရုပ်၌တပ်ခြင်းကင်းသော ဘာဝနာ၏အစွမ်းအားဖြင့်ထိုရုပ်လျှင် အာရုံရှိကုန်သော ရူပဈာန်တရားတို့၌လည်း တပ်ခြင်း၏ မရှိသောကြောင့် အရူပဘုံ၌မဖြစ်နိုင်ပါ။ ။ဋီကာကျော်။

\+ + +

၅၂၁-မေး ရူပဗြဟ္မာဘုံ၌အနိဋ္ဌာရုံမရှိသောကြောင့် အကုသလဝိပါက် စက္ခုဝိညာဏ်, သောတဝိညာဏ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏ လေးခုကို မရနိုင်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် ယင်းစိတ်လေးခုကို ရနိုင်ပါသနည်း။

ဖြေ-ရူပဘုံ၌အနိဋ္ဌာရုံမရှိသော်လည်းရူပဘုံ၌နေ၍ ဤလူ့ဘုံသို့ကြည့်သောဗြဟ္မာအားအနိဋ္ဌာရုံကိုအာရုံပြုနိုင်သောကြောင့် ရနိုင်ပါသည်။ ။ဋီကာကျော်။

\+ + +

၅၂၂-မေး အသညသတ် ဗြဟ္မာတို့အား အဘယ့်ကြောင့် အလုံးစုံသော စိတ်တို့ကိုမရပါသနည်း။

ဖြေ=ဘာဝနာ၏ အစွမ်းအားဖြင့် ပယ်အပ်သည်၏ အဖြစ်ကြောင့်မရပါ။ ။သခေ်ပ။

\+ \+ \+

၅၂၃-မေး အခြားသော ပုဂ္ဂိုလ် တို့ကို ပြဆိုရာ၌ 'သတ္တ သဒ္ဒါဖြင့် မဆိုမူ၍ အသညသတ် ပုဂ္ဂိုလ်ကို ပြဆိုရာ၌ 'အသညသတ္တ'ဟု အဘယ့်ကြောင့် 'သတ္တ'သဒ္ဒါဖြင့် အထူးပြု၍ဆိုပါသနည်း။

ဖြေ-အသညသတ် ပုဂ္ဂိုလ်တို့အား နာမ်တရား မရှိ ရုပ်သက်သက်သာရှိရကား သတ္တဝါ ဟုတ်လေသလော မဟုတ်လေသလောဟု ယုံမှားဘွယ် ရှိသော ကြောင့် 'သတ္တ'သဒ္ဒါဖြင့် အထူးပြု၍ဆိုပါသည်။

ဝီထိပိုင်း ပြီးပါပြီ။

---

## ဘုံပိုင်း

၅၂၄-မေး အဘယ်ကြောင့် ဘုံမည်ပါသနည်း၊ဝစနတ္ထနှင့် တကွ ပြပါ။

ဖြေ-သတ္တဝါတို့၏ ဖြစ်ရာ အရပ် ဖြစ်သောကြောင့် ဘုံမည်ပါသည်။

ဘဝန္တိ သတ္တာ ဧတ္ထာတိ ဘူမိ၊ ။ဝစနတ္ထ။

၅၂၅ မေး။ အဘယ့်ကြောင့် ဝီထိမုတ္တသင်္ဂဟ မည်သနည်း။

ဖြေ-ဝီထိမုတ်ဖြစ်ကုန်သော ပဋိသန္ဓေစိတ်,ဘဝင်စိတ်တို့ကို ရေတွက်ရာ,ရေတွက်ကြောင်း ဖြစ်သောကြောင့် ဝီထိမုတ္တသင်္ဂဟမည်ပါသည်။

\+ + +

၅၂၆ မေး။ သင်္ဂဟပါဠိ၌ သန္ဓိယံဟု ပဋိသန္ဓေအခါကိုသာဆိုပါလျက် စုတိအခါကို အဘယ်ကြောင့်ယူရပါသနည်း။

ဖြေ-ပဋိသန္ဓေအခါ နှင့် နီးသည့်၏ အဖြစ်ကြောင့် ပဋိသန္ဓေအခါကိုယူသဖြင့် စုတိအခါကိုလည်း ယူရပါသည်။

တနည်း- သန္ဓိယံဟု ဆိုခြင်းသည် ပဓာနနည်း,ဥပလက္ခဏာနည်းဖြင့်သာဆိုခြင်းဖြစ်သောကြောင့် စုတိအခါကိုလည်း ယူနိုင်ပါသည်။ ။မဏိ၊ ၃၂။

\+ + +

၅၂၇-မေး။ ဤဝီထိမုတ္တသင်္ဂဟ၌ စတုက္ကလေးမျိုးရှိခဲ့ရာ လေးမျိုးလုံးပင် မချဝီထိမုတ္တသင်္ဂဟ မည်ပါသလော။

ဖြေ-မမည်ပါ၊ ပဋိသန္ဓိစတုက္က, မရဏုပ္ပတ္တိ စတုက္က နှစ်ပါးသာမချဝီထိမုတ္တသင်္ဂဟမည်ပါသည်၊ ဘုမိစတုက္ကကား ထို စတုက္ကနှစ်ပါးတို့၏ ဖြစ်ရာကိုပြသည်၊ ကမ္မ

စတုတ္ထမှာအကြောင်းကိုပြဆိုသည်ဖြစ်ပါ၍ယင်းစတုတ္ထနှစ်ပါးသည် **ဥပစာအားဖြင့်** ဝိထ်ရုတ္တသဂ်ဟမည်သည်။

\+ + +

**၅၂၈ မေး** အဘယ့်ကြောင့်အပါယ်မည်ပါသနည်း၊ ဝစနတ္တလည်းပြခဲ့ပါ။

**ဖြေ**-ကုသိုလ်ကောင်းမှု ကင်းသောကြောင့်ရင်း, ချမ်းသာသုခကို သာယာခြင်းမှကင်းသောကြောင့်ရင်း, **အပါယ်** မည်ပါသည်။

**ဝစနတ္တကား** ဝေတိဏ္ဏမသ္မာသုခန္တိအယော၊ အာယန္တိ တသ္မာ သုခါနီတိ အာယော၊အယာအပေတော အပါယော၊အာယာအပေတောအပါယော။ ။သာရတ္ထဒီပနီ၊

\+ + +

**၅၂၉-မေး** အဘယ့်ကြောင့် နိရယမည်ပါသနည်း၊ ဝစနတ္တလည်းပြခဲ့ပါ။

**ဖြေ**-ချမ်းသာမှ ထွက်မြောက် တတ်သောကြောင့် ရင်း,ချမ်းသာသုခကိုသာယာခြင်းမရှိသောကြောင့်ရင်း **နိရယ** မည်ပါသည်။

**ဝစနတ္တကား** အယတော သုခတော နိဂ္ဂတောတိ။ ။ နိရယော။ ။ဋီကာကျော်။

နတ္ထိ ဧတ္တ အဿာဒ သညိတော အယောတိနိရယော။ ။ ပါရာဇိကကဏ်အဋ္ဌကထာ။

\+ + +

**၅၃၁-မေး** အဘယ့်ကြောင့် ဒုဂ္ဂတိ မည်ပါသနည်း၊ ဝစနတ္ထလည်း ပြခဲ့ပါ။

ဖြေ–ဆင်းရဲဒုက္ခ၏ ဖြစ်ရာ ဖြစ်သောကြောင့်၎င်း, မကောင်းမှုကံကြောင့် ဖြစ်သောဂတိ ဖြစ်သောကြောင့်၎င်း ဒုဂ္ဂတိ မည်ပါသည်။

**ဝစနတ္ထကား** — ဒုက္ခဿ ဂတိ ပဋိသရဏန္တိ ဒုဂ္ဂတိ၊ ဒေါသဗဟုလတာယဝါ ဒုဋ္ဌေန ကမ္မုနာ နိဗ္ဗတ္တာ ဂတိ ဒုဂ္ဂတိ၊ ။ပါရာဇိကကဏ် အဋ္ဌကထာ။

\+ \+ \+

**၅၃၁-မေး** အပါယ်လေးဘုံကို ပြဆိုရာ၌ ငရဲနှင့်အသုရကာယ်တို့ကားဘုံအားသီးအခြားရပါ၏ တိရစ္ဆာန်နှင့်ပြိတ္တာတို့ကားဘုံအသီးအခြားမရှိခဲ့၊ အဘယ်ကို တိရစ္ဆာန် ဘုံ အသုရကာယ်ဘုံဟု ယူရမည်နည်း။

ဖြေ–တိရစ္ဆာန်, ပြိတ္တာတို့၏ ခန္ဓာကိုယ်ကိုသာ ယူရပါသည်၊ ။ဋီကာကျော်။

\+ \+ \+

**၅၃၂-မေး** အဘယ့်ကြောင့် တိရစ္ဆာန် မည်ပါသနည်း၊ဝစနတ္ထနှင့်တကွပြခဲ့ပါ။

ဖြေ–မဂ်ဖိုလ်မကပ် ဆောင့်ဖြတ် ဗိလာ သွားတတ်သောကြောင့် တိရစ္ဆာန် မည်ပါသည်။

**ဝစနတ္ထကား** — တိရော အဉ္စိတာတိ တိရစ္ဆာနာ၊

၅၃၃-မေး။ အဘယ်ကြောင့် ပြိဗ္ဗာ မည် သနည်း၊ ဝစနတ္ထလည်းပြခဲ့ပါ။

ဖြေ-ချမ်းသာသုခမှ ဝေးစွာ ဖြစ်တတ်သောကြောင့် ပြိဗ္ဗာ မည်ပါသည်။

ပကမ္ဗေနသုခတော ဉာဘာဂတာတိ ပေတော။ ဝစနတ္ထ၊

\+ \+ \+

၅၃၄-မေး။ အဘယ့်ကြောင့်အသုရာမည်ပါသနည်း၊ ဝစနတ္ထလည်းပြခဲ့ပါ။

ဖြေ-စည်းစိမ်ချမ်းသာ မြူးထူးခြင်း စသည်တို့ဖြင့် မတွန်းပတတ်သောကြောင့် အသုရာ မည်ပါသည်။

နသုရန္တိ ဣဿရိယကီဠာဒီဟိ နဒိဗ္ဗန္တီတိ အသုရာ။ ။ ဝစနတ္ထ။

\+ \+ \+

၅၃၅-မေး။ အသုရာသည် နတ်အသုရာ, ပြိတ္တာအသုရာဟု နှစ်မျိုးရှိခဲ့ရာ ဤအရာ၌ အဘယ့်ကြောင့် အဘယ် အသုရာ ကိုသာ ယူရမည်နည်း။

ဖြေ-နတ်အသုရာတို့ကား တာဝတိံသာ နတ်ဘုံ၌ အကြုံးဝင်ကြသောကြောင့် ပြိတ္တာအသုရာကိုသာယူရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၅၃၆-မေး။ အဘယ်ကြောင့် မနုဿမည်ပါသနည်း၊ ဝစနတ္ထလည်းပြခဲ့ပါ။

ဖြေ- မြတ်သောစိတ်ရှိသောကြောင့်ရင်း အကြောင်းဟုတ်သည် မဟုတ်သည်ကို သိတတ်သောကြောင့်ရင်း၊ အကျိုးရှိသည် မရှိသည်ကို သိတတ်သော ကြောင့်ရင်း၊ ကုသိုလ် အကုသိုလ်ကိုသိတတ်သောကြောင့်ရင်း မနုဿ ခေါ်ပါသည်။

ဝေနေယျကား — မနောဥဿန္နံ ဇာတေသန္တိ မနုဿာ၊ ကာရဏာ ကာရဏံ အဏ္ဏာနဏ္ဏံ ဝါ ကုသလာ ကုသလံ ဝါ မနန္တိ ဇာနန္တီတိ မနုဿာ။

\+ + +

၅၃၇ မေး ပုထုဇဉ် သက်သက် ကိုသာ ရကောင်းသောဘုံ အရိယာ သက်သက် ကိုသာ ရကောင်းသောဘုံ နှစ်ပါးပုံ ရကောင်းသောဘုံတို့ကိုအသီးအသီးပြပါ။

ဖြေ- ပုထုဇဉ်သက်သက်ကိုသာရသောဘုံကားအပါယ်ဘုံအသညသတ်ဘုံဖြစ်သည်၊ အရိယာသက်သက်ကိုသာရသောဘုံကားသုဒ္ဓါဝါသ ၅ ဘုံဖြစ်သည်၊ နှစ်ပါးပုံရသောဘုံကားကာမသုဂတိ ၇ ဘုံ၊ သုဒ္ဓါဝါသအသညသတ် ၂ ဘုံ ကြဉ်သော ရူပ ၁၀ ဘုံ၊ အရူပ ၄ ဘုံဖြစ်ပါသည်

\+ + +

၅၃၈-မေး အဘယ်ပုဂ္ဂိုလ်မျိုးကို ဇေတ္တန္တဟုခေါ်ပါ သနည်း၊ စနစ်တကျပြပါ၊

ဖြေ- ပဋိသန္ဓေအဘို့ ကောင်းသောသူကို ဇေတ္တန္တ ဟုခေါ်ပါသည်၊

ဝေနေယျကား ဇာတိယာ အန္တော ဇေတ္တန္တော။

၃၃၉-မေး အန္တဇ,ဇလာဗုဇ ဖြစ်ကြကုန်သောအသုံး ရုံသော အဟိတ်,ဒွိဟိတ်,တိဟိတ် ပုဂ္ဂိုလ် တို့သည် ပဋိသန္ဓေခဏ၌ စက္ခု မဖြစ်ကြ သည်ချည်းသာ ဖြစ်သောကြောင့် ဇစ္စန္ဓ အရအဘယ်သို့ မှတ်ရမည်နည်း။

ဖြေ-အန္တဇ, ဇလာဗုဇဖြင့် ပဋိသန္ဓေ နေကုန်သော ပုဂ္ဂိုလ်တို့အားသတ္တမသတ္တာဟ၌စက္ခုဖြစ်သင့်ပါလျက် အကုသိုလ်ကံ မြစ်သောကြောင့် စက္ခုမဖြစ်ပါက ဇစ္စန္ဓ မည်ပါသည်၊သံသေဒဇ, ဥပပါတ်ပုဂ္ဂိုလ်တို့အား ပဋိ သန္ဓေခဏ၌ပင်လျှင် စက္ခုနှင့်တကွ ဖြစ်မြဲသာ ဖြစ်ပါ လျက်မဖြစ်ခြင်းသည် ဇစ္စန္ဓ မည်ပါသည်။

\+ \+ \+

၃၄၀-မေး အာယုပရိစ္ဆေဒကို ပြဆိုရာ၌ နတ်,ဗြဟ္မာ တို့၏အသက်တမ်းကိုသာပြဆို၍ အပါယ် ဘုံသားနှင့် လူ့ ဝိနိပါတိက အသူရာ တို့၏ အသက်တမ်းကို အဘယ့်ကြောင့် မဆိုပါသနည်း။

ဖြေ-ယင်းပုဂ္ဂိုလ်တို့ကား အသက်တမ်း အမြဲမရှိ သောကြောင့် မပြဆိုပါ။

\+ \+ \+

၃၄၁-မေး အဘယ်ကြောင့် အသက်တမ်း မမြဲ ပါ သနည်း။

ဖြေ–ယင်းပုဂ္ဂိုလ်တို့အား **ကံသာပဓာန**ဖြစ်၍ အချို့ကားအလွန်အသက်ရှည်ကြပါသည်၊ အချို့ကားအလွန်အသက်တိုကြပါသည်၊ ထို့ကြောင့်အသက်တမ်းမမြဲပါ၊
ဋီကာကျော်၊

\+ \+ \+

၅၄၂-မေး။ တေသုဗြဟ္မာပါရိသဇ္ဇာနံဒေဝါနံကပ္ပဿ
ဒွိ၊ **ကပ္ပဿ** အရအဘယ့်ကြောင့် အဘယ်
ကပ်ကို ယူရမည်နည်း။

ဖြေ–ပဌမဈာန်သုံးဘုံတို့ကားတခုသောကပ်၌မပျက်စီးခြင်းမရှိသဖြင့်ပြည့်ဝုံသောမဟာကပ်၌မဖြစ်သင့်သောကြောင့် **အသင်္ချေယျ** ကပ်ကိုသာ ယူရပါသည်၊ ။
ဋီကာကျော်၊

\+ \+ \+

၅၄၃-မေး။ ဒုတိယ ဈာန်ဘုံကစ၍ ကပ္ပအရအဘယ်
ကပ်ကို ယူရမည်နည်း။

ဖြေ–ဒုတိယဈာန်ဘုံကစ၍ ဒု-ထက်,အထက်သော ဗြဟ္မာဘုံတို့၌ **မဟာကပ်** ကိုသာယူရပါသည်။

\+ \+ \+

၅၄၄-မေး။ ပဋိသန္ဓိ ဘဝင်္ဂဉ္စ တထာ စဝန မာနသံ
ဧကသော ဂါထာဖြင့် ပဋိသန္ဓိ,ဘဝင်,စုတိ
စိတ်တို့ သည် တခုသော ဘဝ၌ ဘူမိ,
ဇာတိ,သမ္ပယုတ္တဓမ္မ,သင်္ခါရ, အာရုံအား
ဖြင့် တူ၏ဟုဆိုသော စကားကို အမြွက်
သင့်,မှတ်သင့် ထောက်ချင့်၍ ဖြေဆိုပါ၊

ဖြေ-အာဂန္တုကဘဝင်ကျသောဝီထိ၌ အာဂန္တုကဘဝင်စိတ်သည်ပဋိသန္ဓေစိတ်နှင့်အာရုံမတူသောကြောင့် အမြဲမမှတ်သင့်ပါ၊ ယေဘုယျနည်းအားဖြင့် ဆိုသည်ဟု မှတ်ပါ။ ။ဋီကာကျော်။

\+ \+ \+

၃၄၅-မေး အဘယ်ကံသည် ဇနကကံ မည်ပါသနည်း၊ ဝစနတ္ထနှင့်တကွပြပါ။

ဖြေ-ပဋိသန္ဓေ နာမက္ခန္ဓာ ကဋတ္တာရုပ်, ပဝတ္တိ နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်ကံသည် ဇနကကံ မည်ပါသည်၊ ဇနယ တီတိ ဇနကံ။ ။ဝစနတ္ထ။

\+ \+ \+

၃၄၆-မေး အဘယ်ကံသည် ဥပတ္ထမ္ဘကကံ မည်ပါသနည်း။

ဖြေ-ဇနကကံ၏အကျိုးကို မြဲမြံခိုင်ခံ့တည်တံ့လေအောင်ပဝတ္တိအခါ၌ထောက်ပံ့တတ်သော ကုသိုလ်ကံ အကုသိုလ်ကံသည် ဥပတ္ထမ္ဘကကံ မည်ပါသည်။

\+ \+ \+

၃၄၇-မေး အဘယ်ဥပတ္ထမ္ဘကကံက အဘယ်ဇနကကံ၏အကျိုးကို ထောက်ပံ့ပါသနည်း။

ဖြေ-ကုသိုလ်ဇနကကံ၏အကျိုးကို ကုသိုလ်ဥပတ္ထမ္ဘကကံက ထောက်ပံ့ပါသည်၊ အကုသိုလ်ဇနကကံ၏အကျိုး

ကိုအကုသိုလ် ဥပထမ္ဘကကံက ထောက်ပံ့ပါသည်။ ။
ဓလော်ခဍ္ဍူ။

+ + +

၃၄၈-မေး။ အဘယ်ကံသည် ဥပဝိဇ္ဇကကံ မည်ပါသနည်း။

ဖြေ-ဇနကကံ၏ အကျိုး မဖွံ့ဖြိုးဘဲ ညှိုးနွမ်း လေအောင် နှိပ်စက်ညှဉ်းပန်းတတ်သော ကုသိုလ်, အကုသိုလ်ကံသည် ဥပပီဠကကံ မည်ပါသည်။

+ + +

၃၄၉-မေး။ အဘယ်ဥပပီဠကကံက အဘယ်ဇနကကံ၏ အကျိုးကို နှိပ်စက်ပါသနည်း။

ဖြေ-ကုသိုလ်ဥပပီဠကကံက အကုသိုလ်ဇနကကံ၏အကျိုးကို, အကုသိုလ်ဥပပီဠကကံက အကုသိုလ်ဇနကကံ၏ အကျိုးကိုနှိပ်စက်ညှဉ်းပန်းတတ်ပါသည်။ ။အဂုဏ်ဘိုရှ် အ ကထာ။

+ + +

၃၅၀-မေး။ အဘယ်ကံသည် ဥပဃာတကကံ မည်ပါသနည်း။

ဖြေ-ဒုဗ္ဗလ ဖြစ်သော ဇနကကံ၏ အစွမ်း သတ္တိကို ဖြတ်အောင်ဖြတ်၍ပဋိသန္ဓေ,ပဝတ္တိအကျိုး နှစ်မျိုးလုံးကို ပေးသောကုသိုလ်, အကုသိုလ်ကံသည် ဥပဃာတကကံ မည်ပါသည်။

+ + +

၅၅၁-မေး။ အဘယ်ဥပဓာတကကံက အဘယ် ဇနကကံ၏ သတ္တိကိုဖြတ်ပါသနည်း။

ဖြေ-ကုသိုလ်ဥပဃာတကကံက အကုသိုလ်ဇနကကံ၏သတ္တိကိုဖြတ်ပါသည်၊အကုသိုလ် ဥပဃာတကကံက ကုသိုလ်ဇနကကံ၏သတ္တိကိုဖြတ်ပါသည်။

\+ \+ \+

၅၅၂-မေး။ ဇနကကံ,ဥပဃာတကကံနှစ်ပါးတို့သည် ပဋိသန္ဓေ အကျိုးကို ပေးကြသည်ချည်း ဖြစ်၍ ထိုကံနှစ်ပါးတို့၏ အထူးကို အဘယ်သို့မှတ်ရမည်နည်း။

ဖြေ-ဇနကကံသည်ကံတပါး၏အကျိုးကို မဖြတ်မူ၍ အကျိုးပေးပါသည်၊ဥပဃာတကကံသည် ကံတပါး၏ အကျိုးကိုဖြတ်၍အကျိုးပေးပါသည်။ ။ဋီကာကျော်။

\+ \+ \+

၅၅၃-မေး။ အဘယ်ကံသည်ဂရုကံမည်ပါသနည်း။

ဖြေ-အကုသိုလ်အရာ၌ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ,အကြိယဒိဋ္ဌိဟူသောမိစ္ဆာဒိဋ္ဌိကြီးသုံးပါး,ပဉ္စာနန္တရိယကံ ငါးပါး ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံ ကိုးပါးသည် ဂရုကံ မည်ပါသည်။

\+ \+ \+

၅၅၄-မေး။ ကုသိုလ်အရာ၌ လောကုတ္တရာ ကုသိုလ်သာ ဂရုကံ မည်သင့်သည် မဟုတ်ပါလော၊အသို့နည်း။ ။ဋီကာကျော်။

ဖြေ - ဤ၌ ပဋိသန္ဓေအခါ အကျိုးပေးသောအစဉ်ကို ဆိုသောအရာဖြစ်၍ လောကုတ္တရာ ကုသိုလ်သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်သောကြောင့် ဂရုကံ မမည်သင့်ပါ။

\+ + +

၅၅၅-မေး ဆိုခဲ့ပြီး သော ကံတို့သည် အဘယ့်ကြောင့် ဂရုကံ မည်ပါသနည်း။

ဖြေ-တပါးသောကံတို့သည်မတားဆီး မဖျက်ဆီးနိုင်သည်ဖြစ်၍ ဇာတိ၏အခြားမဲ့၌ပဋိသန္ဓေအကျိုးကို ဧကန်ပေးလတ္တံ့ဖြစ်သောကြောင့် ဂရုကံ မည်ပါသည်။ ။ ဋီကာကျော်။

\+ + +

၅၅၆-မေး မဟဂ္ဂုတ်ကံကို တပါးသောကံတို့မတားမြစ်နိုင်သောကြောင့် ဂရုကံ မည်၏ဟုဆိုသော် ထိုသို့ ပြဟ္မာကြီးသည် အထက်ဘုံ၌ဖြစ်ခြင်း၌ ငါးအင်ပြီးသော သမာပတ်ရှိပါလျက် ရဟန္တာခံထေရ်ကြီးများ တောင်းပန်သောကြောင့် ဤလူ့ဘုံဝယ် မောဂ္ဂလိပုတ္တတိဿမထေရ်၏ ဝမ်း၌ ပဋိသန္ဓေနေခြင်းသည် မဟဂ္ဂုတ်ကံကို မြစ်၍ ကာမာဝစရကံက အကျိုးပေးသည် မဟုတ်ပါလော၊ ဖြေပါ။

ဖြေ သိဒ္ဓိဂ္ဂဟ္မတို့ သုံးစောင်အသိအားဖြင့် ကာမဘုံ၌ တပ်နှစ်သက်ဘတ်သောနိကန္တိ၏ အစွမ်းအားဖြင့် ကျွန်ုပ်

ယုတ်လျော့သောကြောင့်ကာမဘုံ၌ ပဋိသန္ဓေနေသည်ဟု မှတ်ရပါမည်။

ကေစိ ဆရာကြီးများ အလိုအားဖြင့် ကာမဘုံ၌ ဖြစ်ခြင်းကို တောင့်တသောစေတောပဏိဓိသည် မဟဂ္ဂုတ်ကံကိုတားမြစ်၍ ကာမာဝစရကံ၏အကျိုးပေးခွင့်ကို ပြုသည်ဟုမှတ်ရပါသည်။ ။သာရတ္ထဒီပနီဋီကာ။

\+ + +

၅၁၇-မေး အဘယ်ကံသည် အာသန္နကံ မည်ပါသနည်း။

ဖြေ-အာသန္နေ အနုဿရိတံ အာသန္နံ၊ အာသန္နေ ကတံဝါအာသန္နံ။ ။ဟူသောဝစနတ္ထနှင့်အညီ၊ ရွေ့အဖို့၌ ပြုအပ်သည်ဖြစ်၍သေကာနီးကာလ၌အောက်မေ့အပ်သော ကုသိုလ်,အကုသိုလ်ကံသည်ရင်း, သေကာနီးမှ ပြုအပ်သောကုသိုလ်, အကုသိုလ်ကံသည်ရင်း **အာသန္နကံ** မည်ပါသည်။ ။ဋီကာကျော်။

\+ + +

၅၁၈-မေး အဘယ်ကံသည်အာစိဏ္ဏကံမည်ပါသနည်း။

ဖြေ-အာပုနပ္ပုနံ စယိတဗ္ဗန္တိ အာစိဏ္ဏံ၊ ။ဟူသောဝစနတ္ထနှင့်အညီ အမြဲမပြတ်ပြုအပ်သော ကုသိုလ်ကံ,အကုသိုလ်ကံသည်ရင်း,တကြိမ်ပြုပြီး၍ အဖန်တလဲလဲမပြတ်နှစ်ခြိုက်ရစ်အောက်မေ့အပ်သောကုသိုလ်ကံအကုသိုလ်ကံသည်ရင်း **အာစိဏ္ဏကံ**မည်ပါသည်၊ ။ဋီကာကျော်။

\+ + +

၅၅၉-မေး အာသန္နကံ, အာစိဏ္ဏကံ နှစ်ပါးသည် အာစိဏ္ဏကံက အားကြီး ပါလျက် အဘယ်ကြောင့် အာသန္နကံက ရှေးဦးစွာ အကျိုးပေးနိုင်ပါသနည်း။

ဖြေ–ဥပမာ တခုသောနွားခြံ၌ ဆုံးမလောက်သော နွား,အားကြီးသောနွားများ ရှိပါငြားလည်းခြံဝင်နောက်ကျ၍ခြံဝ၌အိပ်နေသောနွားအိုကြီးသည် နံနက်ခြံမှထွက်သောအခါခြံဝနှင့်နီးသောကြောင့် ရှေးဦးစွာထွက်ရသကဲ့သို့, ဤအတူ အာစိဏ္ဏကံက အားရှိပါသော်လည်း အာသန္နကံမှာ သေကာနီး ကာလနှင့် နီးသောကြောင့် ရှေးဦးစွာအကျိုးပေးနိုင်ပါသည်။ ။ဋီကာကျော်။

\+ + +

၅၆၀-မေး အဘယ်ကံသည် ကဋတ္တာကံ မည်ပါသနည်း။

ဖြေ–ကမ္မိယိဋ္ဌာတိ ကဝံ၊ ကတတ္တာ ဘာဝေါ ကဋတ္တံ။ ။ဟူသောဝစနတ္ထနှင့်အညီ ဂရုကစသောကံ သုံးပါးမရှိသော် အကျိုးကိုပေးစွမ်းနိုင်သောတကြိမ်ခဲ့ဘခါပြုကာမျှဖြစ်သောကံသည်ကဋတ္တာကံမည်ပါသည်။

\+ + +

၅၆၁-မေး ဥဒ္ဒေသဓမ္မသောကံလေးပါးကို ဓောခုနှစ်ကြိမ်ဖြင့်ဝေဘန်၍ အကျိုးပေးရာကာလကို အသီးအသီး ပြပါ၊

ဖြေ-ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မ ဝေဒနီယကံ
မည်၍၊ ပစ္စက္ခမျက်မှောက်ဘဝ၌သာ အကျိုးပေးပါသည်
သတ္တမဇော စေတနာသည်ဥပပဇ္ဇဝေဒနီယကံမည်၍
ဒုတိယဘဝ၌သာ အကျိုးပေးပါသည်။
အလယ်ဇောငါးချက်စေတနာသည်အပရာပရိယဝေ
ဒနီယကံမည်၍၊ တတိယဘဝကစ၍ နိဗ္ဗာန်ရသည့်ဘဝ
တိုင်အောင်အမှတ်မရှိသောဘဝ၌ အကျိုးပေးပါသည်၊
ရှေးကံသုံးပါးတို့၏ အကျိုးပေးရာကာလကိုလွန်သ
ဖြင့်၊ အကျိုးမပေးအချည်းနှီးသောကံသည်အဟောသိကံ
မည်ပါသည်၊ ဇောအားဖြင့်ခုနစ်ချက်လုံး၌ရနိုင်ပါသည်။

＋ ＋ ＋

၅၆၂-မေး။ သတ္တမဇော စေတနာတခုကိုသာ ဥပပဇ္ဇ
ဝေဒနီယကံဟုဧကန်မှတ်ရမည်လော။

ဖြေ-သတ္တမဇောစေတနာကို ဥပပဇ္ဇဝေဒနီယကံဟု
ဆိုခြင်းမှာ **ယေဘုယျ** အားဖြင့်သာဆိုပါသည်၊ ပစ္စဝေက္ခ
ဏာဇော ငါးကြိမ် ကျသောဝီထိ၌ ပဉ္စမဇော စေတနာ
သည်လည်း **ဥပပဇ္ဇဝေဒနီယကံ** မည်ပါသည်။

"သတ္တမဇဝနစေတနာတိ ဣဒံ ယေဘုယျဝုတ္တိယာ ဝုတ္တံ"
မဏိမဉ္ဇူ။

＋ ＋ ＋

၅၆၃-မေး။ ပဌမဇောစေတနာသည်ပဋိသန္ဓေအကျိုး
ကို မပေးမူ၍ အဘယ့်ကြောင့် ဤဘဝ၌
သာ ပဝတ္တိအကျိုးကိုပေးရပါသနည်း။

ဖြေ-အာသေဝနပစ္စည်းကိုမရသောကြောင့် ဤဘဝ၌သာ ပဝတ္တိအကျိုးကို ပေးရပါသည်။

\+ + +

၂၆၄-မေး။ ဥပပဇ္ဇဝေဒနီယကံ သည် ဒုတိယ ဘဝ၌ ပဋိသန္ဓေ အကျိုးကို ပေး သော် ပဝတ္တိ အကျိုး ကိုကား အဘယ်သို့ မှတ် ရ ပါ မည်နည်း။

ဖြေ-ဒုတိယဘဝ၌ပဋိသန္ဓေအကျိုးကို ပေးပြီးသော် ဘဝအရာ, အထောင်တိုင်အောင် ပဝတ္တိအကျိုးကို ပေးနိုင်ပါသည်၊ ပဋိသန္ဓေအကျိုးကိုမပေးသော်ကား ပဝတ္တိအကျိုးကိုလည်း မပေးနိုင်ပါ။ ။ဋီကာကျော်။

\+ + +

၂၆၅-မေး။ တကြိမ်သွားသတ်သော အကုသိုလ် စေတနာသည် ပဋိသန္ဓေအကျိုးကို တကြိမ်သာ ပေးနိုင်မည်လော,အကြိမ်ကြိမ်ပေးနိုင်မည်လော၊ဆုံးဖြတ်ပါ။

ဖြေ- တကြိမ်သွားသတ်သော်လည်း စေတနာကား ပုဗ္ဗစေတနာ စသော အားဖြင့် အထူးထူး အပြားပြား များသောကြောင့် စေတနာတချက်,တချက်၌ ပဋိသန္ဓေအကျိုး တကြိမ်,တကြိမ်ပေးနိုင်ပါသည်၊ စေတနာ တချက်တည်း၌သာ ပဋိသန္ဓေအကျိုး နှစ်ကြိမ်,သုံးကြိမ် မပေးနိုင်ပါ။ ။ပါရာဇိကဏ် အဋ္ဌကထာ။

\+ + +

၅၆၆-မေး ပုဗ္ဗစေတနာသည် ပဋိသန္ဓေအကျိုးပေး နိုင် မပေးနိုင် ဆုံးဖြတ်ပါ။

ဖြေ-ပေးနိုင်ပါသည်၊ ဧကပိဏ္ဍပါတဒါနသ္မိံကော စေတနာ ဒွေပဋိသန္ဓိယော နဒေတိ၊ ပုဗ္ဗ,ပစ္ဆိမစေတနာ ဝသေန သတ္တက္ခတ္တုံ သဂ္ဂေ,သတ္တက္ခတ္တုံ သေဋ္ဌိ ကုလေ နိဗ္ဗတ္တော။ ။သံယုတ်အဋ္ဌကထာ။

\+ + +

၅၆၇-မေး နိဗ္ဗာန်ကိုအာရုံပြုသော သေက္ခပုဂ္ဂိုလ်တို့၏ ဂေါတြဘုစေတနာ, ပစ္စဝေက္ခဏာစေတနာတို့သည် ကာမဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်မည်လော။

ဖြေ—အပ္ပမာဏာ စေတနာ ဝိပါကာနံ ပရိတ္တာရမ္မဏာနံ ကမ္မပစ္စယေန ပစ္စယောဟု ဟောတော်မူသောကြောင့် ပေးနိုင်ပါသည်။

\+ + +

၅၆၈-မေး ဈာန်၏ရှေ့အဖို့၌ဖြစ်သော ပရိကံ,ဥပစာ အနုလုံဂေါတြဘုစေတနာတို့သည် ကာမဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါမည်လော။

ဖြေ—ပေးနိုင်ပါသည်။ ။ဋီကာကျော်။

\+ + +

၅၆၉-မေး ပါကကာလ ဝသေန၌ ကာလ၏ အရကို ပြပါ။

ဖြေ–ပဌမပြုနှန်ကာလ, ဒုတိယဘဝကာလ, တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်တိုင်အောင်ကာလ အကျိုးပေးရာအခါကို လွှန်သောကာလဖြစ်ပါသည်။

\+ \+ \+

၅၇၀-မေး ပါကဌာနဝသေနဲ့ ဌာန်၏အရကို ထုတ်ပြပါ။

ဖြေ–အပါယ်ဘုံ ကာမသုဂတိဘုံ ရူပါဝစရဘုံ အရူပါဝစရဘုံတို့ဖြစ်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၅၇၁-မေး ဒါနစသော ကုသိုလ်စေတနာသည် ပဋိသန္ဓေအကျိုးကို ပေး၏ဆိုရာ၌ စေတနာသည် ခဏိက မရဏာ အားဖြင့် ချုပ်ပျောက်သွားပြီ မဟုတ်ပါလော၊ အဘယ်ကလာ၍ အကျိုးပေးပါသနည်း။

ဖြေ–ကုသိုလ်စေတနာကား ချုပ်သွားသော်လည်း အဗျာကတတရားတို့ကဲ့သို့ အကြွင်းမဲ့ ချုပ် သွားသည် မဟုတ်ပါ၊ နောင်အခါ၌ အကျိုးတရား ထင်ရှားဖြစ်ပေါ်လာစေခြင်းငှါ ဒိဋ္ဌိ၏အလုံးစုံသောအခြင်းအရာနှင့်ပြည့်စုံသော ကြိယာ ဝိသေသ သတ္တိအထူးကို ထိုစိတ်အစဉ်သန္တာန်၌ ထားခဲ့၍ ချုပ်သွားပါသဖြင့် ထိုစိတ်အစဉ်သန္တာန်၌ အစဉ်အတိုက် လိုက်ပါလာသော ဩကာသကတူနှင့်ကမ္မသမင် မည်သော ကြိယာဝိသေသသတ္တိအထူးသည်သာ ပဋိသန္ဓေစသောအကျိုးတို့ဖြစ်စေပါသည်။ ။ (ပရမတ္ထဒီပနီ၌ အကျယ်ရှုပြီ၊)

၅၇၂-မေး ပါဏာတိပါတော၌ ပါဏအရ, ပါဏာတိပါတအရ, ပါဏာတိပါတီအရ သုံးမျိုးကို ပြပါ။

ဖြေ-ပါဏ အရကား ပရမတ္ထ အားဖြင့် ဇီဝိတိန္ဒြေ ဝေါဟာရအားဖြင့်သတ္တဝါကိုရပါသည်၊ ပါဏာတိပါတအရကား သတ်ခြင်း ပယောဂကို ဖြစ်စေတတ်သော စေတနာကို ရပါသည်၊ပါဏာတိပါတီအရကား ယင်းစေတနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ရပါသည်။ ပါရာဇိကကဏ်အဋ္ဌကထာ။

\+ + +

၅၇၃--မေး ဇီဝိတိန္ဒြေကို ချရာ၌ ရုပ်,နာမ်နှစ်ပါးရှိရာ အဘယ်ဇီဝိတိန္ဒြေကိုသာချနိုင်ပါသနည်း။

ဖြေ-နာမ်ဇီဝိတိန္ဒြေကိုကားချခြင်းငှါမတတ်ကောင်းသောကြောင့် ရုပ်ဇီဝိတိန္ဒြေကိုသာ ချနိုင်ပါသည်။ ။ ပါရာဇိကကဏ်အဋ္ဌကထာ။

\+ + +

၅၇၄-မေး ရုပ်ဇီဝိတိန္ဒြေကိုသာ ချပါက နာမ်ဇီဝိတိန္ဒြေ ကျန်ရှိရစ်သောကြောင့် အဘယ်သို့လျှင်အသက်သေအံ့နည်း။

ဖြေ-နာမ်ဇီဝိတိန္ဒြေသည်လည်း ရုပ်ဇီဝိတိန္ဒြေနှင့် စပ်၍ဖြစ်သောကြောင့် ရုပ်ဇီဝိတိန္ဒြေနှင့်အတူသာလျှင် နာမ်ဇီဝိတိန္ဒြေချုပ်ပါသဖြင့်အသက်သေခြင်းဖြစ်နိုင်ပါသည်။ ။ပါရာဇိကကဏ်အဋ္ဌကထာ။

၅၇၅·မေး ဇာဝိတိဗြွေကို ချသော် ကာလသုံးပါးတို့တွင် အဘယ် ကာလ၌ ဖြစ်သော ဇာဝိတိဗြွေကို ချပါသနည်း။

ဖြေ–အတိတ်,အနာဂတ်ဖြစ်သောဇာဝိသိဗြွေကိုကား မချကောင်းပါ၊ ပစ္စုပ္ပန်သုံးမျိုးတို့တွင် ခဏ ပစ္စုပ္ပန်မှာလည်းမိမိသဘောအားဖြင့် ချုပ်လေသောကြောင့် မချကောင်းပါ၊ **သန္တတိပစ္စုပ္ပန်,အဒ္ဓါပစ္စုပ္ပန်** နှစ်ပါး၌အကြုံးဝင်သောဇာဝိဘိဗြွေကိုသာချရပါသည်။ ။ပါရာဇိကကဏ် အဋ္ဌကထာ။

\+ \+ \+

၅၇၆–မေး ဥဘတောဗျည်းမက ပုရိသအသွင်,တပါးကညာနှင့်ပေါင်းဖက်ခါ သန္ဓေပေး မွေးသည့် သားလျှင်, မချစ်ခင်မကြွင်နာ ထိုသား၊ထိုဗျည်းကို သေအောင်သတ်လျှင် မိဘသတ်ကံနှစ်ချက်တွင် ဆုံးဖြတ်ဥာဏ်ဘယ်နှယ် သက်တယ်–ပြုက်ပ ထင်ရှား။

ဖြေ-ဥဘတော ဗျည်းမက ပုရိသ အသွင်,တပါးကညာနှင့်ပေါင်းဖက်ခါ သန္ဓေပေး မွေးသည့်သားလျှင် မချစ်ခင်မကြွင်နာ ထိုသား၊ထိုဗျည်းကိုသေအောင်သတ်လျှင် ဘ,သတ်ကံသည်အချက်တွင်ဆုံးဖြတ်ဥာဏ်သည့်နှယ်သက်တယ်-ပြုက်ကဲ့ထင်ရှား ။မနဲလည်ဆရာတော်၊

\+ \+ \+

၅၇၇·မေး ဤဘုံပိုင်း၌ဒွါရ ၃ ပါးအရသရုပ်ထုတ်ပြပါ။

ေျဖ-ကာယဝိညတ္ရုပ္သည္ **ကာယဒြါရ**, ဝစီဝိညတ္ရုပ္သည္ **ဝစီဒြါရ**, ေတဘူမကကုသိုလ္,အကုသိုလ္သည္ **မေနာဒြါရ** မည္ပါသည္။ ။အ႒သာလိနီ။

\+ + +

၅၇၈-ေမး မေနာဒြါရအရ ေလာကုတၱရာ ကုသိုလ္ကို အဘယ့္ေၾကာင့္မယူရပါသနည္း။

ေျဖ-ေလာကုတၱရာ ကုသိုလ္သည္ ကံတပါး၏ကုန္ျခင္းကိုျပဳတတ္ေသာေၾကာင့္ မယူရပါ။

ေတဘူမကေမဝ ဂဟဏံ ေလာကုတၱရကုသလႆ ကမၼကၡယကရတၱာ။ ။မူလဋီကာ။

\+ + +

၅၇၉-ေမး ကာယဒြါေရ ဗာဟုလႅ ဝုတၱိေတာ္၌ အဘယ့္ေၾကာင့္ ဗာဟုလႅသဒၵါကို ဆိုရပါသနည္း။

ေျဖ-ကာယကံသုံးပါးသည္ ကာယဒြါရ၌သာ ျဖစ္သည္မဟုတ္။အပၸကနည္းအားျဖင့္ ဝစီဒြါရ၌လည္းျဖစ္ေသာေၾကာင့္ဗာဟုလႅသဒၵါကိုဆိုပါသည္။

\+ + +

၅၈၀ ေမး ကာယကံသုံးပါးသည္ ကာယဒြါရ, ဝစီဒြါရ၌သာျဖစ္နိုင္ပါသေလာ,မေနာဒြါရ၌ မျဖစ္နိုင္ဟုမွတ္ရမည္ေလာ။

ေျဖ-မျဖစ္နိုင္ပါ၊အဘိဓမၼာ ဟိ ကာယကမၼံ ကာယဒြါေရ,ဝစီဒြါေရသုသမုႆိတံ န မေနာဒြါေရ။ ။အ႒သာလိနီ

၅၈၁-မေး အကြွင်သူသည် ငါးကိုထောင်အံ့သော၌ ဝါးကို သတ်ခြင်း,နှီးကို ဖြာခြင်း,မြှုံးကို ကျစ်ခြင်း စသော အကုသိုလ်ကို ပြုပြီး နောက် ရေထဲသို့ လှည့်လည်၍ ထောင် ပါသော်လည်း ငါးတကောင်, ပုဇွန် တ ကောင်မျှမမိ၊ ယင်း အကုသိုလ်ကံသည် ကာယကံ အကုသိုလ် ဖြစ်, မဖြစ် အ ကြောင်း ထောက်ချင့်၍ ဆုံးဖြတ်ပါ။

ဖြေ-ကမ္မပထသို့ မရောက်သောကြောင့် အကုသိုလ် ကာယကံမဖြစ်ပါ၊ ကာယဒုစရိုက်သာ ဖြစ်ပါသည်။

ဋ္ဌဒ အကုသလ ကာယကမ္မံနာမ ဟောတိ နဟောတီတိ နဟောတိ၊ ကသ္မာ ကမ္မပထ အပ္ပတ္တတာယ ကေဝလ ပနကာယ ဒုစ္စရိတံ နာမဟောတိ။ ။အဋ္ဌသာလိနီ။

\+ \+ \+

၅၈၂-မေး အကုသိုလ်ကာယကံသုံးပါးသည်ကာယ ဒွါရ၌ဖြစ်ဟန်ကား ထင်ရှားပါ၏၊ ဝစီဒွါ ရ၌အဘယ်အခါမျိုး၌ဖြစ်ပါသနည်း။

ဖြေ-ဤသူ၏အသက်ကိုသတ်လော့, ဤသူ၏ဥစ္စာကို ခိုးလော့စသည်ဖြင့် စေခိုင်းသောအခါအကုသိုလ် ကာ ယကံသည် ဝစီဒွါရ၌ ဖြစ်ပါသည်။

\+ \+ \+

၅၈၃-မေး အကုသိုလ် ကာယကံသည် ကာယဒွါရ ဝစီဒွါရ၌ ဖြစ်သောအခါ ယင်းအကု သိုလ် စေတနာ နှင့် တကွ အဘိဇ္ဈာ

ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့သည်လည်း ထိုက်သည်အား လျော်စွာ ယှဉ်လျက် ပါရှိကြသောကြောင့် ယင်း အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့သည် မနောကံ မည်ပါမည်လော။

ဖြေ—စေတနာ၏အသင်းအပင်းသာဖြစ်၍ ကာယကံဟူသောခေါ်ဝေါ်ခြင်းသို့ရောက်ပါသည်၊မိမိတို့မပြမှုခွန်း အဗ္ဗောဟာရိကမျှသာဖြစ်၍ မနောကံ မမည်ပါ။

စေတနာပက္ခိကာဝါ ဘဝန္တိ၊ ကာယကမ္မ ဝေါဟာရ လဘာ၊ အဗ္ဗောဟာရိကာဝါ မနောကမ္မဝေါဟာရံ ပိ ရှဟာ။ ။မူလဋီကာ။

\+ \+ \+

၅၇၄-မေး ဝစီကံ, မနောကံတို့ကား မိမိတို့ဆိုင်ရာဒွါရမှတပါး အဘယ်ဒွါရ၌ဖြစ်နိုင်ကြပါသေးသနည်း။

ဖြေ—ဝစီကံကား ကာယဒွါရ, ဝစီဒွါရ နှစ်ပါး၌သာဖြစ်နိုင်ပါသည်၊မနောဒွါရ၌မဖြစ်နိုင်ပါ၊မနောကံ ၃ ပါးကား ဒွါရသုံးပါးလုံး၌ဖြစ်နိုင်ပါသည်။ ။အဋ္ဌသာလိနီ။

\+ \+ \+

၅၇၅-မေး မနောကံ သုံးပါးသည် ကာယ ဒွါရ,ဝစီဒွါရတို့၌ ဖြစ်သောအခါ၊ ယင်းမနောကံသုံးပါးနှင့် တကွ ဖြစ်သော စေတနာကို ကာယကံ ဝစီကံဟု ဆိုရ မည် လော မနောကံဟု ဆိုရမည်လော။

ဖြေ-အဘိဇ္ဈာ, ဗျာပါဒ,မိစ္ဆာဒိဋ္ဌိတို့သာ ပြဋ္ဌာန်းပါ သဖြင့် စေတနာကား အဗ္ဗောဟာရိကသာ ဖြစ်သော ကြောင့် **ကာယကံ,ဝစီကံ**မမည်နိုင်ပါ။ **မနောကံ**သာမည် ပါသည်၊

စေတနာပနေတ္ထ အဗ္ဗောဟာရိကာတိ ကာယ ဒွါရေ, ဝစီ ဒွါရေသမုဋ္ဌာပိတာပိ ကာယကမ္မ, ဝစီကမ္မန္တိ ဝေါဟာရံ န လဘန္တိ၊ အဘိဇ္ဈာဒိပ္ပဓာနတ္တာ၊ ၊မူလဋီကာ။

\+ + +

၃၀၆-မေး: စေတနာသည် မနောကံသာ မည်၏ ဆိုသော်မနောကံ သုံးပါးတို့၏ အသင်း အပင်း၏ အဖြစ်ဖြင့်ဖြစ်သောကြောင့်မနော ကံမည်ပါသလော၊

ဖြေ-သဘောအားဖြင့်သာ မနောကံ မည်ပါသည်၊ မနော[illegible] သုံးပါးတို့၏ အသင်းအပင်း၏ အဖြစ်ဖြင့် ဖြစ် သောကြောင့် မနောကံမည်သည်မဟုတ်ပါ၊

သဘာဝေနေဝ သာ မနောကမ္မံ၊ န အဘိဇ္ဈာဒိ ပက္ခိ ကတ္တာ၊ ၊မူလဋီကာ၊

\+ + +

၃၀၇-မေး: အကုသလ ကမ္မပထ တရား ဆယ်ပါး၌ သုရာပါနကို အဘယ့်ကြောင့် မဆိုပါ သနည်း၊

ဖြေ-သုရာပါနကို"ရသ"ဟုဆိုအပ်သောကာမဂုဏ် [illegible] မှား[illegible]သာအ[illegible]ျုံ့ဖြစ်သောကြောင့်ကာမေသုမိစ္ဆာ

စာရင်၌ သင်္ဂြိုဟ် ရေတွက်၍ ဆိုပါသဖြင့် အသီးအခြား မဆိုပါ။ ။ဋီကာကျော်။

\+ \+ \+

၅၀၈-မေး အမိ,အဖတို့သည် သားသမီးတို့ကို ကျိန်ဆဲ ရာ၌ ဖရုသဝါစာဖြစ်, မဖြစ် အကြောင်း ပြ၍ ဆုံးဖြတ်ပါ။

ဖြေ=နှုတ်ထွက် ကြမ်းထမ်းသော်လည်း စိတ်နူးညံ့ သည်၏အဖြစ်ကြောင့် **ဖရုသဝါစာ** မဖြစ်ပါ။

\+ \+ \+

၅၀၉-မေး ဤသူကို ချမ်းသာစွာ အိပ်ပါစေဟု နူးညံ့ သော စကားကိုဆို၍ ကြိုးမိန့် ချသော တရားသူကြီးအားဖရုသဝါစာဖြစ်,မဖြစ် ဆုံးဖြတ်ပါ။

ဖြေ—နှုတ်ထွက်ပင် ပြေပြစ်သော်လည်း စိတ်ကြမ်း ထမ်းသည်၏အဖြစ်ကြောင့် **ဖရုသဝါစာ** ဖြစ်ပါသည်။ ။ အဋ္ဌသာလိနီ။

\+ \+ \+

၅၁၀-မေး အကုသလ ကမ္မပထတရား ဆယ်ပါးကို တရားကိုယ် အသီးအသီး ကောက်ပြပါ။

ဖြေ—ကာယကံသုံးပါး,ဝစီကံ ၄ ပါးသည် စေတနာ သာဖြစ်ပါသည်၊ မနောကံသုံးပါးတို့တွင် အဘိဇ္ဈာကား စေတနာနှင့်ယှဉ်သောလောဘ၊ဗျာပါဒကားစေတနာနှင့်

ယှဉ်သောဒေါသ မိစ္ဆာဒိဋ္ဌိကား စေတနာနှင့်ယှဉ်သော ဒိဋ္ဌိစေတသိက်ဖြစ်ပါသည်။ ။အဋ္ဌသာလိနီ။

\+ \+ \+

၅၉၁-မေး။ အကုသလကမ္မပထတရားဆယ်ပါးတို့၏ အကြောင်းမူလကိုပြဆိုရာ၌ လောဘနှင့် ဒေါသကိုသာ ပြဆို၍ အဘယ့်ကြောင့် မောဟကိုသာ မဆိုပါသနည်း။

ဖြေ–မောဟကား သဗ္ဗာကုသလသာဓာရဏ ဖြစ်၍ မောဟဟုဆိုအပ်သောမူလကြောင့်မဖြစ်သော အကုသလ ကမ္မပထတရားမည်သည် မရှိသောကြောင့် မောဟ ဖြင့်အထူးပြု၍မဆိုခြင်းဖြစ်ပါသည်။

\+ \+ \+

၅၉၂-မေး။ ကာမာဝစရ ကုသိုလ်သည် ပုညကြိယာ ဝတ္ထု၏ အစွမ်းဖြင့် ဆယ်ပါး အထင် အရှားရှိပါလျက်အဘယ့်ကြောင့်သုံးပါး ထည်းဆိုရပါသနည်း။

ဖြေ–ပုညကြိယာဝတ္ထု၏ အစွမ်းဖြင့် ဆယ်ပါးပင် ရှိသော်လည်း ဖိုက်သည့်အားလျော်စွာ သဘောတူရာ ပေါင်း၍ရေတွက်ပါက သုံးပါးသာရှိသောကြောင့် အ ကျဉ်းအားဖြင့်သုံးပါးသာဆိုပါသည်။

\+ \+ \+

၅၉၃-မေး။ ပုညကြိယာ ဆယ်ပါးကို ဒါန, သီလ, ဘာဝနာ သုံးပါး၌ အဘယ်သို့ သွင်းမည် နည်း၊ သဘောတူရာသွင်း၍ပြပါ။

ဖြေ—အပစာယန,ဝေယျာဝစ္စနှစ်ပါးကို သီလ၌သွင်း ပါသည်၊ ပတ္တိဒါန, ပတ္တာနုမောဒန နှစ်ပါးကို ဒါန၌ သွင်းပါသည်၊ ဓမ္မသဝန,ဓမ္မဒေသနာ,ဒိဋ္ဌိဇုကမ္မ သုံးပါး ကို ဘာဝနာ၌ သွင်းပါသည်။

\+ + +

၅၉၄· မေး အပစာယန, ဝေယျာဝစ္စ နှစ်ပါးကို အ ဘယ့်ကြောင့်သီလ၌ သွင်းရပါသနည်း၊ သဘော အားဖြင့် တမျိုးစီ မဟုတ်ပါ လော။

ဖြေ—အပစာယန, ဝေယျာဝစ္စ နှစ်ပါးသည် **စာရိတ္တ သီလ** ဖြစ်သောကြောင့်သီလ၌ သွင်းရပါသည်။

စာရိတ္တသီလ ဘာဝတော။ ။ဋီကာကျော်။

\+ + +

၅၉၅ မေး ပတ္တိဒါန, ပတ္တာနုမောဒန နှစ်ပါးကို အ ဘယ့်ကြောင့် ဒါန၌သွင်းရပါသနည်း။

ဖြေ—ဒါနသည်လည်း ဣဿာ, မစ္ဆရိယနှင့် ဆန့် ကျင်ဘက်ဖြစ်သည်၊ပတ္တိဒါန,ပတ္တာနုမောဒနသည်လည်း ဣဿာ,မစ္ဆရိယနှင့် ဆန့်ကျင်ဘက်ဖြစ်သဖြင့် ဆန့်ကျင် ဘက်သဘောချင်းတူသောကြောင့်ဒါန၌သွင်းရပါသည်။

တံ သဘာဝတ္တာ ဒါနမ္ပိ ဟိ ဣဿာ, မစ္ဆေရာနံ ပဋိပက္ခံ ဓွေတပိ။ ။ဋီကာကျော်။

\+ + +

၅၉၆ မေး။ ဓမ္မသဝန ဓမ္မဒေသနာ,ဥမ္မိဇုကမ္မသုံးပါးကို အဘယ့်ကြောင့် ဘာဝနာ၌သွင်းရပါသနည်း။

ဖြေ–ကုသိုလ်ဓမ္မပွါးသည်၏အဖြစ်ကြောင့်ဘာဝနာ၌သွင်းပါသည်။

ကုသလဓမ္မသေဝနေတော၊ ။ဋီကာကျော်။

\+ \+ \+

၅၉၇-မေး။ ပုညကြိယာ ဆယ်ပါးတို့တွင် ဘာဝနာဟူသည် အဘယ် ဘာဝနာကို ယူရမည်နည်း။

ဖြေ–ကမ္မဋ္ဌာန်းလေးဆယ်တို့၌၎င်း, ခန္ဓာစသည်တို့၌၎င်း ပရိယတ်သုံးသပ်ခြင်း စသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော မဟဂ္ဂုတ်လောကုတ္တရာ အပ္ပနာသို့ မရောက်သော ဂေါတြဘူ အဆုံးရှိသော စေတနာကို ယူရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၅၉၈-မေး။ ပတ္တိဒါနအရာ၌ မိမိ၏ကုသိုလ်ကောင်းမှုအဖို့ကို သူတပါးအား ပေးဝေရာ၌မိမိ၌ကောင်းမှုကုသိုလ် ပွါး၍ လာမည်လော ယုတ်လျော့၍ သွားမည်လော၊ ဥပမာဆောင်၍ဖြေပါ။

ဖြေ–ဥပမာ ... မီးခွက်တခွက်ကို ထွန်း၍ထားပါက ... မီးခွက်နှစ်ကျိပ်အရာ,အထောင်မကသော ... မီးကို

ကိုညှိပြောသော်လည်း ပဥ္စမ ဆီမီးသည် မကုန်သည့်ပြင် မှာဆက်, အဆက်ကူးညှိကြသော ဆီမီးရောင်နှင့်တကွ တပေါင်းတည်းဖြစ်ပြီး အရောင်အလင်း တိုးပွါး၍လာ သကဲ့သို့ ထို့အတူအမျှပေးဝေသောသူအားလည်း ကု သိုလ် မဆုတ်ယုတ်ဘဲ တိုးပွါး ၍ လာ ပါ သည်။ ။ အဋ္ဌသာလိနီ။

\+ \+ \+

**၅၉၉-မေး** ပုညကြိယာဆယ်ပါးကိုကာယကံစသော သုံးပါးဖြင့် ဝေဘန်၍ပြပါ။

ဖြေ-ဒါန,အပစာယန, ဝေယျာဝစ္စ သုံးပါးတို့သည် **ကာယ ကံ** မည်၏၊ဘာဝနာ,ပတ္တိဒါန,ပတ္တာနုမောဒန,ဓမ္မ ဒေသနာလေးပါးသည် **ဝစီကံ** မည်၏၊ သီလ, ဓမ္မသဝန, ဒိဋ္ဌိဇုကမ္မသုံးပါးသည် **မနောကံ** မည်၏။ ။အဘိဓမ္မတ္ထ သင်္ဂဟဋီကာ။

\+ \+ \+

**၆၀၀- မေး** ပုညကြိယာ ဝတ္ထုကို အစိတ်အပေါင်း ဝေဖန်ပြပါ။

ဖြေ-ပုနာတိ သံကိလေသမလတော ဝိသောဓေတိ တိ ပုညံ၊ကတ္တဗ္ဗံ နိပ္ဖါဒေတဗ္ဗန္တိ ကြိယံ၊ ဝသန္တိပတိဋ္ဌ ဟန္တိ ဧတ္ထာတိဝတ္ထု၊ ပုညဉ္စ ကြိယဉ္စာဝတ္ထုစာတိ ပုည ကြိယာဝတ္ထု။

\+ \+ \+

**၆၀၁-မေး** ရူပါဝစရကုသိုလ်ကံသည် ကာမာဝစရ ကံကဲ့သို့ ကာယကံ စသောအားဖြင့် သုံး

ပါးမပြားမှု၍ အဘယ့်ကြောင့် မနောကံသာ ဖြစ်ရပါသနည်း။

ဖြေ—ဒိဋ္ဌိတ်ကို မဖြစ်စေတတ်သည် ၏ အဖြစ်ဖြင့် ကာယဒွါရစသည်တို့၌ မဖြစ်သောကြောင့် **မနောကံ**သာ ဖြစ်ရပါသည်။ ။ဋီကာကျော်။

\+ \+ \+

**၆၀၂-မေး** ရူပါဝစရကုသိုလ်သည်အဘယ့်ကြောင့် ဘာဝနာသာဖြစ်ရပါသနည်း။

ဖြေ—ဒါနစသည်တို့၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့် **ဘာဝနာ** ဖြစ်ရပါသည်။

ဒါနာဒိဝသေနအပ္ပဝတ္တနတော။ ။ဋီကာကျော်။

\+ \+ \+

**၆၀၃-မေး** ဩဠာကုသလကမ္မ မုဥ္စရပဟိတာ၌ ဥဒ္ဓစ္စစေတနာကို အဘယ့်ကြောင့် ကြည်ရပါသနည်း။

ဖြေ-ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်သောကြောင့် ကြည်ရပါသည်။

\+ \+ \+

**၆၀၄-မေး** ဥဒ္ဓစ္စစေတနာကို ပဋိသန္ဓေအကျိုး မပေးနိုင်ဟု အဘယ့်ကြောင့် သိရပါသနည်း။

ဖြေ-ဒဿနေန ပဟာတဗ္ဗာဟူ၍ မလာသောကြောင့် သိရပါသည်။

**၆၀၅-မေး:** ဥဒ္ဒစ္စ စေတနာသည် ပဋိသန္ဓေအကျိုးကို အဘယ့်ကြောင့် မပေးပါသနည်း။

**ဖြေ**–နာနာက္ခဏိက ကမ္မ ပစ္စည်း မတတ် သောကြောင့် မပေးနိုင်ပါ။

နစ နာနာက္ခဏိက ကမ္မပစ္စယံ ဝိနာပဋိသန္ဓိ အာကဍ္ဎနံ အတ္ထိ၊ တသ္မာနတ္ထိ၊တဿာဘာဗ္ဗထာပိပဋိသန္ဓိဒါနန္တိ။ ။ငှိကာချော်။

\+ \+ \+

**၆၀၆-မေး:** ကမ္မစတုက္က၌ မဂ်ကုသိုလ်, အဘိညာဏ်ကုသိုလ်ကို အဘယ့်ကြောင့် မဆို ပါသနည်း။

**ဖြေ**–ယင်းကုသိုလ်တို့သည် ဘုံသုံးပါး၌ ပဋိသန္ဓေ ပဝတ္တိအကျိုးကို မပေးသောကြောင့် မဆိုပါ။

\+ \+ \+

၆၀၇-မေး: တိဟိတ်ဩမကကုသိုလ်ကံသည် အလွန်အားနည်းသောကြောင့် သုဂတိအဟိတ် ပဋိသန္ဓေ အကျိုးသာ ပေး သင့် သည် မဟုတ်ပါလော၊ အဘယ့်ကြောင့်ဒွိဟိတ် ပဋိသန္ဓေအကျိုးကိုပေးရပါသနည်း။

**ဖြေ**–တိဟိတ် ဩမကကုသိုလ်နှင့် ယှဉ်သော ဉာဏ်သည်ဇစ္စန္ဓစသောဝိပ္ပတ္တိ၏အကြောင်းဖြစ်သောမောဟ၊ **တနည်း**——အလုံးစုံသော အကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သဖြင့် ဇစ္စန္ဓစသောဝိပ္ပတ္တိ၏အကြောင်းမဟုတ်သော

ကြောင့် သုဂတိအဟိတ်ပဋိသန္ဓေအကျိုးကိုမပေးနိုင်ပါ၊ ဒွိဟိတ် ပဋိသန္ဓေ အကျိုးသာ ပေးနိုင် ပါသည်။ ။ဋီကာကျော်။

\+ + +

၆၀၈-မေး: ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ် ကံသည် ဥက္ကဋ္ဌ ဖြစ်သော ကြောင့် တိဟိတ် ပဋိသန္ဓေ အကျိုးကို ပေးသင့် ပါလျက် မပေးမူ၍ အဘယ့်ကြောင့် ဒွိဟိတ် အကျိုးကိုသာ ပေးရပါသနည်း။

ဖြေ–ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည် ဉာဏ်နှင့်မယှဉ်သဖြင့် ဉာဏ်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်သောကြောင့် တိဟိတ်အကျိုးကိုမပေးမူ၍ ဒွိဟိတ်အကျိုးကိုသာ ပေးရပါသည်။ ။ဋီကာကျော်။

\+ + +

၆၀၉-မေး: အသင်္ခါရံ သသင်္ခါရ ဝိပါကာနိ နပစ္စတိ၊ စသည်ဖြင့် ဆိုသော ဝါဒကို အရှင်အနုရုဒ္ဓါဆရာသည် အဘယ့်ကြောင့် ကေစိဝါဒဟုဆိုရပါသနည်း။

ဖြေ–ဝိပါက်၏ သင်္ခါရအပြားကို ပစ္စည်း၏အစွမ်းအားဖြင့်သာအလိုရှိအပ်သည်, ကံ၏အစွမ်းအားဖြင့် အလိုမရှိအပ်သောကြောင့် ကေစိဝါဒဟု ဆိုပါသည်။ ။ဋီကာကျော်။

\+ + +

၆၁၀- မေး ပဌမဈာနံ ပရိတ္တံ ဘာဝေတွာ စသည်၌ အဘယ်ဈာန်မျိုးသည်ပရိတ္တ, မဇ္ဈိမ,ပဏီတတို့ဖြစ်ပါသနည်း။

ဖြေ–ဈာန်ကို အားထုတ်သောအခါ ယုတ်ကုန်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတို့နှင့် ယှဉ်သော ဈာန်သည် **ပရိတ္တ** ဖြစ်ပါသည်။

အလတ်ဖြစ်ကုန်သောဆန္ဒ,ဝီရိယ,စိတ္တ,ဝီမံသတို့နှင့် ယှဉ်သောဈာန်သည် မဇ္ဈိမ ဖြစ်ပါသည်။

မြတ်ကုန်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတို့နှင့်ယှဉ်သောဈာန်သည် **ပဏီတ** ဖြစ်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၆၁၁-မေး ပဌမဈာနံဘာဝေတွာ၌ အဘယ်ဈာန်မျိုးကို ယူရမည်နည်း။

ဖြေ=အဘိညာဏ်၏ အဖြစ်သို့မရောက်သော ပဌမဈာန်ကို ယူရပါသည်။

အဘိညာဘာဝံ အသမ္ပတ္တံ ပဌမဈာနံ၊ ။ဋီကာကျော်၊

\+ \+ \+

၆၁၂-မေး အဘိညာဏ်၏ အဖြစ်သို့ ရောက်သော ပဌမဈာန်ကို အဘယ့်ကြောင့် မယူရပါသနည်း။

ဖြေ–အဘိညာဏ် ပဌမဈာန်ကား အကျိုး မပေးသောကြောင့် မယူရပါ။

၆၁၃-မေး အဘိညာဏ် ပဉ္စမ ဈာန်ကား အဘယ့်ကြောင့်အကျိုးမပေးပါသနည်း။

ဖြေ-အဘိညာဏ် စေတနာသည် တကြိမ်သာဖြစ်သဖြင့် မိမိနှင့်တူသောဘုံရှိသော ပုဂ္ဂိုလ်၏ဝစရစေတနာမှ အာသေဝနပစ္စည်းကိုမရသဖြင့် အားနည်းသောကြောင့် မပေးနိုင်ပါ။ ။ဋီကာကျော်၊

\+ + +

၆၁၄-မေး အနာဂါမိနောပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ၌ အနာဂါမ် ပုဂ္ဂိုလ်တို့သည် မိမိဖြစ်လိုရာ သုဒ္ဓါဝါသဘုံ၌ ဖြစ်နိုင်ပါသလော၊ သို့မဟုတ် တစုံ တခုသော အကြောင်းထူးကိုစွဲ၍ ဖြစ်ပါသလော၊ ခွဲ၍ပြပါ။

ဖြေ-သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဟူသော ဣန္ဒြေ ငါးပါးတို့၏ ကဲလွန်သော အကြောင်းထူးကိုစွဲ၍ အစဉ်အတိုင်းဖြစ်ကြပါသည်။ ။ဋီကာကျော်

\+ + +

၆၁၅-မေး အနာဂါမ်ပုဂ္ဂိုလ်တို့သည်သုဒ္ဓါဝါသဘုံ၌သာဖြစ်နိုင်သောကြောင့်"အနာဂါမိနောပန"စသောစကားကို ဆိုပါသလော၊သို့မဟုတ် အဘယ်သို့သော အဓိပ္ပါယ်ကို ရည်၍ဆိုပါသနည်း။

ဖြေ-အနာဂါမ် တို့ကား ကာမဘုံ၊အသညသတ်ဘုံမှ တပါးသောရူပ၊အရူပဘုံတို့၌လည်းဖြစ်နိုင်ကြပါသည်

သုဒ္ဓါဝါသဘုံ၌ကားအခြားသောပုဂ္ဂိုလ်တို့မဖြစ်နိုင်၊ အနာဂါမ်တို့သာဖြစ်နိုင်သည်၊ဤသို့သော်အဓိပ္ပါယ်ကိုရည်၍**အနာဂါမိနောပနစ**သောစကားကိုဆိုခြင်းဖြစ်ပါသည်

\+ \+ \+

**၆၁၆-မေး** အနာဂါမိ နော ပနဋ္ဌ ပန သဒ္ဒါ သည် အဘယ်အနက်ကို ဟောပါသနည်း၊ယင်း ပနသဒ္ဒါဖြင့် ပြအပ်သော အနက်သုံးပါးကိုလည်း ကျနစွာ ဖော် ပြပါ။

**ဖြေ**—ပနသည် အဝဓါရဏတ္ထ အနက်ကို ဟောပါသည်။

ယင်းဝေ—အနက်ရှိသော ပန-သဒ္ဒါဖြင့် အနာဂါမ် ပုဂ္ဂိုလ်တို့သည်သာသုဒ္ဓါဝါသဘုံ၌ ဖြစ်နိုင်၏ ဟူသော **ဂဟေတဗ္ဗ** အနက်, ပုထုဇဉ်သောတာပန်, သကဒါဂါမ် တို့သည်သုဒ္ဓါဝါသဘုံ၌ မဖြစ်နိုင်ဟူသော **နိဝတ္တေတဗ္ဗ** အနက်,အနာဂါမ်တို့သည် သုဒ္ဓါဝါသမှတပါးသောရူပ, အရူပဘုံ၌ဖြစ်ကြကုန်သေး၏ဟူသော**အနုညာတ အနက်** ဤအနက်သုံးပါးကိုပြပါသည်။

\+ \+ \+

**၆၁၇-မေး** အနာဂါမ် ပုဂ္ဂိုလ် တို့သည် အဘယ့် ကြောင့် ကာမဘုံ၌ မဖြစ်နိုင်ကြ ပါသ နည်း။

**ဖြေ**—ကာမ ရာဂကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သဖြင့် ကာမဘုံ၌ဖြစ်လိုသော်နိကန္တိ မရှိကြသောကြောင့်မဖြစ် နိုင်ပါ။ ။ဋီကာကျော်။

၆၁၈-မေး ဈာန် ကိုးပါးလုံးကို ရပြီးသောပုထုဇဉ်၊ သောတာပန်, သကဒါဂါမ်တို့သည် ကာမဘုံ၌ဖြစ်နိုင်ပါမည်လော။

ဖြေ—ကာမဘုံ၌ ဖြစ်လိုသော နိကန္တိရှိမူ ဖြစ်နိုင်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၆၁၉- မေး ဘဝသိသ ဟု ခေါ်သော ဝေဟပ္ဖိုလ်, အကနိဋ္ဌ, နေဝသညာနာသညာ ဘုံတို့၌ ဖြစ်ကြသော အရိယာ ပုဂ္ဂိုလ် တို့သည် အခြားသောဘုံသို့ ပြောင်း၍ဖြစ်နိုင်ကြပါမည်လော။

ဖြေ—မဖြစ်ကြတော့ပါ၊ အကနိဋ္ဌဘုံ၌ဖြစ်သော အနာဂါမ်မှာတပါးသောဘုံသို့သာမပြောင်းသည်မဟုတ် ဋ္ဌိမဘုံ၌လည်းထပ်၍မဖြစ်တော့ပါ၊ကြွင်း နှစ်ဘုံကား ဋ္ဌိမဘုံ၌ထပ်၍ဖြစ်နိုင်ကြပါသေးသည်။ ။ဋီကာကျော်၊

\+ \+ \+

၆၂၀-မေး သတ္တဝါမှန်သမျှသဏ္ဍိုဟ်ကျမ်းလာ သေခြင်း ၄ ပါးကြောင့် သေနိုင် လေသည် ချည်းဟုမှတ်ရမည်လော။

ဖြေ—မမှတ်ရပါ၊ ငရဲ,မြောက်ကျွန်း, ဘုမ္မဇိုးနတ်မှ တပါးသောနတ်ပြိတ္တာတို့မှာ ဥပစ္ဆေဒကမရဏ ကြောင့် မသေပါ၊

" ဣဒံ ပနနေရယိကာနံ ဥတ္တရကုရုကာသီနံ ကေသဥ္စဒေဝါ နဥ နဟောတိ"။ ။ဋီကာကျော်။

၆၂၁-မေး ကံ, ကမ္မနိမိတ်, ဂတိ နိမိတ်တို့၏ ဒွါရ, ကာလ, အာရုံတို့ကို အသီးအသီး ဝေဘန်၍ပြပါ။

ဖြေ–ကံမှာမနောဒွါရ, အတိတ်, ဓမ္မာရုံ ဖြစ်ပါသည်၊ ကမ္မနိမိတ်မှာ ဆဒွါရ, ပစ္စုပ္ပန်, အတိတ်, ပညတ်, အာရုံ ၆ ပါးဖြစ်ပါသည်၊ ဂတိနိမိတ်မှာ မနောဒွါရ, ပစ္စုပ္ပန်, ရူပါရုံဖြစ်ပါသည်။

\+ + +

၆၂၂-မေး ကမ္မဝါဒ ကမ္မ နိမိတ္တဝါဒ ဂတိနိမိတ္တဝါဒ ပါဠိနှင့် ဝါဒသဒ္ဒါတို့ကား အဘယ်အဓိပ္ပါယ်ကိုပြသော အဘယ်အနက် ရှိပါသနည်း၊ ကျနစွာပြဆိုပါ။

ဖြေ=ဝါဒသဒ္ဒါတို့ကား မရဏာသန္နဝီထိသို့ ရောက်မှ ထင်လျှင်နိမိတ်သုံးပါးတို့တွင် တခုခုသာထင်သည်၊ ရှေ့အဖို့၌ကား အမှတ်မရှိထင်ကောင်း၏၊ ထိုသို့ထင်သော်လည်း တပြိုင်နက်မထင်၊ ဤသို့သော အဓိပ္ပါယ်ကို ပြသော **အနိယမဝိကပ်** အနက်ရှိပါသည်။

\+ + +

၆၂၃-မေး ကမ္မဝါအတိနဝေ ဝသေနဒွါရပတ္တဝါဟောတိ၌ အဘယ့်ကြောင့်ကံသည်သာ အသစ်ပြုသည်၏ အစွမ်းအားဖြင့် ဒွါရသို့ရောက်ပါသနည်း၊ ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်,

ဂတိ နိမိတ်တို့ကား အသစ် ပြုသည့်၏ အစွမ်းအားဖြင့် ဒွါရသို့ မရောက်နိုင်ပါသလော။

ဖြေ-ကံသည်သာ အတိတ်ဖြစ်သောကြောင့်အသစ်ပြုသည့်၏အစွမ်းအားဖြင့်ဒွါရသို့ရောက်ပါသည်၊ ပစ္စုပ္ပန်ဖြစ်သောကမ္မနိမိတ်, ဂတိနိမိတ်တို့ကား ပစ္စုပ္ပန်ဖြစ်ကြသောကြောင့်အသစ်ပြုဘွယ်မရှိပါ၊ ပကတိပင် ဒွါရသို့ရောက်ပါသည်။

\+ + +

၆၂၄-မေး။ တမေဝဝါ ပန ဇနက ဘူတံ့ ဧဝသဒ္ဒါ ဝါ–သဒ္ဒါ, ပန– သဒ္ဒါ တို့ဖြင့် အဘယ်အနက်ကို ပြပါသနည်း။

ဖြေ–ဧဝ သဒ္ဒါဖြင့်ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်တို့၏အသစ်ပြုသည့်၏အစွမ်းအားဖြင့် ဒွါရသို့ ရောက်ခြင်းကို ကန့်ပါသည်၊

ဝါ သဒ္ဒါဖြင့် အတိတ် ပညတ်ဖြစ်သော ကမ္မနိမိတ်လည်းအသစ်ပြုသည့်၏ အစွမ်းအားဖြင့် ဒွါရသို့ရောက်ခြင်းကို ဆည်းသည်၊

ပန ကား ဝါစာသိလိဋ္ဌမျှသာ၊အနက်မရှိပါ။

\+ + +

၆၂၅-မေး။ ပစ္စာသန္နမရဏဿ၌အလွန်နီးသောသေခြင်းဟူသည် အဘယ်လောက် နီးပါသနည်း။

ဖြေ–တပိထိမျှလောက်သော အသက်ကြွင်းရှိသော ကာလသည်အလွန်နီးသောသေခြင်းရှိသောကာလဖြစ်ပါသည်။

"ပစ္စာသန္နသာတိ ဧကေဝိထိပမာဏာယုကာဝသေသေ"။ ဋီကာကျော်။

\+ \+ \+

၆၂၆-မေး၊ တဿာ နန္တရမေဝဥ္စ "ဇဝ" သဒ္ဒါဖြင့် အဘယ်အနက်ကို သိစေပါသနည်း။

ဖြေ–ဂုတိကျပြီးနောက် အမိဥတုလာသောအခါကို ၎င်း,မိဘနှစ်ပါးတို့၏တကွပေါင်းဖက်ခြင်းကို ခုနစ်ရက်အတွင်းဆိုင်းငံ့၍ အခွင့်ရမှအမိဝမ်းသို့ ဝင်၏ဟူသော မိစ္ဆာအယူကိုဂုင်း ပယ်ခြင်းကို သိစေပါသည်။

"တဿာနန္တရမေဝါတိ ဇူမိနာအန္တရာဘဝ ဝါဒိမတံ ပဋိက္ခိပတိ"။ ဋီကာကျော်။

\+ \+ \+

၆၂၇-မေး၊ အဝိဇ္ဇာ,တဏှာနှစ်ပါးလုံးပင် မူလဖြစ်ပါလျက် တဏှာ ကိုသာ အဘယ့်ကြောင့် တဏှာ နုသယ မူလကေန ဟု ဆိုပါသနည်း။

ဖြေ=ဘဝ၌တပ်ခြင်းကိုသာ တဏှာဖြစ်စေနိုင်သောကြောင့်ဆိုပါသည်။

\+ \+ \+

၆၂၈ မေး။ ဥပုသ္သမာနမေဒ၌ 'ဇဝ' သဒ္ဒါဖြင့် ပြအပ်သောအဓိပ္ပါယ်ကို ဥပမာဆောင်၍ ထင်အောင် ပြပါ။

ဖြေ–ဥပမာ ဒေါင်းရုပ်တံဆိပ်စသည်ကိုစက္ကူ၌တင်၍နှိပ်လျှင်ဒေါင်းရုပ်ထင်သည်၊ယင်းသို့ထင်သော်လည်း တံဆိပ်၌ရှိသောဒေါင်းရုပ်သည် စက္ကူသို့ကပ်၍ပါသွားသည်လည်းမဟုတ်၊ ထိုအရုပ်နှင့်ကင်း၍ စက္ကူ၌ ထင်သည်လည်းမဟုတ်သကဲ့သို့, ဤအတူဘဝဟောင်း၌ အကြီးဝင်သောတစုံတခုသောတရားသည်ဘဝသစ်သို့ကူးပြောင်း၍လိုက်သည်လည်းမဟုတ်၊ဘဝဟောင်း၌အကြီးဝင်သောအဝိဇ္ဇာ,တဏှာ,ကံဟူသော အကြောင်းတို့နှင့်လည်း မကင်းသည်ကို ဇဝ သဒ္ဒါဖြင့် ပြပါသည်။ ။ဋီကာကျော်၊

\+ \+ \+

၆၂၉-မေး။ ပဋ္ဌာနသမ္မောဟဝိနောဒနီ ... ဓရနှော့သွေ့ဝမရဏာ ... အဘယ့်ကြောင့် ပဋ္ဌာန်အာရုံထင်ရှား ... စည်သာ လျှင်ဖြစ်ကျ ... ပါသနည်း၊

ဖြေ–မရဏာသန္နဇော ၅ကြိမ်သာစောသောကြောင့် ကျပါသည်၊ ။ဋီကာကျော်၊

\+ \+ \+

၆၃၀ မေး။ ပဋိသန္ဓိ ဘဝင်္ဂါနတို့ ပဋ္ဌာနသမ္မောဟဘာ ဟူသော ဂါကာ ... ကြောင့်ရမည်လော၊

ဖြေ=ခမှတ်ရပါ။ အကြောင်းကား ပဋိသန္ဓေ တဒါရုံ နောင်ဘဝင်, ဘဝင်နောင်ဝုတိဖြစ်အံ့၊ ပဋိသန္ဓေဘဝင်တို့သည် ပစ္စုပ္ပန်ကို အာရုံမပြုနိုင်သောကြောင့်တည်း။

\+ \+ \+

၆၃၁-မေး ရူပဘုံ၌ ဝုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား အဘယ်ကံသည် ပဋိသန္ဓေကို ဖြစ်စေပါသနည်း။

ဖြေ—ရူပါဝစရဈာန်၏အနီး၌ဖြစ်သောကာမာဝစရကုသိုလ်ကံသည် ဖြစ်စေပါသည်။ ။ဋီကာကျော်။

\+ \+ \+

၆၃၂-မေး ဟေဋ္ဌိမာရူပါဝစရ်တို့၌ အဘယ့်ကြောင့် အောက်, အောက် ဖြစ်သော အရူပကို ကြည့်ရပါသနည်း။

ဖြေ=အထက်, အထက်ဖြစ်သော အရူပ ဗြဟ္မာတို့သည် အောက်,အောက်ဖြစ်သော အရူပဈာန်ကို အားမထုတ်သောကြောင့် ကြည့်ရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၆၃၃-မေး အရူပဘုံမှဝုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား အဘယ့်ကြောင့် တိဟိတ် ပဋိသန္ဓေသာ နေရပါသနည်း။ ဒွိဟိတ် ပဋိသန္ဓေ လည်း ဖြစ်သင့်သည် မဟုတ်ပါလော။

ဖြေ - အရူပဗြဟ္မာတို့အား ဥပစာရဈာန်ဟု ဆိုအပ်သော တိဟိတ်ဥက္ကဋ္ဌ ကာမာဝစရကုသိုလ်ကံမှတပါးသော ဒုဗ္ဗလဖြစ်သော ကံသည် အကျိုးပေးခွင့်ကို မရသောကြောင့် ဒွိဟိတ်ပဋိသန္ဓေမဖြစ်သင့်ပါ တိဟိတ် ပဋိသန္ဓေသာ ဖြစ်သင့်ပါသည်။ ။ပရမတ္ထဒီပနီ။

\+ + +

၆၃၄ မေး။ ရူပါဝစရ ဈာဘိယာအဟေတု ရဟိတာ သိယုံန္တိ ရူပဘုံမှ စုတေသော ဗြဟ္မာတို့အား အခြားဘုံ၌ ဒွိဟိတ်၊ တိဟိတ်ပဋိသန္ဓေ သာ နေ၍ အဘယ့် ကြောင့် အဟိတ် ပဋိသန္ဓေ မနေနိုင်ပါသနည်း။

ဖြေ - ရူပဗြဟ္မာတို့အား ရှန့်ရင်းသော နိဝရဏတို့ကို ကောင်းစွာခွါအပ်ပြီးသည်၏ အဖြစ်ကြောင့် ဈာနစသည် ဖြစ်စေတတ်သော ဒွိဟိတ် ဩမကကံသည် အကျိုးပေးခွင့်ကိုမရပါ ထို့ကြောင့် အဟိတ်ပဋိသန္ဓေမနေနိုင်ပါ ဒွိဟိတ် တိဟိတ်ပဋိသန္ဓေသာ နေနိုင်ပါသည်။ ။ပရမတ္ထဒီပနီ။

\+ + +

၆၃၅ မေး။ ပေတ်၌ တပ်ခြင်းကင်းသော ဘာဝနာဖြင့် အသညသတ်ဘုံ၌ ကမ္ဘာငါးရာ ပတ်လုံး ငြိမ်လုံးလုံးမှ သေသော အသညသတ်ပုဂ္ဂိုလ် အားအဘယ့်ကြောင့် နောက်ဘဝ ဘဖန် ငတ်ဖြစ်ပေါ်လာပြန်ပါသနည်း။

ဖြေ=ရူပါဝစရပဉ္စမဈာန်၏အစွမ်းဖြင့်ဝေးကွာလေပြီးသောစိတ်သည်ဈာန်၏အာနုဘာဝကင်းသော်ကြောင့် ကာမသုဂတိဘုံ၌တဖန်စိတ်ဖြစ်ပေါ်လာရပြန်သည်။

"ယသ္မာ စိတ္တဝိရာဂတ္ထံ, ကာတုံ နသက္ကာ သဗ္ဗသော၊
တသ္မာ သာနုသယဲ့ဿဝ, ပုနုပ္ပတ္တိ သိယာ ဘဝေ။ ။
သစ္စသံခိပ်။

\+ \+ \+

၆၃၆-မေး၊ တဒေဝစိတ္တံ ယာဝရတိ စိတ္တုပ္ပါဒါ၌ ပဋိသန္ဓေ စိတ်သည် ချုပ်သွားပြီ ဖြစ်၍ ဘဝင်, စုတိ မဖြစ်နိုင်ပြီ မဟုတ် ပါလော၊ အဘယ့်ကြောင့် ပဋိသန္ဓေစိတ်သည်ပင် ဘဝင်, စုတိ ဖြစ်သည်ဟု ဆိုပါသနည်း။

ဖြေ-ချုပ်ပျောက် သွားသဖြင့် ယင်းပဋိသန္ဓေ စိတ်သည်ပင်ဘဝင်,စုတိမဖြစ်နိုင်ပါသော်လည်း ဘဝင်,စုတိ စိတ်တို့သည်ပဋိသန္ဓေစိတ်နှင့်ဘူမိ,ဇာတိ,သမ္ပယုတ္တဓမ္မ, သင်္ခါရ,အာရုံအားဖြင့်တူကြသောကြောင့် **သဒိသူပစာရ** အားဖြင့် ဆိုခြင်းဖြစ်ပါသည်။

တဒေဝ စိတ္တန္တိ တံသဒိသတာယ တဒေဝါပစာရေ ဝေဒိတဗ္ဗာ
ဋီကာကျော်။

ဘုံပိုင်းပြီးပြီ။

# ရုပ်ပိုင်း

၆၃၇-မေး။ သမ္မောဒဝိနောဒနီကာပါဠ်ဖြင့်ပြအပ်သော ဥဒ္ဒေသ,နိဒ္ဒေသ,ပဋိနိဒ္ဒေသ, ပဝတ္တိ, ပဋိသန္ဓေငါးမျိုးကို ပိုင်းခြားဝေဘန်၍ပြပါ။

ဖြေ-စိတ်ပိုင်းအကုန်,စေတသိက်ပိုင်း၌ ဇေကုပ္ပါဒါမှစ၍ ဗိုပညာသပဋ္ဌာနရ တိုင်အောင်သော စကားသည် စိတ်,စေတသိက်တို့၏ အကျဉ်းသရုပ် ပြရာ ဖြစ်သော ကြောင့် **ဥဒ္ဒေသ** မည်၏။

တေသံစိတ္တာဝိယုတ္တာနံမှစ၍ စေတသိက်ပိုင်းအလုံး ခုံသည်သမ္ပယောဂနည်း, သင်္ဂဟနည်းတို့ဖြင့် အကျယ် ပြရာဖြစ်သောကြောင့် **နိဒ္ဒေသ** မည်၏။

ပကိဏ်းပိုင်းသည် ဝေဒနာစသောအားဖြင့် တဖန် အကျယ်ဝေဘန်ရာဖြစ်သောကြောင့် **ပဋိနိဒ္ဒေသ**မည်၏။

ဝီထိပိုင်းသည်ပဝတ္တိအခါစိတ်,စေတသိက်တို့၏ဖြစ် [illegible]ကိုပြရာဖြစ်သောကြောင့် **ပဝတ္တိ** မည်၏။

ဘုံပိုင်းသည် ပဋိသန္ဓေအခါစိတ်တို့၏ ဖြစ်ပုံနှင့်တ [illegible] အကြောင်းအရာကို ပြရာ ဖြစ်သောကြောင့် **ပဋိသန္ဓေ** မည်၏။

\+ \+ \+

၆၃၈-မေး။ ပဝတ္တိက္ကမတော်ဖြင့် ပြအပ်သော ဘဝ, ကာလ, သန္တာနတို့ကို အသီးသီး ပြပါ။

ဖြေ-ဘဝဘေဒကား- ကာမဘဝ, ရူပဘဝ, အရူပဘဝတို့ဖြစ်ပါသည်။

ကါလဘေဒကါးပဝတ္တိ,ပဋိသန္ဓေကါလဖြစ်ပါသည်

သတ္တဘေဒကား သံသေဒဇ,ဩပပါတိက,ဂဗ္ဘသေယျက,ပရိပုဏ္ဏာယတနသဘာဝက,အသညိကြွင်းသော ရူပသတ္တတို့ ဖြစ်ပါသည်။

\+ + +

၆၃၉-မေး အဘယ့်ကြောင့် မဟာဘုတ် မည်ပါသနည်း။

ဖြေ-"ဥပါဒိန္နာ နုပါဒိန္န သန္တာနေသုသသမ္ဘာရဓါတုဝသေန မဟန္တာဟုတွာဘူတာပါတုဘူတာတိ မဟာဘူတာ" ဟူသော ဝစနတ္ထနှင့်အညီ သဝိညာဏက အဝိညာဏက သန္တာန်တို့၌ သသမ္ဘာရ ဓါတ်၏ အစွမ်းအားဖြင့် ကြီးသည် ဖြစ်၍ ထင်ရှား ဖြစ် တတ် သောကြောင့် **မဟာဘုတ်** မည်ပါသည်။

\+ + +

၆၄၀-မေး အဘယ့်ကြောင့်ဥပါဒါရုပ်မည်ပါသနည်း

ဖြေ-မဟာဘုတ်ဘို့ကို မှီ၍ ဖြစ်တတ် သောကြောင့် ဥပါဒါရုပ် မည်ပါသည်။

\+ + +

၆၄၁ မေး မဟာဘုတ်တို့သည်လည်း တပါးသည် တပါးကို မှီ၍ ဖြစ်ကြသောကြောင့် ဥပါဒါရုပ် မည်သင့် မမည်သင့် အကြောင်း ထောက်ချင့်၍ဆုံးဖြတ်ပါ။

ဖြေ—မဟာဘုတ်တို့ကိုမှီ၍ဖြစ်သော ရုပ်တို့သည်သာ လျှင်ဥပါဒါဟူသော အမည်၏ပြီးခြင်းကြောင့် မဟာဘုတ်တို့ကား ဥပါဒါရုပ် မမည်သင့်ပါ။

ဥပါဒါယေဝပဝတ္တရူပါနံတံသမညာသိဒ္ဓိတော။ ၊ဋီကာကျော်။

\+ \+ \+

၆၄၂-မေး ပထဝီ အမျိုးအပြားကို တရားကိုယ်နှင့် တကွပြ၍ ဤနေရာ၌ လိုအပ်သော ပထဝီကို ညွှန်ပြပါ၊

ဖြေ—ဆံအစ ဥက္ကောက် အဆုံးရှိသော ကောဋ္ဌာသ ၂၀ သည် သသမ္ဘာရပထဝီ မည်၏၊ ခက်မာနူးညံ့ခြင်း သဘောသည် လက္ခဏာပထဝီ မည်၏၊ ပထဝီကသိုဏ်း ဝန်းသည် အာရမ္မဏပထဝီ မည်၏၊ နိမိတ္တပထဝီလည်း မည်၏၊ ပကတိမြေကြီးသည် သမုတိပထဝီ မည်၏။

(ဤ၌ ပရမတ္ထဖြစ်သော လက္ခဏာပထဝီ ကိုသာအလိုရှိအပ်၏၊ အကြွင်းတို့ကား ပညတ်သာဖြစ်သည်။)

\+ \+ \+

၆၄၃-မေး အဘယ့်ကြောင့် ပသာဒရုပ် မည်ပါသနည်း။

ဖြေ—"မဟာဘူတာနံ ပသာဒေတိ ပသာဒေါ"ဟူသောဝစနတ္ထနှင့်အညီ မဟာဘုတ်တို့ကို ကြည်စေတတ်သောကြောင့် ပသာဒရုပ် မည်ပါသည်၊

\+ \+ \+

၆၄၄-မေး နှုတ်လုံးနှံ၍ ကြည်သော သဘောနှင့်ကာ ရုပ်များကို ဖော်ပြပါ၊

ဖြေ=ကာယပသာဒ,ဘာဝရုပ်နှစ်ခု, ဇီဝိတ ရုပ်များ ဖြစ်ပါသည်။

**မှတ်ချက်။** ။သုက်, သွေး,သည်းခြေတို့လည်း ကိုယ်လုံးနှံ့၍ တည်သည်။

\+ \+ \+

၆၄၅-မေး ယင်းရုပ်တို့သည် ကိုယ်လုံး နှံ့၍ တည်သော် ကြွင်းသောရုပ်တို့နှင့် ရောယှက်၍ တည်ပါသလော။

ဖြေ-ပြားသော မိရှ,လက္ခဏာ ရှိကြသောကြောင့် ကြွင်းသောရုပ်တို့နှင့် ရောယှက်၍မတည်ပါ၊ အသီး အသီး တည်ပါသည်။

"ဘိန္နနိဿယလက္ခဏတ္တာ၊" ဋီကာကျော်၊

\+ \+ \+

၆၄၆-မေး ဖေါဋ္ဌဗ္ဗာရုံ၌ အာပေါဓါတ်ကို အဘယ့် ကြောင့် ကြဉ်ရပါသနည်း။

ဖြေ-အာပေါဓါတ်သည် နူးညံ့သိမ်မွေ့သဖြင့် တွေ့ ထိခြင်းငှါမဘတ်ကောင်းသောကြောင့်ကြဉ်ရပါသည်။ ဋီကာကျော်။

\+ \+ \+

၆၄၇-မေး အချမ်းကို တွေ့ထိအပ်သည် မဟုတ်ပါ လော၊ အဘယ့်ကြောင့်မတွေ့ထိကောင်း ဟု ဆိုရပါသနည်း။

ဖြေ=သုခချမ်းသာကို တွေ့သိအပ်သည်မှာ မှန်ပါ၏၊ ယင်း ချမ်းသာမှာ အာဝေပါခါတ်မဟုတ်ပါ၊ သိတတောဇောသာ ဖြစ်ပါသည်။

သာပနတေဇောယေ၀။ ။ဋီကာကျော်။

\+ \+ \+

၆၄၈-မေး ဖေါဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော မဟာဘုတ် သုံးပါးတို့သည် တပြိုင်နက်တည်း ထင်ခြင်းသို့ရောက်နိုင်ပါသလော။

ဖြေ-တပြိုင်နက်တည်း ထင်ခြင်းသို့ ရောက်နိုင် ပါသည်။ ။အဋ္ဌသာလိနီ။

\+ \+ \+

၆၄၉ မေး တပြိုင်နက်ထင်ခြင်းသို့ ရောက်ကြသော် ကာယပသာဒသို့ ထိခိုက်ပါသလော။

ဖြေ-ထိခိုက်ပါသည်။

ကာယပသာဒံ ဃဋ္ဋေန္တိ, ဃဋ္ဋေန္တိ ဃဋ္ဋေန္တိ။ ။အဋ္ဌသာလိနီ။

\+ \+ \+

၆၅၀-မေး မဟာဘုတ်သုံးပါးတို့သည် တပြိုင်နက် ထင်ခြင်း, ထိခိုက်ခြင်းသို့ ရောက်ပါက မဟာဘုတ်သုံးပါးတို့ကို တပြိုင်တည်း အာရုံပြု၍ ကာယဝိညာဏ်စိတ် ဖြစ်နိုင်ပါ သလော။

ဖြေ-တပြိုင်နက် အာရုံပြု၍ ကာယဝိညာဏ်စိတ်မဖြစ် နိုင်ပါ။ ။အဋ္ဌသာလိနီ။

**၆၅၁-မေး** တပြိုင်နက် အာရုံပြုမနိုင်ပါက အဘယ်၏အစွမ်းအားဖြင့် အာရုံပြုပါသနည်း။

**ဖြေ**–နှလုံးသွင်း၏အစွမ်းအားဖြင့်၎င်း,ပြောသည့်၏အစွမ်းအားဖြင့်၎င်းတပါးစီအသီးအသီးအာရုံပြုသည်။

အာဘုဇိတဝသေနဝါ,ဥဿဒဝသေနဝါအာရမ္မဏကရဏာ ကရောတိ။ ။အဋ္ဌသာလိနီ။

\+ \+ \+

**၆၅၂-မေး** မဟာဘုတ်သုံးပါးလုံး တပြိုင်နက် ထင်ခြင်းထိခိုက်ခြင်းသို့ရောက်ပါလျက် နှလုံးသွင်း၏ အစွမ်းအားဖြင့် အဘယ်သို့လျှင် တပါးစီ အာရုံ ပြုပါ သနည်း၊ ထင်ရှားအောင် ဖြေပါ။

**ဖြေ**=တခုသော ဆွမ်းလုံးကိုယူ၍ နပ်,မနပ် အမာအပြော့ပုံစမ်းသောအခါယင်းဆွမ်းလုံး၌ တေဇောဓါတ် ဝါယောဓါတ်တို့ရှိပါကြားသော်လည်းပထဝီဓါတ်ကိုသာ နှလုံးသွင်းသဖြင့် ပထဝီဓါတ်ကိုသာ အာရုံပြု၍ ကာယဝိညာဏ်စိတ် ဖြစ်ပါသည်။

(ကြွင်းဓါတ်နှစ်ပါး၌ နည်းမှီ၍သိပါ)။ ။အဋ္ဌသာလိနီ၊

\+ \+ \+

**၆၅၃-မေး** ပြောသည့်၏ အစွမ်းအားဖြင့် အာရုံပြုပုံကို ထင်ရှားအောင်ဖေါ်ပြပါ။

**ဖြေ**–သစ်ဂုတ်ခလုပ်တိုက်မိ၍ ချော်လဲသောသူအား သစ်ငုတ်,ခလုပ်၌တေဇောဓါတ်,ဝါယောဓါတ်တို့ရှိကြား

သော်လည်းပဋိသန္ဓေကလွန်ကဲများပြားသောကြောင့် ပဋိသန္ဓေကိုသာ အာရုံပြု၍ ကာယဝိညာဏ်စိတ် ဖြစ် လေသည်။

(ကြွင်း၊ နှစ်ပါး၌ နည်းမှီ၍ သိပါ)

\+ + +

၆၅၄-မေး အဘယ်ရှင်မျိုးကိုဇူဇွိဘာဝရှင်, ပုမ္ဘာဝ ရှင်ဟု ခေါ်ပါသနည်း၊

ဖြေ–မိန်းမတို့၏ ပုံပန်းသဏ္ဌာန် ဟန်ပန် အမူအရာ ဖြစ်ကြောင်းဖြစ်သောရှင်ကို ဣတ္ထိဘာဝရှင် ဟု ခေါ်ပါ သည်၊ ယောကျ်ားတို့၏ ပုံပန်းသဏ္ဌာန်ဟန်ပန်အမူအရာ ဖြစ်ကြောင်းဖြစ်သောရှင်ကို ပုမ္ဘာဝရှင် ဟုခေါ်ပါသည်၊

\+ + +

၆၅၅ မေး မိန်းမဟူသည် အဘယ်ကို ခေါ်သနည်း။

ဖြေ–မသန့်ရှင်းသော အခြင်းအရာအားဖြင့် တည် သောခန္ဓာပဉ္စကကို မိန်းမဟုခေါ်ပါသည်၊

'ဣတ္ထီ ခန္ဓာဒိအဝိသဒါကာရသဏ္ဌိတံခန္ဓပဉ္စကံ'၊ ၊ပဍမတ္ထဒီပနီ၊

\+ + +

၆၅၆-မေး ဣတ္ထိဘာဝရှင်၌ သိမှတ်အပ်သော ဣတ္ထိ လိင်, ဣတ္ထိနိမိတ်, ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပ လေးမျိုးကိုခွဲခြားပြပါ၊

ဖြေ–မိန်းမတို့၏ လက်, ခြေ စသော သဏ္ဌာန်သည် ဣတ္ထိလိင် မည်ပါသည်၊

ပြုံးခြင်းစသော အမူအရာသည်ဗျာဿဝိန္နိမိတ္တမည်ပါ
သည်။

မန်းငယ်,ကျည့်ပွေ့ငယ်စသည်ဖြင့်ကစားခြင်းသည်
ဗျတ္တိကုတ္တ မည်ပါသည်၊

သွားခြင်းစသောအမူအရာသည် ဗျတ္တာဂမန မည်ပါ
သည်။ ။အဌ္ဌသာလိနီ။

\+ \+ \+

၆၅၇-မေး ဘာဝရုပ်နှစ်ပါးသည် ပဝတ္တိ,ပဋိသန္ဓေ
နှစ်မျိုးတို့တွင်ဘယ်အခါ၌ဖြစ်ပါသနည်း

ဖြေ-ကမ္ဘာဦးသူတို့အားပဝတ္တိအခါ၌ဖြစ်ပါသည်၊
ကမ္ဘာဦးမှနောင်၌ကားပဋိသန္ဓေအခါ၌သာဖြစ်ပါသည်၊

'ဉဘယမ္ပေတံ ပဌမကပ္ပိကာနံ ပဝတ္တေ သမုဋ္ဌာတိ၊ အပရ
ဘာဂေ ပဋိသန္ဓိယံ'၊ ။အဋ္ဌသာလိနီ၊

\+ \+ \+

၆၅၈-မေး ဘာဝရုပ် နှစ်ပါးကို မျက်စိဖြင့် မမြင်
ကောင်းပါဘဲလျက်အဘယ်သို့လျှင်မိန်းမ
ယောကျ်ားဟုခွဲခြား၍ သိနိုင်ပါသနည်း။

ဖြေ=မျက်စိဖြင့် မမြင်ကောင်း သော်လည်း ပုံပန်း
ဟန်ပန်ကို ထောက်ဆ၍ သိနိုင်ပါသည်။

\+ \+ \+

၆၅၉-မေး အာဟာရရုပ်ကိုကဗဠိကာရောအာဟာ
ရောဟူ၍၎င်း,ဩဇာသင်္ခါတောအာဟာ
ရောဟူ၍၎င်း နှစ်မျိုးဆိုရာ အဘယ်ပါဠိ
ဖြင့် အဘယ်အဓိပ္ပါယ်ကိုပြပါသနည်း။

ဖြေ—ကဗဠီကာရအာဟာရပါဠိဖြင့်ဘောဇဉ်စသောဝတ္ထုနှင့်တကွသောဩဇာပစာရအားဖြင့် ရအပ်သောဝတ္ထုန္ဓတည်သောပရမတ္ထဩဇာဟုဆိုအပ်သော အာဟာရကို ပြပါသည်။

ဩဇာသင်္ခါတောဖြင့် ပညတ်မှထုတ်အပ်သော ရချဆတ်ဆတ် ပရမတ်ဖြစ်သောဩဇာကိုပြပါသည်၊

"ကဗဠီကာရောဘ် ဇာဒိနာသဝတ္ထုကံအာဟာရံဒဿေတိ၊ ဩဇာ သင်္ခါတောတိ ဇာမိနာ နိဗ္ဗတ္တိတဩဇမေဝ ဒဿေတိ" အဋ္ဌသာလိနီ၊

\+ \+ \+

**၆၆၀-မေး** ရုပ်ဟုဆိုကြ၏ကောင်းပါလျက်အဘယ့်ကြောင့် ဥပရုပ်ဟု ဆိုရပါသနည်း။

**ဖြေ**—ရုပသဒ္ဒါသည်ရုပ္ပနသဘောမရှိသော အနိပ္ဖန္နရုပ်တို့၌လည်း အတွင် ရုဠှီအားဖြင့် ဖြစ်ခြင်းကြောင့် ယင်းအနိပ္ဖန္နရုပ်တို့ကို နှစ်စေခြင်းငှါ ရူပသဒ္ဒါကြောင့် အဘူးမြဲ ဥပရုပ်ဟု ဆိုပါသည်၊ ။ဋီကာကျော်။

\+ \+ \+

**၆၆၁-မေး** ဥပစယ,သန္တတိ နှစ်မျိုးတို့၏ အထူးကို ဖော်ပြပါ။

**ဖြေ**—[illegible]သယျာကပဋိသန္ဓေတို့အားနေ[illegible] [illegible]မှစ[illegible]ဖြစ်သည်တိုင်အောင် ဤ[illegible]တွင်း၌ [illegible]ဖြစ်သောရုပ်[illegible]ပါသည် ဥပစယ [illegible] [illegible]ကြီးသောရုပ်[illegible]ပါသည်သန္တတိ [illegible]

ဒဇဥပပါတ်တို့အား ပဋိသန္ဓေခဏ၌ရှေးဦးစွာဖြစ်သော ရုပ်တို့၏ဥပါဒ်သည် **ဥပစယ**, ထို့နောင်ဖြစ်သောရုပ်တို့၏ဥပါဒ်သည် **သန္တတိ** မည်၏။ ။ဋီကာကျော်။

\+ \+ \+

**၆၆၂-မေး** ဥပစယ, သန္တတိ နှစ်ပါးသည် စကျူပသာဒ စသည် တို့ကဲ့သို့ တရားကိုယ်ကွဲပြားပါသလော။

**ဖြေ**=မပြားပါ၊ တရားကိုယ်အားဖြင့် ဇာတိရုပ်တခုတည်းပင်ဖြစ်ပါသည်၊

\+ \+ \+

**၆၆၃-မေး** ဇာတိရုပ်တခုတည်းဖြစ်ပါလျက်အဘယ်သို့သောအစွမ်းအားဖြင့် ၂ ပါးခွဲ၍ဟောပါသနည်း။

ဖြေ–အခြင်းအရာထူးသောအားဖြင့်ရင်း,ဝေနေယျတို့၏အစွမ်းအားဖြင့်ရင်း နှစ်ပါးခွဲ၍ဟောပါသည်။ ။ အဋ္ဌသာလိနီ။

\+ \+ \+

**၆၆၄-မေး** **ဗလရုပ်** ဟူသည် ရုပ် ၂၈ ပါးမှ အသီးအခြားပါလော။

**ဖြေ**-အသီးအခြားမဟုတ်ပါ၊ ဝါယောဓါတ်ပင်ဖြစ်ပါသည်။ ။အဋ္ဌသာလိနီ။

\+ \+ \+

၆၆၅-မေး သုက်ရည်ဟု ခေါ်သော သမ္ဘဝရုပ် ဟူသည် အဘယ်ရုပ်ပါနည်း။

ဖြေ-အာပေါဓာတ်သည်ပင်သမ္ဘဝရုပ်မည်ပါသည်၊ အာပေါဓာတုဟိသမ္ဘဝံ ဥပ်။ ။အဋ္ဌသာလိနီ။

\+ \+ \+

၆၆၆-မေး ဘုရား,ရဟန္တာ,ပြဟ္မာတို့အား သုက်ရည်ဟုခေါ်သော သမ္ဘဝ ရုပ် ရှိပါသလော။

ဖြေ-မရှိပါ။ ။ခီဏာသဝါနံ ပန ဗြဟ္မာနဉ္စသမ္ဘဝေါ နဇ္ဇ်ိ။ ။မဟာဋီကာ။

\+ \+ \+

၆၆၇-မေး ဓာဂရုပ် ဟူသည် အဘယ်ရုပ်ပါနည်း။

ဖြေ-ဇီဝိတ, အနိဋ္ဌ တာ ပင် ဖြစ် ပါ သည်။ ။ အဋ္ဌသာလိနီ။

\+ \+ \+

၆၆၈-မေး လူတို့၏ကိုယ်၌ချက်မှ အောက်ကို ဟေဋ္ဌိမကာယ, ချက်မှ အထက် လည်မျိုအထိ မဇ္ဈိမကာယ, လည်မျိုမှ အထက် ဥပရိမကာယဟု ကာယသုံးပိုင်းရှိရာ အဘယ် ကာယ၌ရုပ်ပေါင်းမည်မျှရှိရပါသနည်း။

ဖြေ-ဟေဋ္ဌိမ ကာယ၌ ကာယ, ဘာဝ ဒသက ၂ စည်း,စိတ္တ,ဥတု,အာဟာရဇဖြစ်သော အဋ္ဌကလာပ် ၃ စည်းပေါင်းကလာပ် ၅ စည်း၊ ရုပ်ပေါင်း ၄၄ ရှိပါသည်၊

**မဇ္ဈိမကာယ၌** ကာယ, ဘာဝ, ဝတ္ထုဒသက သုံးစည်း စိတ္တဇ, ဥတုဇ, အာဟာရဇ ဖြစ်သော အဋ္ဌကလာပ် သုံးစည်းပေါင်းကလာပ်ခြောက်စည်း၊ ရုပ်ပေါင်း ၅၄ ပါး ရပါသည်။

**ဥပရိမကာယ၌** စက်,သော, ဃာ, ဇိ, ကာယ, ဘာဝ ဒသကခြောက်စည်း၊ စိတ္တဇ,ဥတုဇ, အာဟာရဇ ဖြစ် သောအဋ္ဌကလာပ် သုံးစည်းပေါင်း ကလာပ်ကိုးစည်း၊ ရုပ်ပေါင်း ၈၄ ပါး ရပါသည်။ ။အဋ္ဌသာလိနီ။

\+ + +

**၆၆၉-မေး** သဏ္ဌဋ္ဌပနေတံ ရုပ်၌ စသဒ္ဒါဖြင့် အဘယ် အဓိပ္ပါယ်ကို ပြပါသနည်း။

**ဖြေ**–အလုံးစုံသောရုပ်သါ အပေါတုကစသည် မည် သည်မဟုတ်၊ အစိတ်စိတ်သော်ရုပ်သည်လည်းအပေါတု က စသည်မည်သည်ဟူသောအဓိပ္ပါယ်ကိုပြပါသည်။

\+ + +

**၆၇၀-မေး** သပ္ပဋ္ဌယ၌ သ,သဒ္ဒါကားဝိဇ္ဇာမာန,တုလျ ယောဂ အနက်ဘို့တွင်အဘယ်အနက်ကို ဟောပါသနည်း။

**ဖြေ**-သ,သဒ္ဒါကားဝိဇ္ဇါမါန အနက်ကိုဟောပါသည်

\+ + +

**၆၇၁-မေး** တုလျယောဂအနက်ဟောကြပါက သင့် မသင့် ထောက်ချင့်၍ဖြေပါ။

ဖြေ-တုလျှယောဂ အနက်ဟောကြံ့ပါက စိတ္တဇရုပ်သာ စိတ်နှင့်အတူတကွ ဖြစ်သောကြောင့် သမ္ပယုတ္တဟူ၍ ဆိုသင့်သည်၊ ကမ္မဇရုပ်စသည်တို့ကား ဆိုစသော ဥပမာ၏ အကြောင်း တရား တို့နှင့် တကွ မဖြစ်ကြသောကြောင့် သမ္ပယုတ္တမမည်ဟူသော အဓိပ္ပါယ်သို့ သက်ရောက်ပါသဖြင့် မသင့်ပါ။ ။မကိုမဋ္ဌု။

\+ \+ \+

၆၇၂ မေး။ ရူပံဘိက္ခဝေ န တုမှာက်ံ တံပဇဟထ စသည်ဖြင့် ဟောတော်မူသောကြောင့် ရုပ်ကို ပယ် ကောင်းသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အပ္ပဟာတဗ္ဗမေဝ ဟု ဆိုပါသနည်း၊

ဖြေ-ရူပံဘိက္ခဝေ - စသည်ဖြင့် ဟောတော်မူသော ဒေသနာမှာ မုချဒေသနာမဟုတ်ပါ ရုပ်၌ တပ်မက်သော ဆန္ဒရာဂကို ပယ်ခြင်းကိုသာရည်၍ ကာရဏူပစာရအားဖြင့် ဟောတော်မူအပ်သော ဒေသနာ ဖြစ်ပါသဖြင့် ရုပ်သည် ပယ်အပ်သော တရား မဟုတ်သောကြောင့် အပ္ပဟာတဗ္ဗမေဝဟူသောစကားကိုဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၆၇၃ မေး။ အပ္ပဟာတဗ္ဗမေဝါတိ၌ ဧဝ သဒ္ဒါသည် အဘယ်အနက်ရှိပါသနည်း၊ ယင်းဧဝသဒ္ဒါဖြင့် အဘယ် ကိုဖြပါသနည်း၊

**ဖြေ**–ဇာတိသဒ္ဒါသည် ပကာရ အနက် ရှိပါသည်၊ ယင်းဇာတိသဒ္ဒါဖြင့်အဗျာကတ,သံသေဇနိယ,ဂန္ထနိယ စသောအလုံးစုံသော **ကေဝိဓနည်း**ကိုသင်္ဂြိုဟ်ရေတွက်သောအာဒိပ္ပါယ်ကိုပြပါသည်။

\+ \+ \+

၆၇၄-**မေး** အဘယ့်ကြောင့် အဇ္ဈတ္တိကရုပ် မည်ပါသနည်း။

**ဖြေ**–အတ္တာနံ အဓိကိစ္စပဝတ္တာတိ အဇ္ဈတ္တံ၊ အဇ္ဈတ္တမေဝ အဇ္ဈတ္တိကံ။ ဟူသောဝစနတ္ထနှင့်အညီအတ္တဘော တည်းဟူသော ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်သောကြောင့် အဇ္ဈတ္တိကရုပ် မည်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၆၇၅-**မေး** အခြားသော ဟဒယဝတ္ထုစသောရုပ်တို့ သည်လည်း အတ္တဘော တည်းဟူသော ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်သောကြောင့်အဇ္ဈတ္တိကရုပ်မည်ကောင်းသည်မဟုတ်ပါလော အသို့နည်း။

**ဖြေ**–အဇ္ဈတ္တိကဟူသော အမည်သည်စက္ခုပသာဒ စသောရုပ်ငါးခု၌သာထင်သောကြောင့် အထင်ရူဠှီအားဖြင့်ယင်းရုပ်ငါးခုသာအဇ္ဈတ္တိကမည်ပါသည်။

**တနည်း**–ယင်းရုပ်ငါးခုသာ အတ္တဘောအားအလွန် အထူး ကျေးဇူး များသောကြောင့် အဇ္ဈတ္တိကဟူသော အမည်ရပါသည်။ ။ဋီကာကျော်။

၆၇၆·မေး ရူပြိုသရုပ် ရှစ်ခုအရွိတွင် အဘယ်ရူပြို သည်အဘယ်တရားကိုအပိုးရပါသနည်း၊

ဖြေ=ပသာဒ်ပြိုငါးပါးသည်ပဉ္စဝိညာဏ်ငါးပါးကို အစဉ်အတိုင်းအပိုးရပါသည်၊ ဘာဝရုပ်နှစ်ပါးသည်လိင်္ဂ နိမိတ္တ,ကုတ္တ အာကပ္ပ လေးပါးကို အပိုးရပါသည်၊ ဇီဝိ တိန္ဒြေသည်ကလာပ်တူကမ္မဇရုပ်တို့ကို အပိုးရပါသည်။

\+ + +

၆၇၇·မေး ဘာဝရုပ်နှစ်ပါးသည် လိင်္ဂစသည့်ဘို့ကို ရူပြိုယပစ္စည်းတပ်သောအားဖြင့် အပိုးရ ပါသလော၊

ဖြေ-ရူပြိုယပစ္စည်းတပ်သောအားဖြင့် အပိုးမရပါ။

\+ + +

၆၇၈·မေး ရူပြိုဖြစ်လျက် အဘယ့်ကြောင့် ရူပြိုယ ပစ္စည်း မတပ်ပါသနည်း၊

ဖြေ-ပဋိသန္ဓေကာ၌သိင်္ဂ,နိမိတ္တ, ကုတ္တ, အာကပ္ပတို့ ထင်ရှားမရှိကြသောကြောင့်ရူပြိုယပစ္စည်းမတပ်နိုင်ပါ။

ပဋိသန္ဓေကာ၌ရှိလိင်္ဂါဒိန်အဘာဝတော၊ ။မဏိမဥ္ဇူ။

\+ + +

၆၇၉·မေး အာရုံကို ယူတတ်သောကြောင့် ဂေါစ ရဂ္ဂါဟိကရုပ်မည်၏ ဆိုသော် အနာဂရုပ္ပ ကောဟု ဆိုသောစကားနှင့် ဆန့်ကျင်နေ သည်မဟုတ်ပါသလော၊ ညှိနှိုင်း၍ပြပါ။

ဖြေ-သဗ္ဗညုတဉာဏ်ဟူသောရှေးစကား မှာမုချနိဂ္ဂဟနည်းအားဖြင့် ဆိုသောစကားဖြစ်ပါသည်။

ပဉ္စဝိညာဉ်ဂေါစရဂ္ဂါဟိကရူပံဟူသောနောက်စကား မှာ ဥာနိဖြစ်သော ပဉ္စဝိညာဉ်တို့၏ အာရုံကိုယူခြင်းကို ပင် ဥာနဖြစ်သောပသာဒ ရုပ်၌ တင်စား၍ ဥာနူ၂ပစာ နေယျတ္ထနည်းအားဖြင့်ဆိုသောစကားဖြစ်သောကြောင့် ရှေ့နောက် စကားနှစ်ရပ် မဆန့်ကျင်ပါ။

\+ + +

၆၈၀-မေး: ပဋိသန္ဓေစိတ်, ရုတိစိတ် တို့သည် ရုပ်ကို မဖြစ်စေနိုင် ဘဲလျက် အဘယ့်ကြောင့် ယင်းစိတ်တို့ကို မကြည်ပါသနည်း။

ဖြေ=တခုယုတ် နှစ်ဆယ်သော ဘဝင် စိတ်တို့၏ အတွင်း၌ ဝင်သဖြင့် စိတ် အသီး အခြား မရှိသော ကြောင့် မကြည်ပါ။ ။ဋီကာကျော်။

\+ + +

၆၈၁-မေး: ဒွေပဉ္စဝိညာဉ်တဆယ်တို့သည်အဘယ့် ကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါသနည်း။

ဖြေ- ရုပ်ကိုဖြစ်စေခြင်း၌ ထူးသော အကြောင်းဖြစ် ကုန်သော ဈာန်အင်္ဂါတို့နှင့် မယှဉ်သဖြင့် စိတ်အင်္ဂါအား နည်းသောကြောင့်မဖြစ်စေနိုင်ပါ။ ။သမ္မောဟဝိနောဒနီအဋ္ဌကထာ။

\+ + +

၆၈၂-မေး: ပဋိသန္ဓေ စိတ်သည် အဘယ့်ကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါသနည်း။

ဖြေ မိုရာဟဒယာ ဏှုရုပ်၏ အားနည်းသည့်၏ အဖြစ်ကြောင့်ရင်း,တည်တည်တံ့တံ့မရှိသေးသည့်၏ အဖြစ်ကြောင့်ရင်း, အကြောင်းချို့တဲ့သောကြောင့်ရင်း, သို့သည့် အာဂန္တုကဖြစ်သောကြောင့်ရင်း ရုပ်ကို မဖြစ်စေနိုင်ပါ။ ။သမ္မော အဋ္ဌကထာ။

\+ \+ \+

၆၇၃-မေး ရဟန္တာတို့၏ စုတိ စိတ်သည် အဘယ့်ကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါသနည်း။

ဖြေ-ဝဋ်မြစ်ပြတ်ပြီးသော ရဟန္တာတို့၏ သန္တာန်၌ဖြစ်သောကြောင့် မဖြစ်စေနိုင်ပါ။ ။ဋီကာကျော်။

\+ \+ \+

၆၇၄-မေး ပုထုဇဉ် တို့၏ စုတိစိတ်သည် ရုပ်ကိုဖြစ်စေနိုင်ပါသလော။

ဖြေ-အဋ္ဌကထာ ဆရာ အလိုအားဖြင့် ဖြစ်စေနိုင်ပါသည်၊ မူလဋီကာဆရာတော်၏အလိုအားဖြင့် မဖြစ်စေနိုင်ပါ။

အာနန္ဒာစရိယာဒယောပန သဗ္ဗေသမ္ပိ စုတိစိတ္တံ ရူပံ နသမုဋ္ဌာပေတီတိ ဝဒန္တိ၊ ။ဋီကာကျော်။

\+ \+ \+

၆၇၅-မေး စိတ်သည် ဥပါဒ်,ဌီ,ဘင်အားဖြင့် သုံးပါးတို့တွင် အဘယ်ခဏ၌သာ ရုပ်ကိုဖြစ်စေနိုင်ပါသနည်း။

ဖြေ--စိတ်သည်ဌီခဏ,ဘင်ခဏတို့၌အားနည်းသော ကြောင့်ရုပ်ကိုမဖြစ်စေနိုင်ပါ၊ဥပါဒ်ခဏ၌သာ အားကြီး သောကြောင့်ရုပ်ကိုဖြစ်စေနိုင်ပါသည်။

စိတ္တံ ဌာနက္ခဏေဘင်္ဂက္ခဏေ စဒုဗ္ဗလံ ဥပ္ပါဒက္ခဏေယေဝ ဗလဝန္တံ၊ ဥပ္ပါဒက္ခဏေယေဝ ရူပံ သမုဋ္ဌာပေတိ။ ။သမ္မော အဋ္ဌကထာ။

\+ \+ \+

၆၈၆ မေး အပ္ပနာဇော ဆင့်ပိသသည့် ဣရိယာပုထ်ကို ခိုင်စေ၏ဆိုရာ အပ္ပနာဇောကို မရသောပုဂ္ဂိုလ်တို့အား အဘယ်စိတ်က ဣရိယာပုထ်ကိုခိုင်စေမည်နည်း။

ဖြေ-ဝိညတ္တိဒွိဟာသနမ္ပိ၌ပိသဒ္ဒါတို့သည် **ဟေဋ္ဌာပေက္ခ သမုစ္စယ**အနက်ရှိသောကြောင့် အပ္ပနာဇောကိုမရသော်လည်းရရှိသောဝုဋ္ဌော,ကာမဇော,အဘိညာဏ်ဇောတို့က ဣရိယာပုထ်ကိုခိုင်စေပါသည်။

\+ \+ \+

၆၈၇-မေး ပဉ္စဒွါရ၌ ဖြစ်သော စိတ်တို့သည်ဝိညတ်, ရယ်ရွှင်ခြင်းကိုဖြစ်စေနိုင်ပါမည်လော။

ဖြေ=မဖြစ်စေနိုင်ပါ၊ မနောဒွါရ၌ ဖြစ်သော စိတ်တို့ သာဖြစ်စေနိုင်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၆၈၈-မေး ရုပ်ကိုသာ ဖြစ်စေနိုင်၍ ဣရိယာပုထ်, ဝိညတ်, ရယ်ရွှင်ခြင်းကို မဖြစ်စေနိုင်သောစိတ်မည်မျှရှိပါသနည်း။

ဖြေ–ပဋ္ဌဗ္ဗါရာဝဏ္ဏနီး,သမ္ဘိဒ္ဓိကျင်းဒွေး,သင်္ဂြိရဟာ သုံးခု,မဟာဋီကပါက်ရှစ်ခု, ရူပဋီကပါက် ငါးခုအားဖြင့် ပေါင်း ၁၉ ပါးရှိပါသည်။

\+ + +

၆၇၉-မေး: တေဇောဓါတုဗ္ဗိတိုပ္ဘတ္ထာဝဟု အဘယ့်ကြောင့် ဆိုသနည်း၊ ဥတုသည် ကံကဲ့သို့ပင် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ရုပ်ကို ဖြစ်စေနိုင်သည်မဟုတ်ပါလော၊

ဖြေ–မဖြစ်စေနိုင်ပါ၊ ရုပ်တို့၏ သဘောသည် ဥပါဒ်ခဏ,ဘင်ခဏတို့၌ အားနည်းသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါ၊ ပဋိသန္ဓေစိတ်၏ ဌီခဏ၌သာလျှင် မိမိလည်း ဌီသို့ရောက်သည်ဖြစ်၍ပစ္စာဇာတစသောပစ္စည်းကိုရသဖြင့်အားရှိသောကြောင့်ဌီခဏ၌သာရုပ်ကိုဖြစ်စေနိုင်ပါသည်၊ ထို့ကြောင့် တေဇောဓါတုဗ္ဗိတိုပ္ဘတ္ထာစသောစကားကိုဆိုပါသည်။ ။ဋီကာကျော်။

\+ + +

၆၈၀-မေး: ပဋိသန္ဓေစိတ်၏ ဌီသို့ ရောက်ပြီးသော်လည်း ပဌမ ဘဝင် မဖြစ်သေးသောကြောင့် ပစ္ဆာဇာတပစ္စည်းကို မရသေးသည်မဟုတ်ပါလော၊

ဖြေ ပဌမဘဝင် မချုပ်ဖြစ်လသော်. ဖြစ်သောကြောင့် ပစ္ဆာဇာတပစ္စည်းကိုရပါပြီ၊

\+ + +

**၆၉၁-မေး** လက္ခဏာရုပ် လေးခုတို့သည် တပုံတခု သော အကြောင်းကြောင့် မဖြစ်ခဲ့သော် ယုန်ချိုကဲ့သို့ **အဘာဝ**, နိဗ္ဗာန်ကဲ့သို့ **နိစ္စ** ဟုမှတ်ရမည်လော၊ရှင်းလင်းပါ။

**မြေ**-ဇာတိ,ဇရာ,မရဏာတို့သည်ဖြစ်ဆဲ,ပျက်ဆဲ,ရင့် ဆဲသော ပထဝီစသော မိုရာရုပ်တို့ ထင်ရှားဖြစ်လတ် သော် ထင်ရှားသောကြောင့် ယုန်ချိုကဲ့သို့ အဘာဝဟုမ မှတ်သင့်ပါ၊ပထဝီစသောမိုရာရုပ်တို့ထင်ရှားမဖြစ်သော် မထင်ရှားသောကြောင့် နိစ္စဟူ၍လည်းမမှတ်သင့်ပါ၊

နိဿယပဋိဗဒ္ဓဝုတ္တိတော သသဝိသာဏံဝိယ န နတ္ထိ ဝါ, နိဗ္ဗာနံဝိယ နနိစ္စံ ဝါ။ ။အဋ္ဌသာလိနီ၊

\+ \+ \+

**၆၉၂ မေး** တဝမ်းတူ ရုံညီပေါက်လို့ တကျိုပ် ကိုး ယောက် အမျိုးစင်, နဒီတွင် ရေကစား သွားတဲ့ဖြစ်အင် တယောက်ပင် ရေတွင် သေခဲ့။ ။အိမ်ပြန်လျှင် နှစ်ကျိပ်ဖွား၊ စဘားကျယ်မချဲ၊ ။ကျမ်းထွက်သတဲ့။

**မြေ**-ဉာဏ်အညွှန့် ကြံကွန့်လို့၊ဖန်ဝံ့တဲ့ရွေနှုတ်ရည်၊ တကျိပ်ကိုး ရေချိုးစမွယ်ခတယ်လို့ ဌာရသော ကမ္မဇ ငယ်နှင့် ဇာတ္တိဆိုသဘာဝကို သွင်းယူရမည်။ ။အိမ်အ ပြန်မှန်ဝိသငယ်လို့ ဥန်းချိုမြပန်းအဆိ ရွေချည်တဲ့ ပုံအ နှုန်း။ ။ဇာတိမှု မိကျောင်းယူပါလို့ ဇရတာ, နိစ္စ ခဲ့နှ ယင်လ အိမ်ပြန်လျှင်မှန်ဝိသကို ဘောကသိအုံး။

၆၉၃-မေး (က) ကမ္မဇရုပ်၊ (ခ) ကမ္မ ပစ္စယရုပ်၊ (ဂ) ကမ္မပစ္စယဥတုသမုဋ္ဌာနရုပ်သုံးမျိုးကို ခွဲ၍ပြပါ။

ဖြေ—(က) ကမ္မဇကောန်ကိုးခုသည် **ကမ္မဇရုပ်**မည်၏။ (ခ)ဆံပင်,မုတ်ဆိတ်,ကြင်စွယ် စသည်တို့သည် ကံလျှင် အကြောင်းရင်း ရှိသောကြောင့် **ကမ္မပစ္စယရုပ်** မည်ပါသည် (ဂ) စကြာရတနာ,နတ်ဗိမာန်,လူတို့၏ ပုတီး,နားဒေါင်း,လက်ကောက်စသည်တို့သည် ကံလျှင်အကြောင်းရင်းရှိသောဥတုကြောင့်ဖြစ်သောကြောင့်**ကမ္မပစ္စယဥတုသမုဋ္ဌာနရုပ်** မည်ပါသည်။ ။အဋ္ဌသာလိနီ။

\+ + +

၆၉၄-မေး (က) စိတ္တဇရုပ်,စိတ္တသမုဋ္ဌာနရုပ်၊ (ခ) စိတ္တပစ္စယရုပ် (ဂ)စိတ္တပစ္စယဥတုသမုဋ္ဌာနရုပ်တို့ကိုပြပါ။

ဖြေ—(က) စိတ်ကြောင့်ဖြစ်သော အဋ္ဌကလာပ် ရုပ်ရှစ်ခုသည် **စိတ္တဇရုပ်**, **စိတ္တသမုဋ္ဌာနရုပ်** မည်ပါသည်၊ (ခ)ပစ္ဆာဇာတပစ္စည်းအထောက်အပံ့ကိုရသောပုရေဇာတကာယရုပ်သည် **စိတ္တပစ္စယရုပ်** မည်ပါသည်၊ (ဂ) ဝိဇ္ဇာဓိုရ်စသောပုဂ္ဂိုလ်တို့ဖန်ဆင်း၍ပြအပ်သောကောင်းကင်၌ဆင်ရုပ်,မြင်းရုပ်စသည်တို့သည် စိတ်လျှင်အထောက်အပံ့ရှိသောဥတုကြောင့်ဖြစ်သောကြောင့်**စိတ္တပစ္စယဥတု သမုဋ္ဌာနရုပ်** မည်ပါသည်၊ ။အဋ္ဌသာလိနီ၊

\+ + +

**၆၉၅-မေး** (က) ဥတုဇရုပ်, ဥတု သမုဋ္ဌာန ရုပ်၊ (ခ) ဥတုပစ္စယ ရုပ်၊ (ဂ) ဥတုပစ္စယ ဥတုသမုဋ္ဌာနရုပ်သုံးမျိုးကိုခွဲ၍ပြပါ။

**ဖြေ**-(က) ဥတုကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ် ရှစ်ခုသည် **ဥတုဇရုပ်, ဥတုသမုဋ္ဌာနရုပ်** မည်ပါသည်၊ (ခ) ဥတုဇရုပ်ကလာပ်ရှစ်ခု၌ရှိသောဥတုသည် တပါးသော အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေပြန်၏။ ဤတပါးသော အဋ္ဌကလာပ်ရုပ်သည် **ဥတုပစ္စယရုပ်** မည်ပါသည်။ (ဂ) ဥတုပစ္စယအဋ္ဌကလာပ်၌ရှိသောဥတုသည်တပါးသေါအဋ္ဌကလာပ်ကိုဖြစ်စေပြန်၏၊ယင်းတပါးသေါအဋ္ဌကလာပ်ရုပ်သည်**ဥတုပစ္စယဥတုသမုဋ္ဌာနရုပ်**မည်ပါသည်

**မှတ်ချက်**=ဥတုသည် သုံးပါး, သုံးထပ်သာလျှင် ရုပ်အစဉ်ကိုဖြစ်စေနိုင်သည်၊ထိုထက်အလွန်မဖြစ်စေနိုင်။

ဧဝံ တိသောယေဝ သန္တတိယော ဃနဋ္ဌိတုံ သင်္ကောတိ၊ နတတောပရံ၊ ။အဋ္ဌသာလိနီ။

**တနည်း**=အနုပါဒိန္နကဌ် ပြဒိုးအုံ၊ တိမ်တိုက်,တိမ်ပြာ စသည်တို့သည်**ဥတုသမုဋ္ဌာနရုပ်**မည်၏၊မိုးရေအယဉ်သည်**ဥတုပစ္စယရုပ်**မည်၏၊မိုးရွာသောအခါမျိုးစေ့တို့သည်ပေါက်ကုန်၏၊မြေသည် အနံ့ကိုလွှတ်၏၊သမုဒ္ဒရာသည်ပွါး၏၊ဤသို့သောအသီးအပွင့်,အနံ့စသောရုပ်တို့သည်**ဥတုပစ္စယ ဥတုသမုဋ္ဌာနရုပ်**မည်၏။ ။အဋ္ဌသာလိနီ။

\+ \+ \+

၆၉၆-မေး (က)အာဟာရဇရုပ်,အာဟာရသမုဋ္ဌာန ရုပ်၊(ခ)အာဟာရပစ္စယရုပ် (ဂ)အာဟာရ ပစ္စယဥတုသမုဋ္ဌာနရုပ်တို့ကိုပြပါ၊

ဖြေ—(က) အာဟာရကြောင့်ဖြစ်သောအဋ္ဌကလာပ် ရုပ်ရှစ်ခုသည် အာဟာရဇရုပ်, အာဟာရသမုဋ္ဌာနရုပ် မည်ပါသည်၊

(ခ) အာဟာရသည်ထောက်ပံ့ စောင့်ရှောက်အပ် သောကမ္မဇရုပ်သည်**အာဟာရပစ္စယရုပ်**မည်၏၊

(ဂ) မသင့်မတင့်သောအာဟာရကိုစားမိ၍ပေါက် ရောက်သော ပွေး,ညှင်း,သမင်ဖြူ,သမင်နက်,စသော အနာသည် အာဟာရလျှင်အကြောင်းရင်းရှိသောဥတု ကြောင့်ဖြစ်သောကြောင့်**အာဟာရပစ္စယဥတုသမုဋ္ဌာနရုပ်** မည်၏၊ ၊အဋ္ဌသာလိနီ၊

\+ \+ \+

၆၉၇-မေး ကလာပ်အင်္ဂါ လေးပါးတို့တွင် ဇာတိ ရောခသဥ္စါဖြင့် အဘယ်ကို နှစ်စေပါသ နည်း၊

ဖြေ—နာမ်တရားတို့ကားချင်းနှင့်တကွဒုက္ခါဒကား ဖြစ်၍ ဇာတိရောခမဖြစ်သောကြောင့် နာမ်တရားတို့ကို နှစ်စေပါသည်၊

\+ \+ \+

၆၉၇-မေး ဧကနိဿယ သဒ္ဒါဖြင့် အဘယ်ကိုနစ်စေပါသနည်း။

ဖြေ–ကမ္မဇရုပ်,စိတ္တဇရုပ် စသည်တို့သည် အတူတကွပင် ဖြစ်သော်လည်းမိမိတို့ကို ဖြစ်စေတတ်သော အကြောင်း,မှီရာသည်ကံ,စိတ်စသောအားဖြင့် ပြားသောကြောင့်တကလာပ်တည်း စည်းခြင်းငှါမထိုက်သဖြင့် မှီရာအကြောင်းမတူသောရုပ်ဘို့ကိုနစ်စေပါသည်။

\+ + +

၆၉၉-မေး ဧကုပ္ပါဒနှင့် သဟဝုတ္တိ၏ ထူးခြားပုံကိုဖော်ပြပါ။

ဖြေ=ကလာပ် တစည်း နှင့် တစည်း အတူတကွဖြစ်ခြင်းသည် ဧကုပ္ပါဒ ကလာပ်တစည်းတည်း၌ အတူတကွဖြစ်ကြသည်ကား သဟဝုတ္တိ။

\+ + +

၇၀၀-မေး ဇဏ္ဏတ္တသန္တာန်၌ ကလာပ်ပေါင်းမည်မျှရပါသနည်း။

ဖြေ–နှစ်ဆယ့်တစည်းလုံးအကုန်ရပါသည်။

\+ + +

၇၀၁-မေး ဗဟိဒ္ဓသန္တာန်၌ ကလာပ်ပေါင်း မည်မျှရပါသနည်း။

ဖြေ–သုဒ္ဓဋ္ဌက ကလာပ်, သဒ္ဒနဝက ကလာပ်၊ ယင်းဥတုဇကလာပ်နှစ်စည်းကိုသာရပါသည်။

\+ + +

၇၀၂.မေး။ ဝိညတ်နှစ်ပါးသည် စိတ္တဇနဝကတို့တွင် ဝင်၍ ကလာပ်ဖွဲ့ရုပ်တို့နှင့် ကောင်းစွာမဖွဲ့သော်လည်း ပရိစ္ဆေဒရုပ်ကဲ့သို့ ရုပ်တို့နှင့် တပ်ပိုင်ဆိုင်မှုမရှိသော ကလာပ်ဖွဲ့ရုပ်တို့နှင့် ကောင်းစွာဖွဲ့ဆိုင်နိုင်လောက်အောင်ရော အဘယ့်ကြောင့် အတွဲတကွ ကလာပ် စည်းနိုင်ပါသနည်း။

ဖြေ—အာကာသ ဝိသေသဟု ဆိုအပ်သော သတ္တိအထူးကိုအသီးအခြားသရုပ်အားဖြင့်ရအပ်သောကြောင့် စည်းနိုင်ပါသည်၊

ကေနိ့ရာမအင်္ဂေ အဝိဇ္ဇမာနေပိအာကာသရုပ်သဲ့သသန် ါတဿ သတ္တိဝိဒ္ဓသသဿဝိသုံ သရူပသမ္ဘဝတောကလာပေ အန္တရောဂတံ၊ ။ ပရမ ၁၄၉°၊

တနည်း—ကလာပ်တို့၏ အထူး အပြားကို ပြုတတ်သောကြောင့် စည်းခြင်းငှါထိုက်ပါသည်၊

ဝိညတ္တိဒွယဿ ကလာပဘေဒကရတ္တာ၊ ။ပရမတ္ထဒီပနီ၊

\+ \+ \+

၇၀၃ မေး။ ကာမဘုံ၌သံသေဒဇ, ဩပပါတိကသတ္တဝါများ ပဋိသန္ဓေနေခါ ကလာပ်ခုနစ် စည်းရ၏ဆိုသော် အခါခပ်သိမ်း မုချလက် တိုင်း ရပါသလော၊

ဖြေ—ခုနစ်စည်းရ၏ ဆိုသောစကားမှာ သုဂတိဥပပါတ် ကိုရည်၍ အများဆုံးအားဖြင့် ဆိုခြင်းဖြစ်ပါသည်၊ အခါခပ်သိမ်းမုချလက်တိုင်းမရပါ၊

**၇၀၄-မေး** အခါခပ်သိမ်းပုဂ္ဂိုလ်ဘိုင်းခုနစ်စည်းမရသော်အဘယ်သို့ရပါသနည်း၊ချို့ကောင်း မချို့ကောင်းသော ရုပ်ကလာပ် တို့ကို ခွဲဝေ၍ပြပါ။

ဖြေ-ကာမဘုံ၌သုဂတိ,ဒုဂ္ဂတိ,သံသေဒဇ ပုဂ္ဂိုလ်တို့အား စက္ခု,သောတ,ဃာန,ဘာဝချို့ကောင်းပါသဖြင့် အယုတ်ဆုံးအားဖြင့်ဇိဝှါ,ကာယ,ဝတ္ထုဒသကသုံးစည်းသာရနိုင်ပါသည်၊ယင်းသုံးစည်းကားမချို့ကောင်းပါ။

ဒုဂ္ဂတိဥပပါတ်တို့မှာစက္ခု,သောတ,ဘာဝသုံးစည်းချို့ကောင်းပါသည်၊ကြွင်းလေးစည်း မချို့ကောင်းပါ။

သုဂတိဥပပါတ်တို့မှာကမ္ဘာဦး၌ဖြစ်သော ဥပပါတ်သာ ဘာဝချို့ကောင်းပါသည် ကြွင်းသောသုဂတိ ဥပပါတ်တို့မှာခုနစ်စည်းလုံးမချို့ကောင်းပါ။

\+ \+ \+

**၇၀၅-မေး** ကာမ ဘုံ၌ ဥပပါတ်တို့မှာ ဃာန ချို့ကောင်းပါမည်လော။

ဖြေ=အဃာနကော ဩပပါတိကော နာမ နတ္ထိ-ဟု ယမိုက်အဋ္ဌကထာဆိုသောကြောင့်မချို့ကောင်းပါ။

\+ \+ \+

**၇၀၆-မေး** အဘယ်ပုဂ္ဂိုလ်တို့သည် အဘယ်ယောနိဖြင့်ပဋိသန္ဓေနေပါသနည်း၊အသီးအသီး ဝေဘန်၍ပြပါ။

ဖြေ–ဘုမ္မပိုးနတ်မှတပါးသောနတ်,ဗြဟ္မာ,နိဗ္ဗာန မတော်ကပြဿာ,ငရဲ၌ဖြစ်သောသတ္တဝါတို့သည်ဥပပါတ်ယောနိဖြင့်သာ ပဋိသန္ဓေနေပါသည်၊ ဘုမ္မပိုးနတ်, လူ, တိရစ္ဆာန်,နိဗ္ဗာနမတော်ကပြဿာမှကြွင်းသောပြဿာတို့မှာ ယောနိလေးပါးလုံးဖြင့် ပဋိသန္ဓေ နေပါသည်။ ။ မဏိမဉ္ဇူ၊

\+ \+ \+

၇၀၇-မေး နိဗ္ဗာနမတော်ကပြဿာတို့မှာ အဘယ့်ကြောင့် ဂဗ္ဘသေယျက ပဋိသန္ဓေမနေနိုင်ပါသနည်း၊

ဖြေ–နိဗ္ဗာနမတော်ကပြဿာတို့မှာ ဒုက္ခဝေဒနာဖြင့်အမြဲနှိပ်စက်အပ်သည်ဖြစ်၍ ကာမဂုဏ် ခံစားခြင်းမရှိသောကြောင့် ဂဗ္ဘသေယျက ပဋိသန္ဓေ မနေနိုင်ပါ၊ ။ မဟာဋီကာ၊

\+ \+ \+

၇၀၈ မေး ဘုမ္မပိုးနတ်မှတပါးသောအထက်နတ်တို့မှာလူတို့ကဲ့သို့ ကာမဂုဏ်ခံစားခြင်းရှိပါလျက် အဘယ့်ကြောင့် ဂဗ္ဘသေယျက ပဋိသန္ဓေမနေနိုင်ပါသနည်း၊

ဖြေ–ကာမဂုဏ်ခံစားခြင်းရှိသော်လည်းသုက်ဓါတ်မှာ တည်ရာမှ ရွေ့လျောခြင်းမရှိ၊ အတွင်း၌သာငြိမ်းသွားပါသဖြင့်ဂဗ္ဘသေယျက ပဋိသန္ဓေမနေနိုင်ပါ၊ ။ ပါတ်မောက္ခပဒတ္ထအနုဝဏ္ဏနာ၊

\+ \+ \+

**၇၀၉-မေး** စတုဇရုပ်တို့၏ အစဥ်ဖြစ်ရာကာလကို အသီးအသီးပြပါ။

**ဖြေ**—ကမ္မဇရုပ်တို့သည်ပဋိသန္ဓေစိတ်၏ ဥပါဒ်ကစ၍ ဖြစ်ပါသည် စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင်ပဌမဘဝင်၏ ဥပါဒ်ကစ၍ဖြစ်ပါသည်၊ ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီ ကစ၍ ဖြစ်ပါသည်၊ အာဟာရဇရုပ်တို့သည်ဂဗ္ဘသေယျကသတ္တဝါတို့အားနှစ်သတ္တာဟလောက်အရောက်တွင် အမိမျိုသဖြင့်ဩဇာပျံ့နှံ့သော ကာလကစ၍ဖြစ်ပါသည်၊ သံသေဒဇ, ဥပပါတ်တို့အား မိမိ တံထွေးကိုင်၊, အာဟာရကိုင်၊ မျိုသော ကာလမှ စ၍ ဖြစ်ပါသည်။

\+ \+ \+

**၇၁၀-မေး** ကမ္မဇရုပ်တို့သည်စုတိမှ ပြန်၍ရေသော် တဆယ့်ခုနစ်ချက် မြောက်သော စိတ်၏ ဌီကာလမှစ၍အဘယ့်ကြောင့်မဖြစ်ပါသနည်း။

**ဖြေ**—ကမ္မဇရုပ် ချုပ်မှသာ သတ္တဝါတို့ သေသည် မည်ပါသည်၊အကယ်၍ယင်းစိတ်၏ဌီကာလကစ၍ အသစ်ဖြစ်သောကမ္မဇရုပ်ထပ်၍ဖြစ်ပါကစုတိစိတ်ချုပ်ပြီးမှသာကမ္မဇရုပ်ချုပ်ရပါလိမ့်မည်၊ထိုသို့ဖြစ်သော် စုတိစိတ်ချုပ်သော်လည်းကမ္မဇရုပ်ကြွင်းကျန်နေသဖြင့်သေခြင်း၏မဖြစ်သင့်သောကြောင့်ဌီကာလမှစ၍ မဖြစ်တော့ပါ။ ။တဒုပ္ပတ္တိယံမရဏာဘာဝတော။ ။ဋီကာကျော်။

၇၁၁-မေး။ အဘယ်တရားများ ချုပ်မှသာ သတ္တဝါ
များ သေသည် မည်ပါသနည်း။

ဖြေ—ဇီဝိတိန္ဒြေ, ကမ္မဇတေဇော, ဝိညာဏ်ယင်းတ
ရားများ ချုပ်မှသာ သေသည်မည်ပါသည်။

အာယု ဥသ္မာစ ဝိညာဏံ,ယဒါ ကာယံ ဇဟန္တိမံ၊
အပဝိဒ္ဓေါတဒါသေ့တိ, နိရတ္ထံ'ဝ ကလိင်္ဂရံ။ ။ဋီကာကျော်။

\+ \+ \+

၇၁၂-မေး။ တခုသောဘဝ၌ စတုဇ ရုပ်တို့၏ ချုပ်ရာ
ကာလကို အသီးသီးပြပါ။

ဖြေ—ကမ္မဇရုပ် တို့သည် စုတိစိတ်နှင့် ပြိုင်၍ ချုပ်ပါ
သည်။

စိတ္တဇရုပ်,အဟာရဇ ရုပ်တို့သည် စုတိစိတ်ချုပ်ပြီး
နောက်ခဏငယ်အနည်းငယ်ခန့်ကာလကြာမှချုပ်ပါသည်။

တနည်း- စုတိစိတ် ချုပ်ပြီးနောက် စိတ္တက္ခဏ တ
ဆယ့်ခြောက်ချက်ခန့်ကြာမှ ချုပ်ပါသည်။

ဥတုဇရုပ် ကား သေ၍ အကောင်ပုပ် ဖြစ်သည့်
တိုင်အောင် လိုက်၍ အရိုးမဆွေးမချင်းဖြစ်နိုင်ပါသည်။

အဋ္ဌကထာမူလဋီကာ စသည်တို့၌ ရုပ်ချုပ်စဉ်မှာမတူကြပါ၊

\+ \+ \+

၇၁၃-မေး။ ဆိုခဲ့ပြီးသော ရုပ် ချုပ်စဉ်မှာ ပဋိလော်
တိုင်း မှတ်ရမည်လော။

ဖြေ-မမှတ်ရပါ၊ သံသေဒဇ, ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့ကိုသာရည်၍ဆိုပါသည်၊ အထက်နတ်ပြဟ္မာနှင့်တကွ ဥပပါတ်တို့မှာကား သေသည့်နောက် အသေကောင် အထည်ဒြပ်ကြွင်းကျန်ခြင်းမရှိသောကြောင့်ရုပ်လေးပါးတို့သည်ရုတ်ခြည်းစိတ်နှင့်တပြိုင်နက်သာချုပ်ကြပါသည်။

ဩပပါတိကာနံ ပန သရီရနိက္ခေပါ ဘာဝပဋိတာ။ ၊မဏိမဉ္ဇူ။

\+ \+ \+

၇၁၄-မေး သဏ္ဌာဝါတို့၏သန္တာနန်၌စိတ္တက္ခဏ တဆဲ့ခုနစ်ချက်ခန့်ရှိလျှင်အဟောင်း,အဟောင်းဖြစ်သောရုပ်တို့မှာချုပ်၍အသစ်,အသစ်ဖြစ်သော ရုပ်တို့သာ တဖွါးဖွါးဖြစ်ပေါ်နေပါလျှက် ဤခန္ဓာ ကိုယ်ကြီးသည် အဘယ့်ကြောင့်တဖြည်းဖြည်း အိုမင်းရင့်ရော်၍လာရပါသနည်း။

ဖြေ-ကလလရေကြည်မှစ၍ ရှေးရှေးဖြစ်သော ရုပ်တို့၏ရင့်ရော်သောခဏ၌ဖြစ်ကုန်သော နောက်နောက်ဖြစ်သောရုပ်တို့သည် ရင့်ရော်ခြင်းသို့ရောက်ကုန်သော အကြောင်းရင်းရုပ်နှင့်တူစွါသာဖြစ်ရလေသောကြောင့် အလွန်ရင့်ရော်လေ ပြီးသော ရုပ်တို့၏ မှည့်ရွမ်းသော ကာလ၌ဖြစ်ကုန်သော နောက်နောက်သောရုပ်တို့သည် တဆင့်တဆင့် ရင့်ရော်သောအသွင်ဖြင့်သာဖြစ်ကုန်၏၊ ထိုကြောင့်ခန္ဓာကိုယ်ကြီးသည် တဖြည်းဖြည်း အိုမင်း၍လာရပါသည်။

ကလလ ကာလတော ပဘုတိ ပုရိမရူပါနံ ဇရာက္ကန္တတ္တာ ဥပ္ပဇ္ဇမာနာနိ ပစ္ဆိမ ရူပါနိ ပရိပက္ကရူပါနုရူပါနိ ပရိဏာတာပရိဏာတာနိ ဥပ္ပဇ္ဇန္တီတိ၊ အနုက္ကမေန သုပရိဏာတရူပပရိပါက ကာလေ ဥပ္ပဇ္ဇမာနာနိ ခဏ္ဍိစ္စာဒိ သဘာဝါနိ ဥပ္ပဇ္ဇန္တိ။

မူလဋီကာ။

\+ \+ \+

၇၁၅-မေး ကာမဘုံ၌ ဗီဇတနုဝက ကလာပ်ကိုရ,မရ ရလျှင် အဘယ်အခါ၌ ရပါသနည်း။

ဖြေ—ရပါသည် ပဝတ္တိအခါ၌ရပါသည်၊ ပဋိသန္ဓေ အခါ၌ မရပါ။

\+ \+ \+

၇၁၆-မေး အဘယ်ကြောင့် ပဝတ္တိအခါ၌သာ ရ၍ ပဋိသန္ဓေအခါ၌ မရပါသနည်း။

ဖြေ ဗီဇတနုဝက ကလာပ်သည် ကာမသတ္တဝါတို့အား အစသော်အခါ၌ ဖြစ်ပါသဖြင့် ပဋိသန္ဓေအခါ အစသော်အခါမရှိသေးသောကြောင့် မရပါ။

ကာမသတ္တာနံ ဗီဇတနုဝကံ ကလ္လဗ္ဘာနေ ဥပ္ပဇ္ဇတိ၊ ဥဒရိယ ကောသေ ဥပ္ပဇ္ဇတိ,ကာဒါ ဥပ္ပဇ္ဇတိ,ပဋိသန္ဓိကာလေ နုပ္ပဇ္ဇတိ။ ၊ ပရမတ္ထဒီပနီ။

\+ \+ \+

၇၁၇-မေး ကာမဘုံ၌ ပဋိသန္ဓေအခါ ဗီဇတနုဝက ကလာပ်ကို မရပါလျှင် ရုပဘုံ၌ အဘယ်ကြောင့်ရပါသနည်း။

ဖြေ=ဗြဟ္မာတို့အား ကာယဒသကကို မရသောကြောင့် ကာယဒသကအရာ၌ တည်သဖြင့် ဇီဝိတနဝကကလာပ်ကို ရပါသည်။

ဇီဝိတနဝကန္တိ ကာယာဘာဝတော ကာယဒသကဋ္ဌာနိယံ ဇီဝိတနဝကံ။ ။ဋီကာကျော်။

\+ \+ \+

၇၁၈·မေး ရူပဘုံ၌ အဇ္ဈတ္တိကာ ဟာရ ရှိပါလျက် အဘယ်ကြောင့် အာဟာရဇကလာပ်ပါနိုင်ပါလျက်ဟု ဆိုပါသနည်း။

ဖြေ=အဇ္ဈတ္တိကာဟာရ ရှိသော်လည်း ဗာဟိရဟာရ၏အထောက်အပံ့ကို မရသဖြင့် အဇ္ဈတ္တိကာဟာရသည် ရုပ်ကိုမဖြစ်စေနိုင်သောကြောင့် ဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၇၁၉-မေး ရူပဘုံ၌ ဘာဝရုပ်နှစ်ခုကိုအဘယ်ကြောင့် မရပါသနည်း။

ဖြေ—ဘာဝရုပ်မှာ လွန်စွာ အားကြီးသော ကာမရာဂကိုမှီ၍ ဖြစ်သဖြင့် ဗြဟ္မာတို့အား လွန်စွာ အားကြီးသော ကာမရာဂမရှိသောကြောင့်မရပါ။ ။ဋီကာကျော်

\+ \+ \+

၇၂၀·မေး ဂန္ထသေယျက သတ္တဝါတို့အားပဋိသန္ဓေအခါကလာပ်သုံးစည်းရခြင်းဖြစ်ပါလျက် ဆင်စသော သတ္တဝါတို့မှာ ကြီး၍ ပရွက်

ဆိတ်စသော သတ္တဝါတို့၏ ခန္ဓာကိုယ်မှာ
အဘယ်ကြောင့် ငယ်နေရပါသနည်း။

ဖြေ–ကမ္မယောနိ ဥပနိဿယ ယောနိမူလကော တေ သံဝိဇ္ဇဘာဝေါ ဟူသော ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာနှင့်အညီ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား မိမိတို့၏အမိ၊ အဘစသည်နှင့်တူစွာ ဖြစ်စေတတ်သော ယောနိ နိယာမရှိ၏၊ ထို **ယောနိ နိယာမကြောင့်** ဤကဲ့သို့ဖြစ်ရပါသည်၊

တနည်း:- ဝိတ်ဆန်းကြယ်သောကြောင့် တဏှာဆန်းကြယ်ပါသည် တဏှာဆန်းကြယ်သောကြောင့် ကံဆန်းကြယ်ပါသည်၊ ကံဆန်းကြယ်သောကြောင့် ယောနိဆန်းကြယ်ပါသည် ယောနိ ဆန်းကြယ်သောကြောင့် ဤကဲ့သို့ မတူထူးခြား အကြီးအငယ် ကွဲပြား ရပါသည်။ ။ ပရမတ္ထဒီပနီ။

\+ \+ \+

၇၂၁-မေး: သေမင်း ခေါ်ရာ, မလိုက်သာ, အဘယ်
အခါတွင် လပ်သနည်း။

ဖြေ-ပဋိသန္ဓေစိတ်နှင့် အတူ ဥပါဒ်သော ကမ္မဇရုပ်တို့သည် စိတ္တက္ခဏ တဆယ့်ခုနစ်ချက် အသက်ရှည်သည်ဖြစ်၍ သောဠသမဘဝင်နှင့်ပြိုင်၍ ချုပ်၏၊ ဤစိတ် ၁၇-ချက်အတွင်း၌ ဥပပတ္တိကာလဖြစ်၍ သေမင်းမခေါ်နိုင်၊ ခေါ်သော်သည်း မလိုက်ရပေ။ ။မဏိမဉ္ဇူ။

\+ \+ \+

၇၂၂-မေး: နိဗ္ဗာန်ပန် လောကုတ္တရာသဒ္ဓါတ်(လ)မှာ
ရမ္မဏာဘူတ် တိုင်ရုံသော ပါဠိတို့ ဝင်

အဘယ်ပါဌ်ဖြင့် အဘယ်အဓိပ္ပါယ်ကို ပြပါသနည်း။

ဖြေ=လောကုတ္တရ သဒ္ဒါတံဖြင့် နိဗ္ဗာန်၏ လောကီအဖြစ်ကိုနှစ်စေ၍ လောကုတ္တရာအဖြစ်ကိုပြပါသည်။

စတုမဂ္ဂဉာဏေနသစ္ဆိကာတဗ္ဗံဖြင့် အရိယာပုဂ္ဂိုလ်တို့အား နိဗ္ဗာန်ကို **ပစ္စက္ခ** အားဖြင့် မျက်မှောက် ပြုနိုင်သည်ကို ပြပါသည်။

မဂ္ဂဖလာန မာလမ္ဗဏဘူတံဖြင့်ကလျာဏပုထုဇဉ်တို့အား နိဗ္ဗာန်ကို **အနုမာနသိဒ္ဓိ** အားဖြင့် မှန်းဆ၍သိနိုင်သည်ကို ပြပါသည်။ ။ဋီကာကျော်။

\+ \+ \+

၇၂၃-မေး အရိယာပုဂ္ဂိုလ်တို့အား ပစ္စက္ခအားဖြင့်၊ ကလျာဏပုထုဇဉ်တို့အား အနုမာနသိဒ္ဓိအားဖြင့် နိဗ္ဗာန်တရား၏ ထင်ရှားသောအဖြစ်ကိုပြသဖြင့် အဘယ်သို့သောအယူကို တားမြစ်နိုင်ပါသနည်း။

ဖြေ—ရာဂစသည်တို့၏ မရှိခြင်းမျှသည် နိဗ္ဗာန်မည်၏ဟုဖေါက်ပြန်သောအယူရှိကုန်သော ပုထုဇဉ်တို့၏အယူဝါဒကို တားမြစ်နိုင်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၇၂၄-မေး အဘယ့်ကြောင့် နိဗ္ဗာန်မည်ပါသနည်း။

ဖြေ-ဝါနတောနိက္ခန္တံ နိဗ္ဗာနံဟူသောဝစနတ္ထနှင့်

အညီဝါနဟုဆိုအပ်သောတဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန် မည်ပါသည်။

\+ \+ \+

၇၂၅-မေး နိဗ္ဗာန်နှင့်ပရိနိဗ္ဗာန်နှစ်တို့၏ထူးခြားဟန်ကိုပြပါ။

ဖြေ—နိဗ္ဗာန်ကား ပရမတ္ထဓမ္မ,ပရိနိဗ္ဗာန်ကား ပညတ်ဤသို့ထူးပါသည်၊

\+ \+ \+

၇၂၆-မေး နိဗ္ဗာန်သည် ရုပ်လော,နာမ်လောသင်္ဂဟအထောက်ကိုး၍ပြပါ၊

ဖြေ—နာမ်ဖြစ်ပါ၊

စိတ္တစေတသိကသင်္ခါတာစတ္တာရော အရူပိနော နိဗ္ဗာနဉ္စေတိ ပဥ္စဝိဓမ္ပိ အရူပန္တိစ နာမန္တိစ ပဝုစ္စတိ၊

ရုပ်ပိုင်းပြီး၏၊

---

## သမုစ္စည်းပိုင်း

၇၂၇-မေး အဘယ့်ကြောင့်သမုစ္စယသင်္ဂဟမည်ပါသနည်း၊

ဖြေ—သံ ဧကတော ဥစ္စိယန္တိ သင်္ဂဟိယန္တိ ဧတ္ထာတိ သမုစ္စယော သမုစ္စယောစသော သင်္ဂဟောစာတိ သမုစ္စယသင်္ဂဟောဟုသော ဝစနတ္ထနှင့်အညီ ၇၂စ်ဆယ့်နှစ်ပါး

သောတရားတို့ကို တကွပေါင်းရာသင်္ဂဟာ ဖြစ်သော ကြောင့်၊ သမုစ္စယသင်္ဂဟာ မည်ပါသည်။

\+ \+ \+

၇၂၀-မေး နွါသတ္တတိ ဝိခါ၌ နွါသတ္တတိ အရကိုရေ တွက်၍ပြပါ။

ဖြေ-နာမ်တေပညာသ, နိပ္ဖန္နရုပ် အဋ္ဌာရသ, နိဗ္ဗာန် ဤခုနစ်ဆယ့်နှစ်ပါးဖြစ်ပါသည်။

\+ \+ \+

၇၂၉-မေး ဝတ္ထုဓမ္မာသလက္ခဏာ ဟူသောပါဌ်ဖြင့် အဘယ်တရားတို့ကိုနှစ်စေပါသနည်း။

ဖြေ=အနိပ္ဖန္နရုပ်ဆယ်ပါးတို့ကို နှစ်စေပါသည်။

\+ \+ \+

၇၃၀-မေး ဒွါသတ္တတိ အရ၌အနိပ္ဖန္နရုပ်တို့ကိုအဘယ့် ကြောင့် မယူရပါသနည်း။

ဖြေ=အနိပ္ဖန္နရုပ်တို့ကား နိပ္ဖန္နရုပ်တို့၏ အခိုက်အတံ့ မျှသာ ဖြစ်၍ သလက္ခဏာဝတ္ထုဓမ္မ မဟုတ်သောကြောင့် မယူရပါသည်။

\+ \+ \+

၇၃၁-မေး အဘယ့်ကြောင့် အာသဝ မည်ပါသနည်း။

ဖြေ-ဘုံအားဖြင့် ဘဝဂ် တိုင်အောင်, ဓမ္မအားဖြင့် ဂေါတြဘု တိုင်အောင် ဖြစ်တတ်သောကြောင့် **အာသဝ** မည်ပါသည်။

၇၃၂-မေး။ ဂေါစြဘု တိုင်အောင် ဖြစ်တတ်၏ ဟူသည် သမ္မယုတ်အားဖြင့် ဖြစ်ပါသလော။

ဖြေ—သမ္မယုတ်အားဖြင့် ဖြစ်သည်မဟုတ်ပါ၊ အာရုံပြုသောအားဖြင့်သာဖြစ်ပါသည်။

\+ + +

၇၃၃-မေး။ အာသဝတို့သည်အာရုံပြုသောအားဖြင့် ဂေါစြဘု တိုင်အောင်သာ ဖြစ် နိုင်ပါသလော။

ဖြေ—သောတာပတ္တိမဂ်၏ရှေးဂေါစြဘုကိုသာ ဥပလက္ခဏ နည်းအားဖြင့်မှတ်၍ဆိုခြင်း ဖြစ်ပါသည်၊ အထက်မဂ်သုံးပါး၏ ရှေးဝေါဒါန်, ဖလသမာပတ်၏ ရှေးပရိကံတို့သည်လည်းအာသဝ၏အာရုံပင်ဖြစ်ပါသည်။

ဧတ္ထစ ဂေါစြဘု ဝစနေန ဂေါစြဘုဝေါဒါနဖလသမာပတ္တိပုရေစာရိက ပရိကမ္မာနိ ဝုတ္တာနီတိဝေဒိတဗ္ဗာနိ၊မူလဋီကာ

\+ + +

၇၃၄-မေး။ ၎င်းနောင်ဖြစ်သော ဘဝင်စသည်တို့ကို အာသဝ၏အာရုံမဟုတ်ဟု ဆိုပါသလော။

ဖြေ—ထိုဘဝင်စသည်တို့ကိုဂေါစြဘု၏ ရှေးအာရုံပြုအပ်သောတရားတို့၌ အာသဝအာရုံ၏အဖြစ်ဖြင့် အတွင်းဝင်ပြီးဖြစ်သောကြောင့်မဆိုပါသည်။ ။မူလဋီကာ။

\+ + +

၇၃၅-မေး။ ဘဝင်,ဂေါစြဘုတိုင်အောင် ယိုစီးတတ်ကုန်သောအခြားသောမာနစသောတရား

တို့လည်း ရှိပါကုန်လျက် ဤလောဘ'ဒိဋ္ဌိ, မောဟ သုံးပါးကိုသာ အဘယ့်ကြောင့် အာသဝဟု ဆိုရပါသနည်း၊

ဖြေ-မာနစသော အခြားသောတရားများရှိပါငြားသော်လည်းအာသဝဟူသောအမည်သည် ဤတရားသုံးပါး၌သာထင်သောကြောင့် ပသိဒ္ဓရုဠှီအားဖြင့် ဤတရားသုံးပါးကိုသာအာသဝဟုဆိုရပါသည်။ ။ဋီကာကျော်။

\+ + +

၇၃၆-မေး အာသဝ၌ အာသဒ္ဒါသည်အဘယ် အနက်ကို ဟောပါသနည်း။

ဖြေ-အဝဓိအနက်ကိုဟောပါသည်၊ ။ဋီကာကျော်။

\+ + +

၇၃၇-မေး အဝဓိ၏အမျိုး အပြားကိုအဓိပ္ပါယ်နှင့် တကွ ထင်ရှားအောင်ပြ၍ ဤ၌ လိုအပ်သော အဝဓိကိုလည်း ညွှန်ပြပါ။

ဖြေ-အဝဓိသည် "အာပါဋလိပုတ္တံဝုဋ္ဌော ဒေဝေါ" စသည်ကဲ့သို့ပိုင်းခြားရာဖြစ်သောအရပ်တိုင်အောင်ကြိယာမနှံ့မူ၍ကြိယာကိုအပပြု၍ဖြစ်သောမရိယာဒအဝဓိတမျိုး "အာဘဝဂ္ဂံသဒ္ဒေါအဗ္ဘုဂ္ဂတော" စသည်ကဲ့သို့ပိုင်းခြားရာ ဖြစ်သော အရပ်တိုင်အောင် ကြိယာနှံ့သည်ဖြစ်၍ ကြိယာကိုအတွင်းပြု၍ ဖြစ်သော အဘိဝိဓိအဝဓိတမျိုးအားဖြင့် နှစ်မျိုးရှိပါသည်၊ဤအာသဝအရာ၌ကား အာသဒ္ဒါသည်အဘိ ဝိဓိအဝဓိ အနက်၌ဖြစ်ပါသည်။ ။ဋီကာကျော်။

၇၃၈ မေး အဘယ့်ကြောင့် ဂန္ထမည်ပါသနည်း။

ဖြေ-နာမကာယနှင့် ရူပကာယကို ပဋ္ဌပြန်ကာယနှင့် အနာဂတ်ကာယကို ဖြေနိုင်ခဲ့သည်ကိုပြု၍ ရစ်ပတ်တတ်သောကြောင့် ဂန္ထမည်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၇၃၉ မေး နာမ ကာယ, ရူပ ကာယတို့ အရကို အဘယ်နာမ်နှင့် ရုပ်ကိုယူမည်နည်း။

ဖြေ သဘာဇာတာဒိပစ္စည်းဖြစ်သောနာမ်ကိုနာမကာယ အရယူရပါသည်၊ ပုရေဇာတ, ပစ္ဆာဇာတပစ္စည်းဖြစ်သောရုပ်ကိုရူပကာယအရယူရပါသည်။ ။မဏိမဉ္ဇူ။

\+ \+ \+

၇၄၀-မေး ပဋ္ဌပြန် ကာယအရ အဘယ်ကို ယူရမည်နည်း။

ဖြေ-အကြောင်းဖြစ်သော နာမကာယကိုလည်း, ရူပကာယကိုလည်း, နှစ်ပါးပုံကိုလည်းယူရပါသည်။ ။မဏိမဉ္ဇူ။

\+ \+ \+

၇၄၁-မေး အနာဂတ်ကာယအရ အဘယ်ကာယကို ယူရမည်နည်း။

ဖြေ-အကျိုးအနာဂတ်ဖြစ်သော နာမကာယကိုလည်း ရူပကာယကိုလည်း, နှစ်ပါးပုံကိုလည်း ယူရပါသည်၊ ။မဏိမဉ္ဇူ။

\+ \+ \+

၇၄၂-မေး နာမကာယ, ရူပကာယ, နာမရူပကာယ သုံးပါး တို့တွင် အဘယ် ကာယ ဖြင့်

အဘယ် ကာယကိုသာ ရစ်ပတ်တတ်ပါသနည်း။

ဖြေ—နာမကာယဖြင့် နာမကာယကိုငှင်း, နာမရူပကာယကိုငှင်းရစ်ပတ်တတ်ပါသည်၊ ရူပကါယကိုမရစ်ပတ်တတ်ပါ၊ ရူပကာယဖြင့်နာမရူပကာယကိုသာ ရစ်ပတ်တတ်ပါသည်၊ နာမကာယကိုငှင်း, ရူပကာယကိုငှင်း မရစ်ပတ်တတ်ပါ၊နာမရူပကာယဖြင့်ကားသုံးပါးစုံကိုရစ်ပတ်တတ်ပါသည်။ ။မလေဝိမဋ္ဌု။

\+ + +

၇၄၃—မေး ကာမောယောဝဥပါဒါန်ကာမေဥပါဒါနိယတိဝါ ကာမုပါဒါန်ဟူသော ဋီကာပါဌ်၌ ကာမ နှစ်ခုတ်ရှိသည် အခု တူကြပါသလော,ထူးကြပါသလော။

ဖြေ—ထူးကြပါသည်၊ ကာမောယောဝ၌ ကာမအရကားတဏှာကိုသာရပါသည်၊ကာမေ၌ကာမအရကား အလုံးစုံသောတေဘူမကဓမ္မကိုရပါသည်။ ။မဏေိမဋ္ဌု။

\+ + +

၇၄၄·မေး ကာမာသဝ၌ကာမဘုံ၌တပ်တတ်သော ကာမတဏှာသည်သာ ကာမာသဝမည်သကဲ့သို့ ဤကာမုပါဒါန် အရာ၌လည်း ကာမဘုံ၌တပ်တတ်သောကာမတဏှာသာ ကာမုပါဒါန် မည်ပါသလော၊ အကြောင်းပြ၍ဖြေဆိုပါ။

ဖြေ—ဤကာမုပါဒါန်အရာ၌ ကာမအရ တေဘူမက တရားတို့ကိုသာ အလိုရှိအပ်သောကြောင့်၎င်း, ကာမု ပါဒါန်ကို မဂ်လေးပါးဖြင့်သတ်အပ်သောကြောင့်၎င်း ကာမတဏှာ,ရူပတဏှာ,အရူပတဏှာသုံးပါးလုံးကာ မုပါဒါန်မည်ပါသည်။ ။မဏိမဉ္ဇူ။

\+ + +

၇၄၅·မေး ထိနမိဒ္ဓ ဥဒ္ဓစ္စ,ကုက္ကုစ္စ တို့သည် တရား ကိုယ်အားဖြင့်အသီးအခြားဖြစ်ပါလျက် အဘယ့်ကြောင့် နီဝရဏ အရာ၌ တ ပေါင်းတည်းပြု၍ဆိုပါသနည်း။

ဖြေ—ကိစ္စ,အကြောင်း, ဆန့်ကျင်ဘက် တူသည်၏ အဖြစ်ကြောင့်တပေါင်းတည်းပြု၍ဆိုပါသည်။

ကိစ္စာဟာရ ပဋိပက္ခာနံ သမာနဘာဝတော။ ။ဋီကာကျော်။

\+ + +

၇၄၆ မေး အဘယ်သို့ကိစ္စ, အကြောင်း, ဆန့်ကျင် ဘက်တူကြပါသနည်း။

ဖြေ—ထိနမိဒ္ဓ နီဝရဏသည် မိမိနှင့် သမ္ပယုတ် ဖြစ်သောစိတ်တို့ကို တွန့်တိုသည်၏အဖြစ်သို့ရောက်စေခြင်း ကိစ္စသည်၎င်း, ကိုယ်, လက်ဆန့်ခြင်း အကြောင်းသည် ၎င်း,ဝီရိယဟူသောဆန့်ကျင်ဘက်သည်၎င်းတူပါသည်

ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကားမငြိမ်သက်အောင်ပြုခြင်း ကိစ္စသည်၎င်း,ဆွေမျိုးတို့၏ပျက်စီးခြင်းစသည်တို့ကိုကြံ

စည်ခြင်းဟူသောအကြောင်းသည့်ငှင်း,သမသ၏ ဆန့်ကျင်ဘက်သည့်ငှင်း တူပါသည်။ ။မဏိမဉ္ဇူ။

\+ \+ \+

၇၄၇-မေး အဘယ့်ကြောင့်အနုသယမည်ပါသနည်း

ဖြေ-အပ္ပဟီနဋ္ဌေန အနု အနုသန္တာနေ သေန္တီတိ အနုသယာ ဟူသော ဝစနတ္ထနှင့်အညီ မဂ်ဖြင့် မပယ်အပ်သေးသဖြင့် အဖန်တလဲလဲ သတ္တဝါတို့၏သန္တာန်၌ ကိန်းတတ်သောကြောင့် **အနုသယ** မည်ပါသည်။

\+ \+ \+

၇၄၈-မေး ကာလ သုံးပါးတို့တွင် အဘယ်ကာလ၌ ဖြစ်သောကိလေသာသည်သာ အနုသယ မည်ပါသနည်း၊မုချ,ဥပစာအားဖြင့်ပြပါ

ဖြေ-အနာဂတ်ဖြစ်သော ကိလေသာသည်သာ မုချအားဖြင့် အနုသယမည်ပါသည်၊ အတိတ်,ပစ္စုပ္ပန်ဖြစ်သော ကိလေသာတို့သည်ကား ထိုအနုသယသဘောရှိသောကြောင့်၊ **သဒိသူပစာရ** အားဖြင့်သာ အနုသယ မည်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၇၄၉-မေး အနာဂတ်နှင့် အတိတ်,ပစ္စုပ္ပန်တို့သည် ကာလပြားသောကြောင့် သဘောလည်း ပြားသင့်သည် မဟုတ်ပါလော၊အဘယ့်ကြောင့် ထိုအနုသယ သဘော ရှိသောကြောင့်ဟု ဆိုရပါသနည်း။

ဖြေ–ပရမတ္ထဓမ္မတို့ မည်သည့် ကာလ ပြားသော် လည်း သဘောမပြားသောကြောင့်ဆိုပါသည်။

နဟိကာလဘေဒေန ဓမ္မာနံ သဘာဝဘေဒေါ အတ္ထိ။ ။ ဋီကာကျော်၊

\+ + +

၇၅၀-မေး: မဂ်ဖြင့် မပယ်အပ်သေး သော ကြောင့် အနုသယဟု ဆိုပါလျှင် မဂ်ဖြင့် မပယ် အပ်သေးသော အလုံးစုံသော ကိလေ သာတို့ကိုလည်း အနုသယဆိုသင့်သည် မဟုတ်ပါလော။

ဖြေ–မဂ်ဖြင့် မပယ်အပ်သေးကာမျှကို အနုသယဟု ဆိုသည်မဟုတ်ပါ၊ ထာမဂတ ကိလေသာကိုသာ အနု သယဟု ဆိုသောကြောင့် အလုံးစုံသော ကိလေသာ သည် အနုသယ မမည်သင့်ပါ။ ။ဋီကာကျော်၊

\+ + +

၇၅၁-မေး: တထောင့်ငါးရာ ကိလေသာ ယူနည်းကို ဖော်ပြပါ။

ဖြေ–နာမ်ဧကာ ပညာ, နိနှာ, ဘည်ပါ လက္ခဏာ၊ သန္တာန် နှစ်ဖြာ, မြောက်ပွါးကာ, တရာ ငါးဆယ်ရ၊ ယင်းကိုတဖြာ, ကိလေသာ, ဆယ်ဖြာ မြောက်ပြန်ချ၊ တထောင့်ငါးရာ, ကိလေသာ, ထိုခါ ဖြစ်သည်ပ၊

\+ + +

၇၅၂-မေး တဏှာအစစ် တရား၃ပါး ယူနည်းကိုဖော်ပြပါ။

ဖြေ-တဏှာသုံးတန်, တည်ထားခံ, အာကာသံနှင့် မြွက်။

**တဏှာအစစ်တရား၃ပါး,ဖြစ်၏လူမှာရောက်။**

+ + +

၇၅၃-မေး ယောဂ, ဂန္ထ, သံယောဇဉ် သုံးပါးတို့သည် ဖွဲ့တတ်သော တရားချည်း ဖြစ်သောကြောင့် ယင်းသုံးပါးတို့၏ ဖွဲ့ပုံ အထူးကို ဖော်ပြပါ။

ဖြေ-သစ်စေးကဲ့သို့စေးကပ်ငြိတွယ်သည်ကိုပြုခြင်းသည် **ယောဂ** မည်၏။ ထိတ်စသောအနှောင်အဖွဲ့ကဲ့သို့ မရွေ့မကွာအောင် နှောင်ဖွဲ့သည်ကို ပြုခြင်းသည် ဂန္ထ မည်၏၊ ကောင်းကင်သို့လွှတ်သော ကျီး၏ခြေ၌ချည်သော ကြိုးကဲ့သို့ ဆွဲငင် ဆောင်ယူသောအားဖြင့် ဝဋ်မှထွက် မြောက်ခြင်းငှါ မပေးသည်၏ အစွမ်းအားဖြင့် ဖွဲ့ချည်ခြင်းသည် **သံယောဇဉ်** မည်ပါသည်။ (ဝဋ်သုံးပါးအား ကျေးဇူးပြုသည်ကိုပင်ဖွဲ့သည်ဟုဆိုသည်)။

+ + +

၇၅၄-မေး အဘယ့်ကြောင့် မိဿကသင်္ဂဟမည်ပါသနည်း

ဖြေ-မိဿန္တိ ဧကဘာဝေန ဘဝန္တိတိ မိဿကာ၊ မိဿကာနံ သင်္ဂဟော မိဿကသင်္ဂဟော ဟူသော ဝစနတ္ထ

နှင့်အညီ ကုသိုလ်,အကုသိုလ်အဗျာကတအားဖြင့် ရော
ကုန်သောဘရားဘို့ကို ရေတွက်ရာ, ရေတွက်ကြောင်း
သင်္ဂဟာဖြစ်သောကြောင့် **မိဿက သင်္ဂဟ** မည်ပါသည်။

\+ \+ \+

**၇၅၅-မေး** ဗျာန်အင်္ဂါ ခုနစ်ပါးကိုကုသိုလ်,အကုသိုလ်
အဗျာကတသုံးမျိုးတို့ဖြင့် ဝေဘန်၍ပြပါ။

ဖြေ-ဒေါမနဿ ဗျာန်အင်္ဂါဘပါးသည် အကုသိုလ်
ဗျာန်အင်္ဂါသက်သက်ဖြစ်ပါသည် ကြွင်းသောဗျာန်အင်္ဂါ
တို့ကား ကုသိုလ်,အကုသိုလ်,အဗျာကတသုံးပါးပင်ဖြစ်
ပါသည်၊ ။ဋီကာကျော်။

\+ \+ \+

**၇၅၆-မေး** အဘယ်ကို ဗျာန်ဟု ခေါ်ပါသနည်း၊ မြေ
လျှိုး,မိုးပျံသည်ကိုခေါ်ပါသလော။

ဖြေ-မဟုတ်ပါ ဝိတက် စသောဗျာန်အင်္ဂါငါးပါးတို့
၏အပေါင်းကိုသာဗျာန်,ဟုခေါ်ပါသည်၊ ။ဋီကာကျော်

\+ \+ \+

**၇၅၇-မေး** ဝိတက်-စသော ဗျာန်အင်္ဂါငါးပါးသည်
ကုသိုလ်အဗျာကတအရာ၌ဗျာန်မည်တန်
စေ၊ အကုသိုလ် ဗျာန်အင်္ဂါတို့ကား အ
ဘယ်ကြောင့်ဗျာန်မည်နိုင်ပါသနည်း၊

ဖြေ-ပါဏာတိပါတစသောအာရုံသို့ကပ်၍ရှုတတ်
သောကြောင့်၎င်း,ပါဏာတိပါတစသောအကုသိုလ်ကို
ပြုသါသူအါးမါးရှံ့၍စိတ်ကိုဖြောင့်စွါပြုခြင်းသည်ဗျာန်

နှင့်ကင်း၍မဖြစ်သောကြောင့်ရင်းစျာနိမည်ပါသည်။ ။ပရမတ္ထဒီပနီ။

+ + +

၁၅၈-မေး အဘယ့်ကြောင့် မဂ္ဂင် မည်ပါသနည်း၊ အကုသိုလ်, လောကီ, လောကုတ္တရာ အားလျော်စွာ အသီးအသီး ဖြေဆိုပါ။

ဖြေ-အကုသိုလ်မဂ္ဂင်တို့ကား ဒုဂ္ဂတိဘ၀သို့ရောက်ကြောင်းဖြစ်သောကြောင့်မဂ္ဂင်မည်ပါသည်၊အကုသိုလ်မှတပါး လောကီ မဂ္ဂင်တို့ကား သုဂတိဘ၀သို့ ရောက်ကြောင်း ဖြစ်သောကြောင့် မဂ္ဂင်မည်ပါသည်၊ လောကုတ္တရာမဂ္ဂင်တို့ကား နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောကြောင့် မဂ္ဂင်မည်ပါသည်။ ။မဏိမဉ္ဇူ။

+ + +

၁၅၉-မေး အဓိပတိ, ဈာန္ဒြေ နှစ်မျိုးတို့၏ အစိုးရပုံ အထူးကို ဖော်ပြပါ။

ဖြေ-မိမိမှတပါးသောအဓိပတိတရားတို့၏ အစိုးရသည်၏အဖြစ်ကိုတားမြစ်၍မိမိတပါးတည်းသာ အစိုးရခြင်းသည် **အဓိပတိ**,တပါးသော အစိုးရသော တရားတို့ ရှိပါကုန်သော်လည်း သက်သက်မြင်ခြင်းစသည်တို့၌ စက္ခုဝိညာဏ် စသည်တို့ကို မိမိအလိုသို့ လိုက်စေကာမျှသည် ဣန္ဒြေ။ ။ဋီကာကျော်။

+ + +

၇၆၀-မေး ပညိန္ဒြေ၊ အနညာ တညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊အညာတာဝိန္ဒြေ ၄ ပါး၊တို့သည် တရားကိုယ်အားဖြင့် ပညာ စေတသိက် တပါးဘည်း ဖြစ်လျက် အဘယ်အကျိုး ၄ါ လေးပါးခွဲ၍ ဟောရပါသနည်း။

ဖြေ-ပရမတ္ထ သဘောတရားတို့၏ သရုပ်ကိုထင်စွာ ပြခြင်းအကျိုး၄ါ ပညိန္ဒြေကိုဟောပါသည်၊ပုဂ္ဂလဏ္ဍာသယအကျိုး၄ါရင်း၊ကိစ္စအထူးကို ထင်စွာပြခြင်းအကျိုး၄ါ ရင်း၊အနညာဘည်ဿာမီတိန္ဒြေစသော ဣန္ဒြေ သုံးပါးကို ဟောပါသည်။ ။ဋီကာကျော်။

+ + +

၇၆၁-မေး အဘယ်ကြောင့် ဗုဒ်လိမ်မည်ပါ သနည်း။

ဖြေ-ပဋိပက္ခာနမ္ဘိ ဗလန္တိ နကစ္ဆေန္တိ ဘိဗလာနိ၊ ဟူသောစေနစ္ထနှင့်အညီ ဆန့်ကျင်ဘက်ဖြစ်ကုန်သော တရားတို့ဖြင့် မတုန်လှုပ်တတ်သောကြောင့် ဗိုလ် မည် ပါသည်။

+ + +

၇၆၂ မေး ဆန့်ကျင်ဘက် ဖြစ်ကုန်သော တရားတို့ ဖြင့် မတုန်လှုပ်တတ်သောကြောင့် ဗိုလ် မည်သော် သဒ္ဓါ၊သတိ စသော ခုနစ်ပါး သောတရားတို့၌ သင့်တန်စေ၊အဟိရိကာ၊ အနောတ္တပ္ပနှင့်ပါးကား အဘိုလျှင် သင့် နိုင်ပါအံ့နည်း။

ဖြေ–အပါယိရိက, အနောတ္တပ္ပနှစ်ပါးကား သမ္ပယုတ်တရားတို့၌ မြဲမြံစွာဖြစ်တတ်သောကြောင့် မိုလ်မည်ပါသည်၊ ဆန့်ကျင်ဘက်ဖြစ်ကုန်သောတရားတို့ဖြင့် မတုန်လှုပ်တတ်သောကြောင့် ဗိုလ်မည်၏ဟုဆိုသောစကားမှာရှေးနှစ်ပါးကိုသာ ရည်၍ဆိုသောကြောင့် သင့်ပါသည်။

\+ \+ \+

၇၆၃–မေး။ ရှေ့ ဗိုလ်ခုနစ်ပါးတို့တွင် အဘယ်ဗိုလ်သည် အဘယ်တရား၏ ဆန့်ကျင်ဘက်ဖြစ်ပါသနည်း။

ဖြေ–သဒ္ဓါဗိုလ်သည်အသဒ္ဓိယနှင့်, ဝီရိယဗိုလ်သည်ကောသဇ္ဇနှင့်,သတိဗိုလ်သည် ပမာဒနှင့် သမာဓိဗိုလ်သည် ဥဒ္ဓစ္စနှင့် ပညာဗိုလ်သည် အဝိဇ္ဇာနှင့် ဟိရိဗိုလ်သည် အဟိရိကနှင့်,ဩတ္တပ္ပဗိုလ်သည်အနောတ္တပ္ပနှင့် ဆန့်ကျင်ပါသည်။ ။မဏိမဉ္ဇူ။

\+ \+ \+

၇၆၄–မေး။ အဟိရိက, အနောတ္တပ္ပဖြစ်သော အကုသိုလ် ဗိုလ် နှစ်ပါးသည်လည်း ဟိရီ, ဩတ္တပ္ပ တို့နှင့် ဆန့်ကျင်ဘက် ဖြစ်၍ ယင်းတရားတို့ဖြင့် မတုန်လှုပ်တတ်သောကြောင့် ဗိုလ်မည်သင့်သည် မဟုတ်ပါလော။

ဖြေ–မမည်သင့်ပါ၊ အကြောင်းကိုဆိုသော် အကုသိုလ်တရားတို့မှာ ကုသိုလ် တရားတို့သည် ပယ်အပ်

သည့်၏အဖြစ်ဖြင့် တုန့်လှုပ် စေ အပ်သည့်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်ဖြစ်ပါသည်။

အကုသလာနံ ကုသလေဟိ ပဟာတဗ္ဗဘာဝေန ကမ္ပေတဗ္ဗ ဘာဝဋ္ဌေတာ။ ။မဏိမဉ္ဇူ။

\+ + +

၇၆၅-မေး။ အဘယ့်ကြောင့် အာဟာရ မည်ပါသနည်း။

ဖြေ-ဩဇဋ္ဌမက ရူပါဒယော အာဟာရန္တီတိ အာဟာရာ ဟူသောဝစနတ္ထနှင့်အညီ ဩဇာလျှင် ရှစ်ခုမြောက်သော ရုပ်စသည်ကိုဆောင်တတ်သောကြောင့်အာဟာရ မည်ပါသည်။ ။ဋီကာကျော်။

\+ + +

၇၆၆-မေး။ အဘယ် အာဟာရသည် အဘယ်တရားကို ဆောင်တတ်ပါသနည်း။

ဖြေ ကဗဠီကာရာဟာရသည်ဩဇာလျှင်ရှစ်ခုမြောက်သော ရုပ်ကို ဆောင်တတ်ပါသည်၊ ဖဿာဟာရသည် ဝေဒနာသုံးပါးကိုဆောင်တတ်ပါသည်၊ မနောသဉ္စေတနာဟာရသည်ဘဝသုံးပါးတို့၌ပဋိသန္ဓေကိုဆောင်တတ်ပါသည်၊ ဝိညာဏာဟာရသည်သဟဇာတ်ဖြစ်ကုန်သော နာမ်,ရုပ်တို့ကိုဆောင်တတ်ပါသည်။ ။ဋီကာကျော်။

\+ + +

၇၆၇-မေး။ ဒ၁, ဒ၁၁၌ ပစ္စယုပ္ပန်တရားတို့ကို ဆောင်တတ်ကုန်သော အခြားသော တရားတို့ရှိလည်း

ရှိပါကုန်လျက်အဘယ့်ကြောင့်ဤတရား
လေးပါးကိုသာ အာဟာရဟု ဆိုရပါ
သနည်း။

ဖြေ—အဇ္ဈတ္တသန္တာန်အစဉ်၏ ထူးသောအကြောင်း ဖြစ်သောကြောင့် ဤတရားလေးပါးကိုသာ အာဟာရဟု ဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၇၆၇-မေး ဆောင်တတ်သောကြောင့်အာဟာရမည်
၏ဆိုရာ၌အဘယ်သို့ ဆောင်ပါသနည်း၊
ဝန်ကိုဆောင်သကဲ့သို့ဆောင်ပါသလော။

ဖြေ—ဆောင်တတ်၏ဟူသည်ထောက်ပံ့နိုင်စေတတ် သောသဘော, ဖြစ်စေတတ်သော သဘောကို ဆောင် သည်ဟုဆိုပါသည်၊ဝန်ကိုဆောင်သကဲ့သို့ဆောင်သည် မဟုတ်ပါ။

\+ \+ \+

၇၆၉-မေး ဥပတ္ထမ္ဘကသတ္တိ, ဇနကသတ္တိနှစ်ပါးတို့
တွင် အာဟာရသည် အဘယ်သတ္တိသာ
ပြဓာန်းသောကိစ္စဖြစ်ပါသနည်း။

ဖြေ—ဥပတ္ထမ္ဘကသတ္တိ သာပြဓာန်းသောကိစ္စဖြစ်ပါ သည်။ ။မဏိမဉ္ဇူ။

\+ \+ \+

၇၇၀-မေး အာဟာရ၌ ဇနကသတ္တိလည်း ရှိသည်
မဟုတ်ပါလော၊ ထိုသို့ရှိပါလျက် ဇနက

သဏ္ဌာန် မပြဋ္ဌာန်းမူ၍ အဘယ့်ကြောင့်ဥပထမ္ဘကသဏ္ဌာန်သာ ပြဋ္ဌာန်းပါသနည်း။

ဖြေ=အာဟာရသည် ဇနက သဏ္ဌာန် ရှိသော်လည်း မပြတ်ဖြစ်စေသည်၏ အစွမ်းအားဖြင့် ထောက်ပံ့သည် ဖြစ်၍သာလျှင် ဖြစ်စေနိုင်သည်။ ထို့ကြောင့်ဥပထမ္ဘက သဏ္ဌာန်ဖြင့် ကျေးဇူးပြုခြင်း သည်သာလျှင် အာဟာရ၏ **ပဓါနကိစ္စ** ဖြစ်ပါသည်။

\+ \+ \+

၇၇၁-မေး အဓိပတိကိစ္စ တပ်သောဆန္ဒနှင့် မတပ်သော ဆန္ဒတို့၏တရားကိုယ်ကို ထောက်ပြပါ။

ဖြေ-သာဓိပတိဇော ၅၂ ခုနှင့်ရှိသောဆန္ဒစေတသိက်သည် အဓိပတိတပ်သော ဆန္ဒ ဖြစ်ပါသည်။

အဟိတ်စိတ်,မောဟမူစိတ်မှဘပါး၆၉ပါးသောစိတ်နှင့်ရှိသောဆန္ဒသည် အဓိပတိမတပ်သောဆန္ဒဖြစ်သည်။

\+ \+ \+

၇၇၂-မေး နွေ ပဉ္စဝိညာဏ် တဆယ်နှင့်ရှိသော သုခ ဒုက္ခတို့သည်အဘယ့်ကြောင့်ဈာနင်ကိစ္စ မတပ်ပါသနည်း။

ဖြေ-အာရုံကိုကပ်၍ရှုတတ်သောဥပနိဇ္ဈာနာကာရ သဏ္ဌာန် မရှိကြသောကြောင့် ဈာနင်ကိစ္စ မတပ်နိုင်ပါ။

\+ \+ \+

၇၇၃-မေး ဝိရိယမယှဉ်သော စိတ်တဆယ့်ခြောက်ခု၌ ရှိသော ဧကဂ္ဂတာသည်အဘယ့်ကြောင့် ဗိုလ်မထိုက်ပါသနည်း။

ဖြေ=ဝီရိယ မရှိသည်၏ အဖြစ်ကြောင့် ယင်း စိတ်တဆယ့်ခြောက်ခု၌ရှိသောဧကဂ္ဂတာသည် ဗိုလ်မသိုက်ပါ။ ။ဋီကာကျော်။

\+ \+ \+

၇၇၄-မေး အဟိတ်စိတ်တို့၌ အဘယ့်ကြောင့် မဂ္ဂင်တို့ကို မရအပ်ပါသနည်း။

ဖြေ-ဟိတ်မရှိသောကြောင့် မဂ္ဂင်တို့ကို မရပါ။

\+ \+ \+

၇၇၅-မေး ဝိစိကိစ္ဆာစိတ်၌ ရှိသော ဧကဂ္ဂတာသည် အဘယ့်ကြောင့် မဂ္ဂင် ဈာန် ဗိုလ် ၏ အဖြစ်သို့ မရောက်ပါသနည်း။

ဖြေ=အဓိမောက္ခ ကင်းသဖြင့် စိတ်၏ တည်ကြည်ကာမျှသာဖြစ်သောကြောင့်မရေပံပါ။ ။ဋီကာကျော်။

\+ \+ \+

၇၇၆-မေး မောဟမူစိတ်သည် ဇောဖြစ်ပါလျက် အဘယ့်ကြောင့်အဓိပတိမတပ်ပါသနည်း

ဖြေ=မူလတပါးကင်းသဖြင့် အလွန် တွေဝေသောကြောင့် အဓိပတိမတပ်နိုင်ပါ။ ။မဏိမဉ္ဇူ။

\+ \+ \+

၇၇၇-မေး ဟသိတုပ္ပါဒ်စိတ်သည် ဇောဖြစ်ပါလျက် အဘယ့်ကြောင့် အဓိပတိ မတတ်နိုင်ပါသနည်း။

ဖြေ=အလောဘ စသည်တို့နှင့် ယှဉ်ခြင်း မရှိသောကြောင့် အဓိပတိမတတ်နိုင်ပါ။ ။မဏိမဥ္ဇူ။

\+ \+ \+

၇၇၈ မေး ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ ပါဌ်၌ ဒွိဟေတုက, တိဟေတုကသဒ္ဒါ, ဧဝသဒ္ဒါတို့ဖြင့် အဘယ်ကိုပြပါသနည်း။

ဖြေ=ဒွိဟေတုက, တိဟေတုက သဒ္ဒါတို့ဖြင့် ဧကဟိတ်စိတ်တို့၌ အဓိပတိ မဖြစ်သည်ကို ပြပါသည်၊ ဧဝသဒ္ဒါဖြင့် လောကီဝိပါက်တို့၌ အဓိပတိ မဖြစ်သည်ကို ပြပါသည်။ ။ဋီကာကျော်။

\+ \+ \+

၇၇၉ မေး ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံ၌ "ယထာသမ္ဘဝံ" ဖြင့် အဘယ်ကိုပြသနည်း။

ဖြေ—ဒွိဟိတ်ဇောတို့၌ဝီမံသာဓိပတိကိုမရအပ်သည်၏ အဖြစ်ကိုဂုဏ်, ဝိဇ္ဇာဘိသင်္ခါရူပနိဿယအားလျော်စွာရအပ်သည်၏အဖြစ်ကိုဂုဏ်းပြပါသည်၊ ။ဋီကာကျော်

\+ \+ \+

၇၈၀• မေး လောကီဝိပါက်တို့သည်အဘယ့်ကြောင့် အဓိပတိ မတပ်ပါသနည်း။

ဖြေ–သန္တ စသည်တို့ကို ရှေ့သွားပြု၍ မဖြစ်သော ကြောင့် မတတ်နိုင်ပါ။ ။ဋီကာကျော်။

\+ \+ \+

၇၇၁-မေး လောကီ ကုသိုလ် တို့သည် မိမိတို့၏ ဝိပါက်စိတ်တို့အား အဓိပတိ ပစ္စည်းကို မရစေနိုင်ပါဘဲလျက် လောကုတ္တရာ ကု သိုလ်တို့မှာ အဘယ့်ကြောင့် မိမိတို့၏ ဝိပါက်အား အဓိပတိ ပစ္စည်းကို ရစေ နိုင်ပါသနည်း။

ဖြေ=လောကီ တရားတို့မှာကား ကုသိုလ်ကို အား ထုတ်သောကာလတခြား,အကျိုးပေးသော ကာလတ ခြားဖြစ်၍ကုသိုလ်၏ဖြစ်ရာကာလနှင့်အကျိုးပေးရာကာ လ ဝေးကြသောကြောင့် အဓိပတိပစ္စည်းကိုမရစေနိုင် ပါ၊ လောကုတ္တရာ ကုသိုလ်တို့ကား ထိုသို့မဟုတ်၊ ထို သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာ၏ အာနုဘော် မငြိမ်း မီသာလျှင်မချွင်းယွင်း မိမိဝိပါက်အကျိုးကိုဖြစ်စေနိုင် သောကြောင့် အဓိပတိပစ္စည်းကိုရစေနိုင်ပါသည်။ ။ အဋ္ဌသာလိနီ။

\+ \+ \+

၇၇၂-မေး အဘယ့်ကြောင့် ဗောဓိပက္ခိယ သင်္ဂဟာ မည်ပါသနည်း၊ ဝစနတ္ထနှင့်တကွ ပြပါ။

ဖြေ=စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗောဓိ၊ ဗောဓိယာ ပက္ခောဗောဓိပက္ခော၊ဗောဓိပက္ခေဘဝါဗောဓိပက္ခိယာ ဗောဓိပက္ခိယာနံ သင်္ဂဟော ဗောဓိပက္ခိယ သင်္ဂဟော၊

ဟူသော ဝေနယျသတ္တဝါနှင့်အညီအရိယာမဂ်ဉာဏ်၏အပင်း အင်္ဂါ အသင်း၌ဖြစ်ကုန်သောတရားတို့ကို ရေတွက်ရာ,ရေတွက်ကြောင်းဖြစ်သောကြောင့် ဗောဓိပက္ခိယသင်္ဂဟ မည်ပါသည်။

\+ \+ \+

၇၈၃-မေး။ ဗောဓိအရ, ဗောဓိပက္ခိယ အရ, ဗောဓိပက္ခိယသင်္ဂဟအရတို့ကို အသီးအသီးဖော်ပြပါ။

ဖြေ-ဗောဓိအရကား အရိယမဂ်ဉာဏ်ကိုရပါသည်။ ဗောဓိပက္ခိယအရကား အပြားအားဖြင့် ၃၇ ပါး,တရားကိုယ်အားဖြင့် ၁၄ ပါးသော တရားတို့ကို ရပါသည်၊ ဗောဓိပက္ခိယသင်္ဂဟအရကား ဗောဓိပက္ခိယသင်္ဂဟော စတ္တာရောသတိပဋ္ဌာနာစသော သဒ္ဒပဗန္ဓအစဉ်ကိုရပါသည်။

\+ \+ \+

၇၈၄-မေး။ အဘယ့်ကြောင့်သတိပဋ္ဌာန်မည်ပါသနည်း

ဖြေ-ပဝိသိတွာ ဥပါဘိပဝတ္တတီတိ ပဋ္ဌာနံ၊ သတိယေဝ ပဋ္ဌာနံ သတိပဋ္ဌာနံ၊ ဟူသော ဝေနယျနှင့်အညီ ကာယ, ဝေဒနာ,စိတ္တ,ဓမ္မဟု ဆိုအပ်သော အာရုံသို့ သက်ဝင်၍ဖြစ်တတ်သောကြောင့် **သတိပဋ္ဌာန်** မည်ပါသည်။

\+ \+ \+

၇၈၅-မေး။ တရားကိုယ် အားဖြင့် သတိ စေတသိက်တပါးတည်းဖြစ်ပါလျက်အဘယ့်ကြောင့် သတိပဋ္ဌာန်လေးပါး ပြားရပါသနည်း။

ဖြေ–အသုဘအခြင်းအရာ,ဒုက္ခအခြင်းအရာ, အနိစ္စအခြင်းအရာ, အနတ္တအခြင်းအရာကို ယူသည့်၏အစွမ်းအားဖြင့်၎င်း,သုဘအခြင်းအရာ သုခအခြင်းအရာ, နိစ္စအခြင်းအရာ,အတ္တအခြင်းအရာဟုဆိုအပ်သောဖေါက်ပြန်သောတရားတို့ကိုပယ်သည့်၏အစွမ်းအားဖြင့်၎င်း ပြားသောကြောင့် လေးပါးပြားရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၃၀၆- မေး ကာယာနုပဿနာသတိပဋ္ဌာန၌ ကာယအရ အဘယ်ကာယကိုသာယူမည်နည်း

ဖြေ–ရူပကာယကိုသာ ယူရပါမည်။

ကာယေတိ ရူပကာယေ။ ။(သမ္မော)။

\+ \+ \+

၃၀၇-မေး ဝေဒနာ နုပဿနာ သတိပဋ္ဌာန်စသည်၌ ဝေဒနာ, စိတ္တ, ဓမ္မအရလောကီ, လောကုတ္တရာ နှစ်ပါးစုံကို ယူရမည်လော။

ဖြေ=လောကီဝေဒနာ, စိတ္တ,ဓမ္မတို့ကိုသာ ယူရပါမည်။

\+ \+ \+

၃၀၈-မေး ဓမ္မာနုပဿနာ သတိပဋ္ဌာန်၌ ဓမ္မအရ အဘယ့်ကြောင့် အဘယ်နည်း၏ အစွမ်းအားဖြင့်အဘယ်ဓမ္မကိုသာယူရမည်နည်း

ဖြေ- ကာယဝေဒနာစိတ္တတို့ဖြင့်ရူပက္ခန္ဓာ,ဝေဒနက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့ကိုယူပြီးသောကြောင့် ပါရိသေသနည်း

အားဖြင့် လောကီသညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှစ်ပါးကို
သာ ယူရပါမည်။

\+ + +

၇၈၉-မေး။ သမထဝိပဿနာနှစ်ပါးတို့တွင်အဘယ် သတိပဋ္ဌာန်ကိုအဘယ်၏အစွမ်းအားဖြင့် ဟောပါသနည်း။

ဖြေ-ပဌမသတိပဋ္ဌာန်ကိုသမထ, ဝိပဿနာနှစ်ပါး တို့၏အစွမ်းအားဖြင့် ဟောပါသည်၊ နောက်သုံးပါးကို ဝိပဿနာ၏ အစွမ်းအားဖြင့်သာ ဟောပါသည်။ ။ မဏိမဉ္ဇူ။

\+ + +

၇၉၀-မေး။ သမ္မပ္ပဓာန်သည် အဘယ်၏ အစွမ်းအား ဖြင့် လေးပါးပြားရပါသနည်း။

ဖြေ-ကိစ္စ၏အစွမ်းအားဖြင့်လေးပါးပြားရပါသည်၊
ယောခ ကိစ္စဘေဒေန စတုဗ္ဗိဓော။ ။ဋီကာကျော်။

\+ + +

၇၉၁-မေး။ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော ဖြစ်ပြီးသော အကုသိုလ် တရား သည် ချုပ်ပြီး ဖြစ်သောကြောင့် ပယ် ခြင်းငှါ လုံ့လမပြုကောင်းသည် မဟုတ် ပါလော၊ အသို့ မှတ်ရမည်နည်း။

ဖြေ-ချုပ်ပြီးသော အကုသိုလ်ကို မပယ်ကောင်း သည်မှာမှန်ပါ၏ ယင်းသို့မှန်သော်လည်း ဖြစ်ပြီးသော

အကုသိုလ်နှင့် တူစွာ တဖန် ဖြစ်ပေါ် လာလတ္တံ့သော အကုသိုလ်ကို ပယ်ခြင်းငှါ လုံ့လ ပြုကောင်းသည်ကို ရည်၍ ဤသို့ဆိုပါသည်၊

\+ \+ \+

၇၉၂-မေး ထိုအနာဂတ်အကုသိုလ်သည် အနုပ္ပန္နာနံ ပါပကာနံအရ၌ ဝင်သင့်သည်မဟုတ်ပါ လော။

ဖြေ=မဝင် သင့်ပါ၊ အကြောင်းကား- အနာဂတ် အကုသိုလ်သည် ဖြစ်ပြီးသော အကုသိုလ်နှင့် တူသော အကုသိုလ်,မတူသောအကုသိုလ်အားဖြင့် ၂မျိုးရှိပေ၏ ထိုတွင်ဖြစ်ပြီးသောအကုသိုလ်ကိုအာရုံပြု၍ဖြစ်ပေါ်လာ သောအကုသိုလ်သည် ဖြစ်ပြီးသော အကုသိုလ်နှင့် တူ သော အနာဂတ်အကုသိုလ်မည်၏၊ ယင်းအကုသိုလ်ကို ရှေးဥပ္ပန္နအရယူရပါသည်၊ ဖြစ်ပြီးသော အကုသိုလ်ကို အာရုံမပြုဘဲအသစ်တခြားဖြစ်ပေါ်လာသောအကုသိုလ် သည် မတူသောအနာဂတ် အကုသိုလ်မည်၏၊ ယင်းကို နောက်အနုပ္ပန္နအရယူရပါသည်၊ ထို့ကြောင့် မဝင်သင့်ပါ။

\+ \+ \+

၇၉၃-မေး မဂ္ဂင်ရှစ်ပါးကိုသိက္ခာသုံးပါးဖြင့် ဝေဘန် ၍ ပြပါ။

ဖြေ- ဝိရတီသုံးပါးသည် **အဓိသီလသိက္ခာ**၊ သမ္မာဝါစာ၊ သမ္မာသမာဓိ ၂ပါးသည် **အဓိပညာသိက္ခာ**၊ သမ္မာဝါယာမ

သမ္မာသတိ,သမ္မာသမာဓိ သုံးပါးသည် **အဓိစိတ္တသိက္ခာ** မည်ပါသည်။

\+ + +

၁၉၄-မေး။ လောကီကုသိုလ်စိတ်တို့၌ ဗောဓိပက္ခိယ တရားဖြစ်,မဖြစ် ဖြစ်က အဘယ်အခါ၌ သာ ဖြစ်ပါသနည်း၊ သင်္ဂဟ အထောက် ပြ၍ ဖြေပါ။

ဖြေ–ဖြစ်ပါသည်၊ ဝိသုဒ္ဓိခုနစ်ပါးတွင်နောက်ဆုံးဖြစ်သော ဉာဏဒဿန ဝိသုဒ္ဓိမှ တပါးသော ရှေး ဝိသုဒ္ဓိ ၆ ပါးဖြစ်သောအခါ၌ဖြစ်ပါသည်။

လောကိယေပိ ယထာယောဂံ ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ။

\+ + +

၁၉၅ မေး။ ကာမာဝစရ, မဟဂ္ဂုတ်ကုသိုလ်တို့တွင် အဘယ် ဝိသုဒ္ဓိ စင်ကြယ်သော အခါ အဘယ်ကုသိုလ်သာ ဖြစ်ပါသနည်း။

•ဖြေ–စိတ္တ ဝိသုဒ္ဓိ ဖြစ်သော အခါ ကာမာ ဝစရ, မဟဂ္ဂုတ်ကုသိုလ်တို့ဖြစ်နိုင်ပါသည် ကြွင်းသော ဝိသုဒ္ဓိ ၆ ပါးဖြစ်သောအခါ ကာမာဝစရကုသိုလ်သာ ဖြစ်နိုင်ပါသည်၊ မဟဂ္ဂုတ်ကုသိုလ် မဖြစ်နိုင်ပါ။ ။မဏိမဉ္ဇူ။

\+ + +

၁၉၆ မေး။ လောကီကုသိုလ်စိတ်တို့၌ဝိသုဒ္ဓိစင်ကြယ် သောအခါသတိပဋ္ဌာန်,သမ္မပ္ပဓာန်စသည် တို့သည်သတိပဋ္ဌာန်လေးပါး,သမ္မပ္ပဓာန်

လေးပါးရုံစသည်ဖြင့် တပြိုင်နက်ဖြစ်နိုင်
ကြပါသလော။

ဖြေ-မဖြစ်ပါ တပါးစီအသီးအသီးသာဖြစ်ပါသည်

\+ + +

၇၉၇-မေး လောကီကုသိုလ်တို့၌သတိပဋ္ဌာန်စသည်
တို့သည် အဘယ့်ကြောင့် အသီးအသီး
သာ ဖြစ်ရသနည်း။

ဖြေ=သတိပဋ္ဌာန်တို့သည် အာရုံ ပြားသောကြောင့် သမ္မပ္ပဓာန်တို့သည် ကိစ္စပြားသောကြောင့်, ဣဒ္ဓိပါဒ်တို့သည်အဓိပတိဖြစ်၍ တခုသော စိတ္တုပ္ပါဒ်၌ တပြိုင်နက် မဖြစ်သင့်သောကြောင့်,ဝိရတိတို့သည်လည်းအာရုံပြားသောကြောင့်အသီးအသီးသာဖြစ်ရပါသည်။မဏိမဉ္ဇူ။

\+ + +

၇၉၈-မေး ပဋ္ဌကမ္မဋ္ဌာန်နှင့် ဥပါဒါနကမ္မဋ္ဌာန်နှစ်ပါးတို့၏
ထူးခြားဟန်ကို ဖော်ပြပါ။

ဖြေ-သဘာဝဓမ္မကိုပေါင်း၍ရေတွက်ခြင်း၄ါ သာသဝ အနာသဝတရားတို့ကို သာမညအားဖြင့် ဟောတော်မူခြင်းသည် **ပဋ္ဌကမ္မဋ္ဌာန်**,ဝိပဿနာ၏အာရုံကိုပြခြင်းအကျိုး၄ါ သာသဝတရားတို့ကိုသာ ဟောတော်မူခြင်းသည် **ဥပါဒါနကမ္မဋ္ဌာန်** မည်ပါသည်။ ။ဋီကာကျော်။

\+ + +

၇၉၉ မေး ရာသဋ္ဌေန ခန္ဓာ အပေါင်းအစုဖြစ်သော
အနက်ကြောင့် ခန္ဓာမည်၏ဟူရာ ဝေဒနာ

သညာတို့မှာအပြားမရှိ တပါးတည်းဖြစ်
ပါလျက် အဘယ့်ကြောင့် ခန္ဓာမည်နိုင်
ပါသနည်း။

ဖြေ–သရုပ်အားဖြင့်တပါးတည်းပင်ဖြစ်သော်လည်း အတိတ်စသောတဆယ့်တပါးသောအခြင်းအရာအား ဖြင့် ပေါင်းသောကြောင့် ခန္ဓာမည်နိုင်ပါသည်။

သမ္မောအဋ္ဌကထာ၊

\+ + +

၁၀၀-မေး: ဝေဒနာ,သညာတို့ကိုအဘယ့်ကြောင့်
အသီးအခြား ခန္ဓာ၏ အဖြစ်ဖြင့် ဟော
တော်မူပါသနည်း။

ဖြေ–သံသရာ၏ ပြဋ္ဌာန်းသောအကြောင်းဖြစ်သော ကြောင့် ဟောတော်မူပါသည်။

သံသာရပဝတ္တာနဟေတုတာယ။ ။မဟာဋီကာ။

\+ + +

၁၀၁-မေး: ဝိညာဏက္ခန္ဓာနှင့် ဝိညာဏုပါဒါနက္ခန္ဓာ
နှစ်ပါးတို့၏ ခြားနားပုံကို ဖော်ပြပါ။

ဖြေ-စိတ်တခုလုံး ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ လောကီစိတ် ၈၁ သည် ဝိညာဏုပါဒါနက္ခန္ဓာ။

\+ + +

၁၀၂-မေး: နိဗ္ဗာန်ကို အာယတန,ဓါတ်တို့၌ ရေတွက်
အပ်ပါလျက်အဘယ့်ကြောင့် ခန္ဓာ၌ မ
ရေတွက်အပ်ပါသနည်း။

ဖြေ—အတိတ်, အနာဂတ်စသော အပြားမရှိသော ကြောင့် မရေတွက်အပ်ပါ။

+ + +

၈၀၃-မေး စက္ခု စသည်တို့သည် ဓမ္မချည်း ဖြစ်ကြ သောကြောင့်ဓမ္မာယတန, ဓမ္မဓါတ်အား ဖြင့် အာယတန,ဓါတ်တပါးစီသာ ဖြစ် သင့်ပါလျက်အဘယ်ကြောင့် အာယတန တဆယ့်နှစ်ပါး ဓါတ်တဆယ့်ရှစ်ပါး ပြားရပါသနည်း။

ဖြေ–အာယတနသည် ဒွါရအာရုံတို့၏ အပြားအား ဖြင့် ပိုင်းခြားမှတ်သား၍ ဟောအပ်သော ဒေသနာဖြစ် သောကြောင့်ဒွါရအာရုံတို့၏အပြားအားဖြင့် ၁၂ ပါးပြား ရပါသည်၊ဓါတ်တို့သည်ဒွါရအာရုံ,ထိုဒွါရအာရုံတို့၌ဖြစ် သောဝိညာဏ်တို့၏ အစဉ်အားဖြင့် ၁၈ ပါးပြားရပါ သည်။

ဒွါရာရမ္မဏာဘေဒေန,ဘာ ဿာ ဒွါရတာနာနိစ၊
ဒွါရာလမ္ဗ တဒုပ္ပန္န,ပရိယာယေနဓါတုယော၊ ။သင်္ဂဟ။

+ + +

၈၀၄-မေး တပါးကုန်သောဒုက္ခ၏အကြောင်းတရား များ ရှိပါကုန်လျက် တဏှာကိုသာ သမု ဒယ သစ္စာဟု အဘယ့်ကြောင့် ဟော တော်မူရပါသနည်း။

ဖြေ–ပြဋ္ဌာန်းသော အကြောင်း ဖြစ်သောကြောင့် ဟောတော်မူပါသည်။

ပဋ္ဌာနကာရဏတ္တာ။ ။ဋီကာကျော်။

\+ + +

**၁၀၅-မေး** တဏှာသည် သမုဒယသစ္စာဖြစ်ပါလျက် ပါဠိဗိကင်္ဂ အဋ္ဌကထာ၌ 'ရူပတဏှာ ဒယော ဆတဏှာကာယာ' စသည်ဖြင့် အဘယ့်ကြောင့် တဏှာကို ဒုက္ခသစ္စာ၌ ရေတွက်၍ပြပါသနည်း။

ဖြေ တဏှာသည် ပိုင်းခြား၍ သိအပ်သောသဘော ရှိသောကြောင့်၎င်း,သင်္ခါရဒုက္ခ ဖြစ်သောကြောင့်၎င်း၊ ဥပါဒါနက္ခန္ဓာ၌ အကျုံးဝင်သောကြောင့်၎င်း ဒုက္ခသစ္စါ၌ ရေတွက်၍ပြပါသည်။

တဏှာယပိပရိညေယျဘာဝသဗ္ဘာဝတော ဥပါဒါနက္ခန္ဓောဂဓတ္တာ သင်္ခါရဒုက္ခဘာဝတော စ ဒုက္ခသစ္စေ သင်္ဂဟံ ဒဿေတုံ ရူပတဏှာဒယော ဆတဏှာကာယာ တိ ဝုတ္တံ။ ။သာရတ္ထဒီပနီ။

\+ + +

**၁၀၆-မေး** ပါဠိဗိကင်္ဂ အဋ္ဌကထာ၌ တဏှာဟူ သရွေ့ကို ဒုက္ခသစ္စာ၌ သွင်း၍ ပြပါသလော။

ဖြေ–မပြပါ၊ ပဋ္ဋပြန်ဘဝ၌ ဖြစ်သော တဏှာသည် ခန္ဓာ၌အကျုံးဝင်သောကြောင့်၎င်း၊သင်္ခါရဒုက္ခ၏အဖြစ်

ကြောင့်ရင်း ဒုက္ခသစ္စာမည်ပါသည်၊ အတ္တဘော၏မူလ အကြောင်း၏အဖြစ်ဖြင့်ဖြစ်စေအပ်သောဖးတိတ်တဏှာ သည်သမုဒယသစ္စာမည်ပါသည်၊ ဤသို့ဖြေပါသည်။

သာရဒီပနီ။

\+ \+ \+

၈၀၇-မေး။ မဂ္ဂယုတ္တာ ဖလာစေဝ စတုသစ္စ ဝိနိဿဋာ၌ မဂ်စိတ္တုပ္ပါဒ် ၂၈ ဖိုလ်စိတ္တုပ္ပါဒ် ၃၇ တို့သည်အဘယ့်ကြောင့်သစ္စဝိမုတ် ဖြစ်ရပါသနည်း၊ မှန်ကန်သော သဘော တရား မဟုတ်သောကြောင့် သစ္စဝိမုတ် ဖြစ်ရပါသလော။

ဖြေ=မဂ်စိတ္တုပ္ပါဒ်, ဖိုလ်စိတ္တုပ္ပါဒ်တို့သည် သဘာဝ သစ္စာ, အရိယသစ္စာအားဖြင့်ပြားသောပရမတ္ထသစ္စာတို့ တွင် သဘာဝသစ္စာအဖြစ်ဖြင့်မှန်ကန်သော သဘောတ ရားဟုတ်ပါ၏၊ဟုတ်ငြားသော်လည်း အရိယသစ္စာနယ် သို့ ရောက်သောကာလ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်၌ ကေဝလဒုက္ခ,ဒုက္ခနိရောဂါမိနီပဋိပဒါအဖြစ်ဖြင့် မဖော် မပြနိ မှန်ကန်စွာ မထင်မြင်လေသောကြောင့် သစ္စဝိမုတ် ဖြစ်ရပါသည်။

\+ \+ \+

၈၀၈-မေး။ 'မဂ္ဂယုတ္တာ ဖလာစေဝ စတုသစ္စဝိနိဿဋာ' ဟူသော စကားနှင့် 'စတုသစ္စဝိနိ မုတ္တော နေယျောနာမ နတ္ထိ' ဟူသော

နေတ္တိအဋ္ဌကထာစကားနှစ်ရပ်ကို မဆန့်ကျင်အောင် နှီးနှော၍ပြပါ။

ဖြေ-ရှေ့စကားသည်မုချနည်းအားဖြင့်ဆိုအပ်သော စကား,နောက်စကားမှာမုချ,ဥပစာနည်း နှစ်ဖြာတို့ဖြင့် ဆိုအပ်သောစကားဖြစ်ကြပါသောကြောင့် မဆန့်ကျင်ပါ။

\+ \+ \+

၁၀၉- မေး သို့ဖြစ်လျှင်ဥပစာအားဖြင့် အဘယ်သစ္စဝိမုတ်တရားကို အဘယ်သစ္စာ၌အဘယ် ဥပစာနည်းအားဖြင့် သွင်းမည်နည်း။

ဖြေ-ဖိုလ်စိတ်၌ ရှိသော မဂ္ဂင်ရှစ်ပါးတို့ကို မဂ်၏အကျိုးဖြစ်သောကြောင့်၎င်း,မဂ်၌ရှိသောသမ္မာဒိဋ္ဌိစသည်တို့နှင့် အချင်းချင်းတူသောကြောင့်၎င်း **ကာရဏူပစာ, သဒိသူပစာ** အားဖြင့် မဂ္ဂသစ္စာ၌သွင်းရပါသည်၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ်,ဖိုလ်စိတ္တုပ္ပါဒ်တို့ကို သင်္ခါရဒုက္ခချင်း တူသောကြောင့် **သတိသူပစာ** အားဖြင့်ဒုက္ခသစ္စာ၌သွင်း ရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၁၁၀-မေး အရိယသစ္စာဟူသည် သမ္မုတိသစ္စာနှင့် တူညီသလော, ပရမတ္ထသစ္စာနှင့် တူညီသလော,သီးခြားပင်ဖြစ်ပါသလော၊ အကြောင်းပြ၍ဖြေပါ။

ဖြေ-အရိယသစ္စါ, ပရမတ္ထ သစ္စါတို့သည် မဖေါက် မပြန်မှန်သောအနက်ကိုဟောခြင်းတူသောကြောင့်၎င်း

အရိယသစ္စာသည် ပရမတ္ထသစ္စာအပြား နှစ်ပါးတွင် တပါး အပါအဝင်ဖြစ်သောကြောင့်ငင်း **ပရမတ္ထသစ္စာ** နှင့်သာ တူညီပါသည်။

\+ + +

**၈၁၁-မေး** သမ္မုတိသစ္စာဟူသည် အဘယ်ကို ခေါ်ပါသနည်း။

**ဖြေ**=သမုဟ, သဏ္ဌာနစသော အထူးအပြားအား ဖြင့် ရအပ်,သိအပ်သော ပညတ်ကို သမ္မုတိသစ္စာခေါ်ပါသည်။

သရုပ္ပွည်းပိုင်းပြီး၏။

---

## ပစ္စည်းပိုင်း

**၈၁၂-မေး** ယေသံ သင်္ခတဓမ္မာနံ ယေဓမ္မာ ပစ္စယာ ယထာ ဟူသော ဝါကျ၌ ယေသံ, ယေ, ယထာ ဟူသော ပါဌ်တို့ဖြင့် အဘယ်ကို ပြပါသနည်း၊ အသီးအသီးဖြေပါ။

**ဖြေ**=ယေသံ-ဖြင့် ပစ္စယုပ္ပန်တရားတို့ကို ပြပါသည်၊ ယေ-ဖြင့် ပစ္စည်းတရားတို့ကိုပြပါသည်၊ ယထာ ဖြင့် ပစ္စယသတ္တိကို ပြပါသည်။ ။မဏိမဉ္ဇူ။

\+ + +

**၈၁၃-မေး** ပစ္စယုပ္ပန်အရကို 'ယေသံသင်္ခတဓမ္မာနံ' ဟုဆိုသောကြောင့်ပစ္စည်းအရကိုလည်း 'ယေအသင်္ခတဓမ္မာ' ဟု ဆိုသင့်သည်

မဟုတ်ပါလော၊ အဘယ်ကြောင့် သာမညအားဖြင့်သာ 'ယေဝပ္ပါ'ဟု ဆိုရပါသနည်း။

ဖြေ–ပစ္စယုပ္ပန် အရကို 'ယေသံ သင်္ခတဓမ္မာနံ' ဟု ဆိုသဖြင့် သင်္ခတတရားဖြစ်သော စိတ်,စေတသိက်,ရုပ် တို့သာပစ္စယုပ္ပန်ဖြစ်သင့်သည်ကိုပြပါသည်၊ ပစ္စည်းအရကို ယေဝဓမ္မာဟု သာမညဆိုသဖြင့် သင်္ခတ, အသင်္ခတ ဖြစ်သောစိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်, ပညတ်အားဖြင့် အလုံးစုံသောတရားတို့၏ပစ္စည်းဖြစ်သင့်ခြင်းကိုပြတော်မူပါသည်၊ထို့ကြောင့် ဤသို့ဆိုခြင်းဖြစ်ပါသည်။

\+ \+ \+

၁၁၄- မေး ပစ္စည်းတရားတို့သည် ပစ္စယုပ္ပန် တရားတို့အား အဘယ်အကျိုး၄ါကျေးဇူးပြုပါသနည်း။

ဖြေ–ပစ္စယုပ္ပန်တရားတို့၏ တည်ခြင်းအကျိုးငှါရင်း ဖြစ်ခြင်းအကျိုးငှါရင်း,တည်ခြင်းဖြစ်ခြင်းအကျိုးငှါရင်း ကျေးဇူးပြုပါသည်။ ။မဏိမဥ္ဇူ။

\+ \+ \+

၁၁၅-မေး အဘယ်ပစ္စည်းတို့သည် တည်ခြင်း, ဖြစ်ခြင်း, တည်ခြင်း ဖြစ်ခြင်း၄ါ ကျေးဇူးပြုပါသနည်း၊ဝေဘန်ပြပါ။

ဖြေ–အနန္တရ,ရူပနိဿယပစ္စည်းမျိုးတို့သည် ဖြစ်ခြင်း ၄ါသါကျေးဇူးပြုပါသည်၊ ပစ္ဆာဇာတပစ္စည်းသည်ဘည်

ခြင်း၄ါသော ကျေးဇူးပြုပါသည့် ကြွင်းသော ပစ္စည်းတို့သည် တည်ခြင်း, ဖြစ်ခြင်း၄ါ ကျေးဇူးပြုပါသည်။ ။ မဏိမဉ္ဇူ။

\+ \+ \+

**၈၁၆-မေး** ယေဝမှာ ပစ္စယာဒ္ဒ 'ပစ္စယ' သဒ္ဒါသည် အဘယ်အနက်ကိုဟောပါသနည်း။

**ဖြေ**=အကြောင်းဟူသောအနက်ကို ဟောပါသည်။

\+ \+ \+

**၈၁၇-မေး** အကြောင်းဟူသောအနက်ကိုဟောပါက ပစ္စယာကို ကာရဏာဟု မဖွင့်မူ၍ အဘယ်ကိုရည်၍ ဥပကာရကာဟု ဋီကာဆရာ ဖွင့်ပါသနည်း။

**ဖြေ**=အကြောင်းဟူကအကျိုးအားကျေးဇူးပြုသည်ကို ရည်၍ 'ဥပကာရကာ' ဟု အဓိပ္ပါယ်ယတ္တအားဖြင့် ဖွင့်ပါသည်။ ။မဏိမဉ္ဇူ။

**၈၁၈-မေး** ယမိုက် ကျမ်းလာ ပစ္စနိက်နှင့် ပဋ္ဌာန်း ပစ္စနိက်နှစ်ပါးတို့၏ထူးခြားဟန်ကို ဖော်ပြပါ။

**ဖြေ** ယမိုက်ကျမ်းမှာ အနုလုံ,ပဋိလုံမှလွတ်သော တရားသည်ပစ္စနိက်မည်၏၊ပဋ္ဌာန်းကျမ်းမှာကားအနုလုံနှင့်တူသော ပစ္စည်းမှ လွတ်လွတ်,မလွတ်လွတ် ပစ္စယုပ္ပန်မှ လွတ်သောတရားသည်ပစ္စနိက်မည်၏ ဤသို့ထူးပါသည်

\+ \+ \+

၈၁၉-မေး တံဝိဘာဂံ၌ 'တ' သဒ္ဒါဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ='တ' သဒ္ဒါဖြင့် ယေသံ,ယေ, ယထာ ဟူသော အနိယမသုံးချက်၏နိယမကိုတချက်တည်းပြပါသည်။ ။ မဏိမဥ္ဇူ။

\+ + +

၈၂၀-မေး နိယမတချက်တည်းဖြင့်အနိယမသုံးချက်ကို အဘယ်နည်းဖြင့် ပြပါသနည်း။

ဖြေ ဆီမီးတခုတည်းဖြင့်ပင်လျှင်များစွာသောဝတ္ထုတို့ကိုပြနိုင်သကဲ့သို့ဒီပကနည်းအားဖြင့်ပြပါသည်။

\+ + +

၈၂၁-မေး အဘယ့်ကြောင့် ပဋိစ္စသမုပ္ပါဒ် မည်ပါသနည်း။

ဖြေ—"ပစ္စယသာမဂ္ဂိံ ပဋိစ္စ သမံ ဂန္တွာ ဖလာနံ ဥပ္ပါဒေါ ဧတသ္မာတိ ပဋိစ္စသမုပ္ပါဒေါ" ဟူသော ဝစနတ္ထနှင့် အညီ အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ညီညွတ်သည်၏အဖြစ်သို့ အညီအညွတ် ကပ်ရောက်၍ သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ် မည်ပါသည်။

\+ + +

၈၂၂-မေး အဘယ့်ကြောင့်ပဋ္ဌာန်းမည်ပါသနည်း။

ဖြေ နာနာပကာရဋ္ဌာနာနိပစ္စယာဧတ္ထာတိပဋ္ဌာနံ ဟူသောဝစနတ္ထနှင့်အညီအထူးထူးအပြားပြားများစွာ

ကုန်သော ပစ္စည်းတို့၏ ဖြစ်ရာဖြစ်သောကြောင့် ပဋ္ဌာန်းမည်ပါသည်။

\+ \+ \+

၁၂၃-မေး ပဋိစ္စသမုပ္ပါဒ်နည်း,ပဋ္ဌာန်းနည်း နှစ်ပါးတို့၏ ထူးခြားဟန်ကိုပြပါ။

ဖြေ-အဝိဇ္ဇာစသောအကြောင်းတရားတို့၏ညီညွတ်ခြင်းကိုစွဲ၍ ဖြစ်သဖြင့် ဖြစ်လေ့ရှိကုန်သော သင်္ခါရစသောအကျိုးတရားတို့၏ဖြစ်သော အခြင်းအရာမျှဖြင့်မှတ်အပ်သော နည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်၏၊ ဟေတုစသောပစ္စည်းတရားတို့၏ဖွေမ်းသတ္တိအထူးကိုစွဲ၍ဖြစ်သောနည်းသည် ပဋ္ဌာန်းနည်းမည်၏။

\+ \+ \+

၁၂၄-မေး အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌ သင်္ခါရ အရတရားကိုယ် ကောက်ပြပါ။

ဖြေ-သင်္ခါရအရကား အလုံးစုံသောလောကီကုသိုလ်အကုသိုလ်စေတနာ တရုယုတ်သုံးဆယ်ကိုရပါသည်။ ။ ဋီကာကျော်။

\+ \+ \+

၁၂၅-မေး သင်္ခါရအရ လောကုတ္တရာ စေတနာကို အဘယ့်ကြောင့် မယူရပါသနည်း။

ဖြေ-ဝဋ်မြစ်ကို ဖြတ်တတ်သော တရားဖြစ်သောကြောင့် မယူရပါ။

လောကုတ္တရာစေတနာ ပနဝဋ္ဋမူလစ္ဆေဒကတ္တာ ဣဓနဂဟိတာ။ ။သခေ်ပဋီကာ။

၈၂၆-မေး။ သင်္ခါရပစ္စယာ ဝိညာဏံ၌ သင်္ခါရ အရ ကား ရှေးသင်္ခါရအရနှင့် တူမည်လော, ထူးမည်လော။

ဖြေ-မတူပါ၊ နောက်သင်္ခါရအရမှာ ပဋိသန္ဓေအခါ ဥဒ္ဒစ္စစေတနာ,ပဋိသန္ဓေပဝတ္တိအခါ၂ပါးရုံ၌အဘိညာဏ် စေတနာကို ကြဉ်၍ ယူရပါသည်။ ။သင်္ခေပဋီကာ။

\+ \+ \+

၈၂၇-မေး။ အဘယ့်ကြောင့် ဥဒ္ဒစ္စ စေတနာ, အဘိညာဏ် စေတနာတို့ကို ကြဉ်ရ ပါသနည်း။

ဖြေ-ဥဒ္ဒစ္စစေတနာမှာပဋိသန္ဓေ၏အကျိုးကိုမပေးနိုင်သောကြောင့်,အဘိညာဏ်စေတနာမှာပဋိသန္ဓေပဝတ္တိအကျိုးနှစ်ပါးရုံကိုမပေးသောကြောင့်ကြဉ်ရပါသည်။

\+ \+ \+

၈၂၈-မေး။ သင်္ခါရပစ္စယာ ဝိညာဏံ၌ ဝိညာဏ်အရ ကောက်ပြပါ။

ဖြေ-ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် တဆယ့်ကိုးခု ပဝတ္တိအခါ လောကီဝိပါက် ၃၂ ဘို့သကို ရပါသည်။

\+ \+ \+

၈၂၉-မေး။ လောကုတ္တရာဝိပါက်ကိုအဘယ့်ကြောင့် မယူပါသနည်း။

ဖြေ-လောကုတ္တရာဝိပါက်ကား ဝဋ္ဋကထာ၌ မယှဉ်သင့်သောကြောင့် မယူရပါ။

လောကုတ္တရဝိပါကာနိ ပန ဝဋ္ဋကထာယ နသုဇ္ဇန္တီတိ နဂဟိတာ။ ။ဝိဘင်းအဋ္ဌကထာ။

**၁၃၀-မေး** ဝိညာဏပစ္စယာနာမရူပံ၌ ဝိညာဏ်အရကို ကောက်ပြပါ။

ဖြေ—ဝိညာဏ အရမှာ စိတ် ၁၉ ခုလုံး အကုန်ရပါသည်။ ။သင်္ခေပ ဋီကာ။

\+ + +

**၁၃၁-မေး** ဝိညာဏပစ္စယာ နာမရူပံ၌နာမ,ရူပအရကို ကောက်ပြပါ။

ဖြေ—နာမအရမှာစေတသိက် ၅၂ ပါးကိုရပါသည် ရူပအရမှာ ဋီကာကျော်အလို ကမ္မဇရုပ်ကို ရပါသည်၊ သင်္ခေပအလို စတုသမုဋ္ဌာနိကရုပ်ကို ရပါသည်။

\+ + +

**၁၃၂-မေး** ရူပံအရမှာဋီကာကျော်ဆရာနှင့် သင်္ခေပဋီကာဆရာ နှစ်ဦးအယူဆန့်ကျင်နေသည် မဟုတ်ပါလော၊ အဘယ် ဝါဒကို အမှန်ယူရမည်နည်း။

ဖြေ—မဆန့်ကျင်ပါ၊ နှစ်ဝါဒလုံး မှန်ပါသည်၊ အကြောင်းကားဋီကာကျော်ဆရာကားပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သောရုပ်ကိုသာရည်၍ဖွင့်ပါသည်၊သင်္ခေပဆရာကား ပဋိသန္ဓေ,ပဝတ္တိဝိညာဏ် နှစ်ပါးလုံးနှင့်တကွဖြစ်သော ရုပ်ကိုရည်၍ ဖွင့်တော်မူပါသည်။

\+ + +

၁၃၃-မေး နာမရူပ ပစ္စယာ သဠာယတနံ၌ နာမ,ရူပ အရ ရှေးနာမ,ရူပအရနှင့်တူမည်လော၊ ထူးမည်လော။

ဖြေ=နာမအရမှာ တူပါသည်။

နာမန္တိ ဝေဒနာဒိ ခန္ဓတ္တယံ၊ ၊မဏိမဉ္ဇူ။

ရူပအရမှာ မတူပါ၊ မိမိသန္တာန်၌ အကြီးဝင်သော မဟာဘုတ်လေးပါး,ဝတ္ထုရုပ်ခြောက်ပါး,ဇီဝိတရုပ်ကို သာ ယူရပါသည်။

ရူပံ ပန သကသန္တတိ ပရိယာပန္နံ နိယမတော စတ္တာရိ ဘူတာနိ ဆ ဝတ္ထူနိ ဇီဝိတိန္ဒြိယံ။ ၊သမ္မော။

\+ \+ \+

၁၃၄-မေး ရူပအရ ကြွင်းသောရုပ်တို့ကို အဘယ့်ကြောင့် မယူရပါသနည်း။

ဖြေ-ကြွင်းသောရုပ်တို့ကားမဟာဘုတ်ကဲ့သို့သဟ ဇာတသတ္တိ,ဆဝတ္ထုကဲ့သို့ နိဿယသတ္တိ, ဇီဝိတိန္ဒြေကဲ့ သို့ အနုပါလနသတ္တိ မရှိကြသောကြောင့်မယူရပါ။

ရူပါယတနာဒီနံပန သဟဇာတနိဿယ အနုပါလန ဘာ ဝေါ နတ္ထီတိ အဂ္ဂဟဏံ ဝေဒိတဗ္ဗံ။ ၊မူလဋီကာ၊

\+ \+ \+

၁၃၅-မေး တဏှာနှင့်ဥပါဒါန်အထူးကို ပြပါ။

ဖြေ-အားနည်းသော တဏှာသည် တဏှာ၊ အား ကြီးသောတဏှာသည် ဥပါဒါန်။

**တနည်း**=မရောက်သေးသော အာရုံကိုယူခြင်းသည် တဏှာမည်၏၊ ရောက်လာသော အာရုံကို ယူခြင်းသည် ဥပါဒါန်မည်၏။ ။ဋီကာကျော်။

\+ + +

**၈၃၆-မေး** ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၌ ဘဝနှစ်ခုတို့၏ အထူးကိုပြပါ။

**ဖြေ**=ရှေးဘဝအရမှာ ကမ္မဘဝ, ဥပပတ္တိဘဝ နှစ်ပါးလုံးရပါသည်၊ နောက်ဘဝအရမှာ ကမ္မဘဝကိုသာ ရပါသည်။ ။ဋီကာကျော်။

\+ + +

**၈၃၇-မေး** ဥပါဒါနပစ္စယာ ဘဝေါ၌ ဥပပတ္တိဘဝသည် ကမ္မဘဝကြောင့်သာဖြစ်၏၊ ဥပါဒါန်ကြောင့် မဖြစ်သောကြောင့် ဥပပတ္တိဘဝကို မယူသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့်ယူရပါသနည်း။

**ဖြေ**=**ဥပမာ** ခိုးသူကြောင့်ရွာကိုမီးလောင်၏ဆိုရာ၌ ခိုးသူကြောင့်ရွာကိုမီးမလောင်၊ ထင်းမီးစာကြောင့်သာ လောင်လေသည်၊ သို့သော်လည်းထင်းမီးစာသည်ခိုးသူကြောင့်ပင်ဖြစ်လေသောကြောင့်ခိုးသူကြောင့် ရွာကိုမီးလောင်၏ဟုဆိုသကဲ့သို့,ဤ၌လည်း ဥပါဒါန်ကြောင့်ကမ္မဘဝဖြစ်၏ ကမ္မဘဝကြောင့်ဥပပတ္တိဘဝဖြစ်သော်လည်း အကြောင်း၏အကြောင်းကိုအကြောင်းဟူ၍ပင်ဆိုအပ်ပါ

သဖြင့် ဥပါဒါနိသည်လည်း ဥပပတ္တိဘဝ၏ အကြောင်း ဖြစ်သောကြောင့်ဥပပတ္တိဘဝကိုလည်းယူအပ်ပါသည်။

ကာရဏာ ကာရဏမ္ပိ ကာရဏံတွေဝ ဝုစ္စတိ။ ၊မဏိမဉ္ဇူ။

\+ \+ \+

၈၃၈-မေး ကမ္မဘဝနှင့်သင်္ခါရတို့၏ ထူးခြားဟန်ကို သင်္ဂဟသာဓကကိုး၍ဖြေပါ။

ဖြေ—အတိတ်စေတနာသည် သင်္ခါရ,ပစ္စုပ္ပန် စေတနာသည် ကမ္မဘဝ။

အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ၊မဇ္ဈေအဋ္ဌပစ္စုပ္ပန္နော၊

\+ \+ \+

၈၃၉-မေး ဘဝကို ကမ္မဘဝ, ဥပပတ္တိဘဝ နှစ်ပါး ရအောင် ဝစနတ္ထတခုစီ ပြုလိုက်ပါ။

ဖြေ–ဘဝတိ ဧတသ္မာဖလန္တိ ဘဝေါ-ကမ္မဘဝရ၏၊ ဘဝတီတိ ဘဝေါ-ဥပပတ္တိဘဝ ရ၏။

\+ \+ \+

၈၄၀-မေး ဒုက္ခအရ ကာယိက, စေတသိက ဒုက္ခ နှစ်ပါးတို့တွင် အဘယ့်ကြောင့်အဘယ် နည်းအားဖြင့်အဘယ်ဒုက္ခကိုသာယူမည် နည်း။

ဖြေ—စေတသိကဒုက္ခကို နောက်ဒေါမနဿ အရယူ လတ္တံ့ဖြစ်သောကြောင့်ပါရိသေသနည်း,ဂေါဗလိဗဒ္ဒနည်း အားဖြင့် ကာယိကဒုက္ခကိုသာ ယူရပါသည်၊

\+ \+ \+

၈၄၁-မေး။ ဤပဋ္ဌာနသရုပ်ပြ ပါဠိတော်၌ 'သမ္ပယုတ္တံ၊ ဟောတိ'ဟု ကြိယာနှစ်ခု ပါရှိရာ ယင်းကြိယာနှစ်ခုတို့၏ ထူးခြားဟန်ကိုပြပါ။

ဖြေ-သမ္ပယုတ္တံ ကြိယာဖြင့် ဝိသေသ အကြောင်းကြောင့် ဝိသေသအကျိုး ဖြစ်သည်ကိုပြပါသည်၊ ဟောတိကြိယာဖြင့် အလုံးစုံသောအကြောင်းကြောင့်ဝန်ဆင်းရဲဖြစ်သောအကျိုးကိုပြပါသည်။ ။ပရမတ္ထသူရ။

\+ \+ \+

၈၄၂-မေး။ အဝိဇ္ဇာသင်္ခါရသည် အတိတ်အဓွန့်မည်၏ဟု အဘယ်ကြောင့် ဆိုရပါသနည်း၊ ပစ္စုပ္ပန်ဖြစ်သော အဝိဇ္ဇာ, သင်္ခါရ တို့လည်း ရှိသည်မဟုတ်ပါလော။

ဖြေ-ပစ္စုပ္ပန် ဖြစ်သော အဝိဇ္ဇာ သင်္ခါရတို့ ရှိသော်လည်း ဤ၌ အတိတ်ဘဝ၌ အကျိုး ဝင်ကုန်သော အကြောင်း တို့ကိုသာ အလို ရှိအပ်သောကြောင့် ဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

၈၄၃-မေး။ အဒ္ဓါဟူသည် ကာလ၏ အမည်သာ ဖြစ်သောကြောင့် အဒ္ဓါအရ ကာလ ကိုသာ ယူအပ်ပါလျက် အဘယ်ကြောင့် အဒ္ဓါအရ အဝိဇ္ဇာ စသည့်တို့ကို ယူရပါသနည်း။

ဖြေ=အဝိဇ္ဇာစသည်တို့မှ လွတ်သောတပုံတခုသော ကာလကို မရအပ်သောကြောင့် အဝိဇ္ဇာစသည်ကိုသာ အဦးအစ ယူရပါသည်။ ။ဋီကာကျော်။

\+ + +

၈၃၄-မေး အဘယ့်ကြောင့် အဝိဇ္ဇာ စသည်တို့မှ လွတ်သော တပုံတခုသောကာလကိုမရ အပ်ပါသနည်း။

ဖြေ =ကာလဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိပါ ချုပ်ပြီးသောတရားတို့ကိုသာ အတိတ်ကာလ၏ အစွမ်းအားဖြင့် ခေါ်ဝေါ် အပ်ပါသည်၊ မဖြစ်သေးသော တရားတို့ကိုသာ အနာဂတ် ကာလ၏ အစွမ်းအားဖြင့် ခေါ်ဝေါ်အပ်ပါသည်၊ ခဏသုံးပါး၌အကြိုးဝင်ကုန်သော တရားတို့ကိုသာပစ္စုပ္ပန်ကာလ၏ အစွမ်းအားဖြင့် ခေါ်ဝေါ်အပ်ပါသည်၊ ထို့ကြောင့် အဝိဇ္ဇာစသည်မှလွတ်သောတပုံတခုသောကါလဟူသည်မရှိပါ။ ဋီကာကျော်

\+ + +

၈၃၅-မေး ဇာတိဇရာမရဏသည် အဘယ့်ကြောင့် အနာဂတ်အစွန့်မည်ပါသနည်း။

ဖြေ-ပစ္စုပ္ပန် အကြောင်းဖြစ်သော တဏှာဥပါဒါန်ကြောင့် အနာဂတ်၌ဖြစ်သောကြောင့် အနာဂတ် အစွန့်မည်ပါသည်။ ။ဋီကာကျော်။

\+ + +

၁၄၆-မေး။ ဇာတိဇရာမရဏတို့တွင်ဇာတိသည်ကမ္မဘဝကြောင့်သာ ဖြစ်သည်၊ဇရာ,မရဏသည် ဇာတိကြောင့်သာ ဖြစ်သည်မဟုတ်ပါလော၊ အဘယ့်ကြောင့် ဇာတိ,ဇရာ, မရဏကို ပစ္စုပ္ပန် အကြောင်း ဖြစ်သော တဏှာ ဥပါဒါန် ကြောင့် ဖြစ်သည်ဟု ဆိုရပါသနည်း။

ဖြေ—ဇာတိ၏အကြောင်းသည် ကမ္မဘဝဖြစ်သည်၊ ဘဝ၏အကြောင်းသည် ဥပါဒါန်ဖြစ်သည်၊ ဥပါဒါန်၏ အကြောင်းသည် တဏှာဖြစ်သည်၊ ထိုသို့ အကြောင်း အဆက်ဆက်ဖြစ်၍ အကြောင်း၏ အကြောင်းကို အကြောင်းပင် ဆိုရသောကြောင့် ဆိုပါသည်။

ဟေတု ဟေတု ဝစနမိဒံ။ ။မဏိမဉ္ဇူ။

\+ \+ \+

၁၄၇-မေး။ ဝိညာဏ်အစ ဘဝအဆုံးရှိသောအလယ် ရှစ်ပါးသည် အဘယ့်ကြောင့် ပစ္စုပ္ပန် အဒ္ဓန့် မည်ပါသနည်း။

ဖြေ—အတိတ်ဖြစ်သော အဝိဇ္ဇာ, သင်္ခါရ တည်းဟူသောအကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲ ဖြစ်သော အကျိုးသဘော ရှိသောကြောင့်၎င်း, အနာဂတ် ဖြစ်သော ဇာတိ, ဇရာ, မရဏဟု ဆိုအပ်သော အကျိုးတရား၏ ပစ္စုပ္ပန်အကြောင်းဖြစ်သောကြောင့်၎င်း ဆိုပါသည်။ ။ဋီကာကျော်။

\+ \+ \+

**၁၄၈-မေး။** သောကစသည်ကိုအဘယ့်ကြောင့်အင်္ဂါ၏အဖြစ်ဖြင့်မယူပါသနည်း။

ဖြေ- သောက စသည်ကို ဟောတော်မူခြင်းသည် အသီးအခြားအင်္ဂါကိုပြလို၍ ဟောတော်မူသည်မဟုတ်ပါ၊ ဇာတိ၏မုချမဟုတ်သော အကျိုးဆက်မျှကိုသာပြခြင်းငှါဟောတော်မူသောကြောင့်အင်္ဂါ၏ အဖြစ်ဖြင့်မယူပါ။ သင်္ဂဟ။

\+ \+ \+

**၁၄၉-မေး။** သောက စသည်ကို အသီးအခြားအင်္ဂါ၏ အဖြစ်ဖြင့် မယူပါက အဘယ်သို့သွင်း၍ ယူမည်နည်း၊ အကြောင်းပြ၍ဖြေပါ။

ဖြေ- ဇာတိ၏အကျိုးဆက်ချင်းတူသောကြောင့်ရင်း ဇရာမရဏနှင့် အနိဋ္ဌလက္ခဏာ တူသောကြောင့်ရင်း ဇရာမရဏ၌သွင်း၍ယူရပါသည်။ ။မူလဋီကာ။

\+ \+ \+

**၁၅၀-မေး။** ဇရာမရဏလည်း ဇာတိကြောင့် ဖြစ်သော တရား သောက စသည်တို့သည်လည်း ဇာတိကြောင့် ဖြစ်သော တရားသာဖြစ်ပါလျက် သောကစသည်ကို အဘယ့်ကြောင့်ဇာတိ၏မုချအကျိုးမဟုတ်ဟု ဆိုနိုင်ပါသနည်း။

ဖြေ—ဇရာ·မရဏမှာ ဇာတိ၏ ဧကန္တကအကျိုးဖြစ်လေသည်၊ သောကစသည်တို့မှာကား ရူပဘုံ အရူပဘုံ၌

မရှိသောကြောင့်ဇာတိ၏ကေန္တိကအကျိုးမဟုတ်၊ အနေကန္တိကအကျိုးသာ ဖြစ်လေသည်၊ ထို့ကြောင့်ဇာတိ၏ မုချအကျိုးမဟုတ်ဟုဆိုပါသည်။ မူလဋီကာ။

\+ \+ \+

၈၅၁-မေး အခြင်းအရာ နှစ်ဆယ်ကိုရေတွက်ပြပါ။

ဖြေ—အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ အားဖြင့် **အတိတ်အကြောင်းငါးပါး**၊ ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာအားဖြင့် **ပစ္စုပ္ပန်အကျိုး ၅ ပါး** တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ အားဖြင့် **ပစ္စုပ္ပန်အကြောင်းငါးပါး**၊ ဇာတိ, ဇရာ, မရဏဟု ဆိုအပ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာအားဖြင့် **အနာဂါတ်အကျိုး ၅ ပါး**၊ ပေါင်း ၂၀ ဖြစ်ပါသည်။

\+ \+ \+

၈၅၂-မေး အလွှာလေးလွှာကို ရေတွက်၍ပြပါ။

ဖြေ—အတိတ်အကြောင်းငါးပါး **တလွှာ**၊ ပစ္စုပ္ပန် အကျိုးငါးပါး **တလွှာ**၊ ပစ္စုပ္ပန်အကြောင်းငါးပါး **တလွှာ**၊ အနာဂတ်အကျိုးငါးပါးတလွှာ—ပေါင်းလေးလွှာ။

\+ \+ \+

၈၅၃-မေး အစပ်သုံးပါးကို ရေတွက်၍ပြပါ။

ဖြေ—အတိတ်အကြောင်းနှင့်ပစ္စုပ္ပန်အကျိုးဖြစ်သော သင်္ခါရ, ဝိညာဏ်အကြား **တစပ်**၊ ပစ္စုပ္ပန် အကျိုး နှင့် ပစ္စုပ္ပန်အကြောင်းဖြစ်သောဝေဒနာနှင့်တဏှာအကြား

တစပ်၊ ပဋ္ဌာန်းအကြောင်းနှင့်အနာဂတ်အကျိုးဖြစ်သော ကမ္မဘဝနှင့် ဇာတိတို့၏ အကြား တစပ်၊ ပေါင်း အစပ် သုံးပါးဖြစ်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၁၅၄-မေး။ အတိတ်အကြောင်း ၅ပါးတို့တွင်အဝိဇ္ဇာနှင့် သင်္ခါရကိုသာပါဠိတော်၌ တိုက်ရိုက်ဟောပါလျက် အဝိဇ္ဇာ သင်္ခါရကို ယူသဖြင့်အဘယ့်ကြောင့် တဏှာဥပါဒါန် ကမ္မဘဝတို့ကိုယူရပါသနည်း။

ဖြေ-အဝိဇ္ဇာကိုယူသဖြင့် အဝိဇ္ဇာနှင့် ကိလေသာ၏ အဖြစ်ဖြင့် တူသောကြောင့်တဏှာ,ဥပါဒါန်ကိုယူရပါသည်၊ သင်္ခါရကိုယူသဖြင့်သင်္ခါရနှင့် ကံ၏အဖြစ်ဖြင့် တူသောကြောင့်ကမ္မဘဝကိုယူရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၁၅၅-မေး။ အနာဂတ်အကျိုး ၅ ပါးတို့တွင် ဇာတိ, ဇရာ မရဏကို ယူသဖြင့် အဘယ့်ကြောင့် ဝိညာဏ်စသော ၅ ပါးကိုယူရပါသနည်း။

ဖြေ-ဇာတိ,ဇရာမရဏဟူသည်မှာဝိညာဏ်စသော ၅ ပါးတို့၏ဖြစ်ခြင်းပျက်ခြင်း ရင့်ခြင်းမျှကိုပင်ဆိုသည်၊ တရားကိုယ် အထူးမရှိ၊ ထို့ကြောင့်ယူရပါသည်။ ။ဋီကာကျော်။

\+ \+ \+

၈၅၆-မေး ဤသင်္ဂြိုဟ်ကျမ်း၌ပစ္စုပ္ပန်အကျိုး ၅ ပါး ကိုအဘယ့်ကြောင့်မပြဆိုပါသနည်း။

ဖြေ=ပစ္စုပ္ပန်အကျိုး ၅ ပါးမှာ ပါဠိတော်၌ တိုက်ရိုက်ဖြစ်၍ အထူးမပြဆိုတော့ပါ။

\+ + +

၈၅၇-မေး ဝိပါကဝဋ္ဋဖြစ်သော ဒေါမနဿ စသော ကိလေသာတို့လည်း ရှိပါကုန်လျက် အဘယ့်ကြောင့် အဝိဇ္ဇာနှင့်တဏှာကိုသာ မူလဟုဆိုရပါသနည်း။

ဖြေ-အဝိဇ္ဇာသည်ပဋိစ္စသမုပ္ပါဒ်ရှေ့ပိုင်း၏ မူလဖြစ်သောကြောင့်၎င်း၊ တဏှာသည် နောက်ပိုင်း၏ မူလဖြစ်သောကြောင့်၎င်း၊ ထိုနှစ်ပါးကိုသာ မူလဟုဆိုပါသည်။

ပုဗ္ဗန္တဿ အဝိဇ္ဇာမူလံ၊ အပရန္တဿ တဏှာမူလံ၊ ဋီကာကျော်။

\+ + +

၈၅၈-မေး မြတ်စွာဘုရားသည် ဝဋ္ဋကထာကိုဟော သောအခါ အဘယ့်ကြောင့်အဝိဇ္ဇာ, တဏှာကိုသာအဦးပြု၍ဟောပါသနည်း။

ဖြေ=အဝိဇ္ဇာသည်ဒုဂ္ဂတိဘဝသို့ လားစေတတ်သော ကံ၏ထူးသောအကြောင်းဖြစ်သည်၊ တဏှာသည်သုဂတိဘဝသို့လားစေတတ်သော ကံ၏ထူးသော အကြောင်းဖြစ်သည်၊ ထို့ကြောင့်အဦးပြု၍ ဟောတော်မူသည်။

ဒုဂ္ဂတိဂါမိနော ဟိကမ္မဿ ဝိသေသဟေတု အဝိဇ္ဇာ၊ သုဂတိ ဂါမိနော ဝိသေသဟေတု ဘဝတဏှာ။ ။သမ္မော။

\+ + +

၁၅၉-မေး။ အင်္ဂါ တဆယ့်နှစ်ပါး တို့တွင် အဘယ် တရားကိုပစ္စည်းအင်္ဂါ, အဘယ်တရားကို ပစ္စယုပ္ပန်အင်္ဂါအဖြစ်ဖြင့်ယူရမည်နည်း။

ဖြေ အဝိဇ္ဇာ အစ၊ ဇာတိ အဆုံးရှိသော တရားကို ပစ္စည်းအင်္ဂါ, ဇရာမရဏကို ပစ္စယုပ္ပန် အင်္ဂါအဖြစ်ဖြင့် ယူရပါသည်။ ။သင်္ခေပဋီကာ။

\+ \+ \+

၁၆၀-မေး။ ပဋိစ္စသမုပ္ပါဒ်အရ သင်္ဂြိုဟ်ပါဌ်ကို ကိုး၍ အပေါင်းပရမတ္ထကောက်၍ပြပါ။

ဖြေ—"ဝဒနာဗန္ဓမိစ္ဆံ၊ တေဘူမကမနာဒိကံ၊ ပဋိစ္စသမုပ္ပါဒေါတိ"ဟူသော သင်္ဂြိုဟ်ပါဌ်နှင့်အညီ လောကီ စိတ် ၈၁, စေတသိက်၃၅, ရုပ်အဋ္ဌဝီသ တို့သည်၊ ပဋိစ္စသမုပ္ပါဒ်အရဖြစ်ပါသည်။

\+ \+ \+

၁၆၁-မေး။ အဝိဇ္ဇာပစ္စယာဟု အဝိဇ္ဇာကို ရှေးဦး အစ ပဌမ ဟောတော်မူသောကြောင့် ထိုအဝိဇ္ဇာသည် အကြောင်းမရှိ၊ မိမိအလို အလျှံ ဖြစ်ပေါ်လာသောတရားပါလော၊ သင်္ဂြိုဟ်သာဓကကို ကိုး၍ဖြေပါ။

ဖြေ-"အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာစ ပဝတ္တတိ"ဟု ဆိုသောကြောင့် အကြောင်းကင်းသောတရားမဟုတ်ပါ အကြောင်းကြောင့် ဖြစ်သော တရားပင် ဖြစ်ပါသည်၊ ယင်းအဝိဇ္ဇာ၏အကြောင်းကား အာသဝဖြစ်ပါသည်။

\+ \+ \+

**၈၆၂-မေး** သံသရာ စက်၏ မပြတ် လည်ပုံကို အကြောင်းအကျိုး ဆက်စပ်၍ပြပါ။

**ဖြေ**-အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်၏၊ သင်္ခါရကြောင့်၊ လ၊ဇရာမရဏာဖြစ်၏၊ဇရာ,မရဏာဖြင့်မပြတ်နိုင်စက်အဆ ကုန်သောသတ္တဝါတို့အားအာသဝေါတရားဖြစ်၏၊ အာ သဝကြောင့်အဝိဇ္ဇာဖြစ်ပြန်ရကား၊သံသရာစက်မှာ ချား ရဟတ်ကဲ့သို့လည်လျက်ဤသို့ဆက်စပ်၍နေပါသည်။

\+ + +

**၈၆၃-မေး** "တေသမေဝစ မူလာနံ နိရောဓေန" ၌ နိရောဓအပြားနှင့်တကွ ဤ၌အလိုရှိအပ်သော နိရောဓကို ညွှန်ပြခဲ့ပါ။

**ဖြေ**=တဒင်္ဂနိရောဓ ဝိက္ခမ္ဘနနိရောဓ သမုစ္ဆေဒ နိရောဓ, ပဋိပ္ပဿမ္ဘနနိရောဓ, ခဏ နိရောဓအားဖြင့် ၅ ပါးရှိပါသည်၊ ဤ၌ သမုစ္ဆေဒနိရောဓကိုသာ အလိုရှိ အပ်ပါသည်။

\+ + +

**၈၆၄-မေး** ပဋိစ္စသမုပ္ပါဒ် အရာ၌ သိမှတ် အပ်သော နည်း လေးပါးကို ထင်ရှားအောင် ဖော် ပြပါ။

**ဖြေ**=(၁) အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏၊ သင်္ခါရ ကြောင့် ဝိညာဏ်ဖြစ်၏၊ဤသို့စသည်ဖြင့် အကြောင်း,အ ကျိုး အစဉ်မပြတ်ဆက်ကာဆက်ကာ တခုတည်းကဲ့သို့ ဖြစ်ခြင်းသည် **ဧကတ္တနည်း** မည်၏။

(၂) အဝိဇ္ဇာ, သင်္ခါရစသည့်တို့သည် တခုတည်းကဲ့သို့အစဉ်မပြတ် ဆက်ကာဆက်ကာဖြစ်ကြသော်လည်း တပါးနှင့်တပါး သဘောလက္ခဏာ ကွဲပြားခြင်းသည် **နာနတ္တနည်းမည်** ၏။

(၃) အဝိဇ္ဇာ စသော အကြောင်းတရား တို့သည် သင်္ခါရစသောအကျိုးတရားတို့ကို ငါသည်ဖြစ်စေအံ့ဟု လုံ့လ ဗျာပါရမရှိခြင်း, အဝိဇ္ဇာစသည့်တို့၏ သဘာဝ နိယာမ အားဖြင့်သာပြီးသော သင်္ခါရစသော အကျိုးတရားတို့ကိုဖြစ်စေတတ်သောအကြောင်းဖြစ်ခြင်းသည် **အဗျာပါရနည်း မည်**၏။

(၄) လုံ့လဗျာပါရမရှိဘဲလျက်အကြောင်း အကျိုးဖြစ်သော်လည်း အမှတ်မရှိသော အကြောင်းကြောင့် အမှတ်မရှိသောအကျိုးဖြစ်သည်မဟုတ်၊ အဝိဇ္ဇာစသော အကြောင်းကြောင့် သင်္ခါရစသော ဖြစ်သင့် ဖြစ်ထိုက်သော အကျိုးတရားတို့သာ ဖြစ်ခြင်း,အကြောင်းတရားနှင့်မစပ်,မလျော်သောအကျိုးတရားတို့ မဖြစ်ခြင်းသည် **ဧဝံ ဓမ္မတာနည်း မည်**၏။

\+ \+ \+

၈၆၂-**မေး** ဟေတုနှင့်ပစ္စယတို့သည်အနက်အားဖြင့် တူ,မတူ ဖြေပါ။

**ဖြေ**–"ပစ္စယောဟေတု ကာရဏံ နိဒါနံ သမ္ဘဝေါ ပဘာဝေါတိ အာဒိအတ္ထဘော ဧကံ ဗျဉ္ဇနတောနာနံ"ဟု

သောပဌာန်းအဋ္ဌကထာနှင့်အညီအနက်အားဖြင့် မထူးပါ၊ သဒ္ဒါမျှသာ ထူးပါသည်။

+ + +

**၈၆၆-မေး** ဟေတုနှင့် ပစ္စယတို့သည် အနက်အားဖြင့် တူကြ၏ဟူသောစကားမှာ အဘယ်သို့ အနက်တူသည်ကိုသာရည်၍ဆိုရပါသနည်း။

**ဖြေ**–သာမညအားဖြင့် အကြောင်းဟော အနက်တူသည်ကိုသါရည်၍ဆိုပါသည်၊ 'ဟေတု'ကါးအကြောင်းဝိသေသကို ဟောပါသည်၊ ပစ္စယကား အကြောင်းသာမညကို ဟောပါသည်။ ။မဏိမဉ္ဇူ။

+ + +

**၈၆၇-မေး** ဟိတ်ခြောက်ပါးတို့သည်ပဋိသန္ဓေကမ္မဇရုပ်ကိုသာ ကျေးဇူးပြု၍ ပဝတ္တိကမ္မဇရုပ်ကို အဘယ့်ကြောင့်ဟေတုသတ္တိဖြင့် ကျေးဇူးမပြုပါသနည်း။

**ဖြေ**=ပဋိသန္ဓေကမ္မဇရုပ်သာစိတ်နှင့်စပ်၍ဖြစ်သောကြောင့် ကျေးဇူးပြုပါသည်၊ပဝတ္တိကမ္မဇရုပ်ကားစိတ်ရှိသော်လည်း စိတ်နှင့်စပ်၍မဖြစ်သောကြောင့် ကျေးဇူးမပြုပါ။ ။ပဌာန်းအဋ္ဌကထာ။

+ + +

**၈၆၈-မေး** ပဝတ္တိကမ္မဇရုပ်သည် စိတ်နှင့်စပ်၍မဖြစ်ကြောင်းကိုအဘယ်ကို ထောက်၍သိနိုင်ပါသနည်း။

ဖြေ နိဒ္ဒေသဝါရပါဠိတော်၌ လာသောပုဂ္ဂိုလ်သန္တာန် ၌ဖြစ်သော ကမ္မဇရုပ်သည် စိတ်မရှိသော်လည်း ဖြစ်နိုင်သည်ကိုထောက်၍ သိနိုင်ပါသည်။

\+ \+ \+

၈၆၉-မေး သဟဇာတ, အညမည ပစ္စည်းတို့သည် အဘယ်သို့ ထူးပါသနည်း။

ဖြေ-တကွဖြစ်ကာမျှဖြင့်ကျေးဇူးပြုခြင်းသည် **သဟ ဇာတပစ္စည်း** အချင်းချင်း အပြန်အလှန် ကျေးဇူးပြုခြင်း သည် အညမညပစ္စည်း။ ။ဋီကာကျော်။

\+ \+ \+

၈၇၀- မေး အနန္တရ, သမနန္တရ နှစ်ပစ္စည်းတို့သည် ထူး,မထူး ဖြေဆိုပါ၊

ဖြေ—သဒ္ဒါမျှသာထူးကြပါသည်၊ အနက်အဓိပ္ပါယ် အားဖြင့် မထူးကြပါ၊ ။မဏိမဉ္ဇူ။

\+ \+ \+

၈၇၁-မေး အနန္တရ, သမနန္တရတို့ကို အထူးမရှိပါ ဘဲလျက် အဘယ်၏အစွမ်းအားဖြင့် နှစ် ပါး ဟောပါသနည်း။

ဖြေ—ပုဂ္ဂလဇ္ဈာသယ, ဒေသနာဝိလာသ၏ အစွမ်း အားဖြင့် ဟောပါသည်၊

\+ \+ \+

၈၇၂-မေး အတ္ထိ ပစ္စည်းနှင့် အဝိဂတ ပစ္စည်း တို့၏ ထူးခြားဟန်ကို ပြပါ၊

ဖြေ ရှိသည့်၏အဖြစ်ဟု ဆိုအပ်သော မိမိသဘော နှင့်တကွဖြစ်သည်၏ အစွမ်းအားဖြင့် ကျေးဇူးပြုတတ် သည်၏အဖြစ်သည်အတ္ထိပစ္စည်း၊မိမိ၏ဖုသနစသောသ ဘော၏မကင်းခြင်းကြောင့်ချုပ်ခြင်းဘင်သို့ မရောက်သ ဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည်အဝိဂတ။ ။ မူလဋီကာ။

\+ + +

၁၇၃-မေး။ နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းတို့၏အထူး ကိုပြပါ။

ဖြေ=ချုပ်သည်၏ အခြားမဲ့၌ ဆိတ်သည်၏ အဖြစ် သည် ဝိဂတပစ္စည်း၊ ချုပ်ခြင်း ဘင်သို့ ရောက်သည်၏ အဖြစ်သည် နတ္ထိပစ္စည်း။ ။မူလဋီကာ။

\+ + +

၁၇၄-မေး။ အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ၌ စိတ္တအရ အဘယ်စိတ်ကို ယူမည်နည်း၊ အကြောင်းပြ၍ဖြေပါ။

ဖြေ=ရဟန္တာတို့၏ စုတိစိတ်သည် အနန္တရ, သမ နန္တရ,နတ္ထိ,ဝိဂတပစ္စည်းမတတ်သောကြောင့်ရဟန္တာ တို့၏စုတိစိတ်ကိုကြဉ်၍အကုန်ယူရပါသည်။

\+ + +

၁၇၅-မေး။ ပုရိမာနိဇဝနာနိပစ္ဆိမာနံဇဝနာနံဇဝနာ နိအရ,ဇဝနာနံအရတို့ကိုအဘယ့်ကြောင့် အဘယ်ဇောကိုသာယူရမည်နည်း။

ဖြေ=ဇဝနာနီအရ လောကုတ္တရာဇောမှာ အာသေဝနပစ္စည်း မတတ်သောကြောင့် လောကုတ္တရာဇောကို ကြည့်၍ လောကီဇောတို့ကိုသာ ယူရပါသည်၊ ဇဝနာနံအရ ဖိုလ်ဇောမှာ အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန်မဖြစ်သောကြောင့် ဖိုလ်ဇောကို ကြည့်၍ လောကီဇော, မဂ်ဇောတို့ကိုသာယူရပါသည်။ ။ဋီကာကျော်။

+ + +

၁၇၆-မေး။ အာသေဝန ဝိနိမုတ္တံ ဇဝနံနာမနတ္ထိ ဟု ဝိသုဒ္ဓိမဂ် ဋီကာဆရာ ဆိုသည် မဟုတ်ပါလော အသို့နည်း။

ဖြေ=ထိုစကားကို ယေဘုယျနည်းအားဖြင့်သာ ဆိုပါသည်။

တမ္ပိ ယေဘုယျဝသေန ဝုတ္တံ။ ။ဋီကာကျော်။

+ + +

၁၇၇-မေး။ ဝိပါက်အဗျာကတသည် အဘယ့်ကြောင့် အာသေဝနပစ္စည်း မတတ်နိုင်ပါသနည်း။

ဖြေ ဝိပါက်သည် အကြောင်းကံနှင့်စပ်သဖြင့် ဝိပါက်အဖြစ်သို့ရောက်သည်၊ ကံသို့ညွတ်သည်ဖြစ်၍ ဖြစ်၏၊ အားထုတ်ခြင်း ဗျာပါရမရှိ အားနည်းလေသည်၊ ထို့ကြောင့် အာသေဝနသတ္တိဖြင့် မိမိသဘောကိုယူ၍ ဝိပါက်တရားကို ဖြစ်စေခြင်းငှါ မတတ်ကောင်း၊ ထို့ကြောင့် အာသေဝနပစ္စည်း မတတ်နိုင်ပါ။ ။ပဋ္ဌာန်းအဋ္ဌကထာ။

၁၇၈-မေး ဝိပါက်သည် အာသေဝနပစ္စည်း မဘတ်နိုင်ပါက အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်ကောင်းသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် မဖြစ်ပါသနည်း။

ဖြေ ဝိပါက် အဗျာကတ တို့သည် ရှေးရှေးသော ဝိပါက်၏အာနုဘော်ကိုယူ၍မဖြစ်သောကြောင့်အာသေဝနပစ္စည်း၏ပစ္စယုပ္ပန်လည်းမဖြစ်နိုင်ပါ။ ။ငိုကာကျော်။

\+ \+ \+

၁၇၉-မေး ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်၌ ဧကဇ, ဒွိဇ, တိဇ, စတုဇ ကာယတို့၏ တရားကိုယ်ကို ကောက်ပြပါ။

ဖြေ—ပဋိသန္ဓေစိတ်၏ ဉပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်သည် **ဧကဇကာယ** မည်၏၊ပဋိသန္ဓေစိတ်၏ ဌီခဏ၌ ဖြစ်သောကမ္မဇရုပ်, ဥတုဇရုပ်သည် **ဒွိဇကာယ**မည်၏၊ ပဋိသန္ဓေနောင်ပထမဘဝင်၏ဥပါဒ်ခဏ၌ဖြစ်သောကမ္မဇ,ဥတုဇ,စိတ္တဇရုပ်သည် **တိဇကာယ** မည်၏၊ အာဟာရဇရုပ်ဖြစ်ချိန်ရောက်သောကာလ အမှတ်မရှိသောစိတ်၏ခဏ၌ဖြစ်သောကမ္မဇ,ဥတုဇ,စိတ္တဇ, အာဟာရဇရုပ်သည် **စတုဇကာယ** မည်၏။

\+ \+ \+

၁၈၀ မေး ဉပနိဿယ ပစ္စည်းသုံးမျိုးတို့တွင် ပကတူပနိဿယ၌ ပကတိယာ သဘာဝေန ဥပနိဿယော ပကတူပနိဿယော......

ဟူသောဋီကာပါဌ်အရ ပကတိသဘာဝ
၏ အဓိပ္ပါယ်ကို ပြပါ။

**ဖြေ**–အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ တို့သည် တပါးသော အာရမ္မဏ, အနန္တရ ပစ္စည်းတို့နှင့် ရောသကဲ့သို့ ပကတူပနိဿယကား ထိုကဲ့သို့ မဟုတ်၊ တပါးသော ပစ္စည်းတို့နှင့်မရောမရှက် သက်သက် အသီး အခြား ပစ္စည်းတခု ဖြစ်ပါသည်၊ ဤကား ပကတိသဘာဝ၏အဓိပ္ပါယ်၊ ။ဋီကာကျော်။

\+ + +

**၈၈၁-မေး:** ရာဂါဒယော ပနဓမ္မာ။ လ။ ယထာရဟံ အဇ္ဈတ္တဗဟိဒ္ဓါစဒွယ ယထာရဟံအဇ္ဈတ္တ ဗဟိဒ္ဓါစ တို့ကို အဘယ်နည်း အားဖြင့် ထားပါသနည်း၊

**ဖြေ**–ယင်းပုဒ်ကြကား ရှေး ရာဂါဒယော ကိုလည်း ငဲ့သည်,နောက်ကုသလာဒိ ဓမ္မါနံကိုလည်းငဲ့သည်ဖြစ်၍ **ကာကာကလောကန** နည်းအားဖြင့် ထားပါသည်၊

\+ + +

**၈၈၂-မေး:** နိရောဓသမာပတ်ဝင်စားသောအခါ နေဝသညာနာသညာယတနကုသိုလ်ကြွယ်ပါစေသည့် ခုနစ်ရက်စသောကာလခြား, ရုပ်လည်းကားပါလျက်၊ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား အဘယ့်ကြောင့် အနန္တရပစ္စည်း တပ်လေသနည်း၊ အသညသတ်ဘုံ၌ မဖြစ်မီ ရှေးဖြစ်သော ကာမ

ရုတိသည် ကမ္ဘာ့ငါးရာကာလခြား,ရုပ်လည်း တားပါလျက် အဘယ့်ကြောင့် ကာမ ပဋိသန္ဓေအား အနန္တရ ပစ္စည်း တပ်နိုင်ပါသနည်း။

ဖြေ=ဤအနန္တရပစ္စည်းအရာ၌ ရုပ်တရား ခြားငြားသော်လည်း အခြား မဆိုရသောကြောင့်၎င်း, ကာလ ခြားငြားသော်လည်း အခြား မဆိုရသောကြောင့်၎င်း တပ်နိုင်ပါသည်။ ။မူလဋီကာ။

\+ \+ \+

၈၈၃-မေး 'ကဗဠီကာရော အာဟာရော'၌ အာဟာရောဟု ဆိုက ပြီးကောင်းပါလျက် အဘယ့်ကြောင့်'ကဗဠီကာရော' ဟူသော ဝိသေသနကို ဆိုရပါသနည်း။

ဖြေ-အာဟာရဟူသည် ခံသုံးဆောင်ဘဲထားရုံမျှဖြင့် အာဟာရကိစ္စကို ပြီးစေသည် မဟုတ်၊ အလုပ်,အလွေး ပြု၍မျိုမှသာလျှင် အာဟာရကိစ္စကို ပြီးစေနိုင်သည်ဟု သိစေလိုသောကြောင့် ဆိုပါသည်။

သောပန ယသ္မာ ကဗဠံ ကရိတွာ အဇ္ဈော ဟရိတောဝ အာဟာရကိစ္စံ ကရောတိ နဗဟိဋ္ဌိတော၊ ။ပဋ္ဌာန်းအဋ္ဌကထာ။

\+ \+ \+

၈၈၄-မေး နိဗ္ဗာန်သည် ထင်ရှား ရှိသော တရားဖြစ်ပါလျက် အဘယ့်ကြောင့် အတ္ထိပစ္စည်း မတပ်ပါသနည်း။

ဖြေ-နိဗ္ဗာန်ကား အမြဲထင်ရှားရှိသော်လည်း ကာလ ၃ ပါးမှ လွတ်၍ ပစ္စုပ္ပန်အားဖြင့် ထင်ရှားမရှိသောကြောင့် မဘဝပါ၊ ပစ္စုပ္ပန်အားဖြင့် ထင်ရှားရှိမှသာ အတ္တိပစ္စည်း တပ်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၁၁၅-မေး အရှင် ဗာကုလ၏ အလောင်း ဖြစ်သော သူငယ်ကို ငယ်စဉ်က ငါးကြီး မျိုသွားရာ ဗာကုလ၏ ဇီဝမာနက သရီရ သူငယ် သန္တာန်၌ တည်သော ဩဇာသည် ငါး ကြီး၏ ခန္ဓာကိုယ်အား အာဟာရသတ္တိ ဖြင့် ကျေးဇူးပြုနိုင်, မပြုနိုင် အကြောင်းပြ ၍ ဆုံးဖြတ်ခဲ့ပါ။

ဖြေ-ဇီဝမာနက သရီရသန္တာန်၌ ဖြစ်သော ဩဇာ သည် တပါးသော ခန္ဓာကိုယ်အား ကျေးဇူး မပြုနိုင်ဟု အဋ္ဌကထာဆရာမိန့်သောကြောင့် မပြုနိုင်ပါ။

န ဟိ ဇီဝမာနကသရီရေ ဩဇာ အညဿ သရီရဿ အာဟာရပစ္စယတံ သာဓေတိ၊ ။ပဋ္ဌာန်းအဋ္ဌကထာ။

\+ \+ \+

၁၁၆-မေး အဘယ့်ကြောင့်ပညတ်မည်ပါသနည်း၊ အတ္ထပညတ်, သဒ္ဒပညတ်အား လျော်စွာ ဖြေပါ။

ဖြေ-အတ္ထပညတ် ကား "ပကာရေန ဉာပိယတီတိ ပညတ္တိ" ဟူသော ဝစနတ္ထနှင့်အညီ နာမ ပညတ်သည်

အပြားအားဖြင့်သိစေအပ်သောကြောင့် ပညတ် မည်ပါသည်၊ သဒ္ဒပညတ် ကား'ပကာရေန ဉာပေတိတိ ပညတ္တိ' ဟူသောဝစနတ္ထနှင့်အညီ အတ္ထပညတ်ကို အပြားအား ဖြင့် သိစေတတ်သောကြောင့် ပညတ် မည်ပါသည်။

+ + +

၈၈၇ ။ မေး နာမပညတ်သည်သဒ္ဒပညတ်လော,အတ္ထ ပညတ်လော။

ဖြေ=သဒ္ဒပညတ်ဖြစ်ပါသည်၊ ၊ဋီကာကျော်။

+ + +

၈၈၈- မေး ကထံ တံတံဘူတဝိပရိဏာမာကာရ၊လ၊ ပညာပိယတ္တာပညတ္တိနာမ ဟူသောပါဌ် တို့ဖြင့်အဘယ်ပညတ်ကို ပြပါသနည်း။

ဖြေ—အတ္ထပညတ် အပြားတို့ကို ပြပါသည်။

+ + +

၈၈၉- မေး ပညာပနတော ပညတ္တိပန၊လ၊ ဆဗ္ဗိဓါ ဟောတိ ဟူသောပါဌ်တို့ဖြင့် အဘယ် ပညတ်ကို ပြသနည်း။

ဖြေ=သဒ္ဒပညတ်အပြားတို့ကို ပြပါသည်၊

+ + +

၈၉၀ ·မေး အတ္ထပညတ်သည် ပရမတ္ထပညတ်, သမ္မုတိပညတ်အားဖြင့် နှစ်ပါးရှိရာ အဘယ် သည် ပရမတ္ထပညတ်, သမ္မုတိ ပညတ် မည်ပါသနည်း၊

ဖြေ ရုပ်, ဝေဒနာစသော သဒ္ဒါတို့၏ အနက်သည် ပရမတ္ထပညတ်, ဃဋ, ပုရိသစသော သဒ္ဒါတို့၏ အနက်သည် သမုတိပညတ် မည်ပါသည်။ ။သင်္ခေပဋီကာ။

\+ \+ \+

၈၉၁-မေး။ သဒ္ဒပညတ်သည်ပရမတ္ထပညတ်, သမုတိပညတ်အားဖြင့်နှစ်ပါးရှိရာအဘယ်သည် ပရမတ္ထ ပညတ်, သမုတိပညတ် မည်ပါသနည်း။

ဖြေ—သောတဝိညာဏ်၏အာရုံ၏ အဖြစ်သို့ရောက်ကုန်သောခပ်သိမ်းသောသဒ္ဒါတို့သည် ပရမတ္ထပညတ်၊ ဒေဝဒတ်,ယညဒတ်,တိဿ,ဖုဿစသောအမည်တို့သည် သမုတိပညတ်။ ။သင်္ခေပဋီကာ။

\+ \+ \+

၈၉၂-မေး။ ပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှား မရှိသောကြောင့် ပညတ်ရှိသော အနေဖြင့်ပညတ်ကို ပြောဟောသော ပုဂ္ဂိုလ်အား မုသာဝါဒဖြစ်,မဖြစ် အကြောင်းပြ ပြေပါ။

ဖြေ-ပရမတ္ထအားဖြင့် ထင်ရှား မရှိ သော်လည်း လောကသမုတ်အားဖြင့်ရအပ်သောကြောင့်မဖြစ်ပါ။ ။ပရမတ္ထဒီပနီ။

ပစ္စည်းပိုင်း ပြီး၏။

## ကမ္မဋ္ဌာန်းပိုင်း

**၈၉၃-မေး** အဘယ် တရားသည် အဘယ့်ကြောင့် ကမ္မဋ္ဌာန်းမည်ပါသနည်း။

**ဖြေ**–'ဌာတိဥပ္ပဇ္ဇတိဧတ္ထဧတေနာတိဝါဌာနံ၊ကမ္မဿ ဌာနံကမ္မဋ္ဌာနံ' ဟူသောဝစနတ္ထနှင့်အညီ နှစ်ပါးအပြား ရှိသောသမထ,ဝိပဿနာဟုဆိုအပ်သောသမာဓိ,ပညာ တို့၏ဖြစ်ရာ, တည့်ရာဖြစ်သောကြောင့် ကသိုဏ်းဝန်း စသောအာရုံ,တေဘူမကသင်္ခါရအာရုံတို့သည်**ကမ္မဋ္ဌာန်း** မည်ပါသည်။ ။မဏိမဉ္ဇူ။

\+ \+ \+

**၈၉၄-မေး** အဘယ် တရားသည် အဘယ့်ကြောင့် သမထ မည်ပါသနည်း။

**ဖြေ**..နီဝရဏဓမ္မေ သမေတီတိသမထော ဟူသော ဝစနတ္ထနှင့်အညီ နီဝရဏ တရားတို့ကို ငြိမ်းစေတတ် သောကြောင့် သမာဓိသည် **သမထ** မည်ပါသည်။

\+ \+ \+

**၈၉၅-မေး** အဘယ် တရားသည် အဘယ့်ကြောင့် ဝိပဿနာ မည်ပါသနည်း။

**ဖြေ**=အနိစ္စာဒိဝိဝိဓါကာရေန ပဿတီတိဝိပဿနာ ဟူသောဝစနတ္ထနှင့်အညီ အနိစ္စအစရှိသော အထူးထူး အပြားပြားသော အခြင်းအရာ အားဖြင့် ရှုတတ်သော ကြောင့် ပညာသည် **ဝိပဿနာ** မည်ပါသည်။

၁၉၆-မေး။ အဘယ်တရားသည် အဘယ့်ကြောင့် ဘာဝနာ မည်ပါသနည်း။

ဖြေ=ဘာဝေတဗ္ဗာတိဘာဝနာဟူသော ဝစနတ္ထနှင့် အညီ ပွါးများအပ်သောကြောင့် သမာဓိ,ပညာနှစ်ပါးသည် **ဘာဝနာ** မည်ပါသည်။

\+ + +

၁၉၇-မေး။ ရှေ့ဘုံပိုင်း၌လာသော ဘာဝနာနှင့် ဤကမ္မဋ္ဌာန်းပိုင်းလာ ဘာဝနာတို့သည် တူကြပါသလော,ထူးကြပါသလော။

ဖြေ-ထူးကြပါသည်၊ဘုံပိုင်းလာဘာဝနာမှာ"ဘာဝေတိဝဍ္ဎေတိဧတာယာတိဘာဝနာ"ဟုကရဏသာဓနဝစနတ္ထပြု၍စေတနာကို အရကောက်ရပါသည်၊ ဤ၌ကား ဆိုခဲ့သည့်အတိုင်းကမ္မသာဓနဝစနတ္ထပြု၍သမာဓိ ပညာကို အရကောက်ရပါသည်။

\+ + +

၁၉၈-မေး။ အဘယ့်ကြောင့် စရိုက်မည်ပါသနည်း။

ဖြေ-ဥဿန္နဘာဝေန သန္တာနေ စရတီတိ စရိတံ။ ။ အဘိဓမ္မာဝတာရ။

"စရတိအဘိဏှံပဝတ္တတီတိစရိတံ" ဟူသော ဝစနတ္ထနှင့်အညီပြောသည်၏အဖြစ်ဖြင့် သန္တာန်၌ဖြစ်တတ်သောကြောင့်၎င်း, မပြတ် ဖြစ်တတ်သောကြောင့်၎င်း စရိုက် မည်ပါသည်။ ။မဏိဒီပ။

\+ + +

၇၉၉-မေး ဝါသနာနှင့်စရိုက်မှာထူး,မထူးအဓိပ္ပါယ်နှင့်တကွ ပြပါ။

ဖြေ=ထူးပါသည် ရှေးရှေးဘဝက အထုံစွဲ၍ လိုက်ပါလာခြင်းသည် **ဝါသနာ** ယခုပစ္စုပ္ပန်ဘဝ၌များစွာဖြစ်ပွါးလေ့ရှိသည်ကို **စရိုက်** ခေါ်ပါသည်။

\+ \+ \+

၈၀၀ မေး ဝါသနာကိုဝေဖန်ဖွင့်ပြ၍အဓိပ္ပါယ်ဖေါ်ပြပါ။

ဖြေ=တသ္မိံ တသ္မိံ ကိစ္စေ စသတိပရိစယံဂစ္ဆတိပါပုထာတိ ဝေါဟာတိဝါသနာ၊ထိုထိုသို့သော အမှုကိစ္စ၌ လေ့ကျက်ခြင်းသို့ရောက်စေတတ်သောကြောင့်ကိလေသာစသည့်တို့၏သတ္တိအထူးသည်ဝါသနာမည်ပါသည်

ကိလေသာဒိနံ သတ္တိဝိသေသော၊သာ ကုသလာဝိ အတ္ထိ၊ အကုသလာဝိအတ္ထိ၊ အဗျာကတာဝိအတ္ထိ။ ။အဘိဓာန်ဋီကာ။

\+ \+ \+

၈၀၁-မေး အဘယ် တရားသည် အဘယ့်ကြောင့် ပရိကမ္မဘာဝနာမည်ပါသနည်း။

ဖြေ-အပ္ပနာကို ပြုပြင်စီရင်တတ်သောကြောင့် အပ္ပနာ၏ ရှေ့အဖို့၌ဖြစ်သော ကာမဝစရ ဘာဝနာသည် **ပရိကမ္မဘာဝနာ** မည်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၈၀၂-မေး အဘယ် တရားသည် အဘယ့်ကြောင့် ဥပစာရဘာဝနာ မည်ပါသနည်း။

ဖြေ အပ္ပနာ၏အနီး၌ဖြစ်တတ်သောကြောင့်နီဝရဏ တရားတို့ကိုခွါသည်မှစ၍ဂေါတြဘုအဆုံးရှိသော ကာမာဝစရဘာဝနာသည် ဥပစာရဘာဝနာ မည်၏။

\+ + +

၉၀၃· မေး: အဘယ်ဘာဝနာသည် အပ္ပနာဘာဝနာ မည်ပါသနည်း။

ဖြေ-မဟဂ္ဂုတ်, လောကုတ္တရာ အဖြစ်သို့ ရောက်သော ဘာဝနာသည် အပ္ပနာဘာဝနာမည်ပါသည်။

\+ + +

၉၀၄ မေး: ပရိကမ္မနိမိတ်ဟူ၍ စသည်၌ နိမိတ္တ သဒ္ဒါသို့ သည်အဘယ်အနက်ကိုဟောပါသနည်း။

ဖြေ-ကသိုဏ်းဝန်းစသောအာရုံအနက်ကိုဟောပါသည်။

\+ + +

၉၀၅-မေး: ကသိုဏ်းဝန်းစသောအာရုံသည်အဘယ် ကြောင့် နိမိတ်မည်ပါသနည်း။

ဖြေ-'အာရမ္မဏ်ကာ မနေမ္ဘယ် နိမိယတေ ဇာနိယတေ တိ နိမိတ္တံ'ဟူသောပစနတ္ထနှင့်အညီ အာရမ္မဏ်ကကရား တို့သည် ထင်ခပ်သောကြောင့် နိမိတ် မည်ပါသည်။

\+ + +

၉၀၆-မေး: နိမိတ်သုံးပါးတို့၏အထူးကို ဖော်ပြပါ။

ဖြေ စက္ခုဝိညာဏ်ဖြင့်မြင်ကောင်းသောကသိုဏ်း ဝန်းစသော အာရုံသည် ပရိကမ္မနိမိတ် မည်၏၊ စက္ခု

ဝိညာဏ်ဖြင့်မြင်အပ်သကဲ့သို့ မနော ဒွါရ၌သာ ထင်လာသော ကသိုဏ်းဝန်းစသော အာရုံသည် ဥဂ္ဂဟနိမိတ်မည်၏၊ ကသိဏာဒေါသစသော အပြစ်မှကင်း၍ ဥဂ္ဂဟနိမိတ်ထက် အဆအရာ,အထောင်မက စင်ကြယ်သော မနောဒွါရ၌သာထင်သော ကသိုဏ်းဝန်းစသည်နှင့် တူသောအာရုံသည် ပဋိဘာဂနိမိတ် မည်၏။

\+ \+ \+

၉၀၇-မေး အဘယ်နိမိတ်သည် အဘယ်ဘာဝနာ၏ အာရုံဖြစ်ပါသနည်း။

ဖြေ=ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် နှစ်ပါးသည် ပရိကမ္မဘာဝနာ၏အာရုံဖြစ်ပါသည်၊ ပဋိဘာဂနိမိတ်သည် ဥပစာရဘာဝနာ,အပ္ပနာဘာဝနာ၏အာရုံဖြစ်ပါသည်။ ဋီကာကျော်။

\+ \+ \+

၉၀၈-မေး ပထဝီကသိုဏ်းဟူသည် အဘယ်နည်း၊ မုချဥပစာအားဖြင့် ထောက်ပြပါ။

ဖြေ=ပညတ် ဖြစ်သော သသမ္ဘာရ ပထဝီအဝန်းသည် မုချအားဖြင့်ပထဝီကသိုဏ်းမည်ပါသည်။

ကသိုဏ်းဝန်းနှင့်တူသောပဋိဘာဂနိမိတ်သည် သဒိသူပစာရအားဖြင့် ပထဝီကသိုဏ်းမည်ပါသည်၊ ထိုကသိုဏ်းဝန်းလျှင်အာရုံရှိသောဈာန်သည်ကား ဌာနူပစာရအားဖြင့်ပထဝီကသိုဏ်းမည်ပါသည်။ ။မှတ်မဥ္ဇူ။

၉၀၉-မေး ကသိုဏ်းဆယ်ပါးကို ဘူတ ကသိုဏ်း၊ ဝဏ္ဏ ကသိုဏ်း, အာကာသ ကသိုဏ်း, အာလောက ကသိုဏ်းအားဖြင့် ဝေဘန်၍ ပြပါ။

ဖြေ-ပထဝီစသော ကသိုဏ်းလေးပါးသည် ဘူတကသိုဏ်း ဖြစ်ပါသည်၊ 'နီလ'စသောကသိုဏ်းလေးပါးသည် ဝဏ္ဏကသိုဏ်း ဖြစ်ပါသည်၊ ပရိစ္ဆိန္နာကာသသည် အာကာသကသိုဏ်းဖြစ်ပါသည်၊ 'လရောင်'စသည်သည် အာလောကကသိုဏ်း ဖြစ်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၉၁၀-မေး ဗုဒ္ဓါ နုဿတိ၌ ရသင့်သော ဥပစာကို ထုတ်ပြပါ၊

ဖြေ=အရဟံ, သမ္မာ သမ္ဗုဒ္ဓ စသော ဂုဏ်တော်ကိုသာ အဖန်တလဲလဲ အောက်မေ့အပ်ပါလျက် ဘုရားသခင်သဗ္ဗညုဒ္ဓါန်တော်ကိုပဋ္ဌာန်ပြု၍ 'ဗုဒ္ဓါနုဿတိ'ဟု ဆိုသောကြောင့် ဌာနူပစာ ဖြစ်ပါသည်၊

ဋ္ဌာနူပစာရေန ဋ္ဌာနီဘူတာ ဂုဏာ ဗုဒ္ဓေါတိ ဝုစ္စတိ။ ။မဏိမဉ္ဇူ။

\+ \+ \+

၉၁၁ မေး မေတ္တာနုဿတိ၌ မေတ္တာအရ အဘယ် မေတ္တကို ယူမည်နည်း၊

ဖြေ-ပရိယတ်နှင့် တကွသော မေတ္တဆယ်ပါး၏ ဂုဏ်တော်ကို ယူရပါသည်၊ ။မဏိမဉ္ဇူ။

\+ \+ \+

**၃၁၂-မေး** ဓမ္မာနုဿတိဖြင့် နိဗ္ဗာန်ကိုယူပြီးပါလျက် ဥပသမာနုဿတိဖြင့် အဘယ့်ကြောင့် နိဗ္ဗာန်ကိုအသီးအခြားယူရပါသနည်း။

ဖြေ=အသင်္ခတ,အမတစသော အဖြစ်အားဖြင့် မဂ်ဖိုလ်တို့ထက် ထူးသည့်၏ အဖြစ်ကြောင့် အသီးအခြား ကမ္မဋ္ဌာန်း၏အဖြစ်ဖြင့်ယူပါသည်။ ။မဏိမဉ္ဇူ။

+ + +

**၃၁၃-မေး** ဒေဝတာနုဿတိ၌ ဒေဝအရ အဘယ် ဒေဝကို ယူမည်နည်း။

ဖြေ=အလုံးစုံသော နတ်,ဗြဟ္မာတို့ကိုယူပါသည်။

+ + +

**၃၁၄-မေး** ကာယဂတာ သတိ၌ အဘယ့်ကြောင့် အနုသဒ္ဒါ မပါပါသနည်း။

ဖြေ–သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌ အနုလောမ,ပဋိလောမအားဖြင့် သရဇ္ဈာယ်ခြင်းကို ပြုအပ်သောကြောင့် အနုသဒ္ဒါ မပါပါ။ ။ဂဏ္ဌိဟောင်း။

+ + +

**၃၁၅-မေး** အာနာပါနဿတိ၌အဘယ့်ကြောင့် အနုသဒ္ဒါ မပါလေသနည်း။

ဖြေ–လွန်လေပြီးသော ထွက်သက်, ဝင်သက်ကိုလည်း အာရုံမပြု,လာလတ္တံ့သော ထွက်သက်ဝင်သက်ကိုလည်း အာရုံမပြု,ပစ္စုပ္ပန်ဖြစ်သောထွက်ဝင်သက်ကို

လည်း တကြိမ်သာ အာရုံပြု၍ အောက်မေ့ အပ်သော ကြောင့် မပါပါ။ ။ဂဏ္ဌိဟောင်း။

\+ + +

၉၁၆-မေး။ အမိဝမ်းမှ ဖွါးစသူငယ်အား ထွက်သက် ဝင်သက် နှစ်ပါးတို့တွင် အဘယ်သည် ရှေးဦးစွာ ဖြစ်ပါသနည်း။

ဖြေ-ထွက်သက် ရှေးဦးစွာ ဖြစ်ပါသည်။

\+ + +

၉၁၇-မေး။ အဘယ့်ကြောင့် အပ္ပမညာ မည်ပါသနည်း။

ဖြေ-နဏ္ဍိပမာဏံ ဒေတသန္တိ အပ္ပမာဏာ၊ အပ္ပမာဏောသုဘာ၊ အပ္ပမညာဟူသော ဝစနတ္ထနှင့်အညီ အဆုံးအစ အပိုင်းအခြားမရှိသောသတ္တဝါပညတ်လျှင် အာရုံရှိသောကြောင့် အပ္ပမညာ မည်ပါသည်။

\+ + +

၉၁၈-မေး။ အပ္ပမညာ ၄ ပါးကိုပင် အဘယ့်ကြောင့် ဗြဟ္မဝိဟာရဟု ခေါ် ပြန်ပါသနည်း။

ဖြေ-ဝိဟာရန္တိ ဒွေဘာဝိဟာရော၊ ဗြဟ္မာနဥတ္တမော ဝိဟာရော ဗြဟ္မဝိဟာရော၊ ဗြဟ္မာနံဝါဥတ္တမာနံ ယောဂီနံ ဝိဟာရော ဗြဟ္မဝိဟာရော-ဟူသော ဝစနတ္ထနှင့် အညီ မြတ်သောနေရာ ဖြစ်သောကြောင့်၎င်း၊ မြတ်ကုန်သော ယောဂီပုဂ္ဂိုလ်တို့၏ နေရာဖြစ်သောကြောင့်၎င်း၊ ဗြဟ္မဝိဟာရဟုခေါ်ပါသည်။

၉၁၉-မေး။ အပ္ပမညာကို အဘယ်၏ အစွမ်းအားဖြင့် လေးပါးဟောပါသနည်း။

ဖြေ—ဗျာပါဒ ဝိဟိံသ စသည်တို့မှ စင်ကြယ်ခြင်း အကြောင်း၏အစွမ်းအားဖြင့်လေးပါးဟောပါသည်။ ။ အဋ္ဌသာလိနီ။

\+ \+ \+

၉၂၀-မေး။ အဘယ်အပ္ပမညာသည် အဘယ်ပုဂ္ဂိုလ်၏ စင်ကြယ်ခြင်းအကြောင်းပါနည်း။

ဖြေ—မေတ္တာသည် ဗျာပါဒ များသော ပုဂ္ဂိုလ်၏, ကရုဏာသည်ဝိဟိံသများသောပုဂ္ဂိုလ်၏,မုဒိတာသည် အရတိ များသောပုဂ္ဂိုလ်၏, ဥပေက္ခာသည် ရာဂများ သောပုဂ္ဂိုလ်၏စင်ကြယ်ခြင်းအကြောင်းဖြစ်ပါသည်။

\+ \+ \+

၉၂၁-မေး။ အပ္ပမညာလေးပါးတို့၌အဘယ်၏အစွမ်း အားဖြင့် ဤသို့သော အစဉ်ကို ဟောပါ သနည်း။

ဖြေ—အစီးအပွါးကိုကျင့်ခြင်း,အစီးအပွါးမဲ့ကိုပယ် ခြင်း, သူတပါး၏ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည်ကို ဝမ်းမြောက်ခြင်း, နှလုံးမသွင်းခြင်း၏ အစွမ်းအားဖြင့် ဤသို့သောအစဉ်ကိုဟောပါသည်။ ။အဋ္ဌသာလိနီ။

\+ \+ \+

၉၂၂-မေး။ ကမ္မဋ္ဌာန်း လေးဆယ်တို့တွင် ပရိတ္တ ပဋိဘာဂ ကမ္မဋ္ဌာန်း, အပ္ပမာဏ ပဋိဘာဂ ကမ္မဋ္ဌာန်းတို့ကိုဘေ၍ပြပါ။

ဖြေ–အပ္ပမညာ လေးပါးသည် ပရဟိတ ပဋိပတ္တိ ကမ္မဋ္ဌာန်း ဖြစ်ပါသည်၊ ကြွင်းသော ကမ္မဋ္ဌာန်းတို့သည် အတ္တဟိတပဋိပတ္တိကမ္မဋ္ဌာန်းတို့ဖြစ်ပါသည်။ ။မဏိမဉ္ဇူ။

\+ + +

၉၂၃- မေး သဗ္ဗတ္ထက ကမ္မဋ္ဌာန်း, ပါရိဟာရိယ ကမ္မဋ္ဌာန်းတို့ကို ဝေဘန်၍ပြပါ။

ဖြေ- မေတ္တာ,မရဏာနုဿတိ နှစ်ပါးသည်မည်သည့် စရိုက်ပြောသောပုဂ္ဂိုလ်မဆို အလိုရှိအပ်သောကြောင့် **သဗ္ဗတ္ထက ကမ္မဋ္ဌာန်း** မည်၏၊ ကြွင်းသောကမ္မဋ္ဌာန်းတို့သည် စရိုက်အားလျော်စွာ ဆောင်အပ်သောကြောင့် **ပါရိဟာရိယ ကမ္မဋ္ဌာန်း** မည်၏။ ။ဝိသုဒ္ဓိမဂ်။

\+ + +

၉၂၄ မေး ဝဍ္ဎေတဗ္ဗကမ္မဋ္ဌာန်း,အဝဍ္ဎေတဗ္ဗကမ္မဋ္ဌာန်းတို့ကို ပြပါ၊

ဖြေ–ကသိုဏ်း ဆယ်ပါးသည် **ဝဍ္ဎေတဗ္ဗ ကမ္မဋ္ဌာန်း** မည်၏၊ အကြွင်းသည် **အဝဍ္ဎေတဗ္ဗ ကမ္မဋ္ဌာန်း** မည်၏။ ။အဘိဓမ္မာဝတာရ။

\+ + +

၉၂၅- မေး လက်ဦး အစ ပွါးများရ, မပွါးများရ သော ကမ္မဋ္ဌာန်းတို့ကို ပြပါ၊

ဖြေ–ဥပေက္ခာ, အာရုပ္ပလေးပါး၊ ယင်းငါးပါးကို လက်ဦးအစမပွါးများရပါ ကြွင်းသောကမ္မဋ္ဌာန်းတို့ကိုကား လက်ဦးအစ ပွါးများရပါသည်။ ။ဝိသုဒ္ဓိမဂ်။

**၉၂၆-မေး** ဒိဋ္ဌ အားဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း၊ ဖုဋ္ဌ အားဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း၊ ဒိဋ္ဌ ဖုဋ္ဌအားဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း၊ သုတ အားဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း တို့ကို ပြပါ။

**ဖြေ**—ဝါယောကြဉ်သောကသိုဏ်းကိုးပါး၊ အသုဘ ဆယ်ပါး၊ တစပဉ္စက ၅ကား ဒိဋ္ဌ၊ အာနာပါနကား ဖုဋ္ဌ၊ ဝါယောကသိုဏ်းကား ဒိဋ္ဌ-ဖုဋ္ဌ၊ အကြွင်းဘို့ကား သုတ အားဖြင့်ယူအပ်သော ကမ္မဋ္ဌာန်းတို့ဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ်။

\+ + +

**၉၂၇။ မေး** အဘယ်ဘုံ၌ အဘယ်ကမ္မဋ္ဌာန်းကိုရပါ သနည်း၊ ဝေဘန်ပြပါ။

**ဖြေ**-လူ့ဘုံ၌လေးဆယ်လုံးကိုရပါသည်၊နတ်ဗြဘုံ၌ အသုဘဆယ်ပါး၊ကာယဂတာသတိ၊ အာဟာရေပဋိကူလသညာမှ တပါးကြွင်း နှစ်ဆယ့်ရှစ်ပါးကို ရပါသည် ရူပဘုံ၌နှစ်ဆယ့်ရှစ်ပါးထဲမှ အာနာပါနသတိ ကိုနှုတ်၍နှစ်ဆယ့်ခုနစ်ပါးရပါသည်၊ အရူပ လေးဘုံ၌ အာရုပ္ပလေးပါးကိုသာရပါသည်။ ။အဘိဓမ္မာဝတာရ။

\+ + +

**၉၂၈။ မေး** အာရုပ္ပလေးပါးကို အာရမ္မဏကမ္မဋ္ဌာန်း ဈာနကမ္မဋ္ဌာန်းအားဖြင့် ခွဲပြပါ။

ဖြေ—အာကာသာနဉ္စာယတန, အာကိဉ္စညာယတန နှစ်ပါးသည် အာရမ္မဏ ကမ္မဋ္ဌာန်းလည်းမည်၏၊ ဈာန ကမ္မဋ္ဌာန်းလည်းမည်၏၊ ဝိညာဏဉ္စာယတန, နေဝသညာ နာသညာယတနနှစ်ပါးသည်ဈာနကမ္မဋ္ဌာန်းသာမည်၏။ မဏိမဉ္ဇူ၊

\+ \+ \+

၄၂၉-ခမ်း အသုဘဆယ်ပါး,ကာယဂတာသတိတို့ သည် ရာဂစရိုက်များသောပုဂ္ဂိုလ်အား အဘယ့်ကြောင့် လျောက် ပတ်လေသ နည်း။

ဖြေ-ရာဂ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သော ကြောင့် လျောက်ပတ်ပါသည်၊

ရာဂဿ ဥဇုပစ္စနီကဘာဝတော။ ။ဋီကာကျော်၊

\+ \+ \+

၄၃၀-ခမ်း အပ္ပမညာ လေးပါး,နီလ,ပီတ,လောဟိ တ,ဩဒါတ, ယင်း ၄ပါးတို့သည် အ ဘယ့်ကြောင့် ဒေါသစရိုက် များသော ပုဂ္ဂိုလ်အားလျောက်ပတ်လေသနည်း၊

ဖြေ=ဒေါသကို ပယ်ခွါခြင်း၏ အကြောင်းဖြစ်သော ကြောင့် ဒေါသစရိုက် များသော ပုဂ္ဂိုလ်အား လျောက် ပတ်လေသည်။

ဒေါသဝိဂ္ဃာတနုပါယတော၊ ၊အဘိဓမ္မာဝတာရ၊

\+ \+ \+

၉၃၁-မေး။ အာနာပါနဿတိ သည် မောဟ စရိုက် ဝိတက် စရိုက် များသော ပုဂ္ဂိုလ် အား အဘယ့်ကြောင့် လျောက်ပတ် လေသနည်း။

ဖြေ-အာနာပါနဿတိသည်ပညာ၏အာရုံဖြစ်သဖြင့် မောဟ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်မောဟစရိုက် ပြောသောပုဂ္ဂိုလ်အားလျောက်ပတ်လေသည်၊ကမ္မဋ္ဌာန်း မှအပဖြစ်သောများစွာသောအာရုံ၌ ဝိတက်၏ပြေးသွား ခြင်းကို တားမြစ်တတ်သောကြောင့် ဝိတက်စရိုက် များ သောပုဂ္ဂိုလ်အားလျောက်ပတ်လေသည်။ဋီကာကျော်။

\+ \+ \+

၉၃၂-မေး။ ဗုဒ္ဓါနုဿတိစသော ခြောက်ပါးတို့သည် အဘယ့်ကြောင့် သဒ္ဓါစရိုက် များသော ပုဂ္ဂိုလ်အားလျောက်ပတ်လေသနည်း။

ဖြေ-သဒ္ဓါ ပဒဋ္ဌာန် အကြောင်း ဖြစ်သောကြောင့် လျောက်ပတ်လေသည်။ ။ဋီကာကျော်။

\+ \+ \+

၉၃၃-မေး။ မရဏာနုဿတိ,ဥပသမာနုဿတိ,သညါ ဝဝတ္ထာန်တို့သည် အဘယ်ကြောင့်ပညာ စရိုက်များသော ပုဂ္ဂိုလ်အား လျောက် ပတ်လေသနည်း။

ဖြေ—သင်း ကမ္မဋ္ဌာန်းဘို့သည် နက်နဲသောကြောင့် ပညာ၏အာရုံသါဖြစ်လေသည်,ထို့ကြောင့်ပညာစရိုက်များသောပုဂ္ဂိုလ်အား လျော်ပတ်လေသည်။

ဂမ္ဘီရဘာဝတော ဗုဒ္ဓိယာဝေ ဝိသယတ္တာ။ ။ဋီကာကျော်။

\+ \+ \+

၉၃၄-မေး မောဟ စရိုက် များသော ပုဂ္ဂိုလ်အား ကောက်နယ်တလင်းခန့်ရှိသော ကြီးစွာသောကသိုဏ်းဝန်းနှင့် အဘယ်ကြောင့် လျော်ပတ်လေသနည်း။

ဖြေ ကျဉ်းမြောင်းသောအာရုံ၌စိတ်အကိုင်းအရှည်ထက် အလွန် တွေဝေခြင်းကြောင့် ကြီးကျယ်သော ကသိုဏ်းဝန်းနှင့်လျော်ပတ်လေသည်။ ။ဋီကာကျော်။

\+ \+ \+

၉၃၅-မေး ဤပုဂ္ဂိုလ်အား ဤကမ္မဋ္ဌာန်းနှင့် လျော်ပတ်၏ဟု အသီးအခြားဆိုသောကြောင့် စရိုက်နှင့် မလျော်သော အခြားသော ကမ္မဋ္ဌာန်းကိုစီးဖြန်းကျောန်သမာပတ်ကို မရနိုင်ဟု မှတ်ရမည်လော။

ဖြေ-မမှတ်ရပါ၊ရနိုင်ပါသည်၊ ဤပုဂ္ဂိုလ် အားဤခဲ့သည် သောကမ္မဋ္ဌာန်းနှင့်လျော်ပတ်၏ဟုဆိုခြင်းသည်ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၎င်း, အလွန်လျော်ပတ်သောကြောင့်၎င်းဆိုပါသည် ဋီကာကျော်

\+ \+ \+

၉၃၆- မေး ဗုဒ္ဓါနုဿတိ အာဒိသု၊ လ၊ နတ္ထိ အပ္ပနာ ဟူသော ဝါကျ၌ ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်းဆယ်ပါးတို့၌အဘယ့်ကြောင့် အပ္ပနာဘာဝနာကို မရပါသနည်း။

ဖြေ=ဗုဒ္ဓါနုဿတိ စသည်တို့၏ ပရမတ္ထဖြစ်သည်၏ အဖြစ်ကြောင့်၎င်း, များသော အပြား ရှိသည်၏ အဖြစ်ကြောင့်၎င်း, တခုသောပရမတ္ထ၏လည်း နက်နဲသည်၏ အဖြစ်ကြောင့်၎င်း, အပ္ပနာ ဘာဝနာကို မရပါ။ ။ ဋီကာကျော်။

\+ + +

၉၃၇- မေး ဘုရားဂုဏ်တော်တို့၏ပရမတ္ထဖြစ်သော ကြောင့် အပ္ပနာ ဘာဝနာ မဖြစ်သော် လောကုတ္တရာ သမာဓိ, ဒုတိယ စတုတ္ထ အရူပသမာဓိသည်ကား ပရမတ္ထအာရုံ၌ အဘယ်သို့လျှင် အပ္ပနာသို့ရောက်နိုင်ပါ သနည်း။

ဖြေ-ဘာဝနာဝိသေသအားဖြင့်ရောက်နိုင်ပါသည်၊ ဋီကာကျော်။

\+ + +

၉၃၈- မေး အသုဘဆယ်ပါး, ကာယဂတာသတိတို့ သည်အဘယ့်ကြောင့် ပဌမဈာန်၏အာရုံ သာ ဖြစ်၍ ဒုတိယဈာန်စသည်တို့၏ အာ ရုံ မဖြစ်ပါသနည်း။

ဖြေ–ကြမ်းသော ရေအယဉ်ရှိသောမြစ်၌ လှေသည် တွန်းဝါး၏အစွမ်းအားဖြင့်သာတည်နိုင်သကဲ့သို့ဤအတူ စက်ဆုပ်ဖွယ် ရှိသော အသုဘ အာရုံ၌ အပ္ပနာသည် ဝိတက်၏အစွမ်းအားဖြင့်သာတည်နိုင်သည်ဖြစ်၍ဝိတက် ရှိသောပဌမဈာန်၏ အာရုံသာဖြစ်သင့်ပါသည်၊ ဒုတိယ ဈာန် စသည်တို့ကား ဝိတက် မရှိသောကြောင့် ယင်းဈာန်တို့၏ အာရုံမဖြစ်နိုင်ပါ။ ။ဋီကာကျော်။

\+ + +

၉၃၉ · မေး။ ပဌမဈာန်ကားသေါမနဿ၊ အသုဘအာရုံကား စက်ဆုပ်ဖွယ်ရှိသဖြင့်အဘယ်သို့လျှင် အာရုံ အာရမ္မဏိက ဖြစ်နိုင်မည်နည်း၊ ဥပမာဆောင်၍ ဖြေပါ။

ဖြေ-အနာရောဂါကပ်ရောက်သောသူအားစက်ဆုပ်ရွံရှာဖွယ်ကောင်းသောအန်ဆေးပင်ဖြစ်သော်လည်း အနာရောဂါပျောက်လတ္တံ့သောအကျိုးကိုမြင်သဖြင့်ယင်းအန်ဆေး၌နှစ်သက်ခြင်းပီတိ,သောမနဿဖြစ်သကဲ့သို့, ဤအတူစက်ဆုပ်ဖွယ်ပင်ဖြစ်သော်လည်းငါသည်မချွတ် ဤအကျင့်ဖြင့် ဇရာ,မရဏမှ လွတ်အံ့ဟု အကျိုးကိုမြင်သောကြောင့် နီဝရဏတည်းဟူသော ပူပန်ခြင်းကိုပယ်သဖြင့် ပီတိ,သောမနဿ ဖြစ်နိုင်ပါသည်၊ ထို့ကြောင့် အာရုံအာရမ္မဏိက ဖြစ်နိုင်ပါသည်။ ။ဋီကာကျော်။

\+ + +

၉၄၀-မေး မေတ္တာစသော ဗြဟ္မဝိဟာရ သုံးပါးတို့သည် ပဉ္စမဈာန်မှတပါးသော ဈာန်လေးပါးတို့၏ အာရုံသာဖြစ်၍ ပဉ္စမ ဈာန်၏ အာရုံ အဘယ့်ကြောင့်မဖြစ်ပါသနည်း။

ဖြေ - မေတ္တာစသော သုံးပါးတို့သည် ဒေါမနဿနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် သောမနဿ ဝေဒနာနှင့် အမြဲယှဉ်လေသည်၊ ထို့ကြောင့် ပဉ္စမဈာန်၏ အာရုံ မဖြစ်နိုင်ပါ။ ။ဋီကာကျော်။။

+ + +

၉၄၁-မေး ဥပေက္ခာ ဗြဟ္မဝိဟာရသည် အဘယ့်ကြောင့် ပဉ္စမဈာန်၏ အာရုံသာ ဖြစ်ရပါသနည်း။

ဖြေ-ဥပေက္ခာဝေဒနာနှင့်ကင်း၍တရံတဆစ်မျှမဖြစ်သောကြောင့် ပဉ္စမဈာန်၏ အာရုံသာ ဖြစ်ရပါသည်။ ။ အဋ္ဌသာလိနီ။

+ + +

၉၄၂-မေး နိမိတ် သုံးပါးတို့တွင် အဘယ်နိမိတ် ကို အဘယ်ကမ္မဋ္ဌာန်း၌ ရပါသနည်း။

ဖြေ - ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် နှစ်ပါးကို ကမ္မဋ္ဌာန်း လေးဆယ်လုံး၌ ရပါသည်၊ ပဋိဘာဂ နိမိတ်ကို ကသိုဏ်းဆယ်ပါး, အသုဘ ဆယ်ပါး, ကာယဂတာသတိ, အာနာပါနဿတိတို့၌သာ ရပါသည်။

+ + +

၉၄၃-မေး ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် နှစ်ပါးကို အလုံးစုံသော ကမ္မဋ္ဌာန်း၌ ရသော် ရချ အားဖြင့် ရနိုင်ပါသလော။

ဖြေ=ကသိုဏ်းဆယ်ပါး အသုဘဆယ်ပါး; ကာယ ဂတာသတိ, အာနာပါနဿတိတို့၌သာ ရချ အားဖြင့် ရပါသည်၊ ကြွင်းတဆယ့်ရှစ်ပါးတို့၌ကား ပရိယာယ် အားဖြင့်သာ ရပါသည်။

\+ + +

၉၄၄-မေး နိမိတ် နှစ်ပါးကို နှစ်ဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့၌သာ ရချရ၍ တဆယ့်ရှစ် ပါးသော ကမ္မဋ္ဌာန်းတို့၌ အဘယ်ကြောင့် ပရိယာယ်အားဖြင့် ရလေသနည်း။

ဖြေ-နှစ်ဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့၌သာ အာရုံထင်သောကြောင့် ရချနိမိတ်နှစ်ပါးကိုရလေသည်၊ တဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့၌ကား အာရုံနိမိတ်၏ အဖြစ်ဖြင့် တူသောကြောင့် ပရိယာယ်အားဖြင့်, ဝါ-သဒ္ဒိသူပစာအားဖြင့်သာ ရလေသည်၊ ။ဋီကာကျော်။

\+ + +

၉၄၅ မေး ပဋိဘာဂ နိမိတ်ကို နှစ်ဆယ့် နှစ်ပါးသော ကမ္မဋ္ဌာန်း တို့၌ သာ အဘယ့်ကြောင့် ရလေသနည်း။

ဖြေ—နှစ်ဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့၌ သာလျှင် ပညတ်,ပရမတ်ဖြစ်သော နှစ်ပါးသော အာရုံနိမိတ်ကို ရအပ်လေသောကြောင့် ရပါသည်။

တေသု ပညတ္တိ ပရမတ္ထဘူတာ နံဒွိန္နံ နိမိတ္တာနံလဗ္ဘမာနတ္တာ။ မဏိမဉ္ဇူ။

\+ \+ \+

၄၅၆-မေး ကမ္မဋ္ဌာန်း လေးဆယ် တို့တွင် အဘယ် ကမ္မဋ္ဌာန်း၌ ပရမတ်,ပညတ်အာရုံတို့ကို ရပါသနည်း၊ အသီးအသီးဝေဘန်၍ပြပါ

ဖြေ—အာနာပါနသတိ, ကာယဂတာသတိမှတပါး အနုဿတိရှစ်ပါး,သညာ,ဝဝတ္ထာန်နှစ်ပါး၊ ဒုတိယာရုပ္ပ စတုတ္ထာရုပ္ပနှစ်ပါး၊ ပေါင်း ၁၂ ပါးတို့၌ပရမတ္ထအာရုံကို သာရပါသည်၊ အပ္ပမညာ ၄ ပါး၊ ပဌမာရုပ္ပ,တတိယာရုပ္ပ၊ ပေါင်း ၆ ပါးတို့၌ ပညတ်အာရုံကိုသာ ရပါသည်၊ ကြွင်း နှစ်ဆယ့်နှစ်ပါးတို့၌ရှေးအဖို့ဝယ်ပရမတ္ထဖြစ်သောအာရုံ,နောင်အဖို့ဝယ်ပညတ်ဖြစ်သောအာရုံတို့ကိုရအပ်သည် ဖြစ်၍နှစ်ပါးပုံသောအာရုံကိုသာရပါသည်။ ။မဏိမဉ္ဇူ။

\+ \+ \+

၄၅၇-မေး ဝိတက္ကာဒိကမောဠာရိကင်္ဂ၌ အာဒိသဒ္ဒ ကို ဖော်ပြပါ။

ဖြေ-ဝိစာရ,ပီတိ,သုခ သုံးပါးဖြစ်ပါသည်။

\+ \+ \+

၄၄၈-မေး။ ဝိစာရဒိ သုခမဂ်ပွဏ္ဏိယာဉ် အာဒီဝဋ္ဋကို ဖော်ပြပါ။

ဖြေ—ပီတိ, သုခ, ဥပေက္ခာ, ဧကဂ္ဂတာတို့ဖြစ်ပါသည်

\+ + +

၄၄၉-မေး။ ပဌမဈာန်ကို ရပြီး၍ ဒုတိယဈာန်ကို ရအောင် အားထုတ်သောပုဂ္ဂိုလ်အား အဘယ်ကာလမှစ၍ဥပစာရဘာဝနာ ဖြစ်ပါသနည်း။

ဖြေ=ဝိတက်၌ တပ်ခြင်းကို ခွါသည်မှစ၍ ဖြစ်ပါသည်။

\+ + +

၄၅၀-မေး။ အာကာသ ဇွဲ့ဘ ကသိဏောသ ဝါကျ၌ အာကာသကသိဏ်းကိုအဘယ့်ကြောင့် ကြဉ်ရပါသနည်း။

ဖြေ အာကာသ ကသိုဏ်းကို ခွါခြင်း၌ မတတ်ကောင်းသောကြောင့် ကြဉ်ရပါသည်။ ။ဋီကာကျော်။

\+ + +

၄၅၁-မေး။ ကသိဏ်းကိုခွါ၍ဟူသည်ကြမ်းမှဖျာကို ခွါသကဲ့သို့ ခွါသလော။

ဖြေ—မဟုတ်ပါ၊ နှလုံးမသွင်းခြင်းကိုပင် ခွါသည်ဟု ဆိုပါသည်။

အမနသိကာရဝသေနဥဒ္ဓရိတွာ၊ ။ဋီကာကျော်။

\+ + +

၉၅၂-မေး။ ယံကိဉ္စိ ကသိဏံ၌ ကသိုဏ်း ဟူသည် အဘယ် နိမိတ် ဖြစ်သော ကသိုဏ်းပါနည်း။

ဖြေ-ပဋိဘာဂနိမိတ်ဖြစ်သော ကသိုဏ်းဖြစ်ပါသည်။

\+ + +

၉၅၃-မေး။ ယံကိဉ္စိ ကသိဏံ၌ ကသိုဏ်း ဟူသည် အဘယ်ဈာန်၏အာရုံဖြစ်သောကသိုဏ်းပါနည်း။

ဖြေ-ပဉ္စမဈာန်၏ အာရုံဖြစ်သော ကသိုဏ်းဖြစ်ပါသည်။ ။မဏိမဉ္ဇူ။

\+ + +

၉၅၄-မေး။ အာကာသာနဉ္စာယတနဈာန်ကို ရစိမ့်သောငှါစီးဖြန်းသောယောဂီပုဂ္ဂိုလ်သည် ကရဇရုပ်၌အပြစ်ကို မြင်၍ ကရဇရုပ်ကို လွန်ခြင်းငှါ စီးဖြန်းသော် ကရဇရုပ်ကို လွန်ခြင်းသည် ရူပါဝစရစတုတ္ထဈာန်က ပင်ပြီးသည်မဟုတ်ပါလော၊ အသို့နည်း၊

ဖြေ-ကရဇရုပ်ကိုရူပါဝစရစတုတ္ထဈာန်ကပင်လွန်ပြီးသည် မှန်သော်လည်း ကသိုဏ်းရုပ်ကိုလည်း လွန်ခြင်းငှါအလိုရှိသောကြောင့် စီးဖြန်းပါသည်။

ကိဉ္စာပိ ရူပါဝစရ စတုတ္ထဇ္ဈာန ဝသေန ကရဇရူပံ အတိက္ကန္တံ ဟောတိ၊ အဇ္ဇခေါ ကသိဏရူပမ္ပိ။ ။ဝိသုဒ္ဓိမဂ်။

၉၅၅-မေး ကရဇဗရုပ်၌ အပြစ်ကိုမြင်သော် ကရဇ ရုပ်ကိုသာ လွန်ပါတော့လော၊ အဘယ့် ကြောင့် ကသိဏ်းရုပ်ကိုလည်း လွန်ပြန် ပါသနည်း၊

ဖြေ—ဘီလူးကို ကြောက်သော သူသည် ရှေးက မရောက်သောအရပ်၌ ညဥ့်အခါ ထမ်းပုတ်ကိုမြင်သော အခါဘီလူးမှတ်ထင်၍ ကြောက်စိတ်ဖြစ်သကဲ့သို့ကသိဏ်း ရုပ်သည်လည်းကရဇဗရုပ်နှင့်တူသောကြောင့် ကသိဏ်း ရုပ်ကိုလည်းလွန်ခြင်းငှါအလိုရှိလေသည်။ ။ဝိသုဒ္ဓိမဂ်။

\+ \+ \+

၉၅၆-မေး ကောင်းကင် ပညတ်သည် အလိုရှိအပ် သော အပိုင်းအခြားအားဖြင့် အဆုံးရှိ သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အနန္တအာကာသံဟု ဆိုရပါသနည်း၊

ဖြေ အလိုရှိအပ်သောအပိုင်းအခြားအားဖြင့်အဆုံး ရှိသော်သည်းဥပါဒ်စသော အဆုံးအပိုင်းအခြားမှကင်း သောကြောင့် အနန္တအာကာသံဟု ဆိုပါသည်။ ။ ဋီကာကျော်၊

\+ \+ \+

၉၅၇ မေး အနန္တအာကာသံ၌"အာကာသံ ကောင်း ကင်သည်၊အနန္တ-အဆုံးမရှိဟူ၍ဖွင်း,အ နန္တ အဆုံးမရှိသော၊အာကာသံကောင်း ကင်ဟူ၍ဖွင်း''အနက်၂မျိုးပေးကြရာအ ဘယ်အနက်ပေးနည်းသာမှန်မည်နည်း၊

ဖြေ—ဝိသေသနသဿပရနိပါတစသေန အာကာသာ နဉ္စာယတနံ ဟုဋီကာမိန့်ဆိုချက် ရှိသည်နှင့်အညီ အာကာသာနန္တံ၌“ဝိသေသနနောက်ပြန်သည်”ဟုဆိုသည် ကိုထောက်သဖြင့် အနန္တံအာကာသံဟု နောက်အနက် ပေးခြင်းကိုသာ အမှန်ယူရပါမည်။

\+ \+ \+

၉၅၈–မေး ကောင်းကင်ပညတ်ကိုအနန္တံအာကာသံ ဟုသာ စီးဖြန်းအပ်ပါသလော။

ဖြေ—အာကာသော အာကာသော ဟူ၍လည်း စီး ဖြန်းအပ်ပါသေးသည်။ ။ဋီကာကျော်။

\+ \+ \+

၉၅၉-မေး ပဌမာရုပ္ပဝိညာဏ်သည် ပရမတ္ထဓမ္မဖြစ် ၍ ဥပါဒ်,ဌီ ဘင် အားဖြင့် အဆုံးရှိသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဝိညာ ဏံ အနန္တံဟု ဆိုရပါသနည်း။

ဖြေ ဥပါဒ်, ဌီ ဘင် အားဖြင့် အဆုံး ရှိသော်လည်း အဆုံးမရှိသော ကောင်းကင်ပညတ်၌ ဖြစ်သောကြောင့် ၎င်း,မိမိကိုအာရုံပြု၍ဖြစ်သောဘာဝနာ၏ ဥပါဒ်စသော အပိုင်းအခြားကိုမယူမူ၍အဆုံးမရှိနှံ့သည့်၏အစွမ်းအား ဖြင့်ဖြစ်သောကြောင့်၎င်းဝိညာဏံအနန္တံဟုဆိုပါသည်။ ဋီကာကျော်။

\+ \+ \+

၄၆၀-မေး။ တတိယာရုပ္ပံ သန္တမေတံ ပဏီတမေတံ၌ တတိယာ ရုပ္ပသည့် အဘယ့် ကြောင့် သန္တ, ပဏီတ, ဖြစ်ပါသနည်း။

ဖြေ–ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း တည်းဟူသော နတ္ထိဘာဝပညတ်မျှကိုသာ အာရုံပြုသောကြောင့် သန္တ, ပဏီတ ဖြစ်ပါသည်။ ။ဋီကာကျော်။

\+ + +

၄၆၁-မေး။ အဘယ့်ကြောင့် အဘိညာဏ် မည်ပါ သနည်း။

ဖြေ–အဘိ ဝိသေသတော ဇာနာတီတိ အဘိညာ ဟူသော ဝစနတ္ထနှင့်အညီ အထူးသဖြင့် သိတတ်သော ကြောင့် အဘိညာဏ်မည်ပါသည်။

\+ + +

၄၆၂-မေး။ အဘိညာဏ်အရ တရားကိုယ် ကောက် ပြပါ။

ဖြေ–ရူပါဝစရကုသိုလ်ကြိယာပဉ္စမဈာန်၌ ရှိသော ပညာသည် မုချအဘိညာဏ် မည်ပါသည်· ပဉ္စမဈာန် စိတ်နှစ်ပါးမှာ ဥပစာအားဖြင့်သာ အဘိညာဏ်မည်ပါ သည်။ ။မဏိမဉ္ဇူ။

\+ + +

၄၆၃-မေး။ ထူး၏ဟူသည်အဘယ်မှထူးပါသနည်း။

ဖြေ–ဈာနကိစ္စတပ်သော ပဉ္စမဈာန်ပညာမှ ထူးပါ သည်။

၉၆၄-မေး။ ယထာကမ္မူပဂ အဘိညာဏ်၊ အနာဂတံသ အဘိညာဏ် နှစ်ပါး ကို ထည့်၍ ဤသင်္ဂြိုဟ်ကျမ်း၌ အဘိညာဏ်ခုနစ်ပါး ဆိုသင့်လျက် မဆိုမူ၍ အဘယ့်ကြောင့် ငါးပါးကိုသာ ဆိုရပါသနည်း။

ဖြေ=ထိုအဘိညာဏ် နှစ်ပါးတို့ကား ပရိကံ အသီးအခြားမရှိ ဒိဗ္ဗစက္ခု အဘိညာဏ်၏အစွမ်းအာနုဖြင့်သာ ပြီးသောကြောင့် ဒိဗ္ဗစက္ခုအဘိညာဏ်၌ထည့်၍ ငါးပါးကိုသာ ဆိုပါသည်။ ။ပါရာဇိကကဏ်အဋ္ဌကထာ။

\+ \+ \+

၉၆၅-မေး။ ပရိကံ အသီးအခြား မရှိသော်လည်း အဘိညာဏ်နှစ်ပါးသည် ပရိကံနှင့်ကင်း၍ ဖြစ်သည်ဟု မှတ်ရမည်လော။

ဖြေ-မမှတ်ရပါ ဒိဗ္ဗစက္ခုအဘိညာဏ်နှင့်ကင်း၍ပရိကံအသီးအခြားမရှိသောကြောင့်သာ ဤသို့ဆိုပါသည်။

\+ \+ \+

၉၆၆-မေး။ ယင်းအဘိညာဏ်နှစ်ပါးသည် ပရိကံမရှိဟု ဆိုသော် အဘယ်အပြစ် ရောက်မည်နည်း။

ဖြေ=ထိုသို့ဆိုသော် ယင်းအဘိညာဏ်နှစ်ပါးသည် မဟဂ္ဂုတ် မမည်ဟူသော အပြစ် ရောက်ပါသည်။ ။ မဏိမဉ္ဇူ။

\+ \+ \+

**၉၆၇ မေး** တနည်း-အဘိညာဏ် ခြောက်ပါး ရှိပြန်ရာ ဤသဂြိုဟ်ကျမ်း၌လာသော ငါးပါးတွင် အဘယ်ကို ထည့်မည်နည်း။

ဖြေ=အာသဝက္ခယညာဏ်ကို ထည့်က ခြောက်ပါး ဖြစ်ပါသည်။

\+ + +

**၉၆၈-မေး** ဤကျမ်း၌ အာသဝက္ခယညာဏ်ကိုထည့်၍ အဘယ့်ကြောင့် ခြောက်ပါး မဆိုပါသနည်း။

ဖြေ-အာသဝက္ခယ ညာဏ်မှာ အရဟတ္တ မဂ်ညာဏ် ဖြစ်သောကြောင့် မဆိုပါ။

\+ + +

**၉၆၉-မေး** အနိမိတ္တ, အနိမိတ္တလက္ခဏာ, အနိမိတ္တာနုပဿနာ သုံးပါးအထူးကို ဖော်ပြပါ။

ဖြေ-ခန္ဓာငါးပါးသည် **အနိမိတ္တ** ခန္ဓာပဉ္စကဿ ဥပ္ပါဒ, ဝယ, အညထတ္တဟု ဆိုအပ်သော ဖြစ်ခြင်း,ပျက်ခြင်း, တည်ခြင်းသဘောသည် အနိမိတ္တလက္ခဏာ ခန္ဓာငါးပါးကို အနိစ္စဟု အဖန်ဖန်လဲလဲရှုသော ဝိပဿနာ ညာဏ်သည် **အနိမိတ္တာနုပဿနာ** မည်၏။ ၊အဘိဓမ္မတ္ထသင်္ဂဟဒီပနီ၊

\+ + +

**၉၇၀-မေး** 'ဥပစါရသမာဓိအပ္ပနာသမာဓိဒွိဝိဓော ဝိ သမာဓိစိတ္တဝိသုဒ္ဓိနာမ' ပါဌ်၌သမာ ဓိ ၂ ပါး ဝိသုဒ္ဓိမည်ပါလျက် သမာဓိဝိသုဒ္ဓိဟု မဆို

မူ၍အဘယ့်ကြောင့် စိတ္တဝိသုဒ္ဓိဟု ဆိုရ ပါသနည်း။

ဖြေ—သမာဓိသာ ဝိသုဒ္ဓိမည်သော်လည်း နိဿယ ဖြစ်သော စိတ်ပြဓာန်းသည်ဖြစ်၍ ပြဓာန်းသောစိတ်ဖြင့် ညွှန်ပြလိုသောကြောင့် **ကာယာဏူပစာ, ဈာနူပစာ** အားဖြင့် စိတ္တဝိသုဒ္ဓိဟု ဆိုပါသည်၊

စိတ္တသီသေန နိဒ္ဒိဋ္ဌတ္တာ။ ။ဋီကာကျော်။

\+ \+ \+

၄၇၁-မေး 'တတောပရံ သပ္ပစ္စယေသု တေဘူမက သင်္ခါရေသု'၌ လောကုတ္တရာ တရားကို ကြဉ်၍ အဘယ့် ကြောင့် တေဘူမက သင်္ခါရေသုဟုဆိုရပါသနည်း။

ဖြေ=လောကုတ္တရာတရားမှာ သုံးသပ်ခြင်းငှါမခန့် သောကြောင့် ကြဉ်ရပါသည်။ ။မဏိမဉ္ဇူ။

\+ \+ \+

၄၇၂-မေး အတီတာဒိ ဘေဒဘိန္နေသု၌ အာဒိဝဏ္ဏ အရ ဖော်ပြပါ။

ဖြေ—အနာဂတ်, ပစ္စုပ္ပန် အဇ္ဈတ္တ, ဗဟိဒ္ဓ, သုခုမ, ဩဠာရိက,ဟီန,ပဏီတ,ဒူရ,သန္တိကတို့ဖြစ်ပါသည်။

\+ \+ \+

၄၇၃-မေး မဂ္ဂါမဂ္ဂ လက္ခဏာ ဝဝတ္ထာနံ၌ မဂ္ဂအရ, အမဂ္ဂအရကို ဖော်ပြပါ။

ဖြေ–မဂ္ဂ အရကား ဝိပဿနာ၏ ညစ်ညူးကြောင်း တေးရန်မှလွတ်သောအရိယာမဂ်ကိုရခြင်း၏အကြောင်း ဖြစ်သောမှန်ကန်သောဝိပဿနာတည်း၊ အမဂ္ဂအရကား ဩဘာသစသောဝိပဿနာ၏ ညစ်ညူးကြောင်းဘေး ရန်တို့တည်း။

\+ + +

၃၇၄-မေး မဂ္ဂါမဂ္ဂလက္ခဏာ ဝဝတ္ထာနံ၌ အဘယ်သို့ ဆုံးဖြတ်ခြင်းသည်မဂ်ဟုတ်သည့်,မဟုတ် သည့်ကိုဆုံးဖြတ်သည်မည်ပါသနည်း။

ဖြေ ဩဘာသစသောဝိပဿနာ၏ညစ်ညူးကြောင်း ဘေးရန်တို့ဖြစ်ကုန်လတ်သော် ငါ့အားစင်စစ် ဤသို့သ ဘောရှိသောဩဘာသစသည်တို့သည် ဈေးကမဖြစ်ဘူး ကုန်မချွတ်လျှင်မဂ်,ဖိုလ်သို့ရောက်ပြီဟုမယူမူ၍ ဤသည် တို့ကား တဏှာ,မာန,ဒိဋ္ဌိတို့၏တည်ရာဖြစ်သောကြောင့် မဂ်မဟုတ်၊ စင်စစ်သော်ကား ဝိပဿနာ၏ ညစ်ညူး ကြောင်းဘို့သာလျှင်တည်း၊ထိုညစ်ညူးကြောင်းမှလွတ် သောမဂ်ဉာဏ်သည်သာမဂ်မည်၏ဟုဆုံးဖြတ်ခြင်းသည် မဂ်ဟုတ်သည်မဟုတ်သည်ကိုဆုံးဖြတ်သည်မည်ပါသည်

\+ + +

၃၇၅-မေး နဝ ဝိပဿနာ ဉာဏာနိ၌ အရကား အဘယ်နည်း။

ဖြေ–သမ္မသနဉာဏ်မှတပါး ဉာဏ်ကိုးပါး ဖြစ်ပါ သည်။

၉၇၆ မေး။ သာနုလောမာ၊လာ။ဝုဋ္ဌာနဂါမိနီ ဝိပဿ နာဟိစ၍ အနုလောမဉာဏ်ကို အဘယ့် ကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဟု ဆိုပါ သနည်း။

ဖြေ-အပါယ်စသည်မှငင်း, သင်္ခါရနိမိတ် စသည်မှ ငင်းထတတ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟု ဆိုပါသည်။

\+ \+ \+

၉၇၇-မေး။ မဂ္ဂေါဒုက္ခသစ္စံပရိဇာနန္တော၍ပရိဇာနန္တာ ကာရကို ပြပါ။

ဖြေ-ဒုက္ခ သစ္စာကား လောကီဝိတ် ဧကာသိတ်, လောဘကြည်သော စေတသိက် ဧကပညာသ, ရုပ်အဋ္ဌ ဝီသ၊ဤမျှသာရှိ၏၊ ထိုထက် အယုတ်,အလွန်မရှိဟုပိုင်း ခြား၍သိခြင်းပင် ဖြစ်ပါသည်။ ။ငိုကာကျော်။

\+ \+ \+

၉၇၈-မေး။ မဂ္ဂသစ္စံ ဘာဝနာဝသေန၌ မဂ္ဂသစ္စာကို အဘယ်သို့ ပွါးပါသနည်း။

ဖြေ—မိမိနှင့်သမ္ပယုတ်ဖြစ်သောမဂ္ဂင်ရှစ်ပါး၏ သဟ ဇာတာဒိပစ္စည်း ဖြစ်၍ ပွါးခြင်းသည် မဂ္ဂသစ္စာကို ပွါး သည် မည်ပါသည်၊

သဟဇာတာဒိ ပစ္စယော့ဟုတွာ ဝဆုန္နဝသေန။ ။ ငိုကာကျော်။

၉၇၉-မေး တရသောမဂ်ခဏ္ဍ၌ပရိညာကိစ္စ, ပဟာန ကိစ္စ, ဘာဝနာကိစ္စ, သစ္ဆိကိရိယ ကိစ္စ လေးချက်ကိုတပြိုင်နက်တည်းပြီးစေရာ၌ ဥပမာဆောင်၍ထင်အောင်ပြပါ။

ဖြေ-ဆီမီးတော်သည်ဆီမီးစာကို လောင်ခြင်းကိစ္စ၊ အမိုက်တိုက်ကိုဖျောက်ခြင်းကိစ္စ၊အလင်းကိုပြုခြင်းကိစ္စ၊ ဆီကိုကုန်ခမ်းစေခြင်းကိစ္စ ၄ ချက်ကို တပြိုင်နက်တည်း ပြီးစေသကဲ့သို့ မဂ်သည်လည်း တရသောခဏ၌ ကိစ္စ ၄ ချက်ကိုတပြိုင်နက်တည်းပြီးစေပါသည်။ ။မှတ်မဥ္ဇူ။

+ + +

၉၈၀- မေး မဂ္ဂဖလဥ္စနိဗ္ဗာနံ၊ပစ္စဝေက္ခတိပဏ္ဍိတော၊ ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိဝါ နဝါ၊ ဟူသော ဂါထာဖြင့် ပြအပ်သော ပစ္စဝေက္ခဏာ ဉာဏ် ဆယ့်ကိုး တန်ကို ရေတွက်၍ပြပါ။

ဖြေ=သောတာပန် ပုဂ္ဂိုလ်အား မိမိရသော မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တပါး၊ဖိုလ်ကိုဆင်ခြင်သောပစ္စဝေက္ခဏာဉာဏ်တပါး၊ နိဗ္ဗာန်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တပါး၊ ပယ်အပ်ပြီးသော ကိလေသာကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တပါး၊ကြွင်းသောကိလေသာကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် တပါး၊ပေါင်း-သောတာပန်၌ ၅ ပါး ထို့အတူသကဒါ ဂါမိ၌၅ပါး၊ရဟန္တာ၌ကားကြွင်းသောကိလေသာ မရှိ

သောကြောင့် လေးပါးအလုံးစုံ ပေါင်း တဆယ့်ကိုးပါးဖြစ်ပါသည်။ ။ဋီကာကျော်။

\+ \+ \+

၉၈၁-မေး သုညတ ဝိမောက္ခ စသည်၌ အဘယ့် ကြောင့် အဘယ်တရားကို ဝိမောက္ခဟု ခေါ်ပါသနည်း။

ဖြေ=“သံယောဇနာဒိဟိ ဝိမုစ္စတီတိ ဝိမောက္ခော” ဟူသောဝစနတ္ထနှင့်အညီ သံယောဇဉ်စသည်တို့မှလွတ်မြောက်တတ်သောကြောင့်မဂ်,ဖိုလ်ကို ဝိမောက္ခဟု ခေါ်ပါသည်။

\+ \+ \+

၉၈၂-မေး အဘယ့်ကြောင့် အဘယ်တရားကို ဝိမောက္ခမုခဟု ခေါ်ပါသနည်း။

ဖြေ-“ဝိမောက္ခဿ မုခံ ဝိမောက္ခ မုခံ” ဟူသောဝစနတ္ထနှင့်အညီ ဝိမောက္ခ မည်သော မဂ်,ဖိုလ်၏ အကြောင်းဖြစ်သောကြောင့် ဝိပဿနာဉာဏ်ကို ဝိမောက္ခမုခ ဟုခေါ်ပါသည်။

\+ \+ \+

၉၈၃-မေး မဂ်သည် အဘယ်တို့၏ အစွမ်းအားဖြင့် သုညတဝိမောက္ခစသော အမည်သုံးပါးကို ရပါသနည်း။

ဖြေ-ဝိပဿနာဂမန၏အစွမ်းအားဖြင့်၎င်း, အာရမ္မဏာ၏အစွမ်းအားဖြင့်၎င်း,သရသ၏အစွမ်းအားဖြင့်၎င်း

သုညတဝိမောက္ခမဂ်,အနိမိတ္တဝိမောက္ခမဂ်, အပ္ပဏိဟိတ ဝိမောက္ခမဂ်ဟူသောအမည်သုံးပါးကိုရပါသည်။ ။ သင်္ဂဟ၊

\+ + +

၉၇၄- မေး ဖိုလ်သည် အဘယ်ဘို့၏ အစွမ်းအားဖြင့် သုညတ ဝိမောက္ခစသော အမည်တို့ကို ရပါသနည်း၊ ဖြစ်သင့်သလို ဝေဘန်၍ ဖြေပါ၊

ဖြေ–မဂ္ဂဝိထိ၌ဖြစ်သော ဖိုလ်မှာ မဂ္ဂါဂမန၏အစွမ်းအားဖြင့်၎င်း၊အါရမ္မဏ၏အစွမ်းအားဖြင့်၎င်း၊သရသ၏အစွမ်းအားဖြင့်၎င်း၊ သုညတဝိမောက္ခစသော အမည်သုံးပါးကိုရပါသည်၊ ဖလသမာပတ္တိဝိထိ၌ဖြစ်သောဖိုလ်မှာ ဝိပဿနာဂမန၏ အစွမ်းအားဖြင့်၎င်း၊အာရမ္မဏ၏အစွမ်း အားဖြင့်၎င်း၊ သရသ၏ အစွမ်းအားဖြင့်၎င်း သုညတဝိမောက္ခစသောအမည်သုံးပါးကိုရပါသည်။ ။ သင်္ဂဟ၊

\+ + +

၉၇၅-မေး ဖလသမာပတ္တိဝိထိ၌ဖြစ်သော ဖိုလ်ကား မဂ္ဂါဂမန၏ အစွမ်းအားဖြင့် အဘယ့်ကြောင့် မရလေသနည်း။

ဖြေ ဖလ သမာပတ္တိ ဝိထိ၌ မဂ်စိတ် မဖြစ်သောကြောင့် မရပါ၊ ၊ဋီကာကျော်။

\+ + +

၉၈၆-မေး။ လက္ခဏာယာဉ် သုံးပါးနှင့် မဂ်အမည် သုံးပါးကို စပ်ဟပ်၍ပြပါ။

ဖြေ-သင်္ခါရ တရားတို့ကို အနတ္တဟု ရှု၍ ရသော မဂ်သည် **သုညတ ဝိမောက္ခမဂ်** မည်ပါသည်၊ အနိစ္စဟု ရှု၍ရသောမဂ်သည် **အနိမိတ္တဝိမောက္ခမဂ်** မည်ပါသည်၊ ဒုက္ခဟုရှု၍ ရသောမဂ်သည် **အပ္ပဏိဟိတဝိမောက္ခမဂ်** မည်ပါသည်။

\+ + +

၉၈၇-မေး။ လက္ခဏာယာဉ် သုံးပါးတို့တွင် တခုခုသော လက္ခဏာယာဉ်ဖြင့်သာ ရှုပါက မဂ်ကိုရနိုင်မရနိုင် ဆုံးဖြတ်ပါ။

ဖြေ-မရနိုင်ပါ၊ သုံးပါးစုံကိုရှုမှသာ ရပါသည်။

ဧကလက္ခဏ ဒဿနမတ္တေန မဂ္ဂဝုဋ္ဌာနံနာမ နဟောတိ။ အဋ္ဌသာလိနီ။

\+ + +

၉၈၈-မေး။ သုံးပါးစုံဖြင့် ရှုမှ မဂ်ကိုရပါက ဆိုခဲ့ပြီးသောသုညတစသော အမည်သုံးပါးတို့ကို အဘယ်သို့လျှင် အသီးသီး ရနိုင်ပါမည်နည်း။

ဖြေ-သုံးပါးစုံဖြင့် ရှုမှဟု ဆိုခြင်းမှာ ဝုဋ္ဌာနဂါမိနီဝိပဿနာသို့မရောက်မီ အဦးအစ၌ ရှုအပ်သည်ကိုသာ ရည်၍ဆိုပါသည်၊ဝုဋ္ဌာနဂါမိနီဝိပဿနာအခိုက်၌ကား

တပါးပါးဖြင့်သော ရူပါသဖြင့် အမည်သုံးပါးကို အသီးအသီး ရနိုင်ပါသည်။ ။အဋ္ဌသာလိနီ။

\+ \+ \+

၉၇၉-မေး သုံးဆယ့်ခြောက်သွယ် မဂ်ဖြစ်ပွယ် အာဘယ်သည့်တို့နည်း။

ဖြေ-သောတာပတ္တိမဂ်၌ ဝိပဿနာဂမန၏ အစွမ်းအားဖြင့်ရအပ်သော သုညတဝိမောက္ခမည်သော သောတာပတ္တိမဂ်တပါး၊ အနိမိတ္တဝိမောက္ခမည်သော သောတာပတ္တိမဂ်တပါး၊ အပ္ပဏိဟိတ ဝိမောက္ခ မည်သော သောတာပတ္တိမဂ်တပါး၊ပေါင်းသုံးပါး ဤအတူအာရမ္မဏ၏အစွမ်းအားဖြင့်လည်းသုညတဝိမောက္ခစသော အမည်သုံးပါး၊သရသ၏ အစွမ်းအားဖြင့်လည်း သုညတဝိမောက္ခစသောအမည်သုံးပါး၊ပေါင်းသော် သောတာပတ္တိမဂ်၌အမည်၉ပါး၊သို့အတူသကဒါဂါမိမဂ်၊အနာဂါမိမဂ်၊ အရဟတ္တ မဂ်တို့၌လည်း ၉ ပါးစီဖြစ်ရကား အားလုံးပေါင်းသော်မဂ်ပေါင်း ၃၆ ပါးဖြစ်ပါသည်။

\+ \+ \+

၉၈၀-မေး လေးဆယ် နှင့် ရှစ်၊ ဖွေ့ဗိစစ်၊ ဖိုလ်ဖြစ် အာဘယ်တို့ပေနည်း။

ဖြေ ဖလသမာပတ္တိဝီထိ၌ဤမဂ္ဂဝီထိကဲ့သို့ပင်ရအပ်သည်ဖြစ်၍ ဖိုလ်ပေါင်း သုံးဆယ့်ခြောက်ပါးဖြစ်သည်၊ မဂ္ဂဝီထိ၌ဝိပဿနာဂမန၏အစွမ်းအားဖြင့်သာ ရအပ်သောဖိုလ်ပေါင်းတဆယ့်နှစ်၊ပေါင်းသော် ဖိုလ်ပေါင်း လေးဆယ့်ရှစ် ဖြစ်ပါသည်။

**၉၉၁-မေး** သောတာပန်၏အမျိုးအစားကိုအဓိပ္ပါယ် နှင့်တကွ ဖော်ပြပါ။

**ဖြေ**–လူ့ပြည်,နတ်ပြည် အရောအားဖြင့် ကာမဘုံ၌ ခုနစ်ကြိမ်သော ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော သတ္တက္ခတ္တုပရမ သောတာပန်တမျိုး, ကာမဘုံ၌ နှစ်ကြိမ်သုံးကြိမ်သောပဋိသန္ဓေနေ၍ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကောလံကောလသောတာပန်တမျိုး၊ လူ့ပြည်၌တကြိမ်သော ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ဧကဗီဇီ သောတာပန်တမျိုး၊ပေါင်းသုံးမျိုးရှိပါသည်။

\+ + +

**၉၉၂-မေး** ဩဃပန သောတာပတ္တိမဂ္ဂံ ဘာဝေတွာ စသည်ဖြင့် မဂ်လေးပါးတို့ကိလေသာကို ပယ်ပုံကို ပြဆိုရာအတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော ကိလေသာတို့ တွင် မဂ်သည် အဘယ် ကာလ၌ ဖြစ်သော ကိလေသာတို့ကို ပယ်ပါသနည်း။

**ဖြေ**–မဂ်လေးပါးတို့ဥပါဒ်သောအခါမဂ် ၄ပါးတို့၏ အစွမ်းသတ္တိကြောင့်နောက်တဖန်ထပ်မံ၍ကိလေသာတို့ မဖြစ်ခြင်းကိုပင်ပယ်သည်ဟုဆိုပါသည်၊ကာလ ၃ပါး၌ ဖြစ်သောကိလေသာကိုကားမုချအားဖြင့်မပယ်ကောင်း ပါ၊ သို့သော်လည်း အနာဂတ်ကာလ၌ အကြောင်းညီ ညွတ်က ဖြစ်လတ္တံ့ဖြစ်သော ဘူမိလဒ္ဓုပ္ပန္န ကိလေသာ သည်မဂ်ကြောင့်သာမဖြစ်ပါသဖြင့်အနာဂတ်ဖြစ်သော

ကိလေသာကိုပယ်သည်ဟု ပရိယာယ်အားဖြင့် ဆိုသင့်ပါသည်။ ။သမ္မော။

\+ + +

၉၉၃-မေး သကဒါဂါမိမဂ္ဂဘာဝေတွာ ရာဂဒေါသမောဟာနံ တနုကရတ္တာ၌ အဘယ်သို့ဖြစ်ခြင်းသည်..ရာဂ, ဒေါသ, မောဟတို့ခေါင်းပါးသည် မည်ပါသနည်း။

ဖြေ—ဝဋ်၌ကျင်လည်သောလူအများအားထူထပ်သောရာဂစသည်တို့သည် ပြေတ်ဖြစ်သကဲ့သို့ ထိုသို့မဟုတ်သကဒါဂါမိမှာကား ရံခါသာဖြစ်ခြင်း ဖြစ်သော်လည်းထိုးကျင့်ခြင်း၏ အားနည်းခြင်းသည် ခေါင်းပါးသည်မည်ပါသည်၊

အဓိစ္စုပ္ပတ္တိယာဝ ပဒိုယုဋ္ဌာနမန္တဝာစ၊ ။အဋ္ဌသာလိနီ။

\+ + +

၉၉၄-မေး သကဒါဂါမိ ပုဂ္ဂိုလ်တို့အား ကိုယ်ဝန်ဆောင်ခြင်း, သား မွေးခြင်း ရှိသောကြောင့်ထူထပ်သော ကိလေသာတို့ဖြစ်သည် ဟုဆိုသင့်သည် မဟုတ်ပါလော၊ အသို့နည်း။

ဖြေ—ကိုယ်ဝန်ဆောင်ခြင်း, သားမွေးခြင်း တို့ကားပမာဏ မဟုတ်ပါ၊ အင်္ဂါကြီးငယ်ကို သုံးသပ်ကာမျှဖြင့်လည်း၊ကိုယ်ဝန်ဆောင်ခြင်း,သားမွေးခြင်းဖြစ်သင့်သောကြောင့်ထူထပ်သောကိလေသာမရှိဟုမှတ်ရပါမည်၊ ။အဋ္ဌသာလိနီ။

၉၉၅-မေး ဒုစရိုက်ဆယ်ပါးတို့တွင်အဘယ်ဒုစရိုက်ကို အဘယ်မဂ် ပယ်ပါသနည်း။

ဖြေ—ပါဏာတိပါတ,အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ,မုသာဝါဒ,ပိသုဏဝါစာ,မိစ္ဆာဒိဋ္ဌိ ယင်းခြောက်ပါးကို သောတာပတ္တိမဂ် ပယ်ပါသည်၊ ဖရုသဝါစာ ဗျာပါဒနှစ်ပါးကို အနာဂါမိမဂ်ပယ်ပါသည်၊ အဘိဇ္ဈာ သမ္ဖပ္ပလာပနှစ်ပါးကိုအရဟတ္တမဂ်ပယ်ပါသည်။

\+ \+ \+

၉၉၆-မေး 'ဖလသမာပတ္တိဝိထိယံ' ၌ သမာပတ်၏ အမျိုးအစားကို ပြပါ။

ဖြေ·ဖလသမာပတ်,ဈာနသမာပတ်, နိရောဓသမာပတ်အားဖြင့် သုံးပါးရှိပါသည်။

\+ \+ \+

၉၉၇-မေး ဖိုလ်ပုဂ္ဂိုလ်လေးယောက်တို့သည်အမှတ်မရှိ ဝင်စားလို၍ ဖိုလ်ကို ဝင်စားနိုင်ပါသလော။

ဖြေ-မဝင်စားနိုင်ပါ မိမိ မိမိ၏ ဖိုလ်ကိုသာ ဝင်စားနိုင်ကြပါသည်၊

\+ \+ \+

၉၉၈ မေး အောက်,အောက်သော ဖိုလ် ပုဂ္ဂိုလ်တို့သည် အထက် အထက်သော ဖိုလ်ကို အဘယ့်ကြောင့် မဝင်စားနိုင်ပါသနည်း။

ဖြေ—မရအပ်သေးသောကြောင့် မဝင်စားနိုင်ပါ။

ဟေဋ္ဌိမာစ ဥပရိမံ အနုမိဂတတ္တာ။ ။ဝိသုဒ္ဓိမဂ်။

\+ + +

၉၉၉ မေး။ အထက်အထက်ဖြစ်သောပုဂ္ဂိုလ်တို့သည် အောက်အောက်ဖြစ်သော ဖိုလ်ကိုရပြီး ပါလျက် အဘယ့်ကြောင့် မဝင်စားနိုင် ကြပါသနည်း။

ဖြေ အထက်အထက်သောပုဂ္ဂိုလ်တို့သည် သကဒါဂါမိစသော ပုဂ္ဂိုလ်ဘပါး၏ အဖြစ်သို့ ရောက်သဖြင့် အောက်အောက်သောဖိုလ်သည် ငြိမ်းလေသောကြောင့် မဝင်စားနိုင်။

ပုဂ္ဂလန္တရဘာဝူပဂမနေန ပဋိပ္ပဿဒ္ဓတ္တာ။ ။ဝိသုဒ္ဓိမဂ်။

\+ + +

၁၀၀၀-မေး။ နိရောဓ သမာပတ်ကို ဥက္ကဋ္ဌနည်းအား ဖြင့် အဘယ် နှစ်ရက်ဩမကနည်းအား ဖြင့် အဘယ်နှစ်ရက် ဝင်စား နိုင်ပါသ နည်း အကြောင်းပြ၍ဖြေပါ။

ဖြေ ကာမဘုံ၌ တနေ့သုံးဆောင်အပ်သော အစာ အာဟာရသည်နှစ်ရက်သာ မျှတခြင်းကြောင့် ဥက္ကဋ္ဌ နည်းအားဖြင့်နှစ်ရက်သာဝင်စားနိုင်ပါသည်၊ ဩမက နည်းအားဖြင့်ကား ၆ ရက် ၅ ရက် ၄ ရက် ၃ ရက် ၂ရက်၁ရက်တနေ့တည်းမှါပင်တခုသောနာရီကာလမျှ

ဝင်စားနိုင်ပါသည်၊ ရူပဘုံမှါကားကာဗဠီကာရာဟာရကို မှီဝဲခြင်းမရှိသောကြောင့်အလိုရှိသလိုဝင်စါးနိုင်ပါသည်။

\+ + +

**၁၀၀၁-မေး** နိရောဓ သမာပတ်၏ ရှေးအဖို့၌ ပြုအပ်သော **ပုဗ္ဗကိစ္စ** လေးပါးကို ရေးခဲ့ပါ။

**ဖြေ**-"နာနာဗဒ္ဓ အဝိကောပန, သံဃပတိ မာနန သတ္ထုပက္ကောသန, အဒ္ဓါနပရိစ္ဆေဒ" ပေါင်းလေးပါး။

\+ + +

**၁၀၀၂-မေး** အရူပ ဗြဟ္မာတို့သည် နိရောဓသမာပတ်ကို ဝင်စားနိုင်ကြပါမည်လော။

**ဖြေ**-အရူပဘုံ၌ အစဉ်အတိုင်း ဝင်စားအပ်သော ရူပါဝစရသမာပတ်မရှိသောကြောင့်မဝင်စားနိုင်ပါ။

\+ + +

**၁၀၀၃-မေး** အဘယ့်ကြောင့် နိရောဓ သမာပတ်ကို ဝင်စားကြပါကုန်သနည်း။

**ဖြေ**-ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်အပ် ကုန်သော သင်္ခါရတရားတို့၌ငြီးငွေ့တော်မူကြသဖြင့် ချမ်းသာစွာ နေတော်မူကြလိုသောကြောင့် ဝင်စားကြပါသည်။

ကမ္မဋ္ဌာန်းပိုင်း ပြီးပြီ။

---

ဉာတိဘဒ္ဒဿ ပုညနာမကေန ဘိက္ခုနာ ရစိတံ
သင်္ဂဟဂုဠှတ္ထဝိသဇ္ဇနာ နာမ ပကရဏံ

စာကြည့်တိုက်
ကမ္ဘာအေး